http://www.dhammadownload.com

# နှစ်ပေါင်း-၂၅၀၀ ကျော်က စကားပြတ်များ

သာမဏေကျော်

နှစ်ပေါင်း-၂၅၀၀ ကျော်က စကားပြတ်များ ■ သာမဏေကျော်

သာမဏေကျော်

နှစ်ပေါင်း-၂၅၀၀ ကျော်က စကားပြတ်များ

http://www.dhammadownload.com

သာမဏေကျော်

# နှစ်ပေါင်း ၂၅၀၀ ကျော်က စကားပြတ်များ

ပါရမီ
စာပေ

http://www.dhammadownload.com

နှစ်ပေါင်း ၂၅၀၀ ကျော်က စကားမြွက်များ
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် ဧပြီလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ဝင်းမြင့်ဦး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၂၁/ ၂၀၀၂(၄)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၄၉/ ၂၀၀၂(၁)တို့အရ ဦးတင်ရိန် (၀၃၇၆၃)စန်းရောင်ရိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီ မြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

**တန်ဖိုး ၁၂၀၀ ကျပ်**

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

http://www.dhammadownload.com

# အမှာစာ

စာအုပ် တစ်အုပ်တစ်အုပ် ရေးပြီးတိုင်း ရေးပြီးတဲ့စာမူကို ဖတ်ခိုင်းလေ့ရှိတဲ့ ကလောင်ရှင် သာမဏေကျော်က ဒီတစ်ခါလည်း **'နှစ်ပေါင်း ၂၅၀၀ ကျော်က စကားမြဟ်များ'** ဆိုတဲ့ စာမူကို ဖတ်ခိုင်းပြန်ပါတယ်။ စာမူကို အစအဆုံး ဖတ်ကြည့်တဲ့အခါ တော်တော်ကို သဘောကျမိပါတယ်။ ဒီစာအုပ်ဟာ လူဝတ်ကြောင် ဒကာ ဒကာမများအတွက်သာ မဟုတ်ဘဲ ရဟန်းရှင် လူအားလုံးတို့အတွက်ပါ မှတ်သားလိုက်နာဖွယ်တွေကို ဘုရားရှင် ၄၅ ဝါပတ်လုံး ဟောတော်မူခဲ့တဲ့ ပါဠိတော်တွေထဲက ထုတ်ယူပူဇော်ပြထားတဲ့ စာအုပ်ဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့ စကားတစ်ခွန်းတစ်ခွန်းဟာ သတ္တဝါတိုင်းအဖို့ အင်မတန် တန်ဖိုးကြီးတဲ့ အရာတစ်ခုပါပဲ။ ယနေ့ကမ္ဘာပေါ်ရှိ လူသားအားလုံးဟာ ငြိမ်းအေးချမ်းမြေ့မှုကို လိုလားနေကြပါတယ်။ နိုင်ငံတကာတွင်းမှာ ရှိနေကြတဲ့ မငြိမ်းချမ်းမှု မတည်ငြိမ်မှုကို ဖယ်ရှားနေချင်ကြပါတယ်။ အဲဒီကနေ လွတ်မြောက်နေချင်ကြပါတယ်။ ဒါပေမဲ့ လူတိုင်းဟာ မိမိဝမ်းစာပြည့်စုံရေးအတွက် နေ့ညမပြတ် လုံးပမ်းရုန်းကန်နေရလို့ တကယ့်ချမ်းသာအစစ် ငြိမ်းချမ်းမှုအစစ် ရနိုင်တဲ့ နည်းလမ်းအစစ်ကို မရှာဖွေနိုင်ကြပါ။ ရှာဖွေပြီး ကိုယ်တိုင် ကျင့်ကြံ အားမထုတ်နိုင်ကြပါ။ မြတ်စွာဘုရားက အဲဒီငြိမ်းအေးချမ်းမြေ့မှု ရယူတဲ့နည်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ကိုယ်တိုင် ရှာဖွေတွေ့မြင်သိရှိပြီး သတ္တဝါအားလုံးလည်း ညွှန်ကြားပြသတော်မူခဲ့ပါတယ်။

ဒီ **'နှစ်ပေါင်း ၂၅၀၀ ကျော်က စကားမြတ်များ'** စာမူကို ဖတ်ကြည့်တဲ့အခါ 'ကောင်းကွက်ကိုပဲ ကြည့်ပါ'၊ 'မဟာနာမ်ရဲ့ စိတ်

http://www.dhammadownload.com



ထား'၊ 'တရားနဲ့နေသူ မနေသူ'၊ '၁၀ နှစ်တမ်းရဲ့ အခြေအနေ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးထားတဲ့ စာပိုဒ်များကို အထူးသဖြင့် အတော်ကို နှစ်ခြိုက်မိပါတယ်။ မှန်ပါတယ်၊ လောကကြီးမှာ အေးအေးချမ်းချမ်း နေသွားနိုင်ဖို့ အထူးသဖြင့် အတူနေရသူတို့နဲ့ နေသွားနိုင်ဖို့ သူတို့မှာ ရှိနေတဲ့ ကောင်းဂုဏ်အချက်အလက်တွေကို အာရုံပြု အမှတ်ရနိုင်ရင် ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေနိုင်သွားမှာ ဖြစ်ပါတယ်။

ယနေ့ခေတ် ဗုဒ္ဓသာသနာနယ်ပယ်မှာ ဘာသာခြားတွေ ထိုးဖောက်ဝင်နေတာဟာ မဟာနာမ်လို စိတ်ထားမျိုးရှိတဲ့ ပုဂ္ဂိုလ်တွေ နည်းနေလို့ ဖြစ်ပါတယ်။ မဟာနာမ်ရဲ့ စိတ်ထားမျိုးနဲ့တူတဲ့ စိတ်ထားရှိသူတွေ နည်းပါးတာဟာလည်း ဝိပဿနာ သတိပဋ္ဌာန်တရားကို လက်တွေ့ တွင်တွင်ကျယ်ကျယ် အားမထုတ်ထားဘဲ သစ္စာလေးပါးကို ထိုးထွင်းပြီး မသိလို့ ဖြစ်ပါတယ်။ ဒါကြောင့် မဟာနာမ်ရဲ့ စိတ်ထားမျိုးကို မွေးမြူဖို့အတွက် လက်တွေ့ ကိုယ်တွင်းတရား ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် အားထုတ်ရမှာ ဖြစ်ပါတယ်။

တရားကို တကယ်ချစ်မြတ်နိုးပြီး တရားနဲ့အတူနေသူ တစ်ယောက် ဖြစ်ဖို့ အရေးကြီးပါတယ်။ ယခုခေတ်မှာ တရားဟာ လက်တွေ့မပါဘဲ စာတွေနဲ့သာ အချိန်ကုန်နေတဲ့ ပုဂ္ဂိုလ်တွေ အများအပြား ရှိပါတယ်။ ဗုဒ္ဓတရားကို တကယ်ကြည်ညိုလေးစားပြီး လုပ်ကိုင် နေထိုင်သူဆိုတာ ဘယ်လိုမျိုးပုဂ္ဂိုလ်ကို ဆိုရပါမလဲဆိုတဲ့အကြောင်းကို အင်္ဂုတ္တိုရ်ပါဠိ ဒုတိယအုပ် ပထမဓမ္မဝိဟာရီသုတ်မှာ ဘုရားရှင် ရှင်းလင်း ခွဲခြမ်းပြီး ဟောပြောထားတာကို 'တရားနဲ့နေသူ မနေသူ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြထားတာဟာ အင်မတန် မှတ်သားလိုက်နာစရာ၊ အတုယူစရာ ကောင်းပါတယ်။ တရားနဲ့နေသူတွေ လောကမှာ များနေမယ်၊ တိုးပွားနေမယ်ဆိုရင် ဗုဒ္ဓသာသနာရောင်ခြည်ဟာ ကမ္ဘာမှာပိုမို ထွန်းလင်းနေမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



အသက် ၁၀ နှစ်တမ်းရောက်တဲ့အခါ လောကမှာ လူတွေရဲ့ အခြေအနေဟာ ဘယ်လို ဘယ်ပုံ ဖြစ်ကြလိမ့်မယ်ဆိုတဲ့ အကြောင်း အရာကို ဘုရားရှင်က သံဝေဂရဖွယ်ကောင်းအောင် တကယ်သံဝေဂ ရစေလိုတဲ့ ဆန္ဒနဲ့ ပါထိကဝဂ်ပါဠိမှာ မိန့်ကြားထားပါတယ်။ အဲဒီစကား ရပ်များကို '၁၀ နှစ်တမ်းရဲ့ အခြေအနေ' ခေါင်းစဉ်မှာ ဖတ်နိုင်ပါတယ်။ သံဝေဂဉာဏ် ဖြစ်စေဖို့ အင်မတန် ကောင်းပါတယ်။

ဘုရားရှင် နှုတ်မြွက်စကားတော်တွေ အားလုံးဟာ လူတိုင်း မှီဝဲသုံးဆောင်ရမယ့် အမြိုက်ဆေးပမာ ဖြစ်ပါတယ်။ အင်မတန် အကျိုး များလှ ကောင်းမြတ်လှတဲ့ စကားတွေ ဖြစ်ပါတယ်။ အဲဒီလို ကောင်း မြတ်တဲ့ ဆုံးမစကား တရားမှန်သမျှဟာ ပါဠိဘာသာနဲ့ ဖြစ်နေတဲ့ အတွက် အဲဒီပါဠိတော်အားလုံးကို လူတိုင်း စုံစုံလင်လင် ဖတ်နိုင်ဖို့ ဆိုတာ မလွယ်လှပါ။ ပါဠိစာပေ မတတ်တဲ့ ပုဂ္ဂိုလ်များအားလုံးလည်း လွယ်လွယ်ကူကူနဲ့ မှတ်သားလိုက်နာနိုင်စေရန် လိုရင်း တိုတိုရှင်းရှင်း ကောက်နုတ်ချက်ကလေးတွေ ဖော်ထုတ်ထားတာကို ဒီစာအုပ်ထဲမှာ တွေ့ရပါလိမ့်မယ်။ စာဖတ်သူများမှာ ဗဟုသုတဉာဏ် တိုးပွားလာမည့် အပြင် ဘုရားရှင်ရဲ့ မိန့်မြွက်ချက် အဆုံးအမများကို လေ့လာပြီး မိမိ အကျိုးအတွက်ရော သူတစ်ပါးအကျိုးအတွက်ပါ အသုံးပြုနိုင်လိမ့်မယ် လို့ မျှော်လင့်ထားပါတယ်။

ဒီစာအုပ်ကို ဖတ်မိသူအားလုံးဟာ ဘုရားဆုံးမထားတဲ့အတိုင်း လိုက်နာကျင့်ကြံပြီး တစ်ကိုယ်ရေ သာသနာ၊ လက်လှမ်းမီသာသနာကို တတ်စွမ်းသမျှ ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ဝိမလဉာဏိ (နေပေါလ်)

၁၃၆၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊

၄၊ ၁၁၊ ၂၀၀၁။

http://www.dhammadownload.com

# အလှူ ၅ မျိုး

မသူတော်တွေက

၁။ စင်ကြယ်အောင် ပြုလုပ်ပြီး မလှူကြ၊
၂။ မရိုမသေ လှူကြတယ်၊
၃။ ကိုယ့်လက်နဲ့ မလှူကြ
၄။ မပြတ်မလတ် မလှူကြ၊ တစ်နည်း စွန့်ပစ်သလို လှူကြတယ်။
၅။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီး မလှူကြ။

သူတော်ကောင်းတွေက

၁။ စင်ကြယ်အောင် ပြုလုပ်ပြီး လှူကြတယ်၊
၂။ လှူဖွယ်နဲ့ အလှူခံအပေါ် အရိုအသေပြုပြီး လှူကြတယ်၊
၃။ ကိုယ့်လက်နဲ့ပဲ လှူကြတယ်၊
၄။ မပြတ်မလတ် လှူကြတယ်၊ တစ်နည်း စွန့်ပစ်သလို မလှူကြ။
၅။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီး လှူကြတယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၅၁/၂)

# သူတော်ကောင်းအလှူနဲ့ အကျိုး

သူတော်ကောင်းတွေက

၁။ ဒါနနဲ့ ဒါနရဲ့အကျိုးကို ယုံကြည်ပြီး လှူကြတယ်၊
ဥစ္စာပေါတယ်၊ ရုပ်ချောတယ်။
၂။ ရိုရိုသေသေ လှူကြတယ်၊
ဥစ္စာပေါတယ်၊ သြဇာညောင်းတယ်။

http://www.dhammadownload.com



၃။ သင့်လျော်တဲ့အချိန်မှာ လှူကြတယ်၊
ဥစ္စာပေါတယ်၊ ပထမအရွယ်မှာပဲ ကောင်းကျိုးတွေ ပေးတယ်။
၄။ လွတ်လွတ်ကျွတ်ကျွတ် ပြတ်ပြတ်သားသား လှူကြတယ်၊
ဥစ္စာပေါတယ်၊ အကောင်းကာမဂုဏ် ငါးပါးကို သုံးဆောင်လို့
တယ်။
၅။ မိမိကိုရော သူတစ်ပါးကိုပါ မထိခိုက်ဘဲ လှူကြတယ်၊
ဥစ္စာပေါတယ်။ မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံဆိုးတွေကြောင့်
ဥစ္စာ မပျက်စီး။

(အံ၊ ပါဠိ၊ ၃၊ ၁၅၂)

## ငါးပါးသီလနဲ့ နောက်ဘဝ

ငါးပါးသီလ မလုံခြုံရင် ငရဲ ရောက်မယ်။
ငါးပါးသီလ လုံခြုံရင် နတ်ပြည် ရောက်မယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၅၀/၁)

## ရခဲတဲ့ အရာ ၅ ခု

လောကမှာ
၁။ ဘုရားပွင့်ဖို့ ခဲယဉ်းတယ်။
၂။ ဘုရားတရား ဟောသူကို ရဖို့ ခဲယဉ်းတယ်။
၃။ ဘုရားတရား သိသူကို ရဖို့ ခဲယဉ်းတယ်။
၄။ ဘုရားတရား ကျင့်သူကို ရဖို့ ခဲယဉ်းတယ်။
၅။ ကျေးဇူးသိသူ၊ ဖော်ကျူးသူကို ရဖို့ ခဲယဉ်းတယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၄၉)

http://www.dhammadownload.com



## ရန်ငြိုးဖြေနည်း ၅ မျိုး

ကိုယ်ရန်ငြိုးထားသူအပေါ်

၁။ မေတ္တာပွားပါ။

၂။ ကရုဏာပွားပါ။

၃။ ဥပေက္ခာပွားပါ။

၄။ သတိမရပါနဲ့၊ နှလုံးမသွင်းပါနဲ့။

၅။ ကံသာ ကိုယ်ပိုင်ဥစ္စာရှိတာကို ဆင်ခြင်ပါ။
ရန်ငြိုးပြေပါလိမ့်မယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၆၃)

## ကောင်းကွက်ကိုပဲ ကြည့်ပါ

၁။ ကိုယ်ကျင့် မကောင်းဘဲ နှုတ်ကျင့်သာ ကောင်းသူ။

၂။ နှုတ်ကျင့် မကောင်းဘဲ ကိုယ်ကျင့်သာ ကောင်းသူ။

၃။ ကိုယ်ကျင့် နှုတ်ကျင့် မကောင်းဘဲ တစ်ခါတစ်ရံ စိတ်ကျင့် ကောင်းသူ။

၄။ ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့် သုံးမျိုးလုံး မကောင်းသူ။

၅။ သုံးမျိုးလုံး ကောင်းသူ။

မကောင်းကွက်ကို မကြည့်ပါနဲ့၊ ကောင်းကွက်ကိုသာကြည့်ပါ။ ရန်ငြိုးပြေပါလိမ့်မယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၆၄/၅၊ ၆)

## မေထုန်အငယ် ၇ ပါး

၁။ ပွတ်သပ်နှိပ်နယ်၊

http://www.dhammadownload.com



၂။ ပြုံးရယ် ကျီစား၊
၃။ မနှင့်ကျားတို့ ကြည့်ငြားမျက်နှာ၊
၄။ ချောင်းမြောင်းနာနှင့်
၅။ ရှေးခါပျော်ပါး တွေးစဉ်းစားတည့်၊
၆။ သူများပျော်တာ၊ မြင်ကာ အားကျ၊
၇။ တောင့်တ နတ်ပြည် ခုနစ်လီသည်၊ ခေါ်သည် မေထုန်အငယ်တည်း။

၁။ အမျိုးသမီးရဲ့ ပွတ်သပ်ပေးမှု၊ နှိပ်နယ်ပေးမှု၊ ရေချိုးပေးမှု၊ ချေးတွန်းပေးမှု၊ နံ့သာလူးလိမ်းပေးမှုတွေကို သာယာမှု။
၂။ အမျိုးသမီးနဲ့အတူ ပြုံးရယ်ကျီစယ်ကာ စားနေမှု၊
၃။ အမျိုးသမီးနဲ့ အကြည့်ချင်းဆုံပြီး တစိမ်းစိမ်းကြည့်မှု၊
၄။ နံရံနဲ့ တံတိုင်းဟိုဘက်မှာ ရှိတဲ့ အမျိုးသမီးရဲ့ ရယ်သံ၊ စကားပြောသံ၊ သီချင်းဆိုသံ၊ ငိုသံကို နားထောင်မှု၊
၅။ ရှေးက အမျိုးသမီးနဲ့အတူ ရယ်ခဲ့တာ၊ ပြောခဲ့တာ၊ ပျော်ခဲ့တာတွေကို ပြန်စဉ်းစားမှု၊
၆။ ကာမဂုဏ်အာရုံတွေနဲ့ ပြည့်စုံပြီး သုံးဆောင်ခံစားနေတဲ့ သူဌေးသူကြွယ်တွေ၊ သူဌေးသူကြွယ်သားတွေကို မြင်ရတဲ့အခါ အားကျမှု၊
၇။ ဒီသီလအကျင့်ကြောင့် နောက်ဘဝမှာ နတ်ဖြစ်ရပါလို၏လို့ တောင့်တမှု။

ဒီ ၇ မျိုးဟာ အကျင့်မြတ်သီလရဲ့ ကျိုး၊ ပေါက်၊ ပြောက်၊ ကျားကြောင်း ဖြစ်တယ်။

သီလ မစင်ကြယ်စေ၊ ဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်စေ။

(အံ၊ ပါဠိ၊ ၃၊ ၄၃၈၊ ၉)

http://www.dhammadownload.com



## အစုအပုံ ၂ ပုံ

အကုသိုလ်အစုအပုံဆိုတာ နီဝရဏ ၅ ပါးပဲ။

၁။ နှစ်သက်လိုချင်မှု = ကာမစ္ဆန္ဒ၊

၂။ စိတ်ပျက်စိတ်ဆိုးမှု = ဗျာပါဒ၊

၃။ ထိုင်းမှိုင်းပျင်းရိမှု = ထိနမိဒ္ဓ၊

၄။ ပျံ့လွင့်ပူပန်မှု = ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊

၅။ တွေးတောယုံမှားမှု = ဝိစိကိစ္ဆာ၊

ကုသိုလ်အစုအပုံဆိုတာ သတိပဋ္ဌာန် ၄ ပါးပဲ။

၁။ ကာယာနုပဿနာသတိပဋ္ဌာန် = ကိုယ်အမူအရာတွေကို ရှုမှတ်မှု၊

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် = ကောင်း ဆိုး လတ် ခံစားမှုတွေကို ရှုမှတ်မှု၊

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် = စိတ်အမူအရာတွေကို ရှုမှတ်မှု၊

၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် = သဘောအာရုံတွေကို ရှုမှတ်မှု၊

(သံ၊ ပါဠိ၊ တ၊ ၁၂၇)

## သာသနာနဲ့ သတိပဋ္ဌာန်

ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့အခါ သတိပဋ္ဌာန် ၄ ပါးကို ပွားများကြရင် သာသနာ ကြာကြာ တည်မယ်။ မပွားရင် ကြာကြာ မတည်ပါ။

(သံ၊ ပါဠိ၊ တ၊ ၁၅၁)

http://www.dhammadownload.com



## သတိပဋ္ဌာန်နဲ့ မဂ်

သတိပဋ္ဌာန် ၄ ပါးနဲ့ လွဲချော်သွားရင် နိဗ္ဗာန်ကို ကောင်းကောင်း ရောက်စေနိုင်တဲ့ အရိယာမဂ်နဲ့ လွဲချော်သွားပြီ။

သတိပဋ္ဌာန် ၄ ပါးကို အားထုတ်ရင် နိဗ္ဗာန်ကို ကောင်းကောင်း ရောက်စေနိုင်တဲ့ အရိယာမဂ်ကို အားထုတ်ပြီ။

(သံ၊ ပါဠိ၊ ၁၅၇)

## ဘုရားအဆုံးအမ

ရန်ဟန်းတို့၊ သတိ အသိရှိပြီး နေပါ။ အဲဒါဟာ သင်တို့အတွက် ငါဘုရားရှင်တွေရဲ့ အဆုံးအမပဲ။

(သံ၊ ပါဠိ၊ တ၊ ၁၅၇)

## အသက်ရှည်ဆေး

အသက်ရှည်ချင်ရင်

၁။ သင့်တော်တာကို လုပ်ပါ။

၂။ သင့်တော်ရာမှာ အတိုင်းအရှည်ကို သိပါ။

၃။ အစားကျေလွယ်တာကို စားပါ။

၄။ အချိန်အခါမှာ လှည့်လည်ပါ။

၅။ အကျင့်မြတ် ကျင့်ပါ။ (မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ)

၆။ သီလရှိပါ။

၇။ မိတ်ကောင်းရှိပါ။

(အံ၊ ပါဠိ၊ ၃၊ ၁၂၈)

http://www.dhammadownload.com



## ငရဲကျမှာ သေချာသူ ၅ ဦး

၁။ အမေကို သတ်သူ၊
၂။ အဖေကို သတ်သူ၊
၃။ ရဟန္တာကို သတ်သူ၊
၄။ ဒေါသစိတ်နဲ့ ဘုရားကို သွေးခြေဥအောင် လုပ်သူ၊
၅။ သံဃာကို သင်းခွဲသူ၊

(အံ၊ ပါဠိ၊ ၃၊ ၁၂၉)

## တရားအားထုတ်ဖို့ အချိန် ၅ ချိန်

၁။ ငယ်ရွယ်နုပျိုစဉ် အချိန်အခါ၊
၂။ ကျန်းမာတဲ့ အချိန်အခါ၊
၃။ အစားရေစာ ပေါများတဲ့ အချိန်အခါ၊
၄။ လူတွေ ညီညွတ်တဲ့ အချိန်အခါ၊
၅။ ရဟန်းတွေ ညီညွတ်တဲ့ အချိန်အခါ၊

(အံ၊ ပါဠိ၊ ၃၊ ၅၈၉)

## ယောဂီအင်္ဂါ ၅ ပါး

၁။ ဘုရားရှင်ရဲ့ အရဟတ္တမဂ်ဉာဏ်နဲ့ သဗ္ဗညုတဉာဏ်ကို ယုံကြည်ပါ။
၂။ ကျန်းမာရေး ကောင်းပါစေ၊
၃။ ဖြောင့်မတ်ပါ၊
၄။ အကုသိုလ်ပယ်ရှားဖို့၊ ကုသိုလ်ဆောင်ပွားဖို့ ကြိုးစားပါ၊
၅။ အဖြစ်အပျက် သိဉာဏ် ရှိပါစေ။ (အံ၊ ပါဠိ၊ ၃၊ ၅၇၊ ၈)

http://www.dhammadownload.com



## ဘုရားလောင်းဘဝက အိပ်မက် ၅ ခု

၁။ ဘုရားလောင်းဟာ မြေကြီးက အိပ်ရာ၊ ဟိမဝန္တာတောင်မင်းက ခေါင်းအုံး၊ အရှေ့သမုဒ္ဒရာမှာ လက်ဝဲဖက်လက်ကို တင်၊ အနောက်သမုဒ္ဒရာမှာ လက်ယာလက်ကို တင်၊ တောင်သမုဒ္ဒရာမှာ ခြေထောက်နှစ်ဖက်ကို တင်ထားတယ်။

၂။ တိရိယာမည်တဲ့ နေဇာမြက်မျိုးဟာ ဘုရားလောင်းရဲ့ ချက်က ပေါ်ထွက်လာပြီး ကောင်းကင်ကို ထိကာ တည်နေတယ်။

၃။ ဦးခေါင်းမြည်းနေတဲ့ ပိုးကောင်အဖြူတွေဟာ ဘုရားလောင်းရဲ့ ခြေဖျားတွေက တက်ပြီး ပုဆစ်ဒူးဝန်းတိုင်အောင် ဖုံးလွှမ်းကြတယ်။

၄။ ညို၊ ဝါ၊ နီ၊ ဖျော့တော့ဝါဝင်းတဲ့ အရောင်အမျိုးမျိုးရှိတဲ့ ငှက် ၄ ကောင်ဟာ အရပ် ၄ မျက်နှာက လာပြီး ဘုရားလောင်းခြေရင်းမှာ ကျကာ ဖြူသွားကြတယ်။

၅။ ဘုရားလောင်းဟာ ၃ ယူဇနာမြင့်တဲ့ မစင်တောင်ပေါ်က စင်္ကြံသွားပေမယ့် မစင် မလူးမပေ။

## အိပ်မက် ၅ ခုရဲ့ အကျိုး ၅ ခု

၁။ ဘုရားရှင်ဟာ အမြတ်ဆုံး အရဟတ္တမဂ်ဉာဏ်ကို ရတယ်။

၂။ ဘုရားရှင်ဟာ မဂ္ဂင်ရှစ်ပါးကို သိပြီး နတ်လူတွေတိုင်အောင် ကောင်းကောင်း ပြပေးတယ်။

၃။ အဖြူဝတ် လူဝတ်ကြောင်အများစုဟာ ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ကြတယ်။

၄။ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည် လယ်သမားမျိုး၊ ဆင်းရဲသားမျိုးဆိုတဲ့ အမျိုး ၄ မျိုးဟာ ဘုရားသာသနာမှာ ရဟန်းဝတ်ပြီး ရဟန္တာဖြစ်ကြတယ်။

http://www.dhammadownload.com



၅။ ဘုရားရှင်ဟာ ပစ္စည်း ၄ ပါးကို ရပေမယ့် မတပ်မက်၊ မတွယ်တာ၊ အပြစ်မြင်တယ်၊ ထွက်မြောက်ကြောင်းပညာနဲ့ သုံးစွဲတယ်။

(အံ၊ ပါဠိ၊ ၃၊ ၂၁၀၊ ၁၊ ၂)

## မကြောက်ပါနဲ့

မဟာနာမ်၊ ထောပတ်အိုး၊ ဆီအိုးကို ရေနက်ထဲ ချပြီး ခွဲလိုက်တဲ့ အခါ အိုးခြမ်းကွဲက အောက်ကို ဆင်းသွားတယ်၊ ထောပတ်၊ ဆီကတော့ အထက်ကို တက်သွားတယ်။

အဲဒီလိုပဲ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေနဲ့ ကြာမြင့်စွာ ထုံထားတဲ့ စိတ်ရှိသူ သေသွားရင် သူ့ခန္ဓာကိုယ်ကို ကျီး၊ လင်းတ၊ သိန်းငှက်၊ ခွေး၊ မြေခွေးနဲ့ ပိုးကောင်ငယ်အမျိုးမျိုးတွေက ခဲထားကြတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေနဲ့ ကြာမြင့်စွာ ထုံထားတဲ့ သင့်ရဲ့စိတ်ကတော့ အထက်ကို တက်တယ်၊ အထူးကို တက်တယ်။

မဟာနာမ်၊ မကြောက်ပါနဲ့၊ မဟာနာမ်၊ မကြောက်ပါနဲ့။ သင့်ရဲ့ သေခြင်းဟာ မညံ့ပါဘူး။

(သံ၊ ပါဠိ၊ တ၊ ၃၂၂)

## မှန် ၄ ချပ်

၁။ ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၂။ ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၃။ သံဃစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၄။ အရိယကန္တ၊ ငါးသီလ၊ လုံးဝပြည့်စုံရာ။
မြတ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။

(သံ၊ ပါဠိ၊ တ၊ ၃၁၁)

http://www.dhammadownload.com



# ကိုယ်ချင်းစာပါ

၁။ ငါဟာ အသက်ရှင်ချင်တယ်၊ မသေချင်၊ ချမ်းသာကို လိုလားတယ်။ ဆင်းရဲကို ရွံမုန်းတယ်။ သူတစ်ပါးတွေလည်း ငါလိုပါပဲ။ ငါဟာ အသတ်ခံရမှာကို မကြိုက်သလို သူတစ်ပါးတွေလည်း မကြိုက်၊ ဒါကြောင့် ငါဟာ သူတစ်ပါးကို မသတ်သင့်လို့ စဉ်းစားပြီး ကိုယ်တိုင်လည်း မသတ်ရ၊ သူတစ်ပါးကိုလည်း အသတ်မခိုင်းရ၊ မသတ်တာရဲ့ဂုဏ်ကိုလည်း ပြောပြရမယ်။

၂။ ငါ့ပစ္စည်းကို အခိုးခံရရင် ငါမကြိုက်သလို၊ ငါက သူတစ်ပါးပစ္စည်းကို ခိုးယူရင်လည်း ငါ့ကို သူတစ်ပါးက မကြိုက်၊ ဒါကြောင့် ငါဟာ မခိုးသင့်လို့ စဉ်းစားပြီး ကိုယ်တိုင်လည်း ခိုးတာ ရှောင်ရမယ်၊ သူတစ်ပါးကိုလည်း အရှောင်ခိုင်းရမယ်၊ ရှောင်ရတာရဲ့ဂုဏ်ကိုလည်း ပြောပြရမယ်။

၃။ ငါ့မယားကို စော်ကားခံရရင် ငါမကြိုက်၊ ငါက သူတစ်ပါးမယားကို စော်ကားရင်လည်း သူတစ်ပါးက ငါ့ကို မကြိုက်၊ ဒါကြောင့် ငါဟာ သူတစ်ပါးမယားကို မစော်ကားသင့်လို့ စဉ်းစားပြီး ကိုယ်ကိုယ်တိုင်လည်း သူတစ်ပါးမယား စော်ကားမှုကို ရှောင်ရမယ်၊ သူတစ်ပါးကိုလည်း အရှောင်ခိုင်းရမယ်၊ ရှောင်တာရဲ့ဂုဏ်ကိုလည်း ပြောပြရမယ်။

၄။ လိမ်ညာပြီး ငါ့အကျိုးပျက်အောင် လုပ်လာရင် ငါ မကြိုက်၊ ငါက လိမ်ညာပြီး သူတစ်ပါးအကျိုးပျက်အောင် လုပ်ခဲ့ရင်လည်း ငါ့ကို သူတစ်ပါးက မကြိုက်၊ ဒါကြောင့် ငါဟာ သူတစ်ပါးအကျိုးပျက်အောင် မလိမ်ညာသင့်လို့ စဉ်းစားပြီး ကိုယ်တိုင်လည်း လိမ်ညာတာကို ရှောင်ရမယ်။ သူတစ်ပါးကိုလည်း အရှောင်ခိုင်းရမယ်၊ ရှောင်တာရဲ့ဂုဏ်ကိုလည်း ပြောပြရမယ်။

http://www.dhammadownload.com



၅။ ကုန်းတိုက်ပြီး ငါ့မိတ်ဆွေတွေနဲ့ စိတ်ဝမ်းကွဲအောင် လုပ်လာရင် ငါ မကြိုက်၊ ငါက ကုန်းတိုက်ပြီး သူတစ်ပါးမိတ်ဆွေတွေနဲ့ စိတ်ဝမ်းကွဲအောင် လုပ်ခဲ့ရင်လည်း ငါ့ကို သူတစ်ပါးက မကြိုက်၊ ဒါ့ကြောင့် ငါဟာ သူတစ်ပါးမိတ်ဆွေတွေနဲ့ စိတ်ဝမ်းကွဲအောင် မလုပ်သင့်လို့ စဉ်းစားပြီး ကိုယ်တိုင်လည်း ကုန်းတိုက်တာကို ရှောင်ရမယ်၊ သူတစ်ပါးကိုလည်း အရှောင်ခိုင်းရမယ်၊ ရှောင်တာရဲ့ဂုဏ်ကိုလည်း ပြောပြရမယ်။

၆။ ကြမ်းတမ်းတဲ့စကားနဲ့ ငါ့ကို ပြောလာရင် ငါမကြိုက်၊ ငါက ကြမ်းတမ်းတဲ့စကားနဲ့ သူတစ်ပါးကို သွားပြောရင်လည်း သူတစ်ပါးက မကြိုက်၊ ဒါကြောင့် ငါဟာ ကြမ်းတမ်းတဲ့စကားနဲ့ မပြောသင့်လို့ စဉ်းစားပြီး ကိုယ်တိုင်လည်း ကြမ်းတမ်းတဲ့စကား ပြောတာကို ရှောင်ရမယ်၊ သူတစ်ပါးကိုလည်း အရှောင်ခိုင်းရမယ်။ ရှောင်တာရဲ့ဂုဏ်ကိုလည်း ပြောပြရမယ်။

၇။ အနှစ်မရှိတဲ့ စကားနဲ့ ငါ့ကို ပြောလာရင် ငါမကြိုက်၊ ငါက အနှစ်မရှိတဲ့ စကားနဲ့ သူတစ်ပါးကို သွားပြောရင်လည်း သူတစ်ပါးက မကြိုက်။ ဒါကြောင့် ငါဟာ အနှစ်မရှိတဲ့စကားနဲ့ မပြောသင့်လို့ စဉ်းစားပြီး ကိုယ်တိုင်လည်း အနှစ်မရှိတဲ့စကား ပြောတာကို ရှောင်ရမယ်၊ သူတစ်ပါးကိုလည်း အရှောင်ခိုင်းရမယ်။ ရှောင်တာရဲ့ဂုဏ်ကိုလည်း ပြောပြရမယ်။

(သံ၊ ပါဠိ၊ တတိယ၊ ၃၀၈၊၉)

## မဟာနာမ်ရဲ့ ကြည်ညိုမှု

၁။ ဘုရားက တစ်ဖက်၊ ရဟန်းသံဃာက တစ်ဖက် ဖြစ်နေခဲ့ရင် တပည့်တော်ဟာ ဘုရားဘက်ကပဲ နေပါမယ်။

http://www.dhammadownload.com



၂။ ဘုရားက တစ်ဖက်၊ ရဟန်းသံဃာနဲ့ ရဟန်းမသံဃာက တစ်ဖက် ဖြစ်နေခဲ့ရင် ဘုရားဘက်ကပဲ နေပါမယ်။

၃။ ဘုရားက တစ်ဖက်၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာတွေက တစ်ဖက် ဖြစ်နေခဲ့ရင် ဘုရားဘက်ကပဲ နေပါမယ်။

၄။ ဘုရားက တစ်ဖက်၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတွေက တစ်ဖက် ဖြစ်နေခဲ့ရင် ဘုရားဘက်ကပဲနေပါမယ်။

၅။ ဘုရားက တစ်ဖက်၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာ၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာနဲ့တကွဖြစ်တဲ့ လောက၊ သမဏ၊ ဗြာဟ္မဏနဲ့တကွ နတ်လူအပေါင်းက တစ်ဖက် ဖြစ်နေခဲ့ရင် ဘုရားဘက်ကပဲ နေပါမယ်။

မြတ်စွာဘုရား၊ တပည့်တော်ကို ဒီလောက် ကြည်ညိုတယ်လို့ မြတ်စွာဘုရားက မှတ်ယူတော်မူပါ။

(သံ၊ ပါဠိ၊ တ၊ ၃၂၅၆)

## သုဘလုလင် မေးလို့ ဘုရားရှင် ဖြေသည်

၁။ သူ့ကို သတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်။

၂။ ညှင်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။

၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံ လှပသည်။

၄။ မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။

၅။ မပေးလှူကာ၊ မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်။

၆။ မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။

၇။ မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။

၈။ ဆိုးတာ ပြုကာ၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။

၉။ ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံစံကြရသည်။

(ဥပရိပဏ်၊ ပါဠိ၊ ၂၄၃)

http://www.dhammadownload.com



## တရားအကျဉ်းချုပ်

၁။ အို နာ သေသို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲပါတကား။
၂။ စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချေပါတကား။
၃။ ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ခွာသွားရမည်ပါတကား။
၄။ လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါတကား။
၅။ ဓမ္မုဒ္ဒေသ၊ ဤလေးဝ၊ ဗုဒ္ဓဟောကြား သတိထား။

(မဇ္ဈိမပဏ္ဏာ၊ ပါဠိ၊ ၂၅၆)

## ခွေးလိုကျင့်ရင် နွားလိုကျင့်ရင်

ခွေးအကျင့်၊ ခွေးအလေ့၊ ခွေးစိတ်၊ ခွေးအမူအရာတွေကို အပြည့်အဝ မပြတ်မလတ် ပြုလုပ်ရင် သေသွားက ခွေးဖြစ်မယ်။ ခွေးအကျင့်နဲ့ နတ်ဖြစ်မယ်လို့ အယူရှိရင် အဲဒီအယူဟာ မှားတဲ့အယူပဲ။ အဲဒီအယူမှားသူ သေရင် ငရဲနဲ့တိရစ္ဆာန်တစ်မျိုးမျိုးမှာ ဖြစ်တတ်တယ်။

နွားအကျင့်၊ နွားအလေ့၊ နွားစိတ်၊ နွားအမူအရာတွေကို အပြည့်အဝ မပြတ်မလတ် ပြုလုပ်ရင် သေသွားက နွားဖြစ်မယ်။ နွားအကျင့်နဲ့ နတ်ဖြစ်မယ်လို့ အယူရှိရင် အဲဒီအယူဟာ မှားတဲ့အယူပဲ။ အဲဒီအယူမှားသူ သေရင် ငရဲနဲ့ တိရစ္ဆာန်တစ်မျိုးမျိုးမှာ ဖြစ်တတ်တယ်။

(မဇ္ဈိမပဏ္ဏာ၊ ပါဠိ၊ ၅၀၊ ၅၁)

## အမျှရသူ မရသူများ

ဒုစရိုက် ၁၀ ပါးကို ကျင့်လို့ ငရဲရောက်၊ တိရစ္ဆာန်ဖြစ်ပြီး သူတို့အာဟာရနဲ့ မျှတရပ်တည်နေရင် သူတို့အား အမျှပေးဝေက သူတို့ထံ မရောက်။ သုစရိုက် ၁၀ ပါးကို ကျင့်လို့ လူဖြစ်၊ နတ်ဖြစ်

http://www.dhammadownload.com



ပြီး သူတို့အာဟာရနဲ့ မျှတနေ ရပ်တည်နေရင် သူတို့အား အမျှပေးဝေက သူတို့ထံ မရောက်။ ဒုစရိုက် ၁၀ ပါးကို ကျင့်လို့ ပြိတ္တာဘဝရောက်ပြီး သူတို့အာဟာရနဲ့ (နှပ်၊ တံတွေးစသည်နဲ့) မျှတရပ်တည်နေရင်သို့မဟုတ် ဒီဘဝက မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုးသွေးသားစပ်သူတွေက ပေးတာနဲ့ မျှတရပ်တည်နေရင်တော့ သူတို့အား ပေးဝေတဲ့အမျှက သူတို့ထံ ရောက်တယ်။

သေသွားသူ ဆွေမျိုး၊ သွေးသားတော်စပ်သူက အမျှရနိုင်တဲ့နေရာမျိုးကို မရောက်ရင် အဲဒီဒါနကို တမလွန်ဘဝရောက်နေတဲ့အခြားဆွေမျိုး သွေးသားတော်စပ်သူတွေ သုံးဆောင်ကြတယ်။ ဒီရှည်လျားလှတဲ့ သံသရာခရီးမှာ တမလွန်ရောက်ဆွေမျိုး သွေးသားတော်စပ်သူတွေနဲ့ ကင်းတဲ့နေရာ မရှိနိုင်ပါ။ ရည်စူးပေးလှူခဲ့ရသူဟာ အဲဒီအမျှကိုရရ မရရ အလှူရှင်ကတော့ အဲဒီဒါနရဲ့အကျိုးကို ရပါတယ်။

(အံ၊ ပါဠိ၊ တ၊ ၄၇၈၊ ၉)

## အကြောင်းအကျိုး အကောင်းအဆိုး

ဒုစရိုက် ၁၀ ပါးကို ကျင့်ပြီး သမဏ၊ ဗြာဟ္မဏ (ရဟန်း၊ ပုဏ္ဏား) အား အစားအစာ၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ အိပ်ရာ၊ နေရာ၊ ဆီမီးလှူရင် ဆင်၊ မြင်း၊ နွား၊ ခွေး ဖြစ်ပေမယ့်အစားအစာ အဖျော်၊ ပန်း၊ အဆင်တန်ဆာအမျိုးမျိုးကို ရတယ်။

သုစရိုက် ၁၀ ပါးကို ကျင့်ပြီး အထက်ပါအလှူတွေကို လှူရင်လူ့ဘဝ၊ နတ်ဘဝကို ရောက်ပြီး လူ၊ နတ် ကာမဂုဏ် ၅ ပါးကိုရတယ်။

(အံ၊ ပါဠိ၊ တ၊ ၄၈၀၊ ၁)

http://www.dhammadownload.com



## ငါးပါးသီလနဲ့ ဘေးရန်

ငါးပါးသီလ မလုံခြုံသူဟာ မလုံခြုံလို့ ဒီဘဝမှာရော နောက်ဘဝမှာပါ ဘေးရန်တိုးပွားတယ်၊ စိတ်ဆင်းရဲကို ခံစားရတယ်။

ငါးပါးသီလ လုံခြုံသူဟာ လုံခြုံလို့ ဒီဘဝမှာရော နောက်ဘဝမှာပါ ဘေးရန်ငြိမ်းတယ်။

(သံ၊ ပါဠိ၊ တ၊ ၃၃၉)

## မေ့လျော့သူ မမေ့လျော့သူ

ရတနာသုံးပါးကို ကြည်ညိုမှု၊ ငါးပါးသီလနဲ့ ကျေနပ်ပြီး နေ့အခါ ကင်းဆိတ်ဖို့၊ ညအခါ အာရုံကောင်းတစ်ခုမှာ ကပ်ငြိဖို့ ဆက်မကြိုးစား၊ အဲဒီလို မေ့မေ့လျော့လျော့ နေတော့ အသေးစား နှစ်သိမ့်အားရမှု၊ အကြီးစား နှစ်သိမ့်အားရမှု၊ ကိုယ်စိတ်ငြိမ်းချမ်းမှု မဖြစ်၊ ဆင်းဆင်းရဲရဲ နေရတယ်။ စိတ် မတည်ကြည်၊ သမထ၊ ဝိပဿနာတရားတွေ မဖြစ်။ မဖြစ်လို့ မေ့မေ့လျော့လျော့ နေသူလို့ ဆိုရတယ်။

ရတနာသုံးပါးကို ကြည်ညိုမှု၊ ငါးပါးသီလနဲ့ ကျေနပ်မနေဘဲ နေ့အခါ ကင်းဆိတ်ဖို့၊ ညအခါ အာရုံကောင်းမှာ ကပ်ငြိဖို့ ဆက်ကြိုးစားတယ်၊ အဲဒီလို မမေ့မလျော့နေလို့ အသေးစား နှစ်သိမ့်အားရမှု၊ အကြီးစား နှစ်သိမ့်အားရမှု၊ ကိုယ်စိတ်ငြိမ်းချမ်းမှု၊ ချမ်းသာမှု၊ စိတ်တည်ကြည်မှုတွေ ဖြစ်တယ်။ စိတ်တည်ကြည်လို့ သမထ၊ ဝိပဿနာတရားတွေ ဖြစ်တယ်။ အဲဒီတရားတွေ ဖြစ်လို့ မမေ့မလျော့ နေသူလို့ ဆိုရတယ်။

(သံ၊ ပါဠိ၊ တ၊ ၃၄၇)

http://www.dhammadownload.com



# ထမ်းပိုးနဲ့ လိပ်ကန်း

ယောကျ်ားဟာ သမုဒ္ဒရာကြီးထဲမှာ တစ်ပေါက်သာပါတဲ့ ထမ်းပိုးကို ပစ်ချတယ်၊ အဲဒီသမုဒ္ဒရာကြီးထဲမှာ လိပ်ကန်းတစ်ကောင် ရှိတယ်။ နှစ်ပေါင်း တစ်ရာ၊ တစ်ထောင် ကြာမှ တစ်ခါတစ်ခါ ပေါ် လာတယ်။ အဲဒီလိပ်ရဲ့ဦးခေါင်းဟာ အဲဒီထမ်းပိုးအပေါက်မှာ စွပ်မိတာ အချိန် ကြာမြင့်တဲ့အခါ တစ်ခါတစ်ရံ ဖြစ်ချင်ဖြစ်နိုင်တယ်။

အဲဒီလိုစွပ်မိတာဟာ မြန်ဆန်နိုင်တယ်၊ အပါယ်ကို တစ်ကြိမ် ကျသွားတဲ့လူမိုက်အတွက် လူ့အဖြစ်ရဖို့ ငါဘုရား မဟော။ အကြောင်း ကတော့ အဲဒီမှာ တရားကျင့်တာ၊ အညီအမျှကျင့်တာ၊ ကုသိုလ်ကောင်း မှုပြုတာ မရှိ၊ အချင်းချင်း ခဲစားကြ၊ အားနည်းသူကို ခဲစားကြလို့ပါပဲ။ ဘာကြောင့် အဲဒီလို ဖြစ်ရတာလဲ၊ သစ္စာလေးပါးကို မသိမြင်ကြလို့ပဲ။

(သံ၊ ပါဠိ၊ တ၊ ၃၉၇)

# ကိုယ်တိုင် တွေ့နိုင်တယ်

ရာဂ၊ ဒေါသ၊ မောဟရဲ့အနှိပ်အစက်ကို ခံရသူဟာ ကိုယ့်ကိုယ် ကိုရော သူတစ်ပါးကိုရော နှစ်ဦးလုံးကိုပါ နှိပ်စက်ဖို့ လှုံ့ဆော်တယ်။ စိတ်ဆင်းရဲကိုလည်း ခံစားရတယ်။ ပြုမှား၊ ပြောမှား၊ စိတ်ထားမှားဆိုတဲ့ ဒုစရိုက်တွေကိုလည်း ပြုကျင့်တယ်။ ကိုယ့်အကျိုးကိုရော သူတစ်ပါး အကျိုးကိုရော နှစ်ဦးသားအကျိုးကိုပါ အမှန်အတိုင်း မသိ။

ရာဂ၊ ဒေါသ၊ မောဟ ကင်းနေရင် ကိုယ့်ကိုယ်ကိုရော သူ တစ်ပါးကိုရော နှစ်ဦးလုံးကိုပါ နှိပ်စက်ဖို့ မလှုံ့ဆော်၊ စိတ်ဆင်းရဲကို လည်း မခံစားရ။ ပြုမှား၊ ပြောမှား၊ စိတ်ထားတွေကိုလည်း မပြုကျင့်၊ ကိုယ့်အကျိုးကိုရော သူတစ်ပါးအကျိုးကိုရော နှစ်ဦးသားအကျိုးကိုပါ အမှန်အတိုင်း သိတယ်။

(သံ၊ ပါဠိ၊ ပ၊ ၁၅၇)

http://www.dhammadownload.com



## ဘုရားနဲ့ နေခြင်း ၃ မျိုး

၁။ ဒိဗ္ဗ ဥစ္စာသယန မဟာသယန= ရူပဈာန်လေးပါးကို ဝင်စားပြီး နေခြင်း၊
၂။ ဗြဟ္မ ဥစ္စာသယန မဟာသယန= ဗြဟ္မစိုရ်တရားလေးပါးကို ပွားများပြီး နေခြင်း၊
၃။ အရိယ ဥစ္စာသယန မဟာသယန= အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားပြီး နေခြင်း၊

ဘုရားရှင်ဟာ ဒီ ၃ မျိုးကို အလိုရှိတိုင်း လွယ်လွယ်ကူကူ ရတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ဣန္ဒြေတွေဟာ အထူးပဲ ကြည်လင်တယ်။ ကိုယ်ရေအဆင်း သန့်စင်ဖြူဝင်းတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၈၁၊ ၃၊ ၄)

## အကောင်း ၃ မျိုး

ရာဂ၊ ဒေါသ၊ မောဟတွေကိုပယ်ဖို့ ဟောတဲ့တရားဟာ တရားကောင်းပဲ။ ရာဂ၊ ဒေါသ၊ မောဟတွေကို ပယ်ဖို့ ကျင့်သူတွေဟာ ကောင်းကောင်းကျင့်သူတွေပဲ။ ရာဂ၊ ဒေါသ၊ မောဟတွေကို အမြစ်ပြတ် ဖယ်ရှား သုတ်သင်ပြီးသူတွေက အလုပ်ကောင်းကောင်း လုပ်ပြီးသူတွေပဲ။

(အံ၊ ပါဠိ၊ ပ၊ ၂၁၈)

## ဖုံးမှ ဖွင့်မှ

၁။ အမျိုးသမီး၊ ၂။ ပုဏ္ဏားတွေရဲ့ မန္တာန်၊ ၃။ အယူမှား။
ဒီ ၃ မျိုးဟာ ဖုံးလွှမ်းထားမှ တင့်တယ်တယ်။
၁။ လဝန်း၊ ၂။ နေဝန်း၊ ၃။ ဘုရားရှင်ဟောထားတဲ့တရား။
ဒီ ၃ မျိုးဟာ ဖွင့်ထားမှ တင့်တယ်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၈၆)

http://www.dhammadownload.com



# အတွဲ ၄ တွဲ

၁။ သူသေယောကျ်ားနဲ့ သူသေမိန်းမ။

၂။ သူသေယောကျ်ားနဲ့ နတ်သမီး။

၃။ နတ်သားနဲ့ သူသေမိန်းမ။

၄။ နတ်သားနဲ့ နတ်သမီး။

**ပထမစုံတွဲ**

ယောကျ်ားရော မိန်းမပါ ငါးပါးသီလ မလုံခြုံ၊ အကျင့်စာရိတ္တ မကောင်း၊ နှမြောတယ်၊ သမဏ၊ ဗြာဟ္မဏသူတော်ကောင်းတွေကို ဆဲရေး ခြိမ်းခြောက်တယ်။

**ဒုတိယစုံတွဲ**

ယောကျ်ားက ငါးပါးသီလ မလုံခြုံ၊ ကိုယ်ကျင့်မကောင်း၊ နှမြောတယ်။ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေကို ဆဲရေး ခြိမ်းခြောက်တယ်။

မိန်းမကတော့ ငါးပါးသီလ လုံခြုံတယ်၊ ကိုယ်ကျင့်ကောင်း တယ်၊ မနှမြော။ သမဏ၊ ဗြာဟ္မဏသူတော်ကောင်းတွေကို မဆဲရေး၊ မခြိမ်းခြောက်။

**တတိယစုံတွဲ**

ယောကျ်ားက ငါးပါးသီလ လုံခြုံတယ်၊ ကိုယ်ကျင့်ကောင်း တယ်၊ မနှမြော။ သမဏ၊ ဗြာဟ္မဏတွေကို မဆဲရေး၊ မခြိမ်းခြောက်။

မိန်းမကတော့ ယောကျ်ားနဲ့ ပြောင်းပြန်ပဲ။

**စတုတ္ထစုံတွဲ**

ယောကျ်ားရော မိန်းမပါ ငါးပါးသီလ လုံခြုံတယ်၊ ကိုယ်ကျင့် ကောင်းတယ်၊ မနှမြော၊ သမဏ၊ ဗြာဟ္မဏတွေကို မဆဲရေး မခြိမ်း ခြောက်။

(အံ၊ ပါဠိ၊ ပ၊ ၃၆၈)

http://www.dhammadownload.com



## ထာဝရ မြင်ချင်ရင်

ဇနီးမောင်နှံနှစ်ဦးဟာ ဒီဘဝမှာရော နောင်ဘဝမှာပါ အချင်းချင်းကို မြင်ချင်ကြရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တူမျှကြရပါမယ်။
(အံ၊ ပါဠိ၊ ပ၊ ၃၇၃)

## နာမည် ၄ ခု ပိုင်ရှင်

၁။ ဗြဟ္မာ၊ ၂။ လက်ဦးဆရာ၊ ၃။ လက်ဦးနတ်၊ ၄။ အလှူခံ။ ဒီနာမည် ၄ ခုဟာ မိဘနှစ်ပါးရဲ့နာမည်ပဲ။ အကြောင်းကတော့ မိဘတွေဟာ သားသမီးတွေအပေါ် ကျေးဇူးများတယ်။ သားသမီးတွေကို စောင့်ရှောက် မွေးမြူပြီး ဒီလောကကြီးက ကောင်း မကောင်းအာရုံတွေကို ပြပေးတတ်လို့ပါပဲ။

## အဝေး ၄ မျိုး

၁။ ကောင်းကင်နဲ့ မြေကြီး၊
၂။ သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း၊
၃။ နေထွက်ရာနဲ့ နေဝင်ရာအရပ်၊
၄။ သူတော်ကောင်းတို့ရဲ့တရား (ဗောဓိပက္ခိယတရား ၃၇ ပါး) နဲ့ မသူတော်တို့ရဲ့တရား (မိစ္ဆာဒိဋ္ဌိ ၆၂ ပါး)
နံပါတ် ၄ က အဝေးတကာထဲမှာ အဝေးဆုံး။
(အံ၊ ပါဠိ၊ ပ၊ ၃၆၀)

## စည်ပင်သူ

အမျက်ဒေါသ၊ ကျေးဇူးချေဖျက်မှု၊ လာဘ်လာဘ၊ ပူဇော်သက္ကာ

http://www.dhammadownload.com



ရကို အလေးပြုတဲ့ရဟန်းဟာ သာသနာမှာ မစည်ပင်။ ဥပမာ လယ်ယာမြေကောင်းမှာ စိုက်ထားတဲ့ မျိုးစေ့အပုပ်လိုပါပဲ။

သူတော်ကောင်းတရားကို အလေးပြုပြီး နေခဲ့သူ၊ နေနေသူတွေဟာ တရားမှာ စည်ပင်ကြတယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၅၆)

## မသူတော်

မသူတော်တွေဟာ သူတစ်ပါးရဲ့အပြစ်ကို မမေးဘဲလည်း ပြောတယ်။ အမေးခံရရင်တော့ ပြောစရာမလို၊ အမေးခံရတဲ့အခါ မချန်ခြွင်းဘဲ အချိန်မဆွဲဘဲ အပြည့်အစုံ အကျယ်တဝင့် သူတစ်ပါးရဲ့အပြစ်ကို ပြောပြတယ်။

မသူတော်ဟာ သူတစ်ပါးရဲ့ဂုဏ်ကို အမေးခံရပေမယ့်လည်း မပြော၊ အမေးမခံရရင်တော့ ပြောစရာမလို၊ အမေးခံရတဲ့အခါ ခြွင်းချန်ပြီး အချိန်ဆွဲပြီး မပြည့်မစုံ အကျဉ်းလောက်ပဲ ပြောတယ်။

မသူတော်ဟာ သူ့ရဲ့အပြစ်ကို အမေးခံရပေမယ့်လည်း မပြော၊ အမေးမခံရရင်တော့ ပြောစရာမလို။ အမေးခံရတဲ့အခါ လျှော့ပြီး အချိန်ဆွဲပြီး မပြည့်မစုံ အကျဉ်းလောက်ပဲ ပြောတယ်။

မသူတော်ဟာ သူ့ရဲ့ဂုဏ်ကို အမေးမခံရပေမယ့်လည်း ပြောတယ်၊ အမေးခံရရင်တော့ ပြောစရာမလို၊ အမေးခံရရင် မခြွင်းမချန်ဘဲ အချိန်မဆွဲဘဲ အပြည့်အစုံ အကျယ်တဝင့် ပြောတယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၈၉)

## သူတော်ကောင်း

သူတော်ကောင်းဟာ သူတစ်ပါးအပြစ်ကို အမေးခံရပေမယ့်

http://www.dhammadownload.com



လည်း မပြော၊ အမေးမခံရရင်တော့ ပြောစရာမလို၊ အမေးခံရတဲ့အခါ လျော့ပြီး အချိန်ဆွဲပြီး မပြည့်မစုံ အကျဉ်းပဲ သူတစ်ပါးရဲ့အပြစ်ကို ပြောပြတယ်။

သူတော်ကောင်းဟာ သူတစ်ပါးရဲ့ဂုဏ်ကို အမေးမခံရပေမယ့်လည်း ပြောတယ်၊ အမေးခံရရင်တော့ ပြောစရာမလို။ အမေးခံရတဲ့အခါ မလျော့ဘဲ၊ အချိန်မဆိုင်းဘဲ အပြည့်အစုံ အကျယ်တဝင့် သူတစ်ပါးရဲ့ ဂုဏ်ကို ပြောပြတယ်။

သူတော်ကောင်းဟာ သူ့ရဲ့အပြစ်ကို အမေးမခံရပေမယ့်လည်း ပြောတယ်၊ အမေးခံရရင်တော့ ပြောစရာမလို၊ အမေးခံရတဲ့အခါ မလျော့ဘဲ၊ အချိန်မဆွဲဘဲ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် သူ့ရဲ့အပြစ်ကို ပြောပြတယ်။

သူတော်ကောင်းဟာ သူ့ရဲ့ဂုဏ်ကို အမေးခံရပေမယ့်လည်း မပြော၊ အမေးမခံရရင်တော့ ပြောစရာမလို၊ အမေးခံရတဲ့အခါ လျော့ပြီး အချိန်ဆွဲပြီး မပြည့်မစုံ အကျဉ်းပဲ ပြောပြတယ်။

(အံ၊ ပါဠိ၊ ၁၊ ၃၉၀)

## ချွေးမအသစ် စိတ်ထား

ချွေးမဟာ လင့်အိမ်ရောက်တဲ့နေ့မှာ ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမ၊ လင်ယောကျ်ားအပေါ် အောက်ထစ်ဆုံးအားဖြင့် ကျွန်၊ အမှုလုပ်သမားတွေအပေါ် အရှက်အကြောက် အားကြီးတယ်။ ချွေးမဟာ ကြာလာတဲ့အခါ ပေါင်းသင်းဆက်ဆံမှု၊ ရင်းနှီးမှုကို အကြောင်းပြုပြီး ယောက္ခမတွေနဲ့ လင်ယောကျ်ားကို 'သင်တို့က ဘာသိလို့လဲ၊ ဖယ်ကြ' လို့ ပြောလာတယ်။

အဲဒီလိုပါပဲ၊ ရဟန်းဖြစ်လာခါစ တချို့ပုဂ္ဂိုလ်ဟာ ရဟန်းဖြစ်ရာနေ့မှာ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတွေအပေါ် အောက်

http://www.dhammadownload.com



ထစ်ဆုံးအားဖြင့် ကျောင်းစောင့်၊ ကိုရင်တွေအပေါ်မှာ အရှက်အကြောက်ကြီးတယ်၊ နောင်ကြာလာတဲ့အခါ ပေါင်းသင်းဆက်ဆံမှု၊ ရင်းနှီးမှုကို အကြောင်းပြုပြီး ဆရာကိုရော ဥပဇ္ဈာယ်ဆရာကိုပါ 'အရှင်ဘုရားတို့က ဘာသိကြလို့လဲ၊ ဖယ်ကြ' လို့ ပြောတယ်။

အခုမှရောက်တဲ့ ချွေးမအသစ်နဲ့ တူတဲ့ စိတ်ထားနဲ့ နေကြမယ်လို့ တွေးကာ ကျင့်သုံးရမယ်။ (အံ၊ ပါဠိ၊ ပ၊ ၃၉၀)

## ကြံရင် ရှုးမယ်၊ ပန်းမယ်

၁။ သဗ္ဗညုတဉာဏ်စတဲ့ ဘုရားဂုဏ်တော်တို့ရဲ့ ဖြစ်ပုံနဲ့အစွမ်း၊

၂။ ဈာန်ရပုဂ္ဂိုလ်ရဲ့ ဈာန်၊ အဘိညာဉ်အရာ၊

၃။ ကံတွေရဲ့အကျိုး၊

၄။ 'လ၊ နေ၊ မြေကြီး၊ သမုဒ္ဒရာ၊ သတ္တဝါ၊ တောင်၊ သရက်၊ ထန်းပင်၊ အုန်းပင်စသည်တွေကို ဘယ်သူပြုလုပ်ထားတာလဲ' လို့ လောကအကြောင်း ကြံစည်မှု။

(အံ၊ ပါဠိ၊ ပ၊ ၃၉၂)

## အရောင်းအဝယ်

၁။ တချို့က သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေကို 'ပစ္စည်းလေးပါးနဲ့ မိန့်တော်မူပါဘုရား' လို့ လျှောက်ထားဖိတ်မံတယ်၊ ဖိတ်မံထားတဲ့ ပစ္စည်းကို လုံးဝ မလှူ၊ အဲဒီလူသေလို့ လူ့ဘဝရောက်ပြီး အရောင်းအဝယ်လုပ်ရင် သူအလိုရှိတာမှန်သမျှ ပျက်စီးတယ်။

၂။ တချို့က အဲဒီလို ဖိတ်မံပြီး အလိုရှိသလို မလှူနိုင်၊ လျော့ပြီး အနည်းငယ် လှူတယ်။ အဲဒီလူသေလို့ လူ့ဘဝရောက်ပြီး

http://www.dhammadownload.com



အရောင်းအဝယ်လုပ်ရင် သူ့အရောင်းအဝယ်ဟာ သူ့အလိုအတိုင်း မဖြစ်။

၃။ တချို့က အဲသည်လို ဖိတ်မံပြီး အလိုရှိသလောက်ပဲ လှူတယ်၊ အဲဒီလူသေလို့ လူ့ဘဝရောက်ပြီး အရောင်းအဝယ်လုပ်ရင် သူ့အရောင်းအဝယ်ဟာ သူ့အလိုအတိုင်း ဖြစ်တယ်။

၄။ တချို့က အဲသည်လို ဖိတ်မံပြီး ဖိတ်မံထားတာထက် အများကြီး ပိုလှူတယ်၊ အဲဒီလူသေလို့ လူ့ဘဝရောက်ပြီး အရောင်းအဝယ်လုပ်ရင် သူ့အရောင်းအဝယ်ဟာ အလိုရှိတာထက် ပိုဖြစ်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၉၃)

## ကိန္နရာတွေ ဘာကြောင့် လူစကား မပြောကြတာလဲ

၁။ မုသားစကား ပြောမိမှာစိုးလို့၊

၂။ သူတစ်ပါးကို မမှန်တဲ့စကားနဲ့ မစွပ်စွဲလိုလို့။

(အံ၊ ပါဠိ၊ ပ၊ ၇၇)

## အံ့ဖွယ်လူသား ၂ ဦး

ဘုရားနဲ့ စကြဝတေးမင်းဟာ အံ့ဖွယ်လူသားနှစ်ဦး ဖြစ်တယ်။ လူအများရဲ့ စီးပွားချမ်းသာအလို့ငှာ နတ်လူတွေ ချမ်းသာဖို့ရာ ဖြစ်တယ်။ သူတို့သေရင် လူအများ ပူပန်ကြတယ်။ စေတီတည်ထိုက်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၇၆)

## လူမိုက်နဲ့ ပညာရှိ

မရောက်လာသေးတဲ့ဝန်ကို ဆောင်သူနဲ့ ရောက်လာတဲ့ဝန်ကို မဆောင်သူတွေဟာ လူမိုက်တွေပဲ။

http://www.dhammadownload.com



မရောက်လာသေးတဲ့ဝန်ကို မဆောင်သူနဲ့ ရောက်လာတဲ့ဝန်ကို ဆောင်သူဟာ ပညာရှိတွေပဲ။ (သံ၊ ပါဠိ၊ ပ၊ ၈၂၊ ၈၃)

## စုံတွဲ ၅ ခု

သေက္ခပုဂ္ဂိုလ် ၇ ယောက်ရဲ့ အထက်အထက်ဂုဏ်တွေမှ ဆုတ်ယုတ်ကြောင်း စုံတွဲ ၅ တွဲ။

၁။ အမျက်ထွက်မှုနဲ့ ရန်ငြိုးဖွဲ့မှု၊
၂။ ကျေးဇူးကန်းမှုနဲ့ ဂုဏ်ကြီးသူနဲ့ဖက်ပြိုင်မှု၊
၃။ မနာလိုမှုနဲ့ ဝန်တိုမှု၊
၄။ မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်မှုနဲ့ ဟန်ဆောင်ပလွှားမှု၊
၅။ အကုသိုလ်မှ မရှက်မှုနဲ့ မကြောက်မှု၊

(အံ၊ ပါဠိ၊ ပ၊ ၉၅)

## မင်းကျင့်တရား ၁၀ ပါး

၁။ ဒါန = လှူဒါန်းကြောင်း စေတနာ၊
၂။ သီလ= ၅ ပါးသီလ၊ ၁၀ ပါးသီလကို ဆောက်တည်ခြင်း၊
၃။ ပရိစ္စာဂ= လှူဖွယ်တွေကို စွန့်လွှတ်ခြင်း၊
၄။ အဇ္ဇဝ= စိတ်နှလုံး ဖြောင့်မတ်ခြင်း၊
၅။ မဒ္ဒဝ= ကိုယ် နှုတ်တို့ နူးညံ့သိမ်မွေ့ခြင်း၊
၆။ တပ= ရှစ်ပါးသီလ ဥပုသ်ကို ဆောက်တည်ခြင်း၊
၇။ အက္ကောဓနေ= မေတ္တာရှေ့ထား အမျက်မပွားခြင်း၊
၈။ အဝိဟိံသာ= တိုင်းသူပြည်သားတွေကို မညှင်းဆဲခြင်း၊
၉။ ခန္တိ= သည်းခံခြင်း၊
၁၀။ အဝိရောဓနေ= တိုင်းသူပြည်သားတွေနဲ့ မဆန့်ကျင်ခြင်း၊

(ဇာတက၊ ပါဠိ၊ ဒု၊ ၉၇)

http://www.dhammadownload.com



## မင်းမြှောက်တန်ဆာ ၅ ပါး

၁။ သန်လျက်၊ ၂။ ထီးဖြူ၊ ၃။ နဖူးသင်းကျစ်၊ ၄။ ရွှေခြေနင်း၊ ၅။ သားမြီးယပ်။

(ဇာတက၊ ပါဠိ၊ ၃၊ ၅၉)

## ဗြဟ္မာရဲ့ ပကတိကိုယ်ကို နတ် မမြင်

သနင်္ကုမာရဗြဟ္မာဟာ တာဝတိံသာနတ်တွေထံမှာ ထင်ရှားဖြစ်တယ်။ ကြမ်းတမ်းတဲ့ ခန္ဓာကိုယ်ကို ဖန်ဆင်းပြီး ထင်ရှားပေါ်လာတယ်။ ဗြဟ္မာရဲ့ ပကတိအဆင်းကို တာဝတိံသာနတ်တွေ မမြင်နိုင်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၇၀)

## ဘုရားနဲ့ ဗြဟ္မာ့ပြည်

ဘုရားရှင်ဟာ ဗြဟ္မာ့ပြည်ကို ဖန်ဆင်းထားတဲ့ ခန္ဓာကိုယ်နဲ့ ကြွသလို ပကတိခန္ဓာကိုယ်နဲ့လည်း ကြွတော်မူတယ်။

(သံ၊ ပါဠိ၊ ၳ၊ ၂၄၆)

## ရှေ့ပြေးအရောင် အလင်း

ဗြဟ္မာတို့ တာဝတိံသာနတ်ပြည်ကို လာရင် နတ်တွေက အရောင်အလင်းကို မြင်ကြရတယ်။ (သုတ်မဟာဝါ၊ ပါဠိ၊ ၁၆၉)

## ဗြဟ္မာ မရပ်နိုင်

ဟတ္ထကဗြဟ္မာဟာ ဘုရားရှင်ထံ လာတဲ့အခါ ဘုရားရှင်ရဲ့ရှေ့မှာ ရပ်မယ်လို့ ရည်ရွယ်ပြီး ရပ်ပေမယ့် နစ်ပဲဝင်သွားတယ်။ မရပ်တည်

http://www.dhammadownload.com



နိုင်၊ ထောပတ်၊ ဆီကို သဲထဲ သွန်လောင်းလိုက်ရင် နစ်ဝင်ကာသွားပြီး မတည်နိုင်သလိုပါပဲ။

ဘုရားရှင်က ဟတ္ထကနတ်သားကို 'ဟတ္ထက ကြမ်းတမ်းတဲ့ ခန္ဓာကိုယ်ကို ဖန်ဆင်းလော' လို့ မိန့်လို့ ဘုရားစကားနားထောင်ပြီး ခန္ဓာကိုယ်အကြမ်းကို ဖန်ဆင်းကာ ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာ အရပ်မှာ ရပ်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၈၂)

## ပုထုဇဉ်နဲ့ အရိယာဗြဟ္မာ

ပုထုဇဉ်ဗြဟ္မာဟာ အပါယ်ကျစေနိုင်တဲ့ကံကို မပယ်ပြီးသေးလို့ လူ့ဘဝ၊ နတ်ဘဝ ခြားကွယ်ပြီး အပါယ်ရောက်နိုင်တယ်။ အရိယာ ဗြဟ္မာကတော့ အဲဒီဗြဟ္မာဘုံမှာပဲ ပရိနိဗ္ဗာန်စံတယ်။

(အံ၊ ပါဠိ၊ ပ၊ ၄၄၁)

## ရခဲတဲ့ မြတ်နိုးဖွယ် ၄ ခု

၁။ တရားနဲ့အညီ ဖြစ်လာတဲ့ ပစ္စည်းဥစ္စာ၊
၂။ ဆွေမျိုး၊ ဥပဇ္ဈာယ်ဆရာတွေနဲ့တကွ အခြွေအရံ၊
၃။ အသက်ရှည်မှု၊
၄။ နတ်ပြည်၊

## ရခဲတဲ့ မြတ်နိုးဖွယ် တရား ၄ ပါး

၁။ သဒ္ဓါ၊ ၂။ သီလ၊ ၃။ စာဂ၊ ၄။ ပညာ။

(အံ၊ ပါဠိ၊ ပ၊ ၃၇၇)

http://www.dhammadownload.com



## လောကဓံတရား ၈ ပါး

၁။ လာဘော= ပစ္စည်း လာဘ်လာဘ ရခြင်း၊
၂။ အလာဘော= ပစ္စည်း လာဘ်လာဘ မရခြင်း၊ ရပြီးဥစ္စာ ပျက်စီးခြင်း၊
၃။ ယသော= အခြွေအရံရှိခြင်း၊
၄။ အယသော= အခြွေအရံ မရှိခြင်း၊ ရှိပြီးအခြွေအရံ ပျက်စီးခြင်း၊
၅။ နိန္ဒာ= အကဲ့ရဲ့ခံရခြင်း၊
၆။ ပသံသာ= ချီးမွမ်းခံရခြင်း၊
၇။ သုခံ= ကိုယ်စိတ်ချမ်းသာခြင်း၊
၈။ ဒုက္ခံ= ကိုယ်စိတ်ဆင်းရဲခြင်း၊

## ဒီကမ္ဘာမှာ မကောင်းမှုကြီး ၄ ခု

၁။ ဒီကမ္ဘာမှာ ကမ္ဘာဦးလူသားတွေထဲက စေတိယမင်းရဲ့ လိမ်ညာပြောတဲ့ မကောင်းမှု၊
၂။ အဂ္ဂသာဝကရဟန်းအား ပြစ်မှားတဲ့ ကောကာလိကရဲ့ မကောင်းမှုလို မကောင်းမှု၊
၃။ မဟာကပိဇာတ်က ဘုရားလောင်းမျောက်ကို ကျောက်ခဲနဲ့ ထုသတ်တဲ့ ဒေဝဒတ်လောင်း မုဆိုးရဲ့ မကောင်းမှု၊
၄။ ဒေဝဒတ်လို ကျေးဇူးမသိမှု။ (သံ၊ ပါဠိ၊ ပ၊ ၂၂၇၊ ၃၁၅)

## နယ်ပယ်

မုဆိုးတွေက မျောက်တွေကို မျောက်သွားလမ်းတွေမှာ မျောက်နဲ့ စေးနဲ့ ထောင်ဖမ်းကြတယ်။ ဖျင်းအပြီး လော်လီတဲ့မျောက် မိတယ်၊

http://www.dhammadownload.com



လိမ္မာပြီး မလော်လီတဲ့ မျောက်တွေကတော့ မျောက်နဲ့စေးကို မြင်လို့ ရှောင်သွားကြတယ်။ အမိခံရတဲ့မျောက်ရဲ့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နှုတ်သီးတွေမှာ မျောက်နဲ့စေးနဲ့ ကပ်နေတော့ အဲဒီမျောက်ဟာ ငြီးတွားပြီး ပျက်စီးရတယ်။ မုဆိုးကြိုက်သလို အလုပ်ခံရတယ်။

အဲဒီလိုပါပဲ၊ ရဟန်းဟာ ကိုယ့်နယ်ပယ်မဟုတ်တဲ့ ကာမဂုဏ်ငါးပါးမှာ လှည့်လည်ကျက်စားရင် မာရ်မင်းရဲ့ နှောင်ဖွဲ့မှုကို ခံရတယ်။ ရဟန်းရဲ့နယ်ပယ်ဖြစ်တဲ့ သတိပဋ္ဌာန် ၄ ပါးမှာ လှည့်လည်ကျက်စားရင် မာရ်မင်းရဲ့ အနှောင်အဖွဲ့ မခံရ။ (သံ၊ ပါဠိ၊ တ၊ ၁၂၉)

## သေခါနီးမှာ

အပြင်းအထန် မကျန်းမာတဲ့ လူမမာမှာ မိဘ၊ သား၊ သမီး၊ ဇနီးနဲ့ လူ့ကာမဂုဏ်ငါးပါးတွေအပေါ် တွယ်တာမှု ရှိနေရင် အဲဒီတွယ်တာမှု ကို စွန့်ပစ်ဖို့ ပြောရတယ်။ နတ်ပြည် ၆ ထပ်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်တွေဟာ အဆင့်ဆင့် သာလွန်ကောင်းမွန် မြင့်မြတ်တာမို့ အဆင့်ဆင့် မြင့်ရာမှာ စိတ်ညွှတ်ဖို့ ပြောရတယ်။

(သံ၊ ပါဠိ၊ တ၊ ၃၅၈)

## လူဝတ်ကြောင်နဲ့ ရဟန်း

ရဟန္တာ လူဝတ်ကြောင် ဥပါသကာနဲ့ ရဟန္တာရဟန်းဟာ ရဟန္တာအဖြစ်မှာ ဘာမှ မထူးခြားပါ။ ရဟန်းသံဃာမှာ စေတိယင်္ဂဏဝတ် (စေတီရင်ပြင်မှာ ပြုလုပ်ရတဲ့ဝတ်)၊ ဗောဓိယင်္ဂဏဝတ် (ဗောဓိပင်မှာ ပြုလုပ်ရတဲ့ဝတ်)၊ (၈၀) သော ခန္ဓကဝတ်တွေ၊ ဒီလိုဂုဏ်တွေမှာ အတိုင်းအတာ မရှိ။ လူနဲ့ရဟန်းတွေမှာ မဂ်ဖိုလ်ကို ထိုးထွင်းသိရာမှာ ထူးခြားမှုမရှိ။ (သံ၊ ပါဠိ၊ တ၊ ၃၅၉၊ ၌၊ ၃၂၂)

http://www.dhammadownload.com



# ရာနှုန်းပြည့်

မိတ်ကောင်းရှိမှုဟာ မင်္ဂလေးပါး၊ ဖိုလ်လေးပါး၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါးဆိုတဲ့ အကျင့်မြတ်တွေရဲ့ ထက်ဝက်အကြောင်း မဟုတ်၊ ရာနှုန်းပြည့်အကြောင်း ဖြစ်တယ်။

မှန်တယ်၊ ဘုရားရှင်ဆိုတဲ့ မိတ်ကောင်းကို အကြောင်းပြုပြီး မွေး၊ အို၊ နာ၊ သေ သဘောရှိတဲ့ သတ္တဝါတွေဟာ မွေး၊ အို၊ နာ၊ သေမှ လွတ်ကြတယ်။ ဝမ်းနည်း ငိုကြွေး ကိုယ်စိတ်ဆင်းရဲ၊ ပူလောင်မှု ရှိတဲ့ သတ္တဝါတွေဟ ဝမ်းနည်း ငိုကြွေး ကိုယ်စိတ်ဆင်းရဲ ပူလောင်မှုတွေ မှ လွတ်ကြတယ်။

(သံ၊ ပါဠိ၊ ၁၊ ၈၈)

# ပညာရှိရဲ့ ပင်ကိုသဘော

အမှန်အကန်အတိုင်း သင့်လျော်တဲ့အခါမှာ

၁။ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့ပြီး ချီးမွမ်းသင့်သူကိုမှ မချီးမွမ်းတတ်သူ၊

၂။ ချီးမွမ်းသင့်သူကို ချီးမွမ်းပြီး ကဲ့ရဲ့သင့်သူကိုမှ မကဲ့ရဲ့တတ်သူ၊

၃။ နှစ်မျိုးစုံကို ပြောတတ်သူ၊

၄။ နှစ်မျိုးစုံကို မပြောတတ်သူ၊

အဲဒီ ၄ ယောက်ထဲမှာ နှစ်မျိုးစုံကို ပြောတတ်သူဟာ သာပြီး နှစ်သက်စရာ ဖြစ်တယ်။ အကြောင်းကတော့ ထိုထိုအရာမှာ အချိန်အခါ ကို သိတာဟာ ကောင်းလို့ပါပဲ။

မှန်တယ်၊ ထိုထိုအချိန်အခါကို သိပြီး ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့တာ နဲ့ ချီးမွမ်းထိုက်သူကို ချီးမွမ်းတာဟာ ပညာရှိတွေရဲ့ ပကတိသဘောပါ ပဲ။

(အံ၊ ပါဠိ၊ ၄၁၃၊ ဠ၊ ၃၂၆)

http://www.dhammadownload.com



## တစ်ချက်ခုတ်ရုံနဲ့

'အို ကောသလမင်းကြီး၊ သင်က မမေ့မလျော့နေရင် သင့်နောက်လိုက် မောင်းမတွေ၊ နောက်လိုက်မင်းတွေ၊ စစ်တပ်၊ နိဂုံးသူ၊ နိဂုံးသား၊ ဇနပုဒ်သူ၊ ဇနပုဒ်သားတွေဟာ 'မင်းက မမေ့မလျော့နေတယ်။ ငါတို့လည်း မမေ့မလျော့ နေကြမယ်' လို့ အကြံဖြစ်တယ်။

'ကောသလမင်းကြီး သင်ဟာ မမေ့မလျော့နေရင် ကိုယ့်ကိုယ်ကိုရော မောင်းမတွေကိုရော ဘဏ္ဍာတိုက်၊ ကျီတိုက်ကိုပါ စောင့်ရှောက်ပြီး ဖြစ်သွားတယ်။

## သိကြားမင်း ရှိခိုးခံရတဲ့လူ

ကောင်းမှုတွေကို ပြု၊ ငါးပါး၊ ဆယ်ပါးသီလတွေကို စောင့်၊ တရားနဲ့အညီ သား မယားကို ပြုစုလုပ်ကျွေးနေတဲ့ လူဝတ်ကြောင် ဥပါသကာတွေကို သိကြားမင်းက ရှိခိုးတယ်။

(သံ၊ ပါဠိ၊ ပ၊ ၂၃၆)

## သာသနာနဲ့ သတ္တဝါ

သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါးဆိုတဲ့ ဘုရားဟော ဗောဓိပက္ခိယတရား ၃၇ ပါးကို ကောင်းကောင်း သင်ယူပြီး မှီဝဲပွားများ အကြိမ်ကြိမ်ပြုလုပ်ရင် သီလ၊ သမာဓိ၊ ပညာ သာသနာဟာ ကြာရှည်စွာ တည်မယ်။ ကြာကြာတည်တဲ့ သာသနာဟာ လူအများရဲ့ စီးပွားနဲ့ ချမ်းသာအလို့ငှာ သတ္တဝါတွေကို သနားဖို့ရာ၊ နတ်လူတွေရဲ့ အကျိုးစီးပွား ချမ်းသာအလို့ငှာ ဖြစ်ကြတယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၀၀)

http://www.dhammadownload.com



## ဓာတ္တုဒ္ဓိပါဒ်နဲ့ အသက်

ဘုရားရှင်ဟာ ဣဒ္ဓိပါဒ် ၄ ပါးကို ကောင်းကောင်း ပွားများအားထုတ်ထားလို့ အလိုရှိက လူ့သက်တမ်း ၁၀၀ ကြာအောင် ဖြစ်ဖြစ်၊ နှစ်တစ်ရာထက် ပိုလွန်ပြီးဖြစ်ဖြစ် တည်နိုင်တယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၈၆)

## ဘုရားရှင်စေတီ

လမ်းဆုံလမ်းခွ လမ်းလေးဝမှာ ဘုရားရှင်ရဲ့စေတီကို ပြုလုပ်ရမယ်။ အဲဒီစေတီမှာ ပန်း၊ နံ့သာ၊ နံ့သာမှုန့် တင်သူ၊ ရှိခိုးသူ၊ ကြည်ညိုသူတွေမှာ အဲဒီကောင်းမှုဟာ အရှည်သဖြင့် စီးပွားချမ်းသာအလို့ငှာ ဖြစ်လိမ့်မယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၃၃)

## စုံလို့ပါလား

နတ်တွေနဲ့ ကုသိနာရုံက မလ္လမင်းတွေက ဘုရားရှင်ရဲ့အလောင်းကိုယ်ခန္ဓာကို အက၊ အဆို၊ အတီးအမှုတ်၊ ပန်းနံ့သာတွေနဲ့ မြတ်နိုးပူဇော်ကြတယ်။ မလ္လမင်းတွေ ပူဇော်တာ ၇ ရက် ကြာတယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၃၂)

## ထင်းပုံပေါ်က အလောင်းတော်

ကုသိနာရုံက မလ္လမင်းတွေက ဘုရားရှင်ရဲ့အလောင်း ကိုယ်ခန္ဓာကို ကာသိတိုင်းဖြစ် အဝတ်သစ်နဲ့ ရစ်ပတ်ပြီး ကြိတ်နယ်ထားတဲ့ ဝါဂွမ်းနဲ့ ရစ်ပတ်ကြတယ်။ ကြိတ်နယ်ထားတဲ့ ဝါဂွမ်းနဲ့ ရစ်ပတ်ပြီး

http://www.dhammadownload.com



ကာသိတိုင်းဖြစ် အဝတ်သစ်နဲ့ ပြန်ရစ်ပတ်ကြတယ်။ အဲဒီလိုနည်းနဲ့ အဝတ်အစုံပေါင်း ၅၀၀ နဲ့ ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာကို ရစ်ပတ်ပြီး ရွှေဆီစကျင်းမှာ ထည့်ပြီး အခြားရွှေဆီစကျင်းနဲ့ ဖုံးကာ နံ့သာအားလုံးတို့ရဲ့ ထင်းပုံကို ပြုလုပ်ပြီး အလောင်းတော်ကို အဲဒီထင်းပုံပေါ်မှာ တင်ကြတယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၃၃)

## ဓာတ်တော်တွေသာ ကျန်ရစ်

ထောပတ်နဲ့ဆီကို မီးလောင်းတဲ့အခါ ပြာနဲ့မီးသွေ မကျန်ရစ်သလို ဘုရားရှင်ရဲ့ကိုယ်ကို မီးလောင်တဲ့အခါ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အစေးတို့ရဲ့ပြာနဲ့ မီးသွေး မကြွင်းကျန်ရစ်၊ ဓာတ်တော်တွေသာ ကျန်ရစ်တယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၃၅)

## သံဝေဂဖြစ်စေနိုင်တဲ့နေရာ ၄ ခု

၁။ ဘုရားဖွားရာအရပ်၊ ၂။ ဘုရားဖြစ်ရာအရပ်၊ ၃။ ဘုရားဓမ္မစကြာတရားဟောရာအရပ်၊ ၄။ ဘုရားပရိနိဗ္ဗာန်စံရာအရပ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၁၆)

## ဘုရားဖူးသူများ

စေတီပြင်မှာ တံမြက်လှည်းဖို့၊ နေရာတွေကို ရေဆေးဖို့၊ ဗောဓိပင်မှာ ရေလောင်းဖို့၊ စေတီတော်ကို ရှိခိုးဖို့ ခရီးလှည့်လည်သူတွေဟာ ကြည်ညိုစိတ်နဲ့ သေသွားကြရင် နတ်ပြည်ရောက်ကြတယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၁၆)

http://www.dhammadownload.com



## စေတီတည်ထိုက်သူ ၄ ဦး

၁။ ဘုရားရှင်၊ ၂။ ပစ္စေကဗုဒ္ဓါ၊ ၃။ ဘုရားရှင်တပည့် အရိယာ ရဟန်း၊ ၄။ စကြာဝတေးမင်း။ ဒီစေတီတွေကို အကြောင်းပြုပြီး လူအများမှာ ကြည်ညိုသဒ္ဓါပွားကြလိမ့်မယ်။ သူတို့ သဒ္ဓါပွားပြီး သေရင် နတ်ပြည်ရောက်ကြလိမ့်မယ်။

(သုတ်မဟာဝါ၊ ပါဠိ၊ ၁၁၈)

## အမျိုးသမီးနဲ့ ပတ်သက်ပြီး

အာနန္ဒာ၊ ရဟန်းဟာ အမျိုးသမီးကို မကြည့်တာ အကောင်းဆုံးပဲ။ မကြည့်မဖြစ်လို့ ကြည့်ရရင် စကားမပြောတာ အကောင်းဆုံးပဲ။ စကားမပြော မဖြစ်လို့ ပြောရရင် အမိအရွယ်ရှိသူအပေါ် အမိစိတ်၊ နှမအရွယ်ရှိသူအပေါ် နှမစိတ်၊ သမီးအရွယ်ရှိသူအပေါ် သမီးစိတ်ထားတာ အကောင်းဆုံးပဲ။ (သုတ်မဟာဝါ၊ ပါဠိ၊ ၁၁၆/ ၇)

## ထပ်ဆင့်အလှူ

၁။ စားဖွယ်လှူသူဟာ အားကို လှူရာရောက်တယ်။
၂။ အဝတ်ကို လှူသူဟာ အဆင်းလှပမှုကို လှူရာရောက်တယ်။
၃။ ယာဉ်ကို လှူသူဟာ ချမ်းသာကို လှူရာရောက်တယ်။
၄။ ဆီမီးကို လှူသူဟာ မျက်စိအလင်းကို လှူရာရောက်တယ်။
၅။ ကျောင်းကို လှူသူဟာ အင်အား၊ အဆင်း၊ လှပမှု၊ ချမ်းသာ၊ မျက်စိအလင်း အားလုံးကို လှူရာရောက်တယ်။
၆။ တရားကို ဆုံးမသွန်သင်ဟောပြသူဟာ အမြိုက်နိဗ္ဗာန်ကို လှူရာရောက်တယ်။

(သံ၊ ပါဠိ၊ ပ၊ ၂၉)

http://www.dhammadownload.com



## အသာဆုံး ၄ ဦး

၁။ ခန္ဓာကိုယ်ရှိသူတွေထဲမှာ ရာဟု အသုရိန်ဟာ အကြီးဆုံး၊
၂။ ကာမဂုဏ်ခံစားသူတွေထဲမှာ မန္ဓတ်မင်းဟာ အသာဆုံး၊
၃။ အကြီးအကဲရာထူး ပြုလုပ်သူတွေထဲမှာ မာရ်နတ်ဟာ အသာဆုံး၊
၄။ သတ္တဝါအားလုံးထဲမှာ ဘုရားရှင်ဟာ လောကီ၊ လောကုတ္တရာဂုဏ်တွေနဲ့ အသာဆုံး။

## အချစ် အမုန်း

၁။ အချစ်ကြောင့် အချစ်ဖြစ်တယ်။ ၂။ အချစ်ကြောင့် အမုန်းဖြစ်တယ်။ ၃။ အမုန်းကြောင့် အချစ် ဖြစ်တယ်။ ၄။ အမုန်းကြောင့် အမုန်းဖြစ်တယ်။

၁။ ကိုယ်ချစ်တဲ့သူကို တခြားသူတွေက ချစ်ဖွယ်စကားနဲ့ ပြောရင် ပြောတဲ့ လူတွေကို ချစ်တယ်။
၂။ ကိုယ်ချစ်တဲ့သူကို တခြားသူတွေက မုန်းဖွယ်စကားနဲ့ ပြောရင် ပြောတဲ့ လူတွေကို မုန်းတယ်။
၃။ ကိုယ်မုန်းတဲ့သူကို တခြားသူတွေက မုန်းဖွယ်စကားနဲ့ ပြောရင် ပြောတဲ့ လူတွေကို ချစ်တယ်။
၄။ ကိုယ်မုန်းတဲ့သူကို တခြားသူတွေက ချစ်ဖွယ်စကားနဲ့ ပြောရင် ပြောတဲ့ လူတွေကို မုန်းတယ်။ (အံ၊ ပါဠိ၊ ၁၊ ၅၃၄)

## စိတ်သဘော

လူတွေရဲ့သဘောက ရှုပ်ထွေးတယ်။ တိရစ္ဆာန်တွေရဲ့သဘောက ပေါ်လွင်တယ်။ **(မဇ္ဈိမပဏ်၊ ပါဠိ၊ ၃)**

http://www.dhammadownload.com



# အလုပ် ၄ မျိုး

၁။ ပြုလုပ်ချင်စရာလည်း မကောင်း၊ ပြုလုပ်ရင်လည်း အကျိုးမဲ့ ဖြစ်တဲ့ အလုပ်၊

၂။ ပြုလုပ်ချင်စရာတော့ မကောင်း၊ လုပ်ရင် ကောင်းကျိုးဖြစ်တဲ့ အလုပ်၊

၃။ ပြုလုပ်ချင်စရာတော့ ကောင်းတယ်၊ လုပ်ရင် အကျိုးမဲ့ဖြစ် တဲ့အလုပ်၊

၄။ ပြုလုပ်ချင်စရာလည်း ကောင်းတယ်၊ ပြုလုပ်ရင်လည်း ကောင်း ကျိုးဖြစ်တဲ့အလုပ်။

၁ နံပါတ်အလုပ်ကို လုပ်ချင်စရာ မကောင်းလို့ရော အကျိုးမဲ့ ဖြစ်လို့ပါ မလုပ်ထိုက်။

၄ နံပါတ်အလုပ်ကို လုပ်ချစ်စရာကောင်းလို့ရော ကောင်းကျိုး ဖြစ်လို့ပါ လုပ်ထိုက်တယ်။

၂ နံပါတ်အလုပ်မှာ ဉာဏ်အား၊ ဝီရိယအားအပေါ် မူတည်ပြီး ပညာရှိ၊ ပညာမဲ့ကို သိနိုင်တယ်။

'ဒီအလုပ်ဟာ လုပ်ချင်စရာမကောင်းပေမယ့် ကောင်းကျိုးဖြစ် တယ်' လို့ လူမိုက် (ပညာမဲ့သူ) က မစဉ်းစားမိ၊ ပညာရှိကတော့ စဉ်းစားတယ်။ ပညာမဲ့သူလူမိုက်မှာ မလုပ်လို့ အကျိုးမဲ့ဖြစ်တယ်။ ပညာ ရှိမှာ လုပ်လို့ ကောင်းကျိုးဖြစ်တယ်။

၃ နံပါတ်အလုပ်မှာ ဉာဏ်အား၊ ဝီရိယအားပေါ် မူတည်ပြီး ပညာရှိ၊ ပညာမဲ့ကို သိနိုင်တယ်။

'ဒီအလုပ်ဟာ လုပ်ချင်စရာကောင်းပေမယ့် အကျိုးမဲ့ဖြစ်တယ်' လို့ လူမိုက်က မစဉ်းစားမိ၊ ပညာရှိကတော့ စဉ်းစားတယ်။ လူမိုက် မှာ လုပ်လို့ အကျိုးမဲ့ဖြစ်တယ်။ ပညာရှိမှာ မလုပ်လို့ ကောင်းကျိုး ဖြစ်တယ်။ (အံ၊ ပါဠိ၊ ၁၊ ၄၃၃)

http://www.dhammadownload.com



## လမ်းသွားသူ

ရာဇဂြိုဟ်မြို့လည်း ရှိတယ်၊ ရာဇဂြိုဟ်မြို့ကို သွားတဲ့လမ်းလည်း ရှိတယ်။ လမ်းကို ညွှန်ပြသူလည်း ရှိတယ်။ တစ်ယောက်က လမ်းညွှန် ညွှန်ပြထားတဲ့ လမ်းမှန်နဲ့ သွားတယ်။ ရာဇဂြိုဟ်ကို ရောက်တယ်။ တစ်ယောက်ကတော့ ညွှန်ပြထားတဲ့လမ်းမှန်နဲ့ မသွား၊ ရာဇဂြိုဟ်ကို မရောက်။

နိဗ္ဗာန်လည်း ရှိတယ်၊ နိဗ္ဗာန်ကိုသွားတဲ့လမ်းလည်း ရှိတယ်။ လမ်းကို ညွှန်ပြသူ ဘုရားရှင်လည်း ရှိတယ်။ ဘုရားရှင် ညွှန်တဲ့လမ်း အတိုင်း သွားသူ နိဗ္ဗာန်ရောက်တယ်။ လမ်းမှားသွားသူကတော့ နိဗ္ဗာန် မရောက်။

(ဥပရိပဏ်၊ ပါဠိ၊ ၅၆၊ ၅၇)

## စားဖွယ်လှူရကျိုး

အလှူခံပုဂ္ဂိုလ်တွေဟာ စားဖွယ်လှူသူက ၅ မျိုး လှူရာရောက် တယ်။

၁။ အသက်၊ ၂။ ရုပ်အဆင်း လှပမှု၊ ၃။ ကိုယ်စိတ် ချမ်းသာ ခြင်း၊ ၄။ ခန္ဓာကိုယ်အင်အား၊ ၅။ အသိဉာဏ်။

အလှူရှင်ဟာ လူ့ဘဝ၊ နတ်ဘဝမှာ အဲဒီအကျိုး ၅ မျိုးကို ရ တယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၅)

## ဒါနအကျိုး ၆ မျိုး

၁။ လူအများ ချစ်မြတ်နိုးခံရခြင်း၊

http://www.dhammadownload.com



၂။ သူတော်ကောင်းတွေ ဆည်းကပ်ခြင်း၊
၃။ ကောင်းသတင်း ပျံ့ခြင်း၊
၄။ ငါးပါးသီလ မကျိုးပျက်ခြင်း၊
၅။ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်းပရိသတ်တွေကို ချဉ်းကပ်တဲ့ အခါ ရဲဝံ့ခြင်း၊
၆။ နတ်ပြည်ရောက်ရခြင်း၊ (အံ၊ ပါဠိ၊ ၃၊ ၃၃၊ ၃၄)

## သင့်လျော်တဲ့အချိန်မှာ လှူရတဲ့အလှူ ၅ ခု

၁။ ဧည့်သည်အား လှူရတဲ့ အလှူ၊
၂။ ခရီးသွားမယ့်သူအား လှူရတဲ့အလှူ၊
၃။ မကျန်းမာသူအား လှူရတဲ့အလှူ၊
၄။ အစာရှားပါးတဲ့အခါမှာ လှူရတဲ့အလှူ၊
၅။ ကောက်ဦး၊ အသီးဦးကို ရှေးဦးစွာ သီလရှိသူတွေအား လှူရတဲ့အလှူ၊

(အံ၊ ပါဠိ၊ ၃၊ ၃၅)

## ဆင်ခြင်ရမယ့်တရား ၅ ပါး

အိုရမှာ၊ နာရမှာ၊ သေရမှာ၊ ချစ်သူတွေနဲ့ ကွေကွင်းရမှာ၊ ကံသာ ကိုယ်ပိုင်ဥစ္စာရှိတာကို အမျိုးသမီး၊ အမျိုးသား၊ လူဝတ်ကြောင်၊ ရှင်ရဟန်းတွေဟာ မပြတ် ဆင်ခြင်ရတယ်။ ဆင်ခြင်ရင် နုပျိုမှု၊ ကျန်းမာမှု၊ အသက်ရှင်မှုတို့ကို အကြောင်းပြုပြီးဖြစ်တဲ့ မာန်ယစ်မှု၊ ချစ်သူတွေအပေါ် တွယ်တာမှု၊ အပြုမှား၊ အပြောမှား၊ စိတ်ထားမှားတွေ အကုန်လုံးရင်လည်း ကင်းသွားမယ်။ မကုန်သေးရင်တောင် နည်းပါးသွားမယ်။ (အံ၊ ပါဠိ၊ ၃၊ ၆၃၊ ၆၄)

http://www.dhammadownload.com



## ချမ်းချမ်းသာသာ နေရသူ

အတူနေ သီတင်းသုံးဖော်တွေအပေါ် မျက်မှောက်မှာရော မျက်ကွယ်မှာပါ မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံ ထားကြရင်၊ စတုပါရိသုဒ္ဓိသီလချင်း၊ ဝိပဿနာဉာဏ်အမြင်ချင်း တူမျှနေရင် ချမ်းချမ်းသာသာ နေရတယ်။ (အံ၊ ပါဠိ၊ ၃၊ ၁၁၆)

## သာသနာကွယ်ကြောင်းများ

ရဟန်းတွေ

၁။ ရိုရိုသေသေ တရားကို မနာယူကြခြင်း၊

၂။ ရိုရိုသေသေ တရားကို မသင်ယူကြခြင်း၊

၃။ ရိုရိုသေသေ တရားကို မဆောင်မှတ်ကြခြင်း၊

၄။ ရိုရိုသေသေ ဆောင်မှတ်ထားတဲ့တရားရဲ့ အဓိပ္ပာယ်ကို မဆင်ခြင်ခြင်း၊

၅။ ပါဠိ အနက်အဓိပ္ပာယ်ကို သိပြီး ရိုရိုသေသေ တရားကို မကျင့်ခြင်း၊

**တစ်နည်း ၅ ပါး**

၁။ တရားကို မသင်ယူကြခြင်း၊

၂။ တရားကို အကျယ် မဟောပြကြခြင်း၊

၃။ တရားကို အကျယ် မပို့ချကြခြင်း၊

၄။ တရားကို အကျယ် မရွတ်အံကြခြင်း၊

၅။ တရားကို စိတ်နဲ့ မကြံစည်၊ မသုံးသပ်၊ မဆင်ခြင်ကြခြင်း၊

**တစ်နည်း ၅ ပါး**

ရဟန်းတွေ

http://www.dhammadownload.com



၁။ ပုဒ်၊ ဗျည်း မမှန်မကန်နဲ့ သုတ္တန်ကို သင်ယူကြခြင်း၊
၂။ အဆုံးအမကို မနာယူကြခြင်း၊
၃။ အကြားအမြင်များတဲ့ ရဟန်းတွေက သုတ္တန်ကို သူတစ်ပါးအား ရိုရိုသေသေ ပို့ချမပေးခြင်း၊
၄။ ပစ္စည်းပေါများအောင် ကြိုးစားကြပြီး တရားအားထုတ်မှုမှာ ပေါ့လျော့ကြခြင်း၊
၅။ သံဃာတွေ ကွဲပြားခြင်း၊

(အံ၊ ပါဠိ၊ ၃၊ ၁၅၇)

သာသနာတည်ကြောင်းတို့မှာ ပြောင်းပြန်ဖြစ်ကြပါတယ်။

## လောကမှာ လောကီလူသားတွေအဖို့ ဆင်းရဲ ၆ မျိုး

၁။ ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးတာ၊
၂။ ကြွေးယူရတာ၊
၃။ အကြွေး တိုးပွားလာတာ၊
၄။ ကြွေးတောင်းခံရတာ၊
၅။ ကြွေးရှင်က နောက်က တကောက်ကောက် အလိုက်ခံရတာ၊
၆။ အနှောင်အဖွဲ့ အဖမ်းအဆီး ခံရတာ၊

(အံ၊ ပါဠိ၊ ၃၊ ၃၀၉)

## သာသနာတော်မှာ ဆင်းရဲ ၆ မျိုး

၁။ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာ မရှိတာ။ (ဒါဟာ ဆင်းရဲနွမ်းပါးတာပဲ)
၂။ ဒုစရိုက် ၁၀ ပါး ပြုလုပ်တာ။ (ဒါဟာ ကြွေးယူတာပဲ)

http://www.dhammadownload.com



၃။ ဒုစရိုက်အမှုကို ဖုံးကွယ်ဖို့ ကြံရ၊ ပြောရ၊ လုပ်ဆောင်ရတာ၊ (ဒါဟာ ကြွေးအတိုးပဲ)

၄။ 'အရှင်ဘုရားဟာ ဒီလိုလုပ်၊ ဒီလိုပြောသလား' လို့ သီတင်းသုံးဖော်ကောင်းတွေရဲ့ အမေးခံရတာ။ (ဒါဟာ အပြစ်တင်ခံရတာပဲ)

၅။ တော၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာမှာ ရောက်နေတဲ့အခါ ပူပန်မှုနဲ့တကွ ဖြစ်တဲ့ အကြံဆိုးတွေ ဖြစ်ပေါ်နေတာ။ (ဒါဟာ နောက်က တကောက်ကောက် အလိုက်ခံရတာပဲ)

၆။ ဒုစရိုက်လုပ်ပြီး သေတော့ ငရဲ၊ တိရစ္ဆာန်အဖြစ်ရောက်တယ်။ (ဒါဟာ နှောင်ဖွဲ့ခံရတာပဲ)

(အံ၊ ပါဠိ၊ ၃၊ ၃၀၉)

## ကြီးပွားကြောင်း

အပြစ်ကို အပြစ်လို့မြင်ပြီး တရားနည်းလမ်းအတိုင်း ကုစားကာ နောင်အခါမှာ စောင့်စည်းတာဟာ ဘုရားရှင်ရဲ့သာသနာမှာ ကြီးပွားကြောင်းပဲ။

(သီလက္ခန်၊ ပါဠိ၊ ၈၀)

## ဝမ်းနည်းဝမ်းသာ မရှိပါနဲ့

ရတနာသုံးပါးအပေါ် ကဲ့ရဲ့ပြောဆိုလာရင် စိတ်မဆိုးနဲ့၊ ဝမ်းမနည်းနဲ့၊ မကျေမနပ် မဖြစ်နဲ့။ ဖြစ်ရင် ဈာန်စတဲ့ တရားထူးအတွက် အန္တရာယ် ဖြစ်လိမ့်မယ်။ စိတ်ဆိုး စိတ်ပျက်ရင် သူတစ်ပါးတွေရဲ့ အကောင်းပြော၊ အဆိုးပြောကို မသိဘဲ ရှိလိမ့်မယ်။ မဟုတ်တာ မမှန်တာကို မဟုတ် မမှန်တဲ့အတိုင်း ဖြေရှင်းရတယ်။ 'ဒါဟာ ဒါ

http://www.dhammadownload.com



ကြောင့်လည်း မဟုတ်ဘူး၊ မမှန်ဘူး၊ ဒါဟာ ငါတို့မှာ မရှိဘူး’ လို့ ဖြေရှင်းရတယ်။

ရတနာသုံးပါးရဲ့ဂုဏ်တွေကို ချီးမွမ်းပြောဆိုလာရင် ဝမ်းမသာနဲ့၊ မပျော်နဲ့၊ မတက်ကြွနဲ့။ ဝမ်းသာ ပျော်ရွှင် တက်ကြွရင် ဈာန်စတဲ့ တရားထူးအတွက် အန္တရာယ်ဖြစ်လိမ့်မယ်။ ဟုတ်မှန်တာကို ဟုတ်မှန်တဲ့ အတိုင်း ဝန်ခံရတယ်။ ‘ဒါဟာ ဒါကြောင့်လည်း ဟုတ်တယ်၊ မှန်တယ်၊ ဒါဟာ ငါတို့မှာ ရှိတယ်’ လို့ ဝန်ခံရမယ်။

(သီလက္ခန်၊ ပါဠိ၊ ၃)

## အမြတ်ဆုံး

အနွယ်ကို စိစစ်ကြတဲ့ လူတွေထဲမှာ မင်းမျိုး၊ မင်းနွယ်ဟာ အမြတ်ဆုံး။ နတ်လူတွေထဲမှာ အသိ အကျင့်နဲ့ပြည့်စုံတဲ့သူဟာ အမြတ်ဆုံး။

(သီလက္ခန်၊ ပါဠိ၊ ၉၂)

## ဝေးတယ်

အမြတ်ဆုံး ဝိဇ္ဇာ (ဝိပဿနာဉာဏ်နဲ့ အဘိညာဉ် ၇ ပါး) အမြတ်ဆုံး စရဏ (သမာပတ် ၈ ပါး) ကို မျက်မှောက်ပြုမှုဟာ ဇာတ်ဝါဒ၊ အနွယ်ဝါဒ၊ မာနဝါဒ၊ သမီးပေး၊ သမီးယူတွေနဲ့ ဆက်စပ်မှု မရှိ၊ ဝေးတယ်။

(သီလက္ခန်၊ ပါဠိ၊ ၉၃)

## ဗေဒင်သုံးပုံပြု ဆရာ ၁၀ ဦး

၁။ အဋ္ဌက၊ ၂။ ဝါမက၊ ၃။ ဝါမဒေဝ၊ ၄။ ဝေဿာမိတ္တ၊

http://www.dhammadownload.com



၅။ ယမတဂ္ဂိ၊ ၆။ အင်္ဂီရသ၊ ၇။ ဘာရဒွါဇ၊ ၈။ ဝါသေဋ္ဌ၊ ၉။ ကဿပ၊ ၁၀။ ဘဂု။

ဒီရသေ့ ၁၀ ဦးဟာ ဗေဒင်သုံးပုံကို ပြုလုပ်သွားကြတယ်။ ရွတ်အံ ပို့ချ စစည်းသွားကြတယ်။ နောက်နောက် ပုဏ္ဏားတွေက လိုက်ပြီး ရွတ်အံကြ၊ ပို့ချပေးကြတယ်။ (သီလက္ခန်၊ ပါဠိ၊ ၉၇)

## မမြင်သာတဲ့ လက္ခဏာတော် ၂ ပါး

အမ္ဗဋ္ဌလုလင်နဲ့ သူ့ဆရာ ပေါက္ခရသာတိပုဏ္ဏားတို့ မြင်နိုင်အောင် တန်ခိုးနဲ့ ဖန်ဆင်းပြီး အင်္ဂါဇာတ်ကို (အင်္ဂါဇာတ်အရိပ်အယောင်ကို) ဘုရားရှင်က ပြတယ်။ လျှာကို ထုတ်ပြီး နား ၂ ဖက်၊ နှာခေါင်းပေါက် ၂ ပေါက်ကို သုံးသပ်ပြတယ်။ နဖူးတစ်ပြင်လုံးကို လျှာနဲ့ ဖုံးလွှမ်းပြတယ်။ မမြင်သာတဲ့ အဲဒီလက္ခဏာတော် ၂ ပါးကို မြင်သွားရတော့ ၃၂ ပါးသော လက္ခဏာတော်ကြီးတွေနဲ့ ဘုရားရှင်မှာ ပြည့်စုံကြောင်း လက်ခံသွားကြတယ်။

(သီလက္ခန်၊ ပါဠိ၊ ၉၉)

## ၂ လမ်းပဲ

၃၂ ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတွေနဲ့ ပြည့်စုံသူဟာ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေရင် စကြာဝတေးမင်း ဖြစ်တယ်။ ရဟန်းဝတ်ရင် ဘုရားဖြစ်တယ်။

(သီလက္ခန်၊ ပါဠိ၊ ၈၃/၄)

## ဗြာဟ္မဏ

ရုပ်မလှ၊ ဗေဒင်သုံးပုံ မတတ်၊ ဇာတ်မကောင်းပေမယ့် ငါးပါး

http://www.dhammadownload.com



သီလ လုံခြုံပြီး ပညာရှိရင် ဗြာဟ္မဏလို့ ပုဏ္ဏားတွေက သတ်မှတ်ကြတယ်။ (သီလက္ခန်၊ ပါဠိ၊ ၁၁၆)

## သီလနဲ့ ပညာ

ပညာကို သီလနဲ့ ဖြူစင်စေရတယ်။ သီလကို ပညာနဲ့ ဖြူစင်စေရတယ်။ သီလရှိသူမှာ ပညာရှိတယ်။ ပညာရှိသူမှာ သီလရှိတယ်။ သီလနဲ့ ပညာဟာ လောကမှာ အမြတ်ဆုံးလို့ ဆိုရတယ်။ ဥပမာ၊ လက်တစ်ဖက်နဲ့ အခြားလက်တစ်ဖက်ကို၊ ခြေတစ်ဖက်နဲ့ အခြားတစ်ဖက်ကို ဆေးကြောရသလိုပါပဲ။

(သီလက္ခန်၊ ပါဠိ၊ ၁၁၇)

## ၁ မှ ၁၀

၁။ တစ်ဆိုတာ ဘာလဲ၊ အကြောင်းတရားပဲ။
၂။ နှစ်ဆိုတာ ဘာလဲ၊ နာမ်နဲ့ ရုပ်ပဲ။
၃။ သုံးဆိုတာ ဘာလဲ၊ ဝေဒနာသုံးပါးပဲ။
၄။ လေးဆိုတာ ဘာလဲ၊ အရိယသစ္စာလေးပါးပဲ။
၅။ ငါးဆိုတာ ဘာလဲ၊ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ။
၆။ ခြောက်ဆိုတာ ဘာလဲ၊ အဇ္ဈတ္တိကာယတန ခြောက်ပါးပဲ။
၇။ ခုနစ်ဆိုတာ ဘာလဲ၊ ဗောဇ္ဈင် ခုနစ်ပါးပဲ။
၈။ ရှစ်ဆိုတာ ဘာလဲ၊ မဂ္ဂင်ရှစ်ပါးပဲ။
၉။ ကိုးဆိုတာ ဘာလဲ၊ သတ္တာဝါသကိုးပါးပဲ။
၁၀။ တစ်ဆယ်ဆိုတာ ဘာလဲ၊ အင်္ဂါ ၁၀ ပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာပဲ။

(ခုဒ္ဒကပါဌ၊ ပါဠိ၊ ၃)

http://www.dhammadownload.com



ဘုရားရှင်က ၇ နှစ်အရွယ် သောပါကကို မေးလို့ သောပါက က ဖြေထားပါတယ်။ ဒီအဖြေတွေက သောပါကရဲ့ ရဟန်းအဖြစ်ပါပဲ။ (ဇင်း ဋ္ဌ၊ ၆၂)

## ၃၈ ဖြာ မင်္ဂလာ

ကြီးပွားတိုးတက် ပြည့်စုံ မြင့်မြတ်ချင်ရင်

၁။ လူမိုက်တွေကို မပေါင်းနဲ့။
၂။ လူလိမ္မာတွေကို ပေါင်းပါ။
၃။ ပူဇော်ထိုက်သူတွေကို ပူဇော်ပါ။
၄။ သင့်တင့်ရာအရပ်မှာ နေပါ။
၅။ ရှေးကောင်းကံ ရှိပါစေ။
၆။ ကိုယ့်ကိုယ်ကို ကောင်းအောင် ထားပါ။
၇။ အကြားအမြင် များပါစေ။
၈။ လက်မှုအတတ် ရှိပါစေ။
၉။ ကိုယ်၊ နှုတ်၊ စိတ် ဆုံးမနည်းကို ကောင်းကောင်း သင်ယူပါ။
၁၀။ စကားကောင်းကို ပြောတတ်ပါစေ။
၁၁။ မိဘကို လုပ်ကျွေးပါ။
၁၂။ သား သမီး ဇနီးတို့ကို ချီးမြှောက်ပါ။
၁၃။ အလုပ်မရှုပ်ထွေးစေရ။ (အချိန်လွန်ခြင်း၊ ပေါ့လျော့ခြင်း၊ မသင့်တာလုပ်ခြင်းစသည် မရှိစေရ)
၁၄။ လှူပါ။
၁၅။ သုစရိုက် ၁၀ ပါးကို ကျင့်ပါ။
၁၆။ ဆွေမျိုးတွေကို ထောက်ပံ့ပါ။
၁၇။ အပြစ်ကင်းတဲ့အလုပ် လုပ်ပါ။
၁၈။ မကောင်းတာတွေကို စိတ်နဲ့ ရှောင်ပါ။

http://www.dhammadownload.com



၁၉။ မကောင်းတာတွေကို ကိုယ် နှုတ်နဲ့ ရှောင်ပါ။
၂၀။ မူးယစ်သေစာ မသောက်စားပါနဲ့။
၂၁။ ကုသိုလ်တရားတွေမှာ မမေ့ပါနဲ့။
၂၂။ ရိုသေလေးစားမှုရှိပါ။
၂၃။ နှိမ်ချပါ။
၂၄။ ရောင့်ရဲပါ။
၂၅။ ကျေးဇူးသိပါ။
၂၆။ သင့်လျော်တဲ့အခါမှာ တရားနာပါ။
၂၇။ သည်းခံပါ။
၂၈။ ဆုံးမရလွယ်ပါစေ။
၂၉။ ရှင်ရဟန်းတွေကို ဖူးမြော်ပါ။
၃၀။ သင့်လျော်တဲ့အချိန်မှာ တရားဆွေးနွေးပါ။
၃၁။ ဣန္ဒြေတွေကို စောင့်စည်းပါ၊ သို့မဟုတ် ကြိုးစားပါ။
၃၂။ အကျင့်မြတ်ကို ကျင့်ပါ။
၃၃။ အရိယသစ္စာတွေကို မြင်ပါစေ။
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုပါစေ။
၃၅။ လောကဓံရှစ်ပါးနဲ့ တွေ့တဲ့အခါ စိတ်မတုန်လှုပ်ရ။
၃၆။ ဝမ်း မနည်းရ။
၃၇။ ကိလေသာမြူ ကင်းပါစေ။
၃၈။ ဘေး ကင်းပါစေ။

(ခုဒ္ဒကပါဠ၊ ပါဠိ၊ ၃၊ ၄)

## အမှောင်

လောဘ၊ ဒေါသ၊ မောဟဟာ အကျိုးမဲ့ကို ဖြစ်စေတယ်။ စိတ်ကို ချောက်ချားပျက်ပြား ပြောင်းလဲစေတယ်။ စိတ်ထဲမှာ ဖြစ်ပေါ်လာရင် လူမိုက်ဟာ ဘေးကို မသိ။

http://www.dhammadownload.com



လောဘ၊ ဒေါသ၊ မောဟ ဖြစ်နေသူဟာ ကိုယ့်ကျိုး သူ့ကျိုး စတဲ့ အကျိုးကို မသိ။ ကုသလကမ္မပထ တရား ၁၀ ပါးကိုလည်း မသိ။ လောဘ၊ ဒေါသ၊ မောဟက လူကို နှိပ်စက်လွှမ်းမိုးတဲ့အခါ အမိုက်မှောင် ကျလာတော့တယ်။ (ဣတိဝုတ္တကပါဠိ၊ ၂၅၂)

## မကြာခင်ပဲ

သမထ၊ ဝိပဿနာတရားမှာ ပျော်။ သမထ၊ ဝိပဿနာတရားကို ဆင်ခြင် အောက်မေ့တဲ့ရဟန်းဟာ ဗောဓိပက္ခိယတရား ၃၇ ပါး၊ လောကုတ္တရာတရား ၉ ပါးမှ မယုတ်လျော့၊ မကြာခင်ပဲ ရတယ်။

## ငြိမ်းသူနဲ့ နိဗ္ဗာန်

သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ဣရိယာပုထ်လေးပါးမှာ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းပြီး စိတ်မှာ ကိလေသာငြိမ်းအောင် လုပ်သူဟာ နိဗ္ဗာန်ကိုပဲ ရောက်တယ်။

(ဣတိဝုတ္တကပါဠိ၊ ၂၅၀)

## လောကအကျိုးဆောင်ပုဂ္ဂိုလ် ၃ ဦး

၁။ ဘုရားရှင်၊ ၂။ ရဟန္တာ၊ ၃။ အကြားအမြင်များပြီး သီလ အကျင့်ရှိတဲ့ သေက္ခပုဂ္ဂိုလ်။

ဒီပုဂ္ဂိုလ် ၃ ဦးဟာ လောကမှာ ပွင့်ပေါ်လာရင် လူအများရဲ့ စီးပွား ချမ်းသာအလို့ငှာ၊ သတ္တဝါတွေကို သနားဖို့ရာ၊ နတ်လူတို့ရဲ့ အကျိုးငှာ၊ စီးပွားချမ်းသာအလို့ငှာ ဖြစ်တယ်။

(ဣတိဝုတ္တကပါဠိ၊ ၂၄၈)

http://www.dhammadownload.com



## ရှေးပြေးနိမိတ် ၅ ခု

နတ်တွေ စုတေခါနီးမှာ
၁။ ပန်ဆင်ထားတဲ့ ပန်းတွေ ညှိုးနွမ်းလာတယ်။
၂။ ဝတ်ဆင်ထားတဲ့အဝတ်တွေ ညစ်နွမ်း ညစ်ပေလာတယ်။
၃။ လက်ကတီးကြားတွေနဲ့ တစ်ကိုယ်လုံးက ချွေးတွေ ထွက်လာတယ်။
၄။ ရုပ်ရည်အဆင်း ဖောက်ပြန်လာတယ်။
၅။ ကိုယ့်နတ်ပြည်မှာ မပျော်ရွှင်တော့။

(ဣတိဝုတ္တကပါဠိ၊ ၂၄၇)

## စကား ၃ ခွန်း

စုတေခါနီးတဲ့နတ်အား နတ်တွေက စကား ၃ ခွန်းနဲ့ ဝမ်းသာစကား၊ အားပေးစကား ပြောကြားကြတယ်။
၁။ ဒီနတ်ပြည်ကနေ လူ့ပြည်ကို ပဋိသန္ဓေသွားနေပါ။
၂။ လူ့ပြည်သွားပြီး ဘုရားသာသနာမှာ သဒ္ဓါကို ကောင်းကောင်း ရအောင် ယူပါ။
၃။ အဲဒီသဒ္ဓါကို ဘယ်သူဖျက်ဖျက် မပျက်ပြယ်အောင်၊ ခိုင်မြဲအောင် ပြုလုပ်ပါ။ (သောတာပန်သဒ္ဓါကို ရအောင် ပြုလုပ်ပါ)

(ဣတိဝုတ္တကပါဠိ၊ ၂၄၇)

## အမြတ်ဆုံး

သတ္တဝါတွေထဲမှာ ဘုရားရှင်ဟာ အမြတ်ဆုံး၊
သင်္ခတ၊ အသင်္ခတတရားတွေထဲမှာ နိဗ္ဗာန်ဟာ အမြတ်ဆုံး၊
သံဃာ၊ ဂိုဏ်းတွေထဲမှာ အရိယာသံဃာ ၈ ပါးဟာ အမြတ်ဆုံး၊

http://www.dhammadownload.com



ရတနာသုံးပါးမှာ ကြည်ညိုတာဟာ အမြတ်ဆုံး ကြည်ညိုခြင်းပဲ။ ရတနာသုံးပါးမှာ ကြည်ညိုပြီး ရတနာသုံးပါးမှာ လှူရင် အမြတ်ဆုံး ကုသိုလ်တိုးပွားတယ်။ အမြတ်ဆုံး အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခြွေရံရှိခြင်း၊ ကောင်းသတင်း ကျော်စောခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ ကိုယ်အား ဉာဏ်အားရှိခြင်းတို့ တိုးပွားကြတယ်။

(တ္ထတိဝုတ္တကပါဠိ၊ ၂၅၄)

## အချစ်နဲ့ ဒုက္ခ

အချစ် ၁၀၀ ဒုက္ခ ၁၀၀၊ အချစ် ၉၀ ဒုက္ခ ၉၀၊ အချစ် ၈၀ ဒုက္ခ ၈၀၊ အချစ် ၇၀ ဒုက္ခ ၇၀၊ အချစ် ၆၀ ဒုက္ခ ၆၀၊ အချစ် ၅၀ ဒုက္ခ ၅၀၊ အချစ် ၄၀ ဒုက္ခ ၄၀၊ အချစ် ၃၀ ဒုက္ခ ၃၀၊ အချစ် ၂၀ ဒုက္ခ ၂၀၊ အချစ် ၁၀ ဒုက္ခ ၁၀၊ အချစ် ၉ ဒုက္ခ ၉၊ အချစ် ၈ ဒုက္ခ ၈၊ အချစ် ၇ ဒုက္ခ ၇၊ အချစ် ၆ ဒုက္ခ ၆၊ အချစ် ၅ ဒုက္ခ ၅၊ အချစ် ၄ ဒုက္ခ ၄၊ အချစ် ၃ ဒုက္ခ ၃၊ အချစ် ၂ ဒုက္ခ ၂၊ အချစ် ၁ ဒုက္ခ ၁၊ အချစ် မရှိ ဒုက္ခ မရှိ။ (ဥဒါနပါဠိ၊ ၂၉၀)

## ဘုရားအဆုံးအမ

မကောင်းတာကို မကောင်းတာလို့ မြင်ကြ၊ မြင်ပြီး အဲဒီမကောင်းတာကို ငြီးငွေ့ကြ။ မတပ်မက်ကြနဲ့၊ လွတ်အောင် လုပ်ကြ။

(တ္ထတိဝုတ်ပါဠိ၊ ၂၁၈)

## ပညာနဲ့ ချမ်းသာ

အရိယာပညာ (ဝိပဿနာပညာနဲ့ မဂ်ပညာ) က ယုတ်လျော့သူတွေဟာ ကောင်းကောင်းကြီး (အလွန်အကဲ) ဆုံးရှုံးသူတွေပဲ။ ဒီဘဝ

http://www.dhammadownload.com



မှာပဲ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ပူပူလောင်လောင် နေကြရတယ်။ သေရင် မကောင်းတဲ့ဘဝကို ရောက်ကြတယ်။

အရိယာပညာက မယုတ်လျော့သူတွေဟာ မယုတ်လျော့သူတွေပဲ။ ဒီဘဝမှာပဲ ချမ်းချမ်းသာသာ မပင်မပန်း မပူမလောင်ဘဲ နေကြရတယ်။ သေရင် ဘဝကောင်းကို ရောက်ကြရတယ်။

(ဣတိဝုတ်ပါဠိ၊ ၂၁၉)

## အစောင့်အရှောက်

မကောင်းမှုမှ ရှက်မှုနဲ့ ကြောက်မှု၊ ဒီအဖြူတရားနှစ်ပါးက သတ္တဝါတွေကို စောင့်ရှောက်တယ်။ ဒီအဖြူတရားနှစ်ပါးသာ သတ္တဝါတွေကို မစောင့်ရှောက်ရင် အမေ၊ အမေ့ညီမ၊ အမေ့အစ်မ၊ ဦးလေးရဲ့မယား၊ ဆရာရဲ့မယား၊ ဘကြီး ဘထွေး၊ အစ်ကိုကြီးစတဲ့ လေးစားရမယ့်လူတွေရဲ့မယားလို့ ရိုသေလေးစားမှု မထင်ရှားရာ။ လူ့စည်းကမ်းကို ကျော်လွန်ပြီး ဖောက်ပြန်ကြလိမ့်မယ်။ ဥပမာ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊ ခွေး၊ မြေခွေးတို့လို ဖြစ်ကြလိမ့်မယ်။

အဲဒီအဖြူတရားနှစ်ပါးက သတ္တဝါတွေကို စောင့်ရှောက်နေလို့ အမေ၊ အမေ့ညီမ၊ အမေ့အစ်မ၊ ဦးလေးရဲ့မယား၊ ဆရာရဲ့မယား၊ ဘကြီး ဘထွေး၊ အစ်ကိုကြီးစတဲ့ လေးစားရမယ့်လူတွေရဲ့မယားလို့ ရိုသေလေးစားမှု ရှိနေကြတယ်။

(ဣတိဝုတ်ပါဠိ၊ ၂၁၉)

## သူယုတ်လက္ခဏာများ

၁။ အမျက်ထွက်တယ်၊ ရန်ငြိုးဖွဲ့တယ်၊ ယုတ်မာပြီး ချေဖျက်တယ်၊ အယူလွဲမှားတယ်၊ ကိုယ့်အပြစ်ကို ဖုံးကွယ်တယ်။

http://www.dhammadownload.com



၂။ သတ္တဝါတွေကို သတ်တယ်၊ သနားစိတ် မရှိ။
၃။ ရွာ၊ နိဂုံး၊ မြို့တွေကို ဖျက်ဆီးတယ်။ စစ်တပ်နဲ့ဝိုင်းတယ်။
၄။ ရွာ၊ နိဂုံး၊ မြို့ တောတွေမှာ သူတစ်ပါးဥစ္စာကို ခိုးယူတယ်။
၅။ ကြွေးယူပြီး ကြွေးရှင်က တောင်းတဲ့အခါ ထွက်ပြေးတယ်။ 'သင့်ကြွေး ငါ့မှာ မရှိ' လို့ ပြောတယ်။
၆။ လမ်းသွားလမ်းလာသူကို သတ်ပြီး ပစ္စည်းဥစ္စာကို ယူတယ်။
၇။ သက်သေအဖြစ် အမေးခံရတဲ့အခါ ကိုယ့်အသက်၊ သူတစ်ပါး အသက်၊ ဥစ္စာကြောင့် လိမ်ပြောတယ်။
၈။ သူတစ်ပါးမယားကို အလိုတူတူ မတူတူ မှောက်မှားကျူးလွန် တယ်။
၉။ မိဘနဲ့ လူအိုတွေကို စွမ်းနိုင်လျက် မလုပ်ကျွေး။
၁၀။ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ယောက္ခမတွေကို ရိုက်ပုတ်တယ်။ ကြမ်းကြမ်းတမ်းတမ်း ပြောတယ်။
၁၁။ အကျိုးကို မေးခံရတဲ့အခါ အကျိုးမဲ့ကို ပြောတယ်။ ဖုံးဖုံးဖိဖိ ခြွင်းချန်ပြောတယ်။
၁၂။ မကောင်းတာကို ပြုလုပ်ပြီး သူတစ်ပါး မသိစေချင်၊ ဖုံးကွယ် တယ်။
၁၃။ သူတစ်ပါးအိမ် သွားကာ ကောင်းတဲ့အစားအစာကို စားပြီး ကိုယ့်အိမ် လာတော့ မပေး မကျွေး၊ ကျွေးပေမယ့် အကြွင်း အကျန် ကျွေးတယ်။
၁၄။ ရဟန်း၊ ပုဏ္ဏားနဲ့ အခြားတောင်းရမ်းသူတွေကို လိမ်ညာပြီး လှည့်စားတယ်။
၁၅။ ရဟန်း၊ ပုဏ္ဏားတွေ စားချိန်မှာ ရောက်လာရင် ကြမ်းကြမ်း တမ်းတမ်း ပြောတယ်၊ တွေ့ခွင့်မပေး။
၁၆။ မောဟနှိပ်စက်ခံရလို့ လိမ်ညာပြီး ယူပြေးလိုတဲ့အတွက် မဟုတ် တာကို ပြောတယ်။

http://www.dhammadownload.com



၁၇။ ကိုယ့်ကိုယ်ကို မြှောက်ပင့်တယ်၊ သူတစ်ပါးကို နှိမ်ချတယ်။ အဲဒီမာနကြောင့် ယုတ်ညံ့တယ်။

၁၈။ ကိုယ်၊ နှုတ်နဲ့ သူတစ်ပါးကို ချုပ်ချယ်တယ်၊ နမြောအားကြီးတယ်။ မရှိတဲ့ဂုဏ်နဲ့ ချီးမွမ်းခံချင်တယ်။ ကောက်ကျစ်တယ်။ အရှက်အကြောက် မရှိ။

၁၉။ ဘုရားနဲ့ ဘုရားတပည့် ရဟန်း ရှင် လူတွေကို မဟုတ်မှန်တာနဲ့ စွပ်စွဲတယ်။

၂၀။ ရဟန္တာမဟုတ်ဘဲ ရဟန္တာလို့ ဝန်ခံတယ်။

(သုတ္တနိပါတပါဠိ၊ ၂၉၈)

## ပျက်စီးကြောင်း

၁။ ကုသလကမ္မပထ ၁၀ ပါးကို မလိုလား၊ မတောင့်တ၊ မနာယူ၊ မကျင့်သုံး။

၂။ မသူတော်တွေကို သဘောကျတယ်၊ သူတော်ကောင်းတွေကို သဘောမကျ၊ မသူတော်တွေရဲ့တရားကို သဘောကျတယ်။

၃။ အအိပ်များတယ်၊ စကားများတယ်၊ ဝီရိယမရှိ၊ ပျင်းတယ်၊ ဒေါသကြီးတယ်။

၄။ မိဘနဲ့ လူအိုတွေကို စွမ်းနိုင်လျက် မလုပ်ကျွေး၊

၅။ ရဟန်း ပုဏ္ဏားနဲ့ အခြားတောင်းရမ်းသူတွေကို လိမ်ညာပြီး လှည့်စားတယ်။

၆။ ဥစ္စာ၊ ရွှေ၊ ငွေ၊ စားစရာတွေ ပေါများပါလျက် ကောင်းတာတွေကို တစ်ယောက်တည်း စားတယ်။

၇။ အမျိုးဇာတ်၊ ဥစ္စာ၊ အနွယ်တွေကြောင့် မာနကြီး၊ ခက်ထန်ပြီး ကိုယ့်ဆွေမျိုးကိုတောင် အထင်သေးတယ်၊ အရိုအသေတောင် မပြု။

http://www.dhammadownload.com



၈။ မိန်းမ၊ အရက်၊ အလောင်းအစား ကြူးတယ်။ ရသမျှဥစ္စာကို ဖျက်ဆီးတယ်။

၉။ ကိုယ့်မယားနဲ့ အားမရဘဲ ပြည့်တန်ဆာမ၊ သူတစ်ပါးမယားတွေနဲ့ ပျော်ပါးတယ်။

၁၀။ အသက် ၈၀၊ ၉၀ ရှိခါမှ မယားငယ်ငယ်လေးကို ယူပြီး မနာလိုရလို့ အိပ်မပျော်။

၁၁။ အစားအသောက် လော်လည်ပြီး အသုံးအဖြုန်းကြမ်းတဲ့သူကို အကြီးအကဲနေရာ ပေးတယ်။

၁၂။ ပစ္စည်းဥစ္စာနည်းပါးပြီး ပစ္စည်းလိုချင်မှု အားကြီးတဲ့ မင်းမျိုးမှာ ဖြစ်သူဟာ မင်းအဖြစ်ကို လိုချင်တယ်။

(သုတ္တနိပါတပါဠိ၊ ၂၉၅)

## နတ်တို့ရဲ့ ဝမ်းမြောက်သံ

၁။ ရှင်ရဟန်းပြုဖို့ ကြိုးစားရင် ရှင်ရဟန်းပြုရင် 'ဒီဘုရားတပည့်ဟာ ကိလေသာမာရ်၊ မာရ်နတ်နဲ့ စစ်ခင်းဖို့ ကြိုးစားနေတယ်' လို့။

၂။ ဗောဓိပက္ခိယတရား ၃၇ ပါးကို ပွားများအားထုတ်နေရင် 'ဒီဘုရားတပည့်ဟာ ကိလေသာမာရ်၊ မာရ်နတ်နဲ့ စစ်ခင်းနေတယ်' လို့။

၃။ ရဟန္တာဖြစ်သွားရင် 'ဒီဘုရားတပည့်ဟာ စစ်အောင်မြင်ပြီး စစ်မြေပြင်ဦးမှာ အောင်ပွဲခံကာ နေနေတယ်' လို့ နတ်ပြည်က နတ်တွေက ဝမ်းမြောက်ဝမ်းသာ အချင်းချင်း ပြောဆိုနေကြတယ်။

(ဣတိဝုတ်ပါဠိ၊ ၂၄၆)

http://www.dhammadownload.com



## အနာနဲ့ဆေး

ကာမရာဂကို ပယ်ရှားဖို့ အသုဘဘာဝနာကို ပွားရမယ်။
ဒေါသကို ပယ်ရှားဖို့ မေတ္တာကမ္မဋ္ဌာန်းကို ပွားရမယ်။
ဝိတက်ကို ဖြတ်တောက်ဖို့ အာနာပါနဿတိကို ပွားရမယ်။
ငါဖြစ်တယ်လို့ ဖြစ်တဲ့မာန်ကို ဖြတ်တောက်ဖို့ အနိစ္စသညာကို ပွားရမယ်။

မှန်တယ်၊ အနိစ္စသညာရှိရင် အနတ္တသညာ တည်ရှိတယ်။

(ဥဒါနပါဠိ၊ ၁၂၀)

## ရဟန်းတွေ စုဝေးမိရင်

စုဝေးမိတဲ့ ရဟန်းတွေဟာ သစ္စာလေးပါးနဲ့မကင်းတဲ့ စကားကို ဖြစ်စေ ပြောရပါတယ်။

တစ်နည်း၊ စကား ၁၀ မျိုး (အလိုနည်းမှု၊ ရောင့်ရဲမှု၊ ကင်းဆိတ်မှု၊ မရောနှောမှု၊ ကြိုးစားမှု၊ သီလ၊ သမာဓိ၊ ပညာ၊ ဖိုလ် နိဗ္ဗာန်၊ ပစ္စဝေက္ခဏာဉာဏ်တို့နဲ့ ပတ်သက်တဲ့စကား) ကို ဖြစ်စေ ပြောရပါတယ်။ စင်ကြယ်မြင့်မြတ်တဲ့ ဆိတ်ဆိတ်နေမှု (သမထ၊ ဝိပဿနာ ပွားများမှု) ကို ဖြစ်စေ ပြုလုပ်ရပါတယ်။

(ဥဒါနပါဠိ၊ ၈၉)

## အဆင့်မြင့်ချမ်းသာ

ကာမချမ်းသာ၊ ဈာန်ချမ်းသာတွေဟာ အရဟတ္တဖိုလ်ချမ်းသာရဲ့ ၁၆ စိတ်ကို ၁၆ ပြန် စိတ်ထားတဲ့ တစ်စိတ်သော အဖို့ကိုတောင် မမီပါ။

(ဥဒါနပါဠိ၊ ၈၉)

http://www.dhammadownload.com



## ချမ်းသာချင်ရင်

ချမ်းသာကို လိုလားတဲ့ သတ္တဝါတွေကို တုတ်၊ လက်နက်စသည်နဲ့ ဒုက္ခပေးရင် အဲဒီလူဟာ ချမ်းသာကို ရှာမှီးပေမယ့် နောင်ဘဝမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို မရ။

ချမ်းသာကို လိုလားတဲ့ သတ္တဝါတွေကို တုတ်၊ လက်နက်စသည်နဲ့ ဒုက္ခမပေးရင် ချမ်းသာကို ရှာမှီးတဲ့ အဲဒီလူဟာ နောင်ဘဝမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရတယ်။

(ဥဒါနပါဠိ၊ ၈၉)

## ရန်ကင်းသူ

သတ္တဝါတွေကို ကိုယ်တိုင်လည်း မညှဉ်းဆဲ၊ မနှိပ်စက်၊ သူတစ်ပါးတွေကိုလည်း ညှဉ်းဆဲ၊ နှိပ်စက်ဖို့ မတိုက်တွန်း၊ ကိုယ်တိုင်လည်း မကောင်းတဲ့စကား၊ မကောင်းတဲ့နည်းတွေနဲ့ သူတစ်ပါးကို အနိုင်မယူ၊ သူတစ်ပါးကိုလည်း အနိုင်ယူဖို့ မတိုက်တွန်း၊ အဲဒီသူမှာ အကုသိုလ်ရန်, ပုဂ္ဂိုလ်ရန် မရှိ။

(ဣတိဝုတ်ပါဠိ၊ ၂၀၉)

## လှူပြီးမှသာ စားမယ်

ဒါနရဲ့အကျိုးကို ငါဘုရား သိသလို သတ္တဝါတွေ သိကြမယ်ဆိုရင် ကိုယ့်မှာရှိတဲ့ စားစရာတွေကို သူတစ်ပါးတွေအား မပေးဘဲ စားကြလိမ့်မယ်မဟုတ်၊ ပေးပြီးမှသာ စားကြလိမ့်မယ်။ နှမြောစိတ်က အနိုင်ရမှာမဟုတ်၊ ကိုယ်စားလောက်ရုံရှိတဲ့ ထမင်းလုတ်တွေထဲက တစ်လုတ်စာကိုသာ ကိုယ့်အတွက်ထားပြီး ကျန်ထမင်းလုတ်အားလုံးတွေကို လှူပစ်မယ်။ အလှူခံပုဂ္ဂိုလ်တွေ ရှိနေသေးမယ်ဆိုရင် အဲဒီနောက်ဆုံး

http://www.dhammadownload.com



ချန်ထားတဲ့ ထမင်းတစ်လုတ်ထဲကတောင် ခွဲဝေမလှူဘဲ မစား။ တစ်စိတ်တစ်ဒေသကို ခွဲဝေလှူပြီးမှသာ စားတယ်။

ဒါနရဲ့အကျိုးကို ငါဘုရား သိသလို သတ္တဝါတွေ မသိကြလို့ မလှူဘဲ စားနေကြတယ်။ နှမြောစိတ်က သူတို့ကို အနိုင်ယူနေတယ်။

**(ဣတိဝုတ်ပါဠိ၊ ၂၀၇)**

## အညာသမားနဲ့ မကောင်းမှု

စကားမှန်ကို ဘေးချိတ်ထားတဲ့ အလိမ်အညာသမားမှာ မလုပ်နိုင်တဲ့ မကောင်းမှု တစ်ခုမှ မရှိလို့ ငါဘုရား ဟောတော်မူတယ်။

**(ဣတိဝုတ်ပါဠိ၊ ၂၀၇)**

## ဝေပုလ္လတောင်လောက် အရိုးပုံ

တစ်ကမ္ဘာပတ်လုံး တစ်ဘဝပြီးတစ်ဘဝ ပြေးသွားကျင်လည်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အရိုးအစုအပုံကို စုပုံထားမယ်ဆိုရင် အဲဒီအရိုးအစုအပုံကလည်း မပျောက်ပျက်ရင် (မပုပ်မဆွေး၊ အမှုန့်အမှုန့်မဖြစ်ရင်) ဝေပုလ္လတောင်လို ဖြစ်သွားမယ်။ အမြင့် (အရပ်အမောင်း) နဲ့ အကျယ်အဝန်း (အလုံးအထည်) ဟာ ဝေပုလ္လတောင်လိုပဲ ရှိလိမ့်မယ်။

**(ဣတိဝုတ်ပါဠိ၊ ၂၀၆)**

## ပညာရှိ

ကုသိုလ်တရားတွေမှာ မမေ့မလျော့တဲ့ သတိကို ပွားများရင် ကြိမ်ဖန်များစွာ ပြုလုပ်ရင် အခုဘဝမှာရော နောင်ဘဝမှာပါ အကျိုးရတယ်။

http://www.dhammadownload.com



ကုသိုလ်တရားတွေမှာ မမေ့မလျော့တာကို ပညာရှိတွေ ချီးမွမ်းကြတယ်။ မမေ့မလျော့တဲ့ ပညာရှိဟာ အခုဘဝအကျိုးနဲ့ နောင်ဘဝအကျိုး ၂ မျိုးကို ရတယ်။ အဲဒီအကျိုး ၂ မျိုးကို ရလို့ 'ပညာရှိ' လို့ ဆိုရတယ်။

(ဣတိဝုတ်ပါဠိ၊ ၂၀၆)

## သီလမရှိသူရဲ့ အပြစ် ၅ ပါး

၁။ မေ့လျော့လို့ စည်းစိမ်ဥစ္စာ အကြီးအကျယ် ပျက်စီးတယ်။
၂။ မကောင်းသတင်း ပျံ့နှံ့တယ်။
၃။ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်းပရိသတ်တွေကို ချဉ်းကပ်တဲ့အခါ မရဲမဝံ့ မျက်နှာမသာမယာ ချဉ်းကပ်ရတယ်။
၄။ တွေတွေဝေဝေ သေရတယ်။
၅။ သေရင် အပါယ်ရောက်တယ်။

သီလရှိရင် ပြောင်းပြန်ကောင်းကျိုး ၅ မျိုး ရတယ်။

(ဥဒါနပါဠိ၊ ၁၈၄)

## ဟန်ဆောင်ပြီး

သာယာဖွယ်မဟုတ်တာက သာယာဖွယ်ဟန်ဆောင်ပြီး၊ ချစ်ဖွယ်မဟုတ်တာက ချစ်ဖွယ်ဟန်ဆောင်ပြီး၊ ဆင်းရဲက ချမ်းသာဟန်ဆောင်ပြီး မေ့လျော့သူကို လွှမ်းမိုးတယ်။

(ဥဒါနပါဠိ၊ ၉၇)

## အစိုးတရရှိမှု

သူတစ်ပါးနဲ့ ဆက်စပ်နေရတာဟာ ကိုယ့်အလိုအတိုင်း မပြီး

http://www.dhammadownload.com



နိုင်လို့ ဆင်းရဲဆီကို ဆောင်ပို့တယ်။ အစိုးတရရှိတာမှန်သမျှ စိတ်ချမ်းသာရတယ်။ သူတစ်ပါးတွေနဲ့ ဆက်စပ်နေရရင် သတ္တဝါတွေမှာ ဆင်းရဲပင်ပန်းကြတယ်။

(ဥဒါနပါဠိ၊ ၉၈)

## အာမခံ

'အရှင်မောဂ္ဂလာန်ဘုရား၊ အရှင်ဘုရားက တပည့်တော်ရဲ့ စည်းစိမ်ဥစ္စာ၊ အသက်၊ သဒ္ဓါ ဒီသုံးမျိုး မပျက်စီးဖို့ အာမခံရင် သုပ္ပဝါသာဟာ တပည့်တော်အရင် ၇ ရက် ဆွမ်းကပ်လှူပါစေ၊ တပည့်တော်က နောက်မှ ဆက်ကပ်လှူဒါန်းပါမယ်'

'ဥပါသကာ၊ သင့်ရဲ့စည်းစိမ်ဥစ္စာနဲ့ အသက်ကိုတော့ ၇ ရက် မပျက်စီးဖို့ ငါအာမခံတယ်၊ သဒ္ဓါတရားကိုတော့ သင့်စိတ်နဲ့ ဆက်စပ်တာမို့ သင်ကပဲ အာမခံရမယ်' (ဥဒါနပါဠိ၊ ၉၆)

## သုပ္ပဝါသာရဲ့ အတွေး ၃ ခု

၁။ ဒီလိုဆင်းရဲကို ပယ်ရှားဖို့ တရားဟောတော်မူတဲ့ ဘုရားရှင်ဟာ သိစရာမှန်သမျှကို အမှန်အတိုင်း ဆရာမရှိဘဲ သိပါပေတယ်။

၂။ ဒီလိုဆင်းရဲကို ပယ်ရှားဖို့ ကျင့်တဲ့ အရိယာသံဃာဟာ ကောင်းကောင်း ကျင့်ပါပေတယ်။

၃။ ဒီလိုဆင်းရဲ မရှိရာနိဗ္ဗာန်ဟာ အလွန်ချမ်းသာပါပေတယ်။

ကောလိယမင်းသမီးဖြစ်တဲ့ သုပ္ပဝါသာဟာ ၇ နှစ် ကိုယ်ဝန်ဆောင်ရတယ်။ ၇ ရက်တိုင်တိုင် မွေးဖွားရတဲ့ ဒုက္ခကို ခံစားရတယ်။ မမွေးဖွားနိုင်လို့ ဖြစ်တဲ့ ဆင်းရဲအပြင်းစားကို ခံစားရတဲ့အခါ အဲဒီအတွေး ၃ ခုနဲ့ သည်းခံခဲ့တယ်။ (ဥဒါနပါဠိ၊ ၉၃)

http://www.dhammadownload.com



## ဘုရားလောင်း မယ်တော်တွေ

ဘုရားလောင်းတွေရဲ့ မယ်တော်တွေဟာ အသက်တိုကြတယ်။ ဘုရားလောင်းတွေကို မွေးဖွားပြီး ၇ ရက်မြောက်နေ့မှာ သေကြတယ်။ တုသိတာနတ်ပြည်ကို ရောက်ကြတယ်။

(ဥဒါနပါဠိ၊ ၁၃၄)

## ရှောင်ရှားရတယ်

မျက်စိမြင်သူဟာ ခန္ဓာကိုယ်ကို ဆောင်နေတဲ့အခါ ချောက်စတဲ့ နေရာတွေ၊ ဆင်၊ မြင်း၊ မြွေ၊ ခွေးစသည်ရှိတဲ့ နေရာတွေကို ရှောင်ရှား ရသလို ဒီသတ္တလောကမှာ မိမိရဲ့အကျိုးစီးပွားကို သိနားလည်တဲ့ ပညာ ရှိဟာ မကောင်းမှု ဒုစရိုက်တွေကို ရှောင်ရှားရပါတယ်။

(ဥဒါနပါဠိ၊ ၁၃၇)

## မလွတ်နိုင်

ဒုက္ခကို ကြောက်ရင်၊ ဒုက္ခကို မုန်းရင် မကောင်းမှုကို မျက် မှောက်မှာရော မျက်ကွယ်မှာပါ မလုပ်ပါနဲ့။

မကောင်းမှုကို ယခုပြုရင်၊ နောင်ပြုမယ်ဆိုရင် သင်ဟာ ဒုက္ခမှ မလွတ်နိုင်၊ ထွက်ပြေးစေဦးတော့ မလွတ်နိုင်။

(ဥဒါနပါဠိ၊ ၁၃၇)

## အမျှဝေပါ

ပညာရှိဟာ ကိုယ်နေတဲ့နေရာမှာ သီလရှိတဲ့၊ ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်ထိန်းတဲ့ အကျင့်မြတ် ကျင့်သူတွေကို ဆွမ်းကျွေးပြီး

http://www.dhammadownload.com



အဲဒီအိမ်မှာနေတဲ့ အိမ်စောင့်နတ်တွေအား ကုသိုလ်ဝေစုကို မျှဝေပေးပါ။

ပူဇော်ခံရတဲ့ နတ်တွေက အမျှဝေသူကို ကောင်းကောင်း စောင့်ရှောက်ကြလိမ့်မယ်။ ဘေးရန်တွေကို ဖယ်ရှားပေးကြလိမ့်မယ်။

မိခင်က သူ့ရင်မှာ ဖြစ်တဲ့သားကို စောင့်ရှောက်သလို အမျှဝေသူကို စောင့်ရှောက်ကြလိမ့်မယ်။ နတ်အစောင့်အရှောက်ခံရသူဟာ အမြဲတမ်း ကောင်းတာတွေကို မြင်တွေ့ရတယ်။

(ဥဒါနပါဠိ၊ ၁၈၇)

## မီး ၃ မီး

ရာဂမီးက ကာမဂုဏ်အာရုံတွေအပေါ် တပ်မက်တွေဝေသူတွေကို လောင်မြိုက်တယ်။

ဒေါသမီးက စိတ်ဆိုးသူ၊ သူ့အသက်သတ်သူတွေကို လောင်မြိုက်တယ်။

မောဟမီးက အရိယာတို့ရဲ့တရား (ခန္ဓာ၊ အာယတနစသည်တို့)မှာ မကျွမ်းကျင်သူတွေကို လောင်မြိုက်တယ်။

လောဘမီးကို အသုဘဘာဝနာနဲ့ ငြိမ်းရတယ်။

ဒေါသမီးကို မေတ္တာဘာဝနာနဲ့ ငြိမ်းရတယ်။

မောဟမီးကို ဝိပဿနာပညာ၊ မဂ်ပညာနဲ့ ငြိမ်းရတယ်။

(ဣတိဝုတ်ပါဠိ၊ ၂၅၇)

## ဘုရားနဲ့ဝေးသူ နီးသူ

ဘုရားရှင်ရဲ့ သင်္ကန်းအစွန်းကို ကိုင်ကာ ဘုရားရှင်နောက်က ခြေရာချင်းထပ်ပြီး တကောက်ကောက် လိုက်နေစေဦးတော့၊ သူတစ်ပါး

http://www.dhammadownload.com



ပစ္စည်းကို အပိုင်စီးလိုမှု၊ ကာမအာရုံတွေကို ပြင်းပြင်းထန်ထန် တပ်မက်မှု၊ စိတ်ဆိုးမှု၊ စိတ်ပျက်မှု၊ သတိ သမာဓိ ပညာ ကင်းမဲ့မှု၊ စိတ်ပျံ့လွင့်မှု၊ ဣန္ဒြေမစောင့်မှုတွေ ရှိနေရင် သူဟာ ဘုရားရှင်နဲ့ ဝေးနေတယ်။ ဘုရားရှင်ကလည်း သူနဲ့ ဝေးနေတယ်။ အကြောင်းကတော့ သူဟာ တရားကို မမြင်၊ တရားကို မမြင်သူဟာ ဘုရားရှင်ကို မမြင်လို့ပါပဲ။

ဘုရားရှင်နဲ့ ယူဇနာတစ်ရာ ဝေးကွာတဲ့အရပ်မှာ နေပါစေ၊ အထက်ပါ မကောင်းတဲ့စိတ်ထားတွေရဲ့ ပြောင်းပြန် ကောင်းတဲ့စိတ်ထားတွေ ရှိနေရင်တော့ သူဟာ ဘုရားရှင်နဲ့ နီးတယ်။ ဘုရားရှင်ကလည်း သူနဲ့ နီးတယ်။ အကြောင်းက သူဟာ တရားကို မြင်တယ်၊ တရားကို မြင်သူဟာ ဘုရားရှင်ကို မြင်လို့ပါပဲ။

(ဣတိဝုတ်ပါဠိ၊ ၂၅၆)

## ကျေးဇူးများတယ်

ရဟန်းတွေဟာ သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်၊ အဲဒီဖိုလ်ကို ဆင်ခြင်တဲ့ဉာဏ်နဲ့ ပြည့်စုံတယ်။ သူတစ်ပါးတွေကို ဆုံးမသွန်သင်တယ်။ ကံနဲ့ ကံရဲ့အကျိုးကို သိစေတယ်။ မြင်အောင် ပြတယ်။ သီလစသည်မှာ တည်စေတယ်၊ ထက်သန်ရွှင်လန်းစေတယ်။ သူတော်ကောင်းတရားကို ချီးမြှောက်ပြောဆိုတတ်တယ်။

အဲဒီလို ရဟန်းတွေကို ဖူးမြင်ရတာ၊ သူတို့တရားကို နာကြားရတာ၊ သူတို့ထံ ချဉ်းကပ်ရတာ၊ ပြဿနာမေးရတာ၊ အောက်မေ့ရတာ၊ အတုလိုက်ပြီး ရဟန်းပြုရတာတွေဟာ ကျေးဇူးများတယ်လို့ ငါဘုရား ဟောတယ်။ အကြောင်းကတော့ အဲဒီလို မှီဝဲ၊ ဆည်းကပ်၊ ပြဿနာမေးကာ အတုလိုက်ကျင့်ရင် မပြည့်စုံသေးတဲ့ သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်၊ ဆင်ခြင်ဉာဏ်တွေ ပြည့်စုံလာမှာမို့ပါပဲ။

(ဣတိဝုတ်ပါဠိ၊ ၂၆၇)

http://www.dhammadownload.com



## အချင်းချင်း မှီကာ

ရဟန်းတွေအား ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ကြတဲ့ ဒကာ ဒကာမတွေဟာ ကျေးဇူးများကြတယ်။ သူတို့အား အစ၊ အလယ်၊ အဆုံး ကောင်းတဲ့ အနက် သဒ္ဒါနဲ့ပြည့်စုံတဲ့ တရားကို ဟောကြရမယ်၊ အကျင့်မြတ်ကို ထင်ရှားပြကြရမယ်။ ဆရာ ဒကာ အချင်းချင်းကို အမှီပြုပြီး နိဗ္ဗာန်ရအောင် အကျင့်မြတ်ကို ကျင့်သုံးရတယ်။

(ဣတိဝုတ်ပါဠိ၊ ၂၆၉)

## ထင်းတုံးလိုရဟန်း

အို၊ နာ၊ သေ၊ ဝမ်းနည်း၊ ငိုကြွေး၊ ကိုယ်စိတ်ဆင်းရဲ၊ ပူပန်မှုတွေ နှိပ်စက်ခံရလို့၊ ဒုက္ခရောက်လို့၊ ဒုက္ခဆုံးရာနိဗ္ဗာန်ကို ရလိုတဲ့အတွက် ရှင်ရဟန်းဝတ်လာသူဟာ သူတစ်ပါးပစ္စည်း အပိုင်စီးလိုမှု၊ ကာမဂုဏ် အာရုံတွေအပေါ် ပြင်းထန်တဲ့တပ်မက်မှု၊ စိတ်ဆိုး စိတ်ပျက်မှု၊ သတိ၊ ပညာ၊ သမာဓိကင်းမဲ့မှု၊ ပျံ့လွင့်မှု၊ ဣန္ဒြေမစောင့်စည်းမှုတွေ ရှိနေရင် လူ့စည်းစိမ်နဲ့ ရဟန်းအဖြစ်ရဲ့အကျိုးမှ ဆုံးရှုံးသူ ဖြစ်တယ်။ ဥပမာ အရင်းဘက်၊ အဖျားဘက်တွေမှာ မီးလောင်ထားပြီး အလယ်ပိုင်းမှာ ကျင်ကြီးလူးပေနေတဲ့ လူသေတွေကို မီးရှို့ရာ နေရာက ထင်းချောင်းလေး ဟာ ရွာမှာရော တောမှာပါ ထင်းအဖြစ် အသုံးမဝင်သလိုပါပဲ။

(ဣတိဝုတ်ပါဠိ၊ ၂၅၅)

## ငါဘုရား ကိုယ်တိုင် မြင်လို့

အကောင်းစားပစ္စည်းများကို ရမှု၊ မရမှု၊ ရမှု မရမှုတို့ လွှမ်းမိုး နှိပ်စက်ခံရလို့ အပါယ်ရောက်ကြတဲ့ သတ္တဝါတွေကို ငါဘုရား မြင်

http://www.dhammadownload.com



တယ်။ ဒီစကားကို အခြားသမဏ၊ ဗြာဟ္မဏတွေထံက ကြားရလို့ ပြောတာမဟုတ်၊ ငါဘုရားကိုယ်တိုင် မြင်သိပြီး ပြောတာဖြစ်တယ်။
(ဣတိဝုတ်ပါဠိ၊ ၂၄၅)

## သီလစောင့်ပါ

ချီးမွမ်းမှု၊ ဥစ္စာရမှု၊ နောက်ဘဝ နတ်ပြည်မှာ ဝမ်းမြောက်ရမှု၊ ဒီချမ်းသာသုံးမျိုးကို လိုလားရင် သီလကို စောင့်ရှောက်ပါ။

## နာမည်ပျက်တယ်

မကောင်းမှုကို ကိုယ်တိုင် မလုပ်ပေမယ့် လုပ်သူနဲ့ ပေါင်းရင် မကောင်းမှုမှာ သံသယရှိခံရတယ်။ မဟုတ်ပေမယ့် မကောင်းသတင်း ပျံ့နှံ့တယ်။

## အပေါင်းအသင်း

ကိုယ်မိတ်ဆွေဖွဲ့သူ၊ ပေါင်းသင်းသူလို ကိုယ်ပါ တကယ်ဖြစ်သွားတယ်။ မှန်တယ်၊ အတူနေတာဟာ အဲဒီလိုဓာတ်ကူးတဲ့သဘော ရှိတယ်။

အဆိပ်လူးထားတဲ့ မြားဟာ အဆိပ်မလူးသေးတဲ့ မြားတွေနဲ့ စုပေါင်းထားလိုက်ရင် မလူးသေးတဲ့ မြားတွေကိုလည်း လူးစေတယ်။ လူကောင်းဟာ လူမကောင်းနဲ့ ပေါင်းရင် ကိုယ်ပါ မကောင်း ဖြစ်တတ်တယ်။ ဒါကြောင့် မကောင်းမှု လူးပေခံရမှာ ကြောက်တဲ့ ပညာရှိဟာ မကောင်းသူနဲ့ မပေါင်းရ။

ငါးပုပ်ကို သမန်းမြက်ဖျားနဲ့ ထုပ်ရင် သမန်းမြက်တွေလည်း

http://www.dhammadownload.com



အပုပ်နံ့ နံသွားတယ်။ လူဟာလည်း လူမကောင်းနဲ့ပေါင်းရင် လူမကောင်း ဖြစ်သွားတယ်။

တောင်ဇလပ်ပန်းကို ဖက်ရွက်နဲ့ ထုပ်ရင် ဖက်ရွက်ဟာလည်း အမွှေးနံ့ မွှေးသွားတယ်။ လူဟာလည်း လူကောင်းနဲ့ ပေါင်းရင် လူကောင်း ဖြစ်သွားတယ်။

ဒါကြောင့် ပညာရှိဟာ ချမ်းသာ၊ ဆင်းရဲပေးတတ်ပုံကို သိပြီး မသူတော်တွေကို မပေါင်းသင်းရ၊ သူတော်ကောင်းတွေကို ပေါင်းသင်းရတယ်။ မသူတော်တွေက ငရဲကို ပို့တတ်ကြတယ်။ သူတော်ကောင်းတွေက ဘဝကောင်းကို ပို့တတ်ကြတယ်။

(ဇာတကပါဠိ၊ ၂၄၁)

## သားသမီး ၃ မျိုး

၁။ မိဘထက် ဂုဏ်အားဖြင့် သာလွန်တဲ့ သား သမီး၊
၂။ မိဘနဲ့ ဂုဏ်အားဖြင့် တန်းတူတဲ့ သား သမီး၊
၃။ မိဘအောက် ဂုဏ်အားဖြင့် နိမ့်ကျတဲ့ သား သမီး၊

၁။ မိဘက ရတနာသုံးပါးကို မဆည်းကပ်၊ ငါးပါးသီလ မလုံခြုံ၊ ပညာမရှိ၊ သားသမီးကတော့ ရတနာသုံးပါးကို ဆည်းကပ်တယ်၊ ငါးပါးသီလ လုံခြုံတယ်၊ ပညာရှိတယ်။
၂။ မိဘရော သားသမီးပါ ရတနာသုံးပါးကို ဆည်းကပ်တယ်၊ ငါးပါးသီလ လုံခြုံတယ်၊ ပညာရှိတယ်။
၃။ မိဘကတော့ ရတနာသုံးပါးကို ဆည်းကပ်တယ်၊ ငါးပါးသီလ လုံခြုံတယ်၊ ပညာရှိတယ်။ သားသမီးကတော့ ရတနာသုံးပါးကို မဆည်းကပ်၊ ငါးပါးသီလ မလုံခြုံ၊ ပညာမရှိ။ ပညာရှိမိဘတွေက နံပါတ် ၁ နဲ့ ၂ သားသမီးကို အလိုရှိ

http://www.dhammadownload.com



ကြတယ်။ အမျိုးဖျက် နံပါတ် ၃ သားသမီးကိုတော့ အလိုမရှိကြ။ (ဣတိဝုတ်ပါဠိ၊ ၂၃၈)

## မိုး ၃ မျိုးနဲ့ တူသူ ၃ ဦး

၁။ ရဟန်း၊ ပုဏ္ဏား၊ ဆင်းရဲသား၊ ခရီးသွား၊ တောင်းရမ်းသူအားလုံးတို့အား ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာလိမ်းကျံခြယ်လှယ်စရာ ပစ္စည်း၊ အိပ်ရာ၊ နေရာ၊ ဆီမီး ဒီလှူဖွယ်တွေကို မလှူ၊ ဒီပုဂ္ဂိုလ်ဟာ ဘယ်အရပ်မှာမှ မရွာတဲ့ မိုးနဲ့တူတယ်။

၂။ အဲဒီအလှူခံပုဂ္ဂိုလ်တွေထဲက တချို့အား လှူတယ်၊ တချို့အား မလှူ၊ ဒီပုဂ္ဂိုလ်ဟာ ကွက်ကျားရွာတဲ့ မိုးနဲ့ တူတယ်။

၃။ အလှူခံပုဂ္ဂိုလ်အားလုံးအား လှူတယ်၊ ဒီပုဂ္ဂိုလ်ဟာ နေရာတကာမှာ ရွာတဲ့မိုးနဲ့ တူတယ်။

(ဣတိဝုတ်ပါဠိ၊ ၂၄၀)

## သမုဒ္ဒရာရဲ့ အံ့ဖွယ် ၈ ပါး

၁။ အစဉ်အတိုင်း နက်ရှိုင်းသွားတယ်၊ စစချင်းနေရာကပဲ နက်ရှိုင်းမသွား။

၂။ ကမ်းကို ကျော်လွန်မသွား။

၃။ သူသေကောင်နဲ့ မရော၊ ရှိရင် ကမ်းပေါ် တင်တယ်။

၄။ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဆိုတဲ့ မြစ်ကြီးငါးသွယ်ဟာ သမုဒ္ဒရာကို ရောက်တဲ့အခါ ရှေးနာမည်တွေ ပျောက်ပြီး မဟာသမုဒ္ဒရာနာမည်ပဲ ရောက်လာတယ်။

http://www.dhammadownload.com



၅။ မြစ်ကြီး၊ မြစ်ငယ်တွေနဲ့ ကောင်းကင်က ကျတဲ့ ရေတွေကြောင့် သမုဒ္ဒရာဟာ လျော့လည်းမသွား၊ ပြည့်လျှံလည်း မလာ။

၆။ အငန်အရသာတစ်ခုပဲ ရှိတယ်။

၇။ ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲ၊ ခရုသင်း၊ ကျောက်၊ သန္တာ၊ ငွေ၊ ရွှေ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်ဆိုတဲ့ ရတနာမျိုးစုံ ရှိတယ်။

၈။ သတ္တဝါကြီးတွေရဲ့နေရာ ဖြစ်တယ်။ တိမိ၊ တိမိတိမိင်္ဂလဆိုတဲ့ ငါးကြီး ၃ မျိုး၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗတွေ ရှိတယ်။ ခန္ဓာကိုယ်ဟာ ယူဇနာ ၁၀၀၊ ၂၀၀၊ ၃၀၀၊ ၄၀၀၊ ၅၀၀ ရှိတယ်။

ဒီအံ့ဩဖွယ်တွေကို မြင်မြင်ပြီး အသုရာတွေဟာ သမုဒ္ဒရာမှာ ပျော်ကြတယ်။

(ဥဒါနပါဠိ၊ ၁၃၉)

## သာသနာတော်ရဲ့ အံ့ဖွယ် ၈ ပါး

၁။ အစဉ်အတိုင်း ကျင့်စဉ်တွေ ရှိတယ်၊

၂။ တပည့်တွေဟာ ဘုရားထုတ်ထားတဲ့ ဥပဒေကို အသက်သာ အသေခံမယ်၊ မချိုးဖောက်၊

၃။ သီလမရှိသူ၊ မသူတော်နဲ့အတူ သံဃာက မနေ၊ မသူတော်ကို အမြန်ဆုံးပဲ စည်းဝေးစေပြီး နှင်ထုတ်တယ်။ သူဟာ သံဃာ့အလယ်မှာ ထိုင်နေပေမယ့် သူဟာ သံဃာနဲ့ဝေးတယ်။ သံဃာကလည်း သူနဲ့ ဝေးတယ်။

၄။ မင်း၊ ပုဏ္ဏား၊ ကုန်သည် လယ်သမား၊ ဆင်းရဲသားတွေဟာ ရဟန်းဘောင် ရောက်တဲ့အခါ ရှေးအမည်တွေ ပျောက်ပြီး ဘုရားသားတော်ရဟန်းဆိုတဲ့အမည်ပဲ ရောက်လာတယ်။

၅။ ရဟန်းတွေ အများကြီး အနုပါဒိသေသ (ခန္ဓာကိုယ် အကြွင်း

http://www.dhammadownload.com



အကျန်မရှိတဲ့) နိဗ္ဗာန်နဲ့ ပရိနိဗ္ဗာန်ပြုကြပေမယ့် နိဗ္ဗာန်မှာ လျော့သွားတာ၊ ပိုလျှံလာတာ မရှိ။

၆။ ကိလေသာတွေမှ လွတ်မြောက်ခြင်း အရသာတစ်ခုပဲ ရှိတယ်။

၇။ ဗောဓိပက္ခိယတရား ၃၇ ပါး ဆိုတဲ့ ရတနာမျိုးစုံ ရှိတယ်။

၈။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာနဲ့ အဲဒီပုဂ္ဂိုလ်တွေ ဖြစ်လာအောင် ကျင့်သူတွေ ရှိတယ်။

ဒီအံ့ဖွယ်တွေကို မြင်မြင်ပြီး ရဟန်းတွေဟာ သာသနာမှာ ပျော်ကြတယ်။

(ဥဒါနပါဠိ၊ ၁၄၁)

## လူအကြောင်း ပေါင်းကြည့်မှ သိ

၁။ လူတစ်ယောက်ရဲ့သီလကို အတူတူ နေကြည့်မှ သိနိုင်တယ်။

၂။ လူတစ်ယောက်ရဲ့ စင်ကြယ်မှုကို စကားပြောကြည့်မှ သိနိုင်တယ်။

၃။ လူတစ်ယောက်ရဲ့ ဉာဏ်အစွမ်းအစကို ဘေးရန်ရောက်မှ သိနိုင်တယ်။

၄။ လူတစ်ယောက်ရဲ့ပညာကို ဆွေးနွေးကြည့်မှ သိနိုင်တယ်။

ဒါကလည်း အချိန်တိုတိုနဲ့ မသိနိုင်၊ အချိန်ကြာရှည်မှ သိနိုင်တယ်။ နှလုံးသွင်းမှု မရှိက မသိနိုင်၊ နှလုံးသွင်းမှု ရှိမှလည်း သိနိုင်တယ်။ ပညာမရှိက မသိနိုင်၊ ပညာရှိမှလည်း သိနိုင်တယ်။

(ဥဒါနပါဠိ၊ ၂၀၉)

## မျက်မမြင်ပုဂ္ဂိုလ်တွေလိုပဲ

ရှေးအခါက သာဝတ္ထိမြို့မှာပဲ မင်းတစ်ပါး ရှိခဲ့တယ်။ အဲဒီမင်း

http://www.dhammadownload.com



က ယောကျ်ားတစ်ယောက်ကို 'အမောင် လာလော၊ သာဝတ္ထိမြို့ထဲက မွေးရာပါ မျက်စိအကန်းမှန်သမျှ တစ်ပေါင်းတည်း စုဝေးစေလော' လို့ ပြောလို့ အဲဒီယောကျ်ားက စုဝေးပေးတယ်။ အဲဒီအခါ အကန်းတွေအား ဆင်ကို အပြခိုင်းတယ်။ ၉ အုပ်စု ခွဲပြတယ်။

၁။ တချို့အကန်းတွေအား ဆင်ရဲ့ဦးခေါင်းကို ပြတယ်။ 'ဆင်ဆိုတာ ဒီလိုပဲ' လို့။

၂။ တချို့အကန်းတွေအား ဆင်ရဲ့နားရွက်ကို ပြတယ်။

၃။ တချို့အကန်းတွေအား ဆင်ရဲ့အစွယ်ကို ပြတယ်။

၄။ တချို့အကန်းတွေအား ဆင်ရဲ့နှာမောင်းကို ပြတယ်။

၅။ တချို့အကန်းတွေအား ဆင်ရဲ့ကိုယ်ကို ပြတယ်။

၆။ တချို့အကန်းတွေအား ဆင်ရဲ့ခြေကို ပြတယ်။

၇။ တချို့အကန်းတွေအား ဆင်ရဲ့ပေါင် (သို့မဟုတ်) ကျောကုန်းကို ပြတယ်။

၈။ တချို့အကန်းတွေအား မြီးထူးကိုပြတယ်။

၉။ တချို့အကန်းတွေအား မြီးဆံဖျားကို ပြတယ်။ 'ဆင်ဆိုတာ ဒီလိုပဲ' လို့။

ပြပြီးတဲ့အခါ မင်းက အကန်းတွေထံ သွားပြီး အကန်းတွေကို 'ဆင်ကို မြင်ပြီးပြီလား' လို့ မေးတယ်။ အကန်းတွေက 'မြင်ပြီးပါပြီ' လို့ပြောကြတယ်။ 'ဆင်ဆိုတာ ဘယ်လိုလဲ' လို့ ပြောကြစမ်းလို့ မင်းက မေးတယ်။

၁။ အုပ်စုက အိုးလိုပဲလို့ ပြောကြတယ်။

၂။ အုပ်စုက စကောလိုပဲ လို့၊

၃။ အုပ်စုက တံသင်းငြောင့်လိုပဲ လို့၊

၄။ အုပ်စုက ထွန်သန်လိုပဲ လို့၊

http://www.dhammadownload.com



၅။ အုပ်စုက ကျီလိုပဲ လို့၊
၆။ အုပ်စုက တိုင်လိုပဲ လို့၊
၇။ အုပ်စုက ဆုံလိုပဲ လို့၊
၈။ အုပ်စုက ကျည်ပွေ့လိုပဲ လို့၊
၉။ အုပ်စုက တံမြက်စည်းလိုပဲ လို့ ပြောကြတယ်။

သူတို့က 'ဆင်ဆိုတာ ဒီလိုပဲ၊ ဒီလိုမဟုတ်၊ ဆင်ဆိုတာ ဒီလိုပဲ၊ ဒီလိုမဟုတ်ဘူး' လို့ ပြောပြီး အချင်းချင်း လက်သီးနဲ့ ထိုးကြတယ်။ ပျော်ရွှင်တတ်တဲ့ အဲဒီမင်းက သဘောကျနေတယ်။

အဲဒီအကန်းတွေလိုပါပဲ၊ သာသနာပအယူရှိတဲ့ ပရိဗိုဇ်တွေဟာ ပညာမျက်စိကန်းကြတယ်။ အကျိုးနဲ့ အကျိုးမဲ့ကို မသိကြ။ ကုသိုလ်တရားနဲ့ အကုသိုလ်တရားကို မသိကြ။ မသိကြလို့ ငြင်းခုံကြ၊ ခိုက်ရန်များကြ၊ ဆန့်ကျင်ဘက်စကား ပြောကြတယ်။ အချင်းချင်း နှုတ်လှံထိုးဆွပြီး 'တရားသဘောက ဒီလိုရှိတယ်၊ ဒီလိုမဟုတ်ဘူး၊ တရားသဘောက ဒီလိုရှိတယ်၊ ဒီလိုမဟုတ်ဘူး' လို့ ပြောကာ နေကြတယ်။

(ဥဒါနပါဠိ၊ ၁၅၉)

## ရေနဲ့ အညစ်အကြေး

ရေချိုးလို့ မကောင်းမှုအညစ်အကြေး မစင်ကြယ်။ အဲဒီရေထဲမှာ လူတွေ အများကြီး ရေချိုးနေကြတာပဲ။ ဝစီသစ္စာနဲ့ ဝိရတိသစ္စာ၊ တစ်နည်း ဉာဏ်သစ္စာနဲ့ ပရမတ္ထသစ္စာရယ်၊ အရိယမဂ် ဖိုလ်ရယ် ရှိသူဟာ တကယ်စင်ကြယ်သူပဲ။ မကောင်းမှု အညစ်အကြေးတွေကို မျောပြီးသူပဲ။

(ဥဒါနပါဠိ၊ ၈၄)

http://www.dhammadownload.com



## အနေကြာရင်

'ရာဟုလာ သင်ဟာ အမြဲမပြတ် ပေါင်းသင်းဆက်ဆံရလို့ ပညာရှင်ကို အထင်သေးသလား'

'မြတ်စွာဘုရား တပည့်တော်ဟာ အမြဲမပြတ် ပေါင်းသင်းဆက်ဆံရလို့ ပညာရှင်ကို အထင်မသေးပါ'

(သုတ္တနိပါတပါဠိ၊ ၃၂၈)

## အပြစ်ကင်းတဲ့ ဘုရား

ဘုရားလောင်းဘဝ ဒုက္ကရစရိယာကျင့်စဉ်က ၆ နှစ်၊ ဘုရားဖြစ်ပြီးနောက် ၁ နှစ်၊ ပေါင်း ၇ နှစ်ပတ်လုံး မာရ်နတ်ဟာ ဘုရားနောက်က တကောက်ကောက် လိုက်ကာ အပြစ်အနာအဆာ ရှာပေမယ့် တစ်စုံတစ်ရာ အပြစ် အနာ အဆာကို ရှာမတွေ့။

(သုတ္တနိပါတပါဠိ၊ ၃၄၃)

### စကား

ဘုရားအစရှိတဲ့ သူတော်ကောင်းတွေဟာ ညီညွတ်ရေးစကားကောင်း၊ အနှစ်ရှိတဲ့စကား၊ ချစ်ဖွယ်စကားတွေကို ပြောဆိုကြတယ်။

မိမိကိုယ်ကိုရော သူတစ်ပါးကိုပါ နောင်တပူပန်မှု မရစေတဲ့ စကားကိုသာ ပြောရတယ်။ အဲဒီစကားဟာ တကယ့်စကားကောင်းပဲ။

ကြမ်းတမ်းတဲ့စကားတွေကို ရှောင်ရှားပြီး သူတစ်ပါးတွေကြိုက်နှစ်သက်စရာ စကားကိုသာ ပြောဆိုရပါတယ်။

မှန်ကန်တဲ့စကားဟာ တကယ့်အမြိုက်နိဗ္ဗာန်နဲ့ တူတယ်။ အဲဒီ သစ္စာစကားဟာ ရှေးဟောင်းကျင့်စဉ်ပဲ။ သစ္စာစကား၊ အကျိုးစီးပွား၊ တရားတွေမှာ ပညာရှိတွေဟာ ရပ်တည်ကြတယ်။

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ဖို့ ဆင်းရဲအဆုံးကို ရောက်ဖို့ ဘုရားရှင် ဟောထားတဲ့ စကားတွေဟာ တကယ့်အမြတ်ဆုံးစကားတွေပဲ။

(သုတ္တနိပါတပါဠိ၊ ၃၄၄)

## အမြတ်ဆုံးတွေ

ယဇ်ပူဇော်တာတွေထဲမှာ မီးပူဇော်တာဟာ အမြတ်ဆုံးပဲ။ ဗေဒင်သုံးပုံကို ရွတ်အံရင် သာဝိတ္တိဂါထာကို ပထမဆုံး ရွတ်အံရလို့ သာဝိတ္တိဂါထာဟာ ဆန်းကျမ်းမှာ အမြတ်ဆုံးပဲ။ မင်းဟာ လူတွေထဲမှာ အမြတ်ဆုံးပဲ။ သမုဒ္ဒရာဟာ မြစ်တွေထဲမှာ အမြတ်ဆုံးပဲ။ လဟာ နက္ခတ်တွေထဲမှာ စန်းနက္ခတ်နဲ့ ယှဉ်တဲ့အတွက် 'ဒီနေ့ ကတ္တိကာပဲ၊ ဒီနေ့ ရောဟိနီပဲ' လို့ မှတ်သားရတာရယ်၊ အရောင်အလင်းကို ပြုတတ်တာရယ်၊ အေးမြတာရယ်တွေကြောင့် အမြတ်ဆုံးပဲ။ နေဟာ အရောင်တောက်ပတာတွေထဲမှာ အမြတ်ဆုံးပဲ။ ဘုရားအမှူးရှိတဲ့ သံဃာဟာ ကောင်းမှုကို လိုလား, ပူဇော်သူတွေအတွက် တကယ့်အမြတ်ဆုံးပဲ။

(သုတ္တနိပါတပါဠိ၊ ၃၇၀)

## မတုန်လှုပ်ရ

ရဟန်းဟာ ကဲ့ရဲ့လို့လည်း မတုန်လှုပ်ရ၊ ချီးမွမ်းခံရလို့လည်း မတက်ကြွရ။

(သုတ္တနိပါတပါဠိ၊ ၄၂၃)

## ရဟန်းနဲ့ ဗေဒင်

ရတနာသုံးပါးကို မြတ်နိုးတဲ့ရဟန်းဟာ အာထဗ္ဗဏအတတ်ကို

http://www.dhammadownload.com



မစီမံ၊ မပြုလုပ်ရ။ အိပ်မက်ရဲ့အကျိုး အပြစ်၊ လက္ခဏာအမျိုးမျိုးတို့ရဲ့ အကျိုးအပြစ်၊ သားငှက်မြည်သံရဲ့ အကျိုးအပြစ်တွေကို မဟောရ။ ကိုယ်ဝန်တည်ဆေး မပေးရ၊ ဆေးကုမပေးရ။

(သုတ္တနိပါတပါဠိ၊ ၄၂၃)

## မာနမတက်ပါနဲ့

မိမိမှာ ရှိတဲ့ဂုဏ်၊ မိမိဆရာမှာ ရှိတဲ့ ဂုဏ်တွေကြောင့် မာန မတက်ပါနဲ့၊ မာနကို သူတော်ကောင်းတွေက ငြိမ်းအေးတဲ့တရားလို့ ဟောမထားပါဘူး။

(သုတ္တနိပါတပါဠိ၊ ၄၂၁)

## မညည်းညူနဲ့

ရဟန်းဟာ (ယောဂီဟာ) အတွေ့ဆိုး အခံရခက်တဲ့ ဒုက္ခဝေဒနာ တွေနဲ့ တွေ့ပေမယ့် ဘာအကြောင်းကြောင့်မျှ ငိုကြွေးမြည်တမ်းခြင်း၊ ညည်းညူခြင်း မပြုရ။

(သုတ္တနိပါတပါဠိ၊ ၄၂၂)

## မငြိတွယ်ရ

ရဟန်းဟာ သူတစ်ပါး ကဲ့ရဲ့ဖွယ်အမှုကို ဘယ်နေရာမှာမှ မပြုရ။ ရွာမှာ မငြိတွယ်ရ။ လာဘ်ရလိုလို့ ဒကာ ဒကာမတွေကို ဟန်ဆောင်၊ သွေးဆောင်မပြောရ။

(သုတ္တနိပါတပါဠိ၊ ၄၂၃)

http://www.dhammadownload.com



## မတုံ့ပြန်နဲ့

ရဟန်း၊ ရှင်၊ လူတွေထံက ကဲ့ရဲ့စွပ်စွဲတဲ့စကား များစွာကြားရလို့ ကဲ့ရဲ့စွပ်စွဲသူကို ကြမ်းတမ်းတဲ့စကားနဲ့ တုံ့ပြန်ပြီး မပြောဆိုရ၊ မချေပရ။

(သုတ္တနိပါတပါဠိ၊ ၄၂၃)

## တရားဟောရာ စင်ကြယ်ပါ

ငါဟောတဲ့ တရားကို ကြားနာကြရင် ကောင်းမယ်၊ ကြားနာပြီး တရားကို ကြည်ညိုကြရင် ကောင်းမယ်၊ ကြည်ညိုပြီး ငါ့အား လှူဒါန်း ပူဇော်ကြရင် ကောင်းမယ်လို့ ကြံပြီး တရားဟောရင် အဲဒီတရားဟောတာဟာ မစင်ကြယ်။

ဘုရားရှင် ဟောတော်မူထားတဲ့ တရားတော်ဟာ သွာက္ခာတစတဲ့ တရားဂုဏ်တော် ၆ ပါးနဲ့ ပြည့်စုံပါပေတယ်လို့ ဆင်ခြင်ပြီး ငါဟောတဲ့ တရားကို ကြားနာကြရင် ကောင်းမယ်၊ ကြားနာပြီး တရားကို သိနားလည်ကြရင် ကောင်းမယ်။ သိနားလည်ပြီး တရားတော်လာအတိုင်း ကျင့်ကြရင် ကောင်းမယ်လို့ တရားရဲ့ တရားကောင်းအဖြစ်ကို စွဲမှီကာ သနားချီးမြှောက် စောင့်ရှောက်သောအားဖြင့် ဟောရင် အဲဒီတရားဟာ စင်ကြယ်တဲ့တရား ဖြစ်ပါတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၄၀၂/၃)

## ချဉ်းကပ်သင့်တဲ့ ဒကာရဲ့ဂုဏ် ၉ ပါး

၁။ အမြတ်တနိုး နေရာက ထပြီး ကြိုခြင်း၊
၂။ အမြတ်တနိုး ရှိခိုးခြင်း၊

http://www.dhammadownload.com



၃။ အမြတ်တနိုး နေရာပေးခြင်း၊
၄။ ရှိတာကို မလျှို့ဝှက်ခြင်း၊
၅။ များများ ရှိရင် များများ လှူခြင်း၊
၆။ ကောင်းတာ ရှိရင် ကောင်းတာကို လှူခြင်း၊
၇။ ရိုရိုသေသေ လှူခြင်း၊
၈။ တရားနာဖို့ ချဉ်းကပ် ထိုင်နေခြင်း၊
၉။ ဟောတဲ့တရားကို လိုလိုချင်ချင် နာယူခြင်း။

(အံ၊ ပါဠိ၊ တ၊ ၁၉၂)

## နတ်ပြည်က နတ်တွေ

၁။ လူ့ဘဝတုန်းက ရဟန်းတွေ အိမ်ကို ကြွလာရင် ကြိုဆိုခဲ့တယ်။
၂။ ရှိခိုးခဲ့တယ်။
၃။ နေရာပေးခဲ့တယ်။
၄။ စွမ်းနိုင်သမျှ လှူဒါန်းခဲ့တယ်။
၅။ တရားနာကြားဖို့ ချဉ်းကပ်ခဲ့တယ်။
၆။ လိုလိုချင်ချင် တရားနာခဲ့တယ်။
၇။ တရားကို ဆောင်မှတ်ခဲ့တယ်။
၈။ တရားရဲ့အနက်အဓိပ္ပာယ်ကို စဉ်းစားဆင်ခြင်ခဲ့တယ်။
၉။ တရားကို ကျင့်ခဲ့တယ်။

ဒီကျင့်ဝတ် ၉ ပါးကို ပြည့်စုံအောင် မကျင့်နိုင်တဲ့နတ်တွေ ပူပန်ကြရတယ်။ ၉ ပါးလုံး ပြည့်စုံအောင် ကျင့်ခဲ့တဲ့နတ်တွေက ပျော်ရွှင်နေကြပါတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၉၃/၄)

http://www.dhammadownload.com



## ရပ်တန့်နေရင်တောင်

ကုသိုလ်တရားတွေမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပဋိဘာန် ဆိုတဲ့ တရားတွေ ရပ်တန့်နေတာကို ငါဘုရား မချီးမွမ်း၊ ယုတ်လျော့ ရင် ပြောစရာပင် မရှိ။ တိုးတက်တာကို ငါဘုရား ချီးမွမ်းတယ်။

(အံ၊ ပါဠိ၊ တ၊ ၃၃၂)

## ရဟန်းတွေ အမြဲဆင်ခြင်ရမယ့် တရား ၁၀ ပါး

၁။ ငါဟာ ခန္ဓာကိုယ်အဆင်းရော၊ အသုံးအဆောင် အဆင်းပါ ဖောက်ပြန်နေတယ်။

၂။ ငါ့ရဲ့အသက်မွေးမှုဟာ သူတစ်ပါးနဲ့ ဆက်စပ်နေတယ်။

၃။ ငါဟာ လူ့အပြုအမူနဲ့မတူတဲ့ အပြုအမူကို ပြုမူရမယ်။

၄။ ငါ့စိတ်က ငါ့ကို သီလနဲ့ မစွပ်စွဲဘဲ ရှိပါရဲ့လား။

၅။ ပညာရှိ သီတင်းသုံးဖော်တွေက ငါ့ကို သီလနဲ့ မစွပ်စွဲဘဲ ရှိ ကြပါရဲ့လား။

၆။ ငါချစ်မြတ်နိုးရသူတွေနဲ့ သေကွဲ ရှင်ကွဲ ကွဲရမှာပါတကား။

၇။ ငါဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်။ ကောင်းကံ၊ ဆိုး ကံရဲ့ အမွေကို ခံယူရမယ်။

၈။ ငါဟာ ဘယ်လိုလုပ်ပြီး အချိန်ကုန်သွားသလဲ၊

၉။ ငါဟာ ဆိတ်ငြိမ်ရာမှာ ပျော်နိုင်ရဲ့လား။

၁၀။ ငါ့မှာ ဈာန်၊ မဂ်၊ ဖိုလ်တရားထူးကို ရပြီးပြီလား။ သေခါနီးမှာ ငါ့ကို တရားထူးရ မရ အမေးခံရရင် မျက်နှာမသာမယာ မရှိဘဲ နေနိုင်ပါ့မလား။

(အံ၊ ပါဠိ၊ တ၊ ၃၂၅)

http://www.dhammadownload.com



## ခန္ဓာကိုယ်မှာ တည်ရှိတဲ့အရာ ၁၀ ခု

၁။ အအေး၊ ၂။ အပူ၊ ၃။ ထမင်းဆာခြင်း၊ ၄။ ရေဆာခြင်း၊ ၅။ ကျင်ကြီး၊ ၆။ ကျင်ငယ်၊ ၇။ ကိုယ်စောင့်စည်းမှု၊ ၈။ နှုတ်စောင့်စည်းမှု၊ ၉။ အသက်မွေးကြောင်း စောင့်ရှောက်မှု။ ၁၀။ နောက်ဘဝကို ဖြစ်စေမယ့် ကံ။

(အံ၊ ပါဠိ၊ ၁၀၊ ၃၂၅)

## ဘဝရဲ့နောက်ဆက်တွဲ

ဘဝရယ်လို့ ဖြစ်လာရင် ဆင်းရဲတယ်။ ဘဝမဖြစ်တာဟာ ချမ်းသာတယ်။ ဘဝရယ်လို့ ဖြစ်လာရင် အအေး၊ အပူ၊ ထမင်းဆာခြင်း၊ ရေဆာခြင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ မီးအတွေ့၊ တုတ်အတွေ့၊ လက်နက်အတွေ့၊ ဆွေမျိုး မိတ်ဆွေတွေ စုပေါင်းပြီး ချုပ်ချယ်မှုတွေကို တွေ့ကြုံရတယ်။

ဘဝမဖြစ်ရင်တော့ အဲဒါတွေ မကြုံရ။

(အံ၊ ပါဠိ၊ ၁၀၊ ၃၅၂)

## ပျော်ရင် ချမ်းသာတယ်

သာသနာမှာ မပျော်တာဟာ ဆင်းရဲပဲ။ ပျော်တာဟာ ချမ်းသာပဲ။ သာသနာမှာ မပျော်ရင် သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ် ၄ ပါးမှာရော ရွာ၊ တော၊ သစ်ပင်အောက်၊ ဆိတ်ငြိမ်ရာအရပ်၊ လွင်တီးခေါင်းအရပ်၊ ရဟန်းတွေရဲ့အလယ်မှာ ရောက်နေတဲ့အခါမှာပါ ချမ်းသာမှု သာယာဖွယ်မရ။

သာသနာမှာပျော်ရင်တော့ အဲဒါတွေကို ရတယ်။

(အံ၊ ပါဠိ၊ ၁၀၊ ၃၅၂)

http://www.dhammadownload.com



## ကထာဝတ္ထု ၁၀ ပါး

၁။ အလိုနည်းမှု၊ ၂။ ရောင့်ရဲမှု၊ ၃။ ကင်းဆိတ်မှု၊ ၄။ မရောနှောမှု၊ ၅။ ကြိုးစားမှု၊ ၆။ သီလ၊ ၇။ သမာဓိ၊ ၈။ ပညာ၊ ၉။ ဖိုလ်လေးပါး၊ ၁၀။ ဆင်ခြင်တဲ့ဉာဏ်။

ဒီစကား ၁၀ မျိုးကို ပြောရင် တန်ခိုးအာနုဘော်ကြီးမားတဲ့လ နေတွေရဲ့ အရွမ်းကိုတောင် ကိုယ့်ရဲ့အစွမ်းနဲ့ လွှမ်းမိုးနိုင်တယ်။ သာသနာပ အယူရှိတဲ့ ပရိဗိုဇ်တွေရဲ့ အစွမ်းကိုတော့ ပြောစရာတောင် မလိုတော့။ (အံ၊ ပါဠိ၊ တ၊ ၃၅၉)

## တိရစ္ဆာနကထာများ

တိရစ္ဆာနကထာ = နတ်ပြည်၊ နိဗ္ဗာန်လမ်းနဲ့ ဆန့်ကျင်ဘက်စကားများ။

မင်း၊ သူခိုး၊ အမတ်ကြီး၊ စစ်တပ်၊ ဘေး၊ စစ်ထိုးခြင်း၊ ထမင်း၊ အဖျော်၊ အိပ်ရာနေရာ၊ ပန်း၊ နံ့သာ၊ ဆွေမျိုး၊ ယာဉ်၊ ရွာ၊ နိဂုံး၊ မြို့၊ ဇနပုဒ်၊ မိန်းမ၊ ရဲရင့်သူ၊ လမ်း၊ ရေဆိပ်၊ တမလွန်ဘဝက ဆွေမျိုးတို့နဲ့ စပ်တဲ့စကား၊ ရှေ့စကား၊ နောက်စကားတွေက အလွတ်ဖြစ်တဲ့စကား။ 'ဒီလောကကို မည်သူ ဖန်ဆင်းတယ်' စသည်ဖြင့် ပြောတဲ့စကား၊ 'သမုဒ္ဒရာကို မည်သူ ဖန်ဆင်းတယ်' စသည်ဖြင့် ပြောတဲ့စကား၊ 'ဒါဟာ တိုးတက်မှု၊ ဒါက ဆုတ်ယုတ်မှု' လို့ အကျိုးမရှိတာကို ပြောတဲ့စကားများပါပဲ။

(အံ၊ ပါဠိ၊ တ၊ ၃၅၈)

## သိက္ခာရှိပါ

၁။ သီတင်းသုံးဖော်တွေရဲ့ ချစ်မြတ်နိုးမှုကို ခံယူချင်ရင်၊

http://www.dhammadownload.com



၂။ ပစ္စည်းလေးပါး ရချင်ရင်၊
၃။ အလှူရှင်တွေ အကျိုးများစေချင်ရင်၊
၄။ တမလွန်က ဆွေမျိုးသားချင်းတွေ ကြည်ညိုစိတ်နဲ့ သတိရပြီး အကျိုးများစေချင်ရင်၊
၅။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ရောင့်ရဲချင်ရင်၊
၆။ အအေး၊ အပူ၊ ထမင်းဆာမှု၊ ရေဆာမှု၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေကင်းအတွေ့၊ ကြမ်းတမ်းတဲ့စကား၊ အသက်ကို သေစေနိုင်လောက်တဲ့ ဒုက္ခဝေဒနာတွေကို သည်းခံနိုင်ချင်ရင်၊
၇။ တရားကျင့်ရမှာ ပျင်းမှု၊ ကာမဂုဏ်မှာ ပျော်မှုတွေကို အောင်နိုင်ချင်ရင်၊
၈။ ဘေး၊ ကြောက်ဖွယ်တွေကို အောင်နိုင်ချင်ရင်၊
၉။ ဈာန်လေးပါးကို အလိုရှိတိုင်း ရချင်ရင်၊
၁၀။ ရဟန္တာဖြစ်ချင်ရင်
သီလပြည့်စုံပါစေ။ သမထ၊ ဝိပဿနာကို ပွားများပါလေ။

(အံ၊ ပါဠိ၊ ၁၊ ၃၆၁)

## ဆူး ၁၀ ချောင်း

၁။ ကင်းဆိတ်မှုမှာ ပျော်သူအတွက် အပေါင်းအဖော်နဲ့ပျော်မှု၊
၂။ အသုဘအာရုံကို နှလုံးသွင်းအားထုတ်သူအတွက် သုဘအာရုံကို နှလုံးသွင်းမှု၊
၃။ ဣန္ဒြေစောင့်စည်းသူအတွက် ဆန့်ကျင်ဘက်ကြည့်ရှုမှု၊
၄။ အကျင့်မြတ်အတွက် အမျိုးသမီးအနီးမှာ လှည့်လည်မှု၊
၅။ ပထမဈာန်အတွက် အသံ၊
၆။ ဒုတိယဈာန်အတွက် ဝိတက်၊ ဝိစာရ၊

http://www.dhammadownload.com



၇။ တတိယစျာန်အတွက် ပီတိ၊
၈။ စတုတ္ထစျာန်အတွက် ဝင်လေ ထွက်လေ၊
၉။ နိရောဓသမာပတ်အတွက် သညာနဲ့ ဝေဒနာ၊
၁၀။ ရာဂ၊ ဒေါသ၊ မောဟ။

(အံ၊ ပါဠိ၊ တ၊ ၃၆၃)

## လောကမှာ မြတ်နိုးဖွယ်ကောင်းပြီး ရဖို့ ခက်ခဲတဲ့အရာ ၁၀ ခု

၁။ စည်းစိမ်ဥစ္စာ၊ ၂။ ရုပ်ရည်အဆင်း လှပမှု၊ ၃။ ကျန်းမာမှု၊ ၄။ သီလ၊ ၅။ အကျင့်မြတ်၊ ၆။ မိတ်ဆွေ၊ ၇။ အကြားအမြင်များမှု၊ ၈။ ပညာ၊ ၉။ လောကုတ္တရာတရား ၉ ပါး။ ၁၀။ နတ်ပြည်။

## အထက်ပါ ၁၀ ခုရဲ့ ဘေးရန် ၁၀ ခု အစဉ်အတိုင်း

၁။ ပျင်းရိမှု၊ ဝီရိယ မရှိမှု၊ ၂။ မပြင်ဆင်မှု၊ ၃။ မသင့်တော်တာကို ပြုလုပ်မှု၊ ၄။ မိတ်ဆွေမကောင်းနဲ့ ပေါင်းသင်းမှု၊ ၅။ ဣန္ဒြေကို မစောင့်စည်းမှု၊ ၆။ စကားမတည်မှု၊ ၇။ မရွတ်အံမှု၊ ၈။ လိုလိုချင်ချင် နားမထောင်မှု၊ မမေးမြန်းမှု၊ ၉။ အားမထုတ်မှု၊ ၁၀။ အကျင့်မှား။
(အံ၊ ပါဠိ၊ တ၊ ၃၆၄)

## အနှောင်အဖွဲ့ ၈ မျိုး

ယောကျာ်းက မိန်းမကို၊ မိန်းမက ယောကျာ်းကို နှောင်ဖွဲ့တဲ့ အရာ ၈ မျိုးရှိတယ်။

၁။ အငို၊ ၂။ အရယ်အပြုံး၊ ၃။ အပြော၊ ၄။ အသွင်အပြင်၊ ၅။ တောက ချိုးပြီး ဆောင်ယူထားတဲ့ အပွင့် အသီးစတဲ့လက်ဆောင်၊

http://www.dhammadownload.com



၆။ အနံ့၊ ၇။ အရသာ၊ ၈။ အတွေ့အထိ၊ အတွေ့အထိနဲ့ အနှောင်အဖွဲ့ ခံရရင် သတ္တဝါတွေဟာ ကောင်းကောင်း နှောင်ဖွဲ့ခံရတော့တာပဲ။

(အံ၊ ပါဠိ၊ တ၊ ၃၈)

## အညစ်အကြေး ၈ မျိုး

၁။ သင်ယူထားတဲ့ အတတ်ပညာရဲ့ အညစ်အကြေးက မရွတ်အံမှု၊
၂။ အိမ်အတွက် ထထကြွကြွ ဝီရိယ မရှိမှု၊
၃။ ခန္ဓာကိုယ်အဆင်းအတွက် ပျင်းရိမှု၊
၄။ စောင့်ရှောက်သူအတွက် မေ့လျော့မှု၊
၅။ မိန်းမအတွက် ကာမဖောက်ပြန်မှု၊
၆။ လှူသူအတွက် နှမြောမှု၊
၇။ ဒီဘဝ နောက်ဘဝအတွက် အကုသိုလ်များ၊
၈။ မသိမှု အဝိဇ္ဇာ၊ (ဒီအညစ်အကြေးက အဆိုးဆုံးပဲ။)

(အံ၊ ပါဠိ၊ တ၊ ၃၇)

## ပိုပိုပြီး အကျိုးကြီးတယ်

၁။ ဝေလာမပုဏ္ဏားရဲ့ အလှူကြီးထက် သောတာပန်တစ်ဦးအား လှူရတဲ့အလှူ။
၂။ သောတာပန် ၁၀၀ ထက် သကဒါဂါမ် တစ်ဦးအား၊
၃။ သကဒါဂါမ် ၁၀၀ ထက် အနာဂါမ် တစ်ဦးအား၊
၄။ အနာဂါမ် ၁၀၀ ထက် ရဟန္တာတစ်ဦးအား၊
၅။ ရဟန္တာ ၁၀၀ ထက် ပစ္စေကဗုဒ္ဓါတစ်ပါးအား၊
၆။ ပစ္စေကဗုဒ္ဓါ ၁၀၀ ထက် ဘုရားရှင်တစ်ဆူအား၊
၇။ ဘုရားရှင်တစ်ဆူထက် ဘုရားအမှူးရှိတဲ့ သံဃာအား လှူရတဲ့ အလှူ။

http://www.dhammadownload.com



၈။ ဘုရားအမှူးရှိတဲ့ သံဃာအား ဆွမ်းအလှူထက် အရပ် ၄ မျက်နှာက သံဃာကို ရည်စူးပြီး လှူရတဲ့ ကျောင်းအလှူ၊
၉။ အဲဒီကျောင်းအလှူထက် ရတနာသုံးပါးကိုးကွယ်မှု၊
၁၀။ သရဏဂုံသုံးပါးထက် ငါးပါးသီလ၊
၁၁။ ငါးပါးသီလထက် နို့သာတစ်ရှူအချိန်လောက် မေတ္တာပွားမှု၊
၁၂။ မေတ္တာဘာဝနာထက် အနိစ္စသညာကို ပွားမှု (ဝိပဿနာ ဘာဝနာ) က ပိုပြီး အကျိုးကြီးတယ်။

(အံ၊ ပါဠိ၊ တ၊ ၁၉၆)

## ဝေလာမရဲ့အလှူကြီး

၁။ ငွေအပြည့်ပါတဲ့ ရွှေခွက် ရှစ်သောင်းလေးထောင်၊
၂။ ရွှေအပြည့်ပါတဲ့ ငွေခွက် (၈၄၀၀၀)
၃။ ရတနာ ၇ ပါး အပြည့်ပါတဲ့ ကြေးခွက် (၈၄၀၀၀)
၄။ ဆင် ၈၄၀၀၀။ (အဲဒီဆင်တွေမှာ ရွှေအဆင်တန်ဆာ ရွှေတံခွန်တွေ ပါတယ်။ ရွှေကွန်ယက် လွှမ်းထားတယ်။)
၅။ ရထား ၈၄၀၀၀။ (ခြင်္သေ့၊ ကျား၊ ကျားသစ်တွေရဲ့ အရေ၊ ပဏ္ဍုကမ္ဗလာတွေနဲ့ ရစ်ပတ်ထားတယ်။ ရွှေအဆင်တန်ဆာ၊ ရွှေတံခွန်တွေ ပါတယ်။ ရွှေကွန်ယက် လွှမ်းထားတယ်။)
၆။ ဘွဲ့ဖြူအဝတ် အနှောင်အဖွဲ့ပါပြီး နို့ခံငွေခွက်ပါတဲ့ နို့စားနွားမ ၈၄၀၀၀။
၇။ ပတ္တမြားနားတောင်း ဝတ်ဆင်ထားတဲ့ အမျိုးသမီးငယ် ၈၄၀၀၀။
၈။ ပလ္လင် ၈၄၀၀၀။ (အဲဒီပလ္လင်တွေမှာ လက်လေးသစ်ထက် အမွေးရှည်တဲ့ ကော်ဇော၊ သားမွေးကော်ဇောအဖြူ၊ တစ်ခဲနက်ပန်းပါတဲ့ သားမွေးကော်ဇော၊ ကဒလိမည်တဲ့ သားကောင်ရဲ့

http://www.dhammadownload.com



အရေနဲ့ ပြုလုပ်ထားတဲ့ ကော်ဇောအကောင်းစား၊ မျက်နှာကြက်၊ ခြေအုံး၊ ခေါင်းအုံးတွေ ပါတယ်။)

၉။ အဝတ်တွေ ကုဋေ ၈၄၀၀၀။ (ခေါမတိုင်းဖြစ် အဝတ်နု၊ ပိုးချည်အဝတ်နု၊ ကမ္ဗလာအဝတ်နု၊ ဝါချည်အဝတ်နု)

၁၀။ ထမင်း၊ အဖျော်၊ ခဲဖွယ်၊ စားဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တွေကတော့ ပြောပြလို့ မရနိုင်။ မြစ်တွေ စီးဆင်းနေသလိုပါပဲ။

(အံ၊ ပါဠိ၊ တ၊ ၁၉၅/၆)

အဲဒီဝေလာမပုဏ္ဏားဟာ ငါဘုရားပဲ။ အဲဒီအလှူကြီးမှာ ဘယ်သမဏ၊ ဗြာဟ္မဏ၊ နတ်၊ မာရ်နတ်ကမှ မစင်ကြယ်စေနိုင်။

## ပုဂ္ဂလိကအလှူ ၁၄ ပါး

၁။ ဘုရားရှင်အား လှူတဲ့အလှူ၊ ၂။ ပစ္စေကဗုဒ္ဓါအား လှူတာ၊ ၃။ ရဟန္တာအား လှူတာ၊ ၄။ ရဟန္တာဖြစ်အောင် အားထုတ်တဲ့ပုဂ္ဂိုလ်အား လှူတာ၊ ၅။ အနာဂါမ်အား လှူတာ၊ ၆။ အနာဂါမ်ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ်အား လှူတာ၊ ၇။ သကဒါဂါမ်အား လှူတာ၊ ၈။ သကဒါဂါမ်ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ်အား လှူတာ၊ ၉။ သောတာပန်အား လှူတာ၊ ၁၀။ သောတာပန်ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ်အား လှူတာ၊ ၁၁။ သာသနာပမှာ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်အား လှူတာ၊ ၁၂။ သာသနာပမှာ သီလရှိတဲ့ပုဂ္ဂိုလ်အား လှူတာ၊ ၁၃။ သီလမရှိတဲ့ပုဂ္ဂိုလ်အား လှူတာ၊ ၁၄။ တိရစ္ဆာန်အား လှူတာ။

(ဥပရိပဏ်၊ ပါဠိ၊ ၂၉၇/၈)

## ပုဂ္ဂလိကအလှူ ၁၄ ပါးရဲ့ အကျိုးများ

၁။ တိရစ္ဆာန်အား လှူရင် အဆတစ်ရာ၊ ဘဝတစ်ရာ အကျိုးရတယ်။

http://www.dhammadownload.com



၂။ သီလမရှိတဲ့ပုဂ္ဂိုလ်အား လှူရင် အဆတစ်ထောင်၊ ဘဝတစ်ထောင် အကျိုးရပါတယ်။

၃။ သာသနာပမှာ သီလရှိသူအား လှူရင် အဆတစ်သိန်း၊ ဘဝ တစ်သိန်း အကျိုးရပါတယ်။

၄။ သာသနာပမှာ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်အား လှူရင် အဆပေါင်း ဘဝပေါင်း ကုဋေတစ်သိန်း အကျိုးရပါတယ်။

၅။ သောတာပန်ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ်အား လှူရင် အဆ ပေါင်း အသင်္ချေ၊ ဘဝပေါင်းအသင်္ချေ အကျိုးရတယ်။

ဗြမှာ၁၄။ သောတာပန်အစစ်ကစပြီး အထက်အထက် ပုဂ္ဂိုလ်မြတ်တွေ အား လှူတဲ့အလှူတွေကိုတော့ အကျိုးများတယ်လို့ ပြောနေဖို့ မလိုတော့ပါ။ တစ်ဆင့်ထက်တစ်ဆင့် သာသာပြီး အကျိုးများ သွားပါတယ်။

(ဥပရိပဏ်၊ ပါဠိ၊ ၂၉၈)

## သံဃိကအလှူ ၇ ပါး

၁။ ဘုရားအမှူးရှိတဲ့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ သံဃာအား လှူတာ၊ (ဒီသံဃိကအလှူကတော့ အကျိုးအကြီးဆုံးပါပဲ)

၂။ ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ဘုရားမပါဘဲ ရဟန်း၊ ရဟန်းမ သံဃာအား လှူတာ၊

၃။ ရဟန်းသံဃာသက်သက်အား လှူတာ၊

၄။ ရဟန်းမသံဃာသက်သက်အား လှူတာ၊

၅။ ရဟန်းသံဃာထံက ရဟန်းသံဃာ ဘယ်နှစ်ပါး ကြွပါ၊ ရဟန်းမ သံဃာထံက ရဟန်းမသံဃာ ဘယ်နှစ်ပါး ကြွပါလို့ ပင့်ပြီး အဲဒီ သံဃာနှစ်ဖက်က ညွှန်ကြားစေလွှတ်လိုက်တဲ့ သံဃာအား လှူတာ၊

http://www.dhammadownload.com



၆။ ရဟန်းသံဃာထဲက သံဃာဘယ်နှစ်ပါး ကြွပါလို့ပင့်ပြီး သံဃာက ညွှန်ကြားစေလွှတ်လိုက်တဲ့ သံဃာအား လှူတာ၊
၇။ ရဟန်းမသံဃာထဲက သံဃာဘယ်နှစ်ပါး ကြွပါလို့ ပင့်ပြီး သံဃာက ညွှန်ကြားစေလွှတ်လိုက်တဲ့ သံဃာအား လှူတာ၊

(ဥပရိပဏ်၊ ပါဠိ၊ ၂၉၈)

## သံဃိကနဲ့ ပုဂ္ဂလိကအလှူ

အာနန္ဒာ၊ နောင်အခါမှာ လက်နဲ့လည်ပင်းမှာ သင်္ကန်းစကို ပတ်ထားတဲ့ ရဟန်းတွေ ရှိကြလိမ့်မယ်။ အဲဒီသီလမရှိသူတွေမှာ သံဃာကို ရည်စူးပြီး လှူကြလိမ့်မယ်။ အဲဒီအခါမှာလည်း ငါဘုရားက သံဃိကအလှူကို မရေမတွက်နိုင်၊ မနှိုင်းယှဉ်နိုင်လောက်အောင် အကျိုးများတယ်လို့ ဟောတယ်။ သံဃိကအလှူထက် ပုဂ္ဂလိကအလှူက အကျိုးပိုများတယ်လို့ ငါဘုရား ဟောတော်မမူ။

(ဥပရိပဏ်၊ ပါဠိ၊ ၂၉၉)

## စင်ကြယ်တဲ့အလှူ

၁။ သီလရှိသူက သီလမရှိသူအား လှူရင် အလှူရှင်ဘက်ကသာ စင်ကြယ်တဲ့အလှူ ဖြစ်တယ်။ အလှူရှင်ဘက်က သီလစင်ကြယ်တဲ့အတွက် အကျိုးပေးနိုင်တယ်။
၂။ သီလမဲ့သူက သီလရှိသူအား လှူရင် အလှူခံဘက်က စင်ကြယ်တဲ့အလှူ ဖြစ်တယ်။ အလှူခံဘက်က စင်ကြယ်တဲ့အတွက် ကြီးမားတဲ့အကျိုးကို ပေးနိုင်တယ်။
၃။ အလှူရှင်ရော အလှူခံပါ သီလမရှိရင် နှစ်ဖက်စလုံးက မစင်ကြယ်တဲ့အလှူ ဖြစ်တယ်။ ကြီးမားတဲ့အကျိုးကို မပေးနိုင်။

http://www.dhammadownload.com



၄။ နှစ်ဖက်လုံး သီလရှိရင် နှစ်ဖက်လုံးက စင်ကြယ်တဲ့အလှူ ဖြစ်တယ်။ အကျိုးအကြီးဆုံး အလှူ ဖြစ်တယ်။

(ဥပရိပဏ္ဏာ၊ ပါဠိ၊ ၂၉၉)

## သာလွန်ချက် ၃ ခု

တာဝတိံသာနတ်တွေနဲ့ တောင်ကျွန်းက လူတွေထက် မြောက်ကျွန်းက လူတွေက သာလွန်တဲ့အရာ ၃ ခု

၁။ ဒါဟာ ငါ့ဟာပဲလို့ သိမ်းပိုက်မှုတဏှာ မရှိ။

၂။ အမြဲတမ်း အသက်တစ်ထောင် ရှည်တယ်၊ သေရင် နတ်ပြည်ပဲ ရောက်တယ်။

၃။ ထူးတဲ့ ဂုဏ်တွေ ရှိတယ်။

တောင်ကျွန်း မြောက်ကျွန်းက လူတွေထက် တာဝတိံသာနတ်တွေက သာလွန်တဲ့အရာ ၃ ခု

၁။ နတ်သက်၊ ၂။ နတ်ရုပ်ရည်အဆင်း၊ ၃။ နတ်ချမ်းသာ။

မြောက်ကျွန်းသားတွေနဲ့ နတ်တွေထက် တောင်ကျွန်းသားတွေက သာလွန်တဲ့အရာ ၃ ခု

၁။ ရဲရင့်မှု၊

၂။ သတိမြဲမှု၊

၃။ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်ကို ကျင့်မှု။

(အံ၊ ပါဠိ၊ ပ၊ ၁၉၈)

## မြေလှုပ်ကြောင်း ၈ ပါး

၁။ မြေကြီးက ရေပေါ် တည်တယ်၊ ရေက လေပေါ် တည်တယ်၊ လေက ကောင်းကင်ဟင်းလင်းပြင်မှာ တည်တယ်၊ လေကြီး

http://www.dhammadownload.com



တွေ တိုက်တဲ့အခါ ရေလှုပ်စေတယ်။ ရေလှုပ်တဲ့အခါ မြေလှုပ်တယ်။

၂။ တန်ခိုးရှိပြီး စိတ်အလိုအတိုင်း ဖြစ်စေနိုင်တဲ့ သမဏ၊ ဗြာဟ္မဏတွေနဲ့ တန်ခိုးအာနုဘော်ကြီးတဲ့ နတ်တွေက မြေသညာကို နည်းနည်းပွားပြီး ရေသညာကို အတိုင်းအတာမရှိ ပွားများတယ်၊ သူက မြေကြီးကို တုန်လှုပ်စေတယ်။

၃။ ဘုရားလောင်း တုသိတာနတ်ပြည်က စုတေပြီး သတိ၊ သမ္ပဇဉ်နဲ့ အမိဝမ်းမှာ သန္ဓေတည်တဲ့အခါ မြေကြီး တုန်လှုပ်တယ်။

၄။ ဘုရားလောင်း သတိ၊ သမ္ပဇဉ်နဲ့ အမိဝမ်းတိုက်က ထွက်တဲ့အခါ မြေကြီး တုန်လှုပ်တယ်။

၅။ ဘုရားဖြစ်တဲ့အခါ။

၆။ ဓမ္မစကြာတရား ဟောတဲ့အခါ။

၇။ ၃ လပဲ ဖလသမာပတ် ဝင်စားပြီးရင် အဲဒီကနောက် မဝင်စားတော့ဘူးလို့ စိတ်ဖြစ်လိုက်တဲ့အခါ။

၈။ ပရိနိဗ္ဗာန်စံတဲ့အခါ မြေကြီးတုန်လှုပ်တယ်။

## စကြဝတေးမင်းရဲ့အဆုံးအမ

၁။ သူတစ်ပါးအသက်ကို မသတ်ထိုက်၊

၂။ သူတစ်ပါးမပေးတဲ့ပစ္စည်းကို မယူထိုက်၊

၃။ ကိုယ်မပိုင်တဲ့ ကာမကိစ္စတွေမှာ မှားယွင်းဖောက်ပြန်စွာ မကျင့်ထိုက်၊

၄။ ညာမပြောထိုက်၊

၅။ သေရည်အရက် မသောက်ထိုက်၊

၆။ သုံးစွဲမြဲပစ္စည်းကိုလည်း သုံးစွဲကြပါ။

http://www.dhammadownload.com



အရပ်လေးမျက်နှာက ချဉ်းကပ်လာတဲ့ ရန်သူမင်းတွေအား အထက်ပါအဆုံးအမစကားကို ပြောပါတယ်။ အဲဒီဆန့်ကျင်ဘက်မင်းတွေက စကြဝတေးမင်းရဲ့ နောက်လိုက်တွေ ဖြစ်သွားကြပါတယ်။
(ပါထိကပါဠိ၊ ၅၁)

## စကြဝတေးမင်းရဲ့ ကျင့်ဝတ်များ

၁။ သား၊ သမီး၊ ဓနီးကို သီလစောင့်ခိုင်းရတယ်။ အဝတ်၊ ပန်း၊ နံ့သာစသည်တို့ကို ပေးရတယ်။ ဘေးရန်အားလုံးကို တားမြစ်ကာကွယ်ပေးရတယ်။ (စစ်တပ်စတဲ့ နောက်ပုဂ္ဂိုလ်တွေမှာလည်း ဒီအတိုင်းပါပဲ။ အထူးကတော့ အောက်ပါအတိုင်းပါပဲ။) စစ်တပ်မှာ အချိန်အခါကို မလွန်ဘဲ ထမင်းရိက္ခာ ပေးရတယ်။

၂။ အဘိသိက်သွန်းလောင်းပြီး မင်းတွေအား အာဇာနည်မြင်းကောင်းစတဲ့ ရတနာတွေကို ပေးရတယ်။

၃။ နောက်လိုက်မင်းတွေအား သင့်လျော်တဲ့ ယာဉ်၊ ဆင်၊ မြင်းတွေပေးရတယ်။

၄။ ပုဏ္ဏားတွေအား ထမင်း၊ အဖျော်၊ အဝတ်စတဲ့ ပစ္စည်းတွေကို ပေးရတယ်။ သူကြွယ်တွေအား ထမင်း၊ မျိုးစေ့၊ ထွန်သန်၊ ထွန်သွား၊ နွားလားစသည်ကို ပေးရတယ်။

၅။ နိဂုံးသူ နိဂုံးသား၊ ဇနပုဒ်သူ ဇနပုဒ်သားတွေအားလည်း သူကြွယ်တွေလိုပဲ ပေးရတယ်။

၆။ သူတော်ကောင်း သမဏ၊ ဗြာဟ္မဏတွေအား ရဟန်းပရိက္ခရာ ပေးလှူရတယ်။

၇။ ကျေးငှက်၊ သား သမင်တွေအား ဘေးမဲ့ပေးရတယ်။

၈။ ကိုယ့်နိုင်ငံထဲမှာ မတရားလုပ်တာကို ဟန့်တားရတယ်။

http://www.dhammadownload.com



၉။ ဆင်းရဲသားတွေအား ဥစ္စာပေးရတယ်။

၁၀။ သူတော်ကောင်း သမဏ၊ ဗြာဟ္မဏတွေထံ ချဉ်းကပ်ပြီး 'ဘယ်ဟာက ကုသိုလ်လဲ၊ အကုသိုလ်လဲ' စသည်နဲ့ မေးမြန်းရတယ်။

(ပါထိက၊ ပါဠိ၊ ၅၀)

## ဆုတ်ကပ် အသက် ၈ သောင်းတန်း

ဆင်းရဲသားတွေအား မင်းက ဥစ္စာမပေးတဲ့အခါ ဆင်းရဲမွဲတေမှု ကျယ်ပြန့်လာတယ်။ ကျယ်ပြန့်လာတော့ ခိုးမှု ကျယ်ပြန့်လာတယ်။ ခိုးမှု ကျယ်ပြန့်လာတော့ လက်နက် ကျယ်ပြန့်လာတယ်။ လက်နက် ကျယ်ပြန့်လာတော့ သတ်မှု ကျယ်ပြန့်လာတယ်။ သတ်မှု ကျယ်ပြန့်လာတော့ အဲဒီသတ္တဝါတွေရဲ့အသက် တိုလာတယ်။ ရုပ်ရည်အဆင်း လှပမှု လျော့လာတယ်။ အသက်ရှစ်သောင်းရှည်တဲ့ အဲဒီလူတွေရဲ့ သားသမီးတွေဟာ အသက် ၄ သောင်းပဲ ရှည်တော့တယ်။

(ပါထိက၊ ပါဠိ၊ ၅၆)

## လိမ်ညာမှုနဲ့ ၄ သောင်း

သတ်မှု ကျယ်ပြန့်လာပြီးနောက် လိမ်ညာမှု ကျယ်ပြန့်လာတယ်။ အဲဒီအခါ အဲဒီသတ္တဝါတွေရဲ့အသက် တိုလာတယ်။ ရုပ်ရည်အဆင်း လှပမှု လျော့လာတယ်။ အသက် လေးသောင်းရှည်တဲ့ အဲဒီလူတွေရဲ့ သားသမီးတွေဟာ အသက် ၂ သောင်းပဲ ရှည်တော့တယ်။

(ပါထိက၊ ပါဠိ၊ ၅၇)

## ကုန်းတိုက်မှုနဲ့ အသက် ၂ သောင်း

လိမ်ညာမှု ကျယ်ပြန့်လာပြီးနောက် ကုန်းတိုက်စကား ကျယ်

http://www.dhammadownload.com



ပြန့်လာတယ်။ အဲဒီအခါ အဲဒီသတ္တဝါတွေရဲ့အသက် တိုလာတယ်။ ရုပ်ရည်အဆင်း လှပမှု လျော့လာတယ်။ အသက် ၂ သောင်းရှည်တဲ့ အဲဒီလူတွေရဲ့ သားသမီးတွေဟာ အသက် ၁ သောင်းပဲ ရှည်တော့တယ်။

(ပါထိကပါဠိ၊ ၅၇)

## မကောင်းမှုနဲ့ အသက်တမ်း

အသက်တစ်သောင်းတန်းမှာ ကိုယ်မပိုင်တဲ့ ကာမကိစ္စတွေမှာ မှောက်မှောက်မှားမှား ပြုကျင့်မှု ကျယ်ပြန့်လာတယ်။

အသက် ၅၀၀၀ တန်းမှာ ကြမ်းတမ်းတဲ့စကားနဲ့ အနှစ်မရှိတဲ့ စကား ကျယ်ပြန့်လာတယ်။ အသက် ၂၅၀၀ တန်းမှာ သူတစ်ပါးပစ္စည်းကို အပိုင်စီးလိုမှုနဲ့ သူတစ်ပါး သေကျေပျက်စီးစေလိုမှုတွေ ကျယ်ပြန့်လာတယ်။

အသက် ၁၀၀၀ တန်းမှာ အယူလွဲမှားမှု ကျယ်ပြန့်လာတယ်။

အသက် ၅၀၀ တန်းမှာ အမေ၊ အမေ့ညီမစတဲ့ မသင့်လျော်တဲ့ နေရာမှာ တပ်မက်မှု၊ သုံးဆောင်ထိုက်တဲ့နေရာမှာလည်း အလွန်အားကြီးတဲ့ တပ်မက်မှု၊ ယောကျ်ား ယောကျ်ားချင်း၊ မိန်းမ မိန်းမချင်း အပေါ် တပ်မက်မှုတွေ ကျယ်ပြန့်လာတယ်။

အသက် ၂၅၀ တန်းမှာ မိဘ၊ ရဟန်း၊ ဗြာဟ္မဏ သူတော်ကောင်းတွေအပေါ် ကောင်းကောင်း မကျင့်မှု၊ အမျိုးမှာ ကြီးသူတွေကို မရိုသေမှုတွေ ကျယ်ပြန့်လာတယ်။

အဲဒီအခါ အဲဒီသတ္တဝါတွေရဲ့အသက် တိုလာတယ်။ အဆင်းလှပမှု လျော့လာတယ်။ အဲဒီလူတွေရဲ့ သားသမီးတွေဟာ အသက် ၁၀၀ ပဲ ရှည်တော့တယ်။ (ပါထိကပါဠိ၊ ၅၇မှ ၅၉)

http://www.dhammadownload.com



# ၁၀ နှစ်တန်းရဲ့အခြေအနေ

၁။ ငါးနှစ်အရွယ်မှာ ကလေးမတွေ အိမ်ထောင်ပြုကြမယ်။

၂။ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ဆားအရသာတွေ ပျောက်ကွယ်လိမ့်မယ်။

၃။ လူးဆန်ဟာ စားဖွယ်တွေထဲမှာ အကောင်းဆုံး ဖြစ်လိမ့်မယ်။

၄။ ကုသလကမ္မပထ (သုစရိုက်) တရား (၁၀) ပါး အကုန်လုံး ပျောက်ကွယ်ပြီး အကုသလကမ္မပထ (ဒုစရိုက်တရား) ၁၀ ပါး အလွန်ပဲ ထွန်းကားလာလိမ့်မယ်။

၅။ ကုသိုလ်ဆိုတဲ့နာမည်တောင်မှ မရှိဖြစ်လိမ့်မယ်။ ကုသိုလ်ပြုသူ ဆိုတာ ဝေးရော။

၆။ မိဘ၊ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေအပေါ် ကောင်းကောင်း မကျင့်သူ၊ အမျိုးထဲမှာ ကြီးသူတွေကို မရိုသေသူတွေ ဟာ ချီးမွမ်းခံကြရလိမ့်မယ်။ ဥပမာ မိဘ၊ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေအပေါ် ကောင်းကောင်း ကျင့်သူ၊ အမျိုးထဲ မှာ ကြီးသူတွေကို ရိုသေသူတွေဟာ ယခုအခါ ချီးမွမ်းခံကြ ရသလိုပါပဲ။

၇။ အမေ၊ အမေ့ညီမ၊ ဦးလေးရဲ့မယား၊ ဆရာရဲ့မယား၊ ဘထွေး၊ ဘကြီးစသူတို့ရဲ့မယားတွေအပေါ်မှာ သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ခွေး၊ မြေခွေးတွေလို စည်းကမ်းဖျက်ကာ မှောက်ကြလိမ့် မယ်။

၈။ သတ္တဝါတွေဟာ အချင်းချင်းအပေါ်၊ မိခင်ဖခင်က သားသမီး အပေါ်၊ သားသမီးက မိခင်ဖခင်အပေါ်၊ အစ်ကို မောင်တွေက ညီမ အစ်မတွေအပေါ်၊ အစ်မ ညီမတွေက အစ်ကို မောင်တွေ အပေါ် ညှဉ်းဆဲလိုစိတ်၊ ချမ်းသာစီးပွားကို ဖျက်ဆီးလိုစိတ်၊

http://www.dhammadownload.com



စိတ်ဆိုးစိတ်၊ သတ်လိုစိတ်တွေ ထက်ထက်သန်သန် ဖြစ်ကြလိမ့်မယ်။

၉။ ၇ ရက်ပတ်လုံး လက်နက်ကပ်ဘေး ဆိုက်ရောက်လိမ့်မယ်။ လူတွေဟာ အချင်းချင်းအပေါ် သားကောင်လို့ ထင်မှတ်ကြလိမ့်မယ်။ သူတို့ရဲ့လက်တွေမှာ ထက်မြက်တဲ့ လက်နက်တွေ ရောက်လာကြလိမ့်မယ်။ အဲဒီလက်နက်နဲ့ သားကောင်လို့ ထင်မှတ်ပြီး အချင်းချင်း သတ်ကြလိမ့်မယ်။

၁၀။ အဲဒီအခါ အဲဒီလူတွေထဲက တချို့လူတွေမှာ 'ငါတို့ဟာ ဘယ်သူ့ကိုမှ မသတ်လို၊ ဘယ်သူကမှလည်း ငါတို့ကို မသတ်ပါစေနဲ့၊ ငါတို့ဟာ မြက်၊ ချုံနွယ်စတာတွေနဲ့ ရှုပ်ထွေးတဲ့နေရာ၊ သစ်ပင်တွေနဲ့ ရှုပ်ထွေးတဲ့နေရာ၊ မြစ်တွေရဲ့ တခြားကျွန်းတွေမှာ အသွားရခက်တဲ့ နေရာ၊ တောင်တွေက မညီညွတ်တဲ့နေရာတွေကို သွားပြီး တောသစ်မြစ်၊ သစ်သီးတွေကို စားပြီး မျှတနေမယ်' လို့ ကြံကာ သွားပြီး ၇ ရက် စားပြီး မျှတနေကြမယ်။ ၇ ရက်လွန်တဲ့အခါ အဲဒီနေရာတွေက ထွက်လာပြီး အချင်းချင်း လည်ပင်းဖက်ပြီး 'ငါ ရှင်သလို သင်လည်း ရှင်နေတာပဲ'လို့ ဝမ်းသာစကား ပြောကြားကာ ညီညွတ်လာကြလိမ့်မယ်။

(ပါထိကပါဠိ၊ ၅၉၊ ၆၀၊ ၆၁)

## တက်ကပ်ရဲ့ တိုးတက်လာပုံ

အဲဒီအခါ သတ္တဝါတွေမှာ 'ငါတို့ အကုသိုလ်တွေကို လုပ်လို့ ဆွေမျိုးတွေ အများကြီး ပျက်စီးခဲ့ကြပြီ၊ ငါတို့ ကုသိုလ်ကို လုပ်ကြရရင် ကောင်းမယ်၊ ဘာကုသိုလ်ကို လုပ်ကြရင် ကောင်းမလဲ၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ရရင် ကောင်းမယ်၊ အဲဒီကုသိုလ်ကို

http://www.dhammadownload.com



ပြုလုပ်ကြမယ်' လို့ တွေးပြီး သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြတယ်။ အသက်တွေ ရှည်လာမယ်၊ ရုပ်ရည်အဆင်း လှပလာမယ်။ အသက် ၁၀ နှစ်ရှည်တဲ့ အဲဒီလူတွေရဲ့ သားသမီးတွေဟာ အသက် ၂၀ ရှည်လာကြမယ်။

ခိုးမှု၊ ကာမဖောက်ပြားမှု၊ လိမ်ညာမှု၊ ကုန်းတိုက်မှု၊ ကြမ်းကြမ်းတမ်းတမ်း ပြောမှု၊ အနှစ်မဲ့စကား ပြောမှု၊ သူတစ်ပါးပစ္စည်း အပိုင်စီးလိုမှု၊ သူတစ်ပါး သေကျေပျက်စီးစေလိုမှု၊ အယူလွဲမှားမှု၊ အမေ၊ အမေ့ညီမ စတဲ့ မသင့်လျော်တဲ့နေရာမှာ တပ်မက်မှု၊ သုံးဆောင်ထိုက်တဲ့နေရာမှာလည်း အလွန်အားကြီးတဲ့ တပ်မက်မှု၊ ယောကျာ်း ယောကျာ်းချင်း၊ မိန်းမ မိန်းမချင်းအပေါ် တပ်မက်မှု၊ မိဘ၊ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေအပေါ် ကောင်းကောင်း မကျင့်မှု၊ အမျိုးတွေထဲက ကြီးသူတွေကို မရိုသေမှုတွေမှ ရှောင်ကြဉ်ကြရင် ကောင်းမယ်လို့ တွေးပြီး ရှောင်ကြဉ်ကြတယ်။

အသက် ရှည်လာကြတယ်။ ရုပ်ရည်အဆင်း လှပမှု တိုးတက်လာကြတယ်။

အသက် ၂၀ ရှည်တဲ့ လူတွေရဲ့ သားသမီးတွေဟာ အသက် ၄၀ ရှည်လာတယ်။

အသက် ၄၀ ရှည်တဲ့ လူတွေရဲ့ သားသမီးတွေဟာ အသက် ၈၀ ရှည်လာတယ်။

မိဘက ၈၀ ရှည်ရင် သားသမီးက ၁၆၀၊
မိဘက ၁၆၀ ရှည်ရင် သားသမီးက ၃၂၀၊
မိဘက ၃၂၀ ရှည်ရင် သားသမီးက ၆၄၀၊
မိဘက ၆၄၀ ရှည်ရင် သားသမီးက ၂ ထောင်၊
မိဘက ၂ ထောင် ရှည်ရင် သားသမီးက ၄ ထောင်၊
မိဘက ၄ ထောင် ရှည်ရင် သားသမီးက ၈ ထောင်၊

http://www.dhammadownload.com



မိဘက ၈ ထောင် ရှည်ရင် သားသမီးက ၂ သောင်း၊ မိဘက ၂ သောင်း ရှည်ရင် သားသမီးက ၄ သောင်း၊ မိဘက ၄ သောင်း ရှည်ရင် သားသမီးက ၈ သောင်း ရှည်မယ်။

အဲဒီအခါ သမီးပျိုတွေဟာ အသက် ၅၀၀ မှာ အိမ်ထောင်ပြု ကြလိမ့်မယ်။

(ပါထိကပါဠိ၊ ၆၁၊ ၆၂)

## လူတွေရဲ့ အသက် ၈ သောင်းတန်းက ဖြစ်ရပ်များ

၁။ အနာရောဂါ ၃ မျိုး ရှိတယ်။ (၁) ငါ့အား ထမင်းပေးကြပါ လို့ ဖြစ်တဲ့ တဏှာ၊ (၂) ထမင်းစားပြီး ထမင်းဆီယစ်လို့ အိပ်ချင်မှုကြောင့် ခန္ဓာကိုယ် ထိုင်းမှိုင်းမှု၊ (၃) ထင်ရှားတဲ့ အိုမှု။

၂။ ဒီဇမ္ဗူဒိပ်ကျွန်းဟာ စည်ပင်ပြန့်ပြောတယ်။ ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တွေဟာ ကြက်ပျံတကျ စည်ကားတယ်။ အဝီစိငရဲပမာ လူတွေနဲ့ ထိစပ်နေတယ်။ ဥပမာ ကျူတော၊ အနှစ်ရှိတဲ့ တောလိုပါပဲ။

၃။ ဒီဗာရာဏသီပြည်ဟာ ကေတုမတီဆိုတဲ့ မင်းနေပြည်တော် ဖြစ်မယ်။ စည်ပင်ပြန့်ပြောမယ်။ လူများမယ်။ လူရောပြွန်းမယ်။ စားစရာ ပေါမယ်။

၄။ ဒီဇမ္ဗူဒိပ်မှာ ကေတုမတီနေပြည်တော် အမှူးရှိတဲ့ မြို့ပေါင်း ၈ သောင်း ၄ ထောင် ရှိမယ်။

၅။ ကေတုမတီမှာ သခ်မည်တဲ့ စကြဝတေးမင်း ဖြစ်လိမ့်မယ်။

(ပါထိကပါဠိ၊ ၆၁၊ ၆၂)

http://www.dhammadownload.com



## မေတ္တေယျဘုရားရှင်

အသက်တမ်းဟာ မရေမတွက်နိုင်အောင်ထိ ရောက်ပြီးမှ ဆုတ်ယုတ်လာတဲ့အခါ သက်တန်း ၈ သောင်း ၄ ထောင် ရောက်လာတဲ့အခါ လောကမှာ မေတ္တေယျဘုရား ပွင့်ပါလိမ့်မယ်။ ရဟန်းသံဃာထောင်ပေါင်းများစွာကို ဦးဆောင်ပါလိမ့်မယ်။ ဥပမာ ဂေါတမဘုရားဟာ ရဟန်းသံဃာ ရာပေါင်းများစွာကို ဦးဆောင်သလိုပါပဲ။

(ပါထိကပါဠိ၊ ၆၃)

## ရဟန္တာ မလုပ်တာ ၉ ခု

၁။ သတ္တဝါကို သေစေလိုတဲ့ စိတ်နဲ့ မသတ်၊
၂။ သူတစ်ပါး မပေးတာကို မခိုးယူ၊
၃။ မေထုန် မမှီဝဲ၊
၄။ သိလျက် လိမ်ညာမပြော၊
၅။ လူ့ဘဝတုန်းကလို ဝတ္ထုကာမ၊ ကိလေသာကာမတို့ကို သိုမှီးသိမ်းဆည်းပြီး မသုံးဆောင်၊
၆။ ချစ်လို့ မလိုက်သင့်တဲ့ဘက်ကို မလိုက်၊
၇။ မုန်းလို့ မလိုက်သင့်တဲ့ဘက်ကို မလိုက်၊
၈။ မသိလို့ မလိုက်သင့်တဲ့ဘက်ကို မလိုက်၊
၉။ ကြောက်လို့ မလိုက်သင့်တဲ့ဘက်ကို မလိုက်၊

(ပါထိကပါဠိ၊ ၁၁၀)

## ငှက်ပျောပင်

အနှစ်ကို အလိုရှိသူဟာ ငှက်ပျောပင်ကို ဖြတ်ပြီး ခွဲရင် အနှစ်ကို

http://www.dhammadownload.com



မရနိုင်သလို လောကမှာ အယူအမျိုးမျိုးရှိတဲ့ တိတ္ထိတွေဟာ နိဗ္ဗာန်နဲ့ ကင်းဆိတ်ကြတယ်။ လွဲကြတယ်။

(အပဒါနပါဠိ၊ ပ၊ ၂၆)

## သာသနာနဲ့ စင်ကြယ်မှု

ဘုရားသာသနာမှတစ်ပါး အခြားသာသနာမှာ ကိလေသာမှ စင်ကြယ်တာ မရှိ၊ ပညာရှိအားလုံးဟာ ဘုရားသာသနာမှာ ကိလေသာ စင်ကြယ်ကြတယ်။

(အပဒါနပါဠိ၊ ပ၊ ၂၆)

## ဆရာရှိရာသို့

ငါ (သာရိပုတ္တရာ) ရဲ့ ဆရာ အရှင်အဿဇိ ရှိရာအရပ်ကို ငါဟာ (သာရိပုတ္တရာဟာ) ဦးခေါင်းပြုတယ်။ (အပဒါနပါဠိ၊ ပ၊ ၃၄)

## အရှင်သာရိပုတ္တရာရဲ့ဆန္ဒ

သုတ၊ ပညာ၊ သီလ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်ဟာ ငါ (သာရိပုတ္တရာ) ရဲ့ ဦးထိပ်မှာ တည်ချင်တည်ပါစေ၊ အလိုဆိုးရှိ၊ ပျင်းရိ၊ သုတမရှိ၊ ဆရာ ဥပဇ္ဈာယ်စသူတွေအပေါ် ကျင့်ဝတ်မကျေပွန်သူဟာ ဘယ်နေရာမှာမှ ငါနဲ့အတူ မပေါင်းဆုံမိပါစေနဲ့။

(အပဒါနပါဠိ၊ ပ၊ ၃၃)

## အရှင်မောဂ္ဂလာန်ရဲ့ စိတ်ထား

ငါဟာ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတယ်ဆိုပြီး ဖြစ်တဲ့မာန

http://www.dhammadownload.com



ကို ငါ့မှာ မမြင်ပါ။ အဲဒီမာန ငါ့မှာ မရှိပါ။ ကိုရင်တွေကစပြီး ရဟန်းသံဃာအားလုံးအပေါ်မှာ ရိုသေလေးစား မြတ်နိုးစိတ် ထားပါတယ်။

(အပဒါနပါဠိ၊ ပ၊ ၃၆)

## ဘုရားရှင်ပေးတဲ့ ဆေးအမျိုးမျိုး

ဘုရားရှင်က အချို့အား အန်ဆေး၊ အချို့အား ဝမ်းလျှောဆေး၊ အချို့အား လတ်တလော သေစေနိုင်တဲ့ အဆိပ်၊ အချို့အား ဆေးပေးတယ်။

မဂ်မှာ တည်တဲ့ မဂ္ဂဋ္ဌပုဂ္ဂိုလ်တွေအား ဘုရားရှင်က သံသရာကို စွန့်အန်ဆေး ပေးတယ်။ ဖိုလ်မှာ တည်တဲ့ ဖလဋ္ဌပုဂ္ဂိုလ်တွေအား သံသရာမှ လျှောကျဆေး ပေးတယ်။ ဖိုလ်ကို ရပြီး တည်နေကြသူတွေအား နိဗ္ဗာန်ဆေး ပေးတယ်။ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရှာမှီးသူတို့အား ကောင်းမှုမျိုးစေ့ စိုက်ပျိုးဖို့ လယ်ယာမြေကောင်းနဲ့ သံဃာဆေး ပေးတယ်။ (အပဒါနပါဠိ၊ ပ၊ ၅၁)

## အဆိပ်သင့်သူ

သာသနာနဲ့ ဆန့်ကျင်သူတွေအား လတ်တလော သေစေနိုင်တဲ့ အဆိပ်နဲ့တူတဲ့ အကုသိုလ်အကြောင်းကို ဘုရားရှင်က ဟောပြတယ်။ ကိုက်လိုက်ရုံနဲ့ ပြာဖြစ်စေနိုင်လောက်အောင် အဆိပ်ပြင်းတဲ့ မြွေဟာ အကိုက်ခံရသူကို မီးလောင်ကျွမ်းစေကာ ဒုက္ခရောက်စေသလို သာသနာနဲ့ ဆန့်ကျင်တဲ့ သဒ္ဓါမရှိသူ မကောင်းမှုရှင်ကို မကောင်းမှုက အပါယ်လေးပါးမှာ လောင်ကျွမ်းစေပါတယ်။

သေစေနိုင်တဲ့ အဆိပ်ဟာ တစ်ကြိမ်သောက်လိုက်ရုံနဲ့ သောက်သူ

http://www.dhammadownload.com



ကို သေစေသလို သာသနာမှာ ဆန့်ကျင်သူဟာ ကမ္ဘာပေါင်းတစ်ကုဋေ မှာ လောင်ကျွမ်းခံရတယ်။

(အပဒါနပါဠိ၊ ပ၊ ၅၁)

## မဆန့်ကျင်ပါနဲ့

ဘုရားရှင်ဟာ ခန္တီ၊ မညှဉ်းဆဲမှု၊ မေတ္တာစိတ်တွေနဲ့ လောက သတ္တဝါအပေါင်းကို သံသရာက ဆယ်တင်တယ်။ ဒါကြောင့် ဘုရားရှင် တွေကို မဆန့်ကျင်ထိုက်။

ဘုရားရှင်တွေက မြေကြီးလိုပါပဲ။ လာဘ်ရရ၊ မရရ သူတစ်ပါး တွေက လေးစားစား မစားစား မတုန်လှုပ်ကြ၊ ဒါကြောင့် ဘုရားရှင်တွေ ကို မဆန့်ကျင်ထိုက်။

(အပဒါနပါဠိ၊ ပ၊ ၅၁)

## ညီမျှစိတ်ပိုင်ရှင်

သူ့ကိုသတ်တဲ့ ဒေဝဒတ်၊ အင်္ဂုလိမာလ၊ နာဠာဂိရိဆင်တွေအပေါ် ဘုရားရှင်ဟာ ဒေါသမဖြစ်၊ သူ့သား ရာဟုလာအပေါ် ချစ်မှုရာဂ မဖြစ်၊ ဘုရားရှင်ဟာ သတ္တဝါအားလုံးအပေါ် တန်းတူညီမျှတဲ့ စိတ်ထား ရှိ တော်မူတယ်။ (အပဒါနပါဠိ၊ ပ၊ ၅၁)

## သင်္ကန်း

လမ်းမှာ ပစ်ထားတဲ့ ကျင်ကြီးပေလူးနေတဲ့ သင်္ကန်းကို မြင်ရင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်သာဝကတွေကို ပြတတ်တဲ့ အဲဒီ သင်္ကန်းကို လက်ဆယ်ဖြာ ထိပ်မှာ မိုးပြီး ရှိခိုးရမယ်။

http://www.dhammadownload.com



ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ ဘုရားအားလုံးဟာ အဲဒီသင်္ကန်းနဲ့ ကိလေသာကင်းကာ စင်ကြယ်သွားကြတယ်။ ဒါကြောင့် အဲဒီသင်္ကန်းကို ရှိခိုးရမယ်။

(အပဒါနပါဠိ၊ ပ၊ ၅၂)

## အခွင့်ကောင်း

ဘုရားပွင့်နေတဲ့ အခွင့်ကောင်းကို လက်မလွှတ်ကြစေနဲ့၊ မှန်တယ်၊ ဒီအခွင့်ကောင်းကို လက်လွှတ်သွားသူတွေဟာ 'ငါတို့ဘုန်းကံမရှိလေစွ၊ ပညာမရှိလေစွ' လို့တွေးကာ ဝမ်းနည်းကြရတယ်။ မိမိရဲ့ အကျိုးစီးပွားတွေကို အားထုတ်ကြ၊ ဒီအခွင့်ကောင်းကြီးဟာ သင်တို့ထံမှောက် ဆိုက်ရောက်နေပါတယ်။

(အပဒါနပါဠိ၊ ပ၊ ၅၁)

## အဖေနဲ့သား

တိတ္တိတူးငှက်ဟာ သူ့ဥကို စောင့်ရှောက်သလို၊ စာမရီသားကောင်းဟာ သူ့အမြီးကို စောင့်ရှောက်သလို ဘုရားရှင်ဟာ ငါ (ရာဟုလာ) ကို စောင့်ရှောက်တော်မူတယ်။

(အပဒါနပါဠိ၊ ပ၊ ၆၇)

## ဘုရားရှင်တွေရဲ့အဆုံးအမ

ပျင်းရိတာကို အပါယ်ဆင်းရဲရောက်စေနိုင်တာမို့ ကြောက်စရာပဲလို့ မြင်သိပြီး မပျင်းရိ မတွန့်ဆုတ်ဘဲ ကြိုးစားတာကို နိဗ္ဗာန်ရောက်ကြောင်းလို့ မြင်သိကာ ကြိုးစားအားထုတ်ကြ၊ အဲဒါဟာ ငါဘုရားရှင်

http://www.dhammadownload.com



တွေရဲ့ အဆုံးအမပဲ။ ငြင်းခုံတာကို အပါယ်ရောက်စေနိုင်တဲ့ ဘေး အနေနဲ့ မြင်သိပြီး ငြင်းခုံမှုမှ ရှောင်ကြဉ်တာကို နိဗ္ဗာန်ရောက်ကြောင်း အနေနဲ့ မြင်သိကာ ညီညွတ်ကြ၊ သိမ်မွေ့ပြေပြစ်ကြ။ အဲဒါဟာ ငါဘုရားရှင်တွေရဲ့ အဆုံးအမပဲ။

သတိကင်းပြီး မေ့မေ့လျော့လျော့နေတာကို ဖြစ်လေရာရာမှာ ဆင်းရဲကြောင်း၊ ရုပ်ဆိုးကြောင်း၊ အစားအသောက် ရှားပါးကြောင်း၊ အပါယ်စသည်ရောက်ကြောင်းပဲလို့ ကြောက်စရာအနေနဲ့ မြင်သိပြီး နေရာတကာမှာ သတိနဲ့နေတာကို နိဗ္ဗာန်ရောက်ကြောင်းပဲလို့ ကြီးပွား ရေး အနေနဲ့ မြင်သိကာ မဂ္ဂင်ရှစ်ပါးကို ပွားများကြ။ အဲဒါဟာ ငါ ဘုရားရှင်တွေရဲ့ အဆုံးအမပဲ။

(အပဒါနပါဠိ၊ ပ၊ ၇)

## အကြောင်းနဲ့ အကျိုး

ဘုရားရှင်တွေဟာ ကြံစည်လို့ ရနိုင်တာတွေ မဟုတ်ကြ၊ ဘုရား ရှင်တွေ ဟောထားတဲ့ သတိပဋ္ဌာန်စတဲ့ တရားတွေဟာ (တစ်နည်း) ဘုရားရှင်တွေရဲ့ သဘောတွေဟာ ကြံစည်လို့ ရနိုင်တာတွေ မဟုတ် ကြ။ မကြံစည်အပ်၊ မကြံစည်နိုင်ကောင်းတဲ့ ဘုရားရှင်တွေနဲ့ ဘုရားရှင် တွေရဲ့ တရားတော်တွေကို ကြည်ညိုကြသူ နတ်လူတွေမှာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ပြည့်စုံမှုတွေဟာ ကြံစည်လို့ မရနိုင်အောင် ရေ တွက်လို့ မရနိုင်အောင် ရှိပါတယ်။

(အပဒါနပါဠိ၊ ပ၊ ၇)

## ရသေ့နဲ့ ရာဂစိတ်

ငါ့ (အရှင်သုဘူတိအလောင်း ကောသိယရသေ့) မှာ ရာဂစိတ် ဖြစ်လာတဲ့အခါ ကိုယ်တိုင်ပဲ ဉာဏ်နဲ့ ဆင်ခြင်ပြီး ပယ်တယ်။ ငါဟာ

http://www.dhammadownload.com



ကမ္မဋ္ဌာန်းအာရုံတစ်ခုမှာ စိတ်တည်အောင် ထားပြီး အဲဒီရာဂစိတ်ကို ဆုံးမတယ်။

(အပဒါနပါဠိ၊ ပ၊ ၇၄)

## ဗုဒ္ဓါနုဿတိအကျိုး

သင်ဟာ ဘာဝနာတွေထဲမှာ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓါနုဿတိ ဘာဝနာ (ဘုရားဂုဏ်တော်တွေကို အထပ်ထပ် အောက်မေ့ပွားများမှု) ကို ပွားများပါ။ အဲဒီသတိကို ပွားများရင် သင့်အလို ပြည့်လာပါလိမ့်မယ်။ နတ်ပြည်မှာ ကမ္ဘာပေါင်း ၃သောင်း ပျော်ရလိမ့်မယ်။ အကြိမ် ၈၀ သိကြားမင်းဖြစ်ပြီး နတ်ပြည်ကို အုပ်ချုပ်ရလိမ့်မယ်။ စကြဝတေး မင်း အကြိမ် ၁၀၀၀ ဖြစ်လိမ့်မယ်။ ကြီးကျယ်တဲ့ ပဒေသရာဇ်မင်း အဖြစ်ကတော့ မရေမတွက်နိုင်အောင်ပဲ ခံစားရလိမ့်မယ်။ ဘဝကြီး ငယ်မှာ ကျင်လည်ရတဲ့အခါ စည်းစိမ်ဥစ္စာများစွာကို ရလိမ့်မယ်။ ဥစ္စာမှာ လျော့သွားတာ မရှိ။ အဲဒါဟာ ဗုဒ္ဓါနုဿတိဘာဝနာရဲ့အကျိုးပဲ။

(အပဒါနပါဠိ၊ ပ၊ ၇၆၊ ၇၇)

## ငါးပါးသီလအကျိုး

ငါ (ပဉ္စသီလသမာဒါနိယထေရ်အလောင်း စာရင်းငှား သူခစား) ဟာ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခဲ့လို့ အသက်ရှည်တယ်၊ ဥစ္စာပေါများတယ်၊ ပညာထက်မြက်တယ်။

(အပဒါနပါဠိ၊ ပ၊ ၈၆)

## အဆိပ်နဲ့သစ္စာ

'ဒီသုဝဏ္ဏသာမဟာ ရှေးက သုစရိုက် ၁၀ ပါးကို ကျင့်ခဲ့ပါ

http://www.dhammadownload.com



တယ်။ အကျင့်မြတ်ကို ကျင့်ခဲ့ပါတယ်။ အမှန်ကို ပြောခဲ့ပါတယ်။ မိဘကို ပြုစုလုပ်ကျွေးခဲ့ပါတယ်။ အရိုအသေပြုခဲ့ပါတယ်။ ငါတို့အသက်ထက် သားဖြစ်တဲ့ သုဝဏ္ဏသာမကို ပိုချစ်ပါတယ်။ ငါတို့မိဘနှစ်ပါး ပြောကြားတဲ့ ဒီသစ္စာစကားကြောင့်ရော ငါတို့မိဘနှစ်ပါး ပြုထားတဲ့ ကုသိုလ်ကောင်းမှု အားလုံးကြောင့်ပါ သုဝဏ္ဏသာမမှာ ရှိနေတဲ့ အဆိပ် ပြယ်ပျောက်ပါစေ။'

မိခင်ဖြစ်သူ ပါရိကာက အရင် သစ္စာဆိုပါတယ်။ သုဝဏ္ဏသာမဟာ အခြားတစ်ဖက်ကို ပြောင်းလှည့်ပြီး အိပ်ပါတယ်။ ဖခင် ဒုကူလက နောက်မှ ဆိုပါတယ်။ အခြားတစ်ဖက်ကို ပြောင်းလှည့်ပြီး အိပ်သွားပါတယ်။ နောက်ဆုံးမှာ သုဝဏ္ဏသာမရဲ့ ၇ ခုမြောက်ဘဝမှာ မိခင်တော်စပ်ခဲ့ဖူးတဲ့ ဗဟုသုန္ဒရီနတ်သမီး သစ္စာစကား ဆိုတဲ့အခါ အကောင်းပကတိ ဖြစ်သွားပါတယ်။

နတ်သမီးရဲ့ သစ္စာစကားက

'ငါ့မှာ ဂန္ဓမာဒနတောင်မှာ အကြာကြီး နေခဲ့ပါတယ်။ ငါ့မှာ သုဝဏ္ဏသာမထက် ပိုပြီး ချစ်ရတဲ့သူ တစ်ယောက်မှ မရှိပါ။ ဂန္ဓမာဒနတောင်မှာ တောအားလုံးဟာ နံ့သာနဲ့ ပြီးကြပါတယ်။ ဒီသစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ ရှိတဲ့ အဆိပ် ပြယ်ပျောက်ပါစေ။'

**(ဇာတကပါဠိ၊ ၃၊ ၁၈၁/၂)**

## နတ်ကုသခံရသူ

မိဘကို တရားသဖြင့် ပြုစုကျွေးမွေးစောင့်ရှောက်သူမှာဖြစ်တဲ့ ရောဂါကို နတ်တွေကတောင် ဆေးကုပေးကြတယ်။ ဒီဘဝမှာပဲ သူ့ကို ပညာရှိတွေ ချီးမွမ်းကြတယ်။ နောက်ဘဝရောက်တော့ နတ်ပြည်မှာ ပျော်ရွှင်ရတယ်။

**(ဇာတကပါဠိ၊ ၃၊ ၁၈၃)**

http://www.dhammadownload.com



# ငှက်ရဲ့ဩဝါဒ

၁။ မိဘတွေကို ပြုစုပါ။

၂။ သားသမီးအပေါ် မိဘကျင့်ဝတ်၊ ဇနီးအပေါ် ခင်ပွန်းကျင့်ဝတ် ကျေပွန်ပါစေ။

၃။ မိတ်ဆွေ၊ ဘဝတူတွေအပေါ် သင်္ဂဟဝတ္ထု ၄ ပါးနဲ့ ချီးမြှောက်ပါ။

၄။ ဆင်၊ မြင်းစသော ယာဉ်နဲ့စစ်တပ်အား ပေးသင့်တာ ပေးပါ။ ဆင်၊ မြင်းစသည် အိုလာတဲ့အခါ အလုပ်လုပ်မခိုင်းပါနဲ့။

၅။ ရွာသူ ရွာသား၊ နိဂုံးသူ နိဂုံးသားတွေကို ဒဏ်တပ်ပြီး မညှဉ်းဆဲပါနဲ့။

၆။ နိုင်ငံနဲ့ ဇနပုဒ်ကို အကြောင်းမရှိဘဲ မပင်ပန်းပါစေနဲ့။ စီးပွားကို လိုလားပါ။

၇။ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေအား ပစ္စည်းလေးပါး လှူဒါန်းပါ။

၈။ သားငှက်၊ သားသမင်တွေအား ဘေးမဲ့ပေးပါ။

၉။ သုစရိုက် ၁၀ ပါးကို ကျင့်ပါ။ ကျင့်ရင် ချမ်းသာမယ်၊ နတ်ပြည်ရောက်မယ်။

၁၀။ သုစရိုက် ၁၀ ပါးကို ကျင့်ပါ။ နတ် ဗြဟ္မာတွေဟာ ဒီတရားကျင့်လို့ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်ကြတယ်။ တရားကို မမေ့ပါနဲ့။

ဘုရားလောင်း ဇမ္ဗုကငှက်က အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်းအား ပေးတဲ့ ဩဝါဒ ၁၀ ချက် ဖြစ်ပါတယ်။

(ဇာတကပါဠိ၊ ၃၊ ၄/၅)

http://www.dhammadownload.com



# အချည်းနှီးပဲ

မြစ်ဟာ ရေ မရှိရင် အချည်းနှီးပဲ။ နိုင်ငံဟာ မင်း မရှိရင် အချည်းနှီးပဲ။ မိန်းမဟာ မောင် ၁၀၀ ယောက် ရှိပေမယ့် လင်မရှိရင် အချည်းနှီးပဲ။

(ဇာတကပါဠိ၊ ၃၊ ၃၂၇)

# အမှတ်အသား

တံခွန်ဟာ ရထားရဲ့ အမှတ်အသားပဲ။ မီးခိုးဟာ မီးရဲ့ အမှတ်အသားပဲ။ မင်းဟာ တိုင်းပြည်ရဲ့ အမှတ်အသားပဲ။ လင်ဟာ မိန်းမရဲ့ အမှတ်အသားပဲ။

(ဇာတကပါဠိ၊ ၃၊ ၃၂၇)

# အေးအတူ ပူအမျှ

ကျော်စောမှုမရှိတဲ့ မိန်းမဟာ လင်နဲ့ ဆင်းရဲအတူ၊ ချမ်းသာအတူ ဖြစ်ရတယ်။ အဲဒီလိုမိန်းမကို နတ်တွေက တကယ်ပဲ ချီးမွမ်းကြတယ်။ မှန်တယ်၊ အဲဒီမိန်းမဟာ လုပ်နိုင်ခဲတဲ့ အလုပ်ကို လုပ်သူပဲ။

(ဇာတကပါဠိ၊ ၃၊ ၃၂၇)

# စွန့်လွှတ်ခြင်း

ပညာရှိဟာ ခြေ လက်စတဲ့အင်္ဂါအတွက် ဥစ္စာကို စွန့်ရပါတယ်။ အသက်ကို စောင့်ရှောက်ဖို့ရာအတွက် ခြေ လက်စတဲ့အင်္ဂါကို စွန့်ရပါတယ်။ သူတော်ကောင်းတရားကို အဖန်ဖန် အောက်မေ့သူဟာ ကိုယ်လက်အင်္ဂါ၊ ဥစ္စာ၊ အသက် အကုန်လုံးကို စွန့်ရပါတယ်။

(ဇာတကပါဠိ၊ ၃၊ ၁၄၅)

http://www.dhammadownload.com



## လဆန်း လဆုတ်

လဆုတ်ပိုင်းက လဟာ နေ့တိုင်း နေ့တိုင်း ဆုတ်ယုတ်သာ ဆုတ်ယုတ်လာပါတယ်။ မသူတော်တွေနဲ့ ပေါင်းရတာဟာ လဆုတ်ပိုင်းက လနဲ့ တူပါတယ်။

လဆန်းပိုင်းက လဟာ နေ့တိုင်း နေ့တိုင်း တိုးတိုးပြီး သာလာပါတယ်။ သူတော်ကောင်းတွေနဲ့ ပေါင်းရတာဟာ လဆန်းပိုင်းက လနဲ့ တူပါတယ်။

(ဇာတကပါဠိ၊ ၃၊ ၁၄၇)

## မကောင်းဘူး

အနိုင်မယူထိုက်တဲ့ မိဘကို အနိုင်ယူရင် အဲဒီမင်းဟာ မင်းကောင်း မဟုတ်၊ မိတ်ဆွေကို ကောက်ကျစ်မှုနဲ့ အနိုင်ယူရင် မိတ်ဆွေကောင်း မဟုတ်၊ လင်ကောင်းကို မကြောက်ရင် မယားကောင်း မဟုတ်၊ မိဘအိုကို မလုပ်ကျွေးရင် သားကောင်း သမီးကောင်း မဟုတ်။

(ဇာတကပါဠိ၊ ၃၊ ၁၄၈)

## ပညာရှိ

ပညာရှိတွေ မရှိတဲ့ နေရာဟာ အစည်းအဝေးသဘင် မဟုတ်၊ အမေးခံရတဲ့အခါ အမှန်သဘာဝကို မပြောရင် ပညာရှိ မဟုတ်။ ပညာရှိတွေဆိုတာ ရာဂ၊ ဒေါသ၊ မောဟတွေကို ဖယ်ရှားပြီး အမှန်တရားကိုသာ ပြောဆိုကြတယ်။

(ဇာတကပါဠိ၊ ၃၊ ၁၄၈)

http://www.dhammadownload.com



## ညအခါ အအိပ်နည်းပြီး နိုးကြားမှုများသူ ၅ ဦး

၁။ ယောကျ်ားနဲ့ မေထုန်မှီဝဲလိုတဲ့ မိန်းမ၊
၂။ မိန်းမနဲ့ မေထုန်မှီဝဲလိုတဲ့ ယောကျ်ား၊
၃။ ခိုးယူဖို့ စိတ်စောနေတဲ့ သူခိုး၊
၄။ မင်းကိစ္စတွေမှာ အားထုတ်နေတဲ့ မင်း၊
၅။ နိဗ္ဗာန်ရလိုတဲ့ ရဟန်း၊

(အံ၊ ပါဠိ၊ ၃၊ ၁၃၈)

## ရှင်ဘုရင့်သားအကြီးဟာ အိမ်ရှေ့မင်းအဖြစ်ကို လိုလားရင်

၁။ အမျိုးဇာတ် ကောင်းရမယ်၊
၂။ ရုပ်လှရမယ်၊
၃။ မိဘတွေရဲ့ ချစ်မြတ်နိုးခံရမယ်၊
၄။ စစ်တပ်ရဲ့ ချစ်မြတ်နိုးခံရမယ်၊
၅။ ပညာရှိရမယ်။

ရဟန်းဟာ ရဟန္တာ ဖြစ်ချင်ရင်

၁။ သီလရှိရမယ်၊
၂။ အကြားအမြင် များရမယ်၊
၃။ သတိပဋ္ဌာန်လေးပါး ပွားများရမယ်၊
၄။ အကုသိုလ်ကို ဖယ်ရှားပြီး ကုသိုလ်ပွားအောင် ကြိုးစားရမယ်။
၅။ ဖြစ်ပျက်သိဉာဏ် ရှိရမယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၃၆/ ၇)

http://www.dhammadownload.com



## ရဟာန်းရဲ့ ဆင်းရဲနဲ့ ချမ်းသာ

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးမှာ မရောင့်ရဲမှုနဲ့ မပျော်ဘဲ တရားကျင့်နေရမှုတွေဟာ ရဟာန်းရဲ့ ဆင်းရဲတွေပဲ။ ပစ္စည်းလေးပါးမှာ ရောင့်ရဲမှုနဲ့ ပျော်ပျော်ရွှင်ရွှင် တရားကျင့်ရတာဟာ ရဟာန်းရဲ့ ချမ်းသာတွေပဲ။

(အံ၊ ပါဠိ၊ ဒု၊ ၁၂၉)

## ဖြစ်လာရင် ပယ်ဖို့ ခက်တယ်

၁။ ရာဂ၊ ၂။ ဒေါသ၊ ၃။ မောဟ၊ ၄။ စကားပြောလိုစိတ်၊ ၅။ ခရီးသွားလိုစိတ်။

(အံ၊ ပါဠိ၊ ဒု၊ ၁၆၂)

## သူတစ်ပါးအား တရားဟောသူမှာ

၁။ ဒါနပြီးရင် သီလ၊ သီလပြီးရင် နတ်ပြည်အကြောင်း ဟောမယ် စသည်ဖြင့် ဟောစဉ်အတိုင်း ဟောမယ်လို့ စိတ်ထားရတယ်။

၂။ အနက်အဓိပ္ပာယ်ရဲ့ အကြောင်းကို ပြပြီး တရားဟောမယ်လို့ စိတ်ထားရမယ်။

၃။ အကျပ်အတည်း ရောက်နေသူတွေ အကျပ်အတည်းမှ လွတ်ကြပါစေလို့ သနားစိတ်ထားရတယ်။

၄။ လာဘ်လာဘကို မျှော်ကိုးစိတ် မရှိရ။

၅။ ကိုယ့်ကိုယ်ကို မြှောက်ပြီး သူတစ်ပါးကို မနှိမ်ချရ။

(အံ၊ ပါဠိ၊ ဒု၊ ၁၆၂)

http://www.dhammadownload.com



## ပြုစုရလွယ်တဲ့ လူနာ

၁။ သင့်တော်လျောက်ပတ်တာကို လုပ်တယ်။
၂။ သင့်တော်ရာမှာ အတိုင်းအရှည်ကို သိတယ်။
၃။ ဆေးကို မှီဝဲတယ်။
၄။ အကျိုးကို လိုလားတဲ့ ပြုစုသူအား ရောဂါရဲ့ အတိုး အဆုတ် ရပ်တန့်တဲ့ အနေအထားကို အမှန်အတိုင်း ပြောပြတယ်။
၅။ ပြင်းထန်တဲ့ ကိုယ်ဆင်းရဲတွေကို သည်းခံနိုင်တယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၂၇)

## လူနာကို အပြုအစုကောင်းသူ

၁။ ဆေးကို စီရင်နိုင်စွမ်းရှိတယ်။
၂။ သင့် မသင့် သိတယ်။ မသင့်တာကို ပယ်ရှားတယ်၊ သင့်တာကို ပေးတယ်။
၃။ ပစ္စည်းကို မမျှော်လင့်၊ မေတ္တာစိတ်ရှိတယ်။
၄။ ကျင်ကြီး၊ ကျင်ငယ်၊ အန်ဖတ်၊ တံတွေးကို ဖယ်ရှားပေးဖို့ မရွံ။
၅။ တစ်ခါတစ်ရံ တရားစကားနဲ့ လူနာကို စိတ်ရွှင်လန်း တက်ကြွလာစေတယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၂၇)

## ဘုရားရှင်နဲ့ ခြသေ့်

ခြသေ့်မင်းဟာ ညနေချမ်းအခါ နေရာက ထွက်ပြီး တင့်တယ်စွာ စမွင်တယ်။ ပတ်ဝန်းကျင် အရပ်လေးမျက်နှာကို ကြည့်တယ်။

http://www.dhammadownload.com



၃ ကြိမ် ဟိန်းတယ်။ ပြီးတော့ စားကျက်အတွက် လှည့်လည်သွားတယ်။ ဆင်၊ ကျွဲ၊ နွား၊ ကျားသစ်တွေကို ဖမ်းယူတဲ့အခါ အထင်မသေးဘဲ မလွဲချော်စေဘဲ ဖမ်းယူတယ်။ သားကောင်ငယ်လေးတွေကို အောက်ထစ်ဆုံးအားဖြင့် ယုန်၊ ကြောင်တွေကို ဖမ်းယူရင်တောင် အထင်မသေးဘဲ၊ မလွဲချော်စေဘဲ ဖမ်းယူတယ်။ အကြောင်းကတော့ သူ့ရဲ့ကြိုးစားမှု အကြောင်းတရား မလျော့ပါး၊ မပျက်သွားစေလိုလို့ပါပဲ။

ဘုရားရှင်ဟာ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတွေအား တရားဟောတဲ့အခါ လေးလေးစားစားပဲ ဟောပါတယ်။ မလေးမစား မဟောပါ။ ပုထုဇဉ်တွေအားလည်း အောက်ထစ်ဆုံးအားဖြင့် သူတောင်းစား၊ ငှက်မုဆိုးတွေအား ဟောရင်တောင် လေးလေးစားစား ဟောပါတယ်။ မလေးမစား မဟောပါ။ အကြောင်းကတော့ ဘုရားရှင်ဟာ တရားကို ရိုသေလေးစားလို့ပါပဲ။

(အံ၊ ပါဠိ၊ ၃၊ ၁၀၆/၇)

## အမြတ်ဆုံး ၆ ခု

၁။ ဆင်၊ မြင်း၊ ပတ္တမြားရတနာတွေ၊ အယုတ် အမြတ် အဆင်းအာရုံ၊ အယူလွဲမှားတဲ့ သမဏ၊ ဗြာဟ္မဏတွေကို မြင်ရတာဟာ မမြင့်မြတ်၊ နိဗ္ဗာန်ရဖို့ မဟုတ်။
ဘုရားနဲ့ ဘုရားတပည့်တွေကို စွဲမြဲတည်တဲ့ သဒ္ဓါတရားနဲ့ ဖူးရတာဟာ မြင်ရတာတွေထဲမှာ အမြတ်ဆုံးပဲ၊ နိဗ္ဗာန်ရကြောင်းဖြစ်တယ်။

၂။ စည်သံ၊ စောင်းသံ၊ သီချင်းသံ၊ အယုတ် အမြတ်အသံ၊ အယူလွဲမှားတဲ့ သမဏ၊ ဗြာဟ္မဏတွေရဲ့ တရားသံတွေဟာ မမြင့်မြတ်၊ နိဗ္ဗာန်ရဖို့ မဟုတ်။

http://www.dhammadownload.com



ဘုရားနဲ့ ဘုရားတပည့်တွေရဲ့ တရားသံကို စွဲမြဲတည်တဲ့ သဒ္ဓါ တရားနဲ့ နာယူရတာ ကြားရတာတွေထဲမှာ အမြတ်ဆုံးပဲ၊ နိဗ္ဗာန်ရကြောင်း ဖြစ်တယ်။

၃။ သား သမီး၊ ဇနီး၊ ပစ္စည်းဥစ္စာ၊ အယုတ် အမြတ်ပစ္စည်း၊ အယူလွဲမှားသူတွေအပေါ် ယုံကြည်မှုကို ရတာတွေဟာ မမြင့်မြတ်၊ နိဗ္ဗာန်ရဖို့မဟုတ်။
ဘုရားနဲ့ ဘုရားတပည့်အပေါ် ယုံကြည်မှု ရရင် အဲဒီရတာဟာ ရတာတွေထဲမှာ အမြတ်ဆုံးပဲ၊ နိဗ္ဗာန်ရကြောင်းပဲ။

၄။ ဆင်စီး၊ မြင်းစီး၊ ရထားစီးအတတ်၊ လေးအတတ်၊ ဓားသိုင်း အတတ်၊ အယုတ်အမြတ်အလတ်အတတ်နဲ့ အယူမှားကို တတ်တာ၊ ကျင့်သုံးတာဟာ မမြင့်မြတ်၊ နိဗ္ဗာန်ရဖို့ မဟုတ်။
ဘုရားသာသနာမှာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကို ကျင့်တာဟာ အကျင့်တွေထဲမှာ အမြတ်ဆုံးပဲ၊ နိဗ္ဗာန်ရကြောင်းပဲ။

၅။ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ အယုတ်အမြတ်အလတ်ပုဂ္ဂိုလ်၊ အယူလွဲမှားသူတွေကို ပြုစုရတာဟာ မမြင့်မြတ်၊ နိဗ္ဗာန်ရဖို့ မဟုတ်။
ဘုရားနဲ့ ဘုရားတပည့်ကို စွဲမြဲတဲ့သဒ္ဓါနဲ့ ပြုစုရတာဟာ ပြုစုရတာတွေထဲမှာ အမြတ်ဆုံးပဲ၊ နိဗ္ဗာန်ရကြောင်းပဲ။

၆။ သား သမီး၊ ဇနီး၊ ပစ္စည်းဥစ္စာ၊ အယုတ်အမြတ်ပစ္စည်း၊ အယူလွဲမှားသူတွေကို သတိရတာဟာ မမြင့်မြတ်၊ နိဗ္ဗာန်ရဖို့ မဟုတ်။
ဘုရားနဲ့ ဘုရားတပည့်ကို စွဲမြဲတဲ့သဒ္ဓါနဲ့ သတိရတာဟာ သတိရတာတွေထဲမှာ အမြတ်ဆုံးပဲ၊ နိဗ္ဗာန်ရကြောင်းပဲ။

(အံ၊ ပါဠိ၊ ၃၊ ၂၈၆)

## လူ့ဘဝဖြစ်စဉ်

၁။ ပဋိသန္ဓေစိတ်နဲ့အတူ ကလလရေကြည် ဖြစ်တယ်။

http://www.dhammadownload.com



၂။ နောက် ၇ ရက်လွန်တဲ့အခါ အသားဆေးရေ အဆင်းရှိတဲ့ အမြှုပ် ဖြစ်တယ်။

၃။ အဲဒီကနောက် ၇ ရက်လွန်တဲ့အခါ မွမွကြေနေတဲ့ ခဲပုပ်နဲ့တူတဲ့ အသားတစ် ဖြစ်တယ်။

၄။ အဲဒီကနောက် ၇ ရက်လွန်တဲ့အခါ ကြက်ဥသဏ္ဍာန်ရှိတဲ့ အသားစိုင် ဖြစ်တယ်။

၅။ ၅ ခုမြောက် ၇ ရက်မှာ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ဦးခေါင်း ဆိုတဲ့ ခက်မငါးဖြာ ဖြစ်တယ်။

၆။ ၄၂ ခုမြောက် ၇ ရက်မှာ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်းတွေ ဖြစ်လာတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၂၀၈)

## သန္ဓေသားရဲ့အာဟာရ

မိခင် စားသောက်တဲ့ စားဖွယ် သောက်ဖွယ်နဲ့ အမိဝမ်းထဲက သန္ဓေသားဟာ မျှတနေတယ်။ (သန္ဓေသားရဲ့ ချက်ကြိုးဟာ မိခင်ရဲ့ ဝမ်းပျဉ်းနဲ့ ဆက်စပ်နေတယ်။ အဲဒီချက်ကြိုးမှာ ကြာရိုးလို အပေါက် ပါတယ်။ အဲဒါနဲ့ အာဟာရအရည်က ပျံ့နှံ့ပြီး အာဟာရဇရုပ်ကို ဖြစ်စေတယ်။ ဒီနည်းနဲ့ သန္ဓေသားဟာ ၁၀ လ ကြာ မျှတနေတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၂၀၈၊ ဋ္ဌ၊ ၂၇၅)

## သားနဲ့တရား

ချစ်ရတဲ့ သားသမီးကရော ခင်ပွန်းကပါ အို၊ နာ၊ သေစတဲ့ သံသရာဆင်းရဲက မလွတ်မြောက်စေနိုင်ပါ။ သူတော်ကောင်းတရားကို ကြားနာရတာဟာ သတ္တဝါတွေကို သံသရာဆင်းရဲက လွတ်မြောက်စေ နိုင်ပါတယ်။ (သံယုတ်ပါဠိ၊ ပ၊ ၂၁၂)

http://www.dhammadownload.com



# ငယ်တယ်ဆိုပြီး အထင်မသေးသင့် အနိုင်မယူသင့်တဲ့သူ ၄ ဦး

၁။ မင်း၊ ၂။ မြွေ၊ ၃။ မီး၊ ၄။ ရဟန်း

မင်းသားဟာ ရှင်ဘုရင်ဖြစ်လာတဲ့အခါ စိတ်ဆိုးရင် မထေမဲ့မြင် ပြုခဲ့သူကို ပြင်းထန်တဲ့မင်းဒဏ် တပ်နိုင်တယ်။ ဒါကြောင့် သူ့ကို ရှောင်ရတယ်။

အဆိပ်ပြင်းတဲ့ မြွေငယ်ကို သွားကိုင်ရင် ကိုင်သူလူမိုက်ကို ကိုက်သတ်နိုင်တယ်။ ဒါကြောင့် သူ့ကို ရှောင်ရတယ်။

မီးဟာ လောင်စာရရင် မီးတောက်ကြီးလာပြီး လူမိုက်ကို လောင်မြိုက်နိုင်တယ်။ ဒါကြောင့် သူ့ကို ရှောင်ရတယ်။

သီလနဲ့ ပြည့်စုံတဲ့ ရဟန်းဟာ သီလတန်ခိုးနဲ့ သီလရှိတဲ့ရဟန်း အပေါ် မရိုမသေပြုလုပ်သူကို ပူလောင်စေပါတယ်။ ဒုက္ခရောက်စေပါတယ်။ ဒါကြောင့် သူ့ကို ရှောင်ရတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၆၇/၉)

# သတ်တတ်တဲ့ တရား ၃ ပါး

အခွံအနှစ်ရှိတဲ့ ဝါးပင်၊ ကျူပင်ကို သူ့ရဲ့အသီးက သတ်သလို လောဘ၊ ဒေါသ၊ မောဟတွေက သူတို့ကို လက်ခံသူကို သတ်တတ်ပါတယ်။ စီးပွားမဲ့စေပါတယ်။ ဒုက္ခရောက်စေပါတယ်။ နေရတာ ချမ်းချမ်းသာသာ မဖြစ်စေပါ။ (သံယုတ်ပါဠိ၊ ပ၊ ၇၀)

# အို မအို

အလွန်ဆန်းကြယ်တဲ့ မင်းရထားတွေ အိုကြပါတယ်။ ခန္ဓာ

http://www.dhammadownload.com



ကိုယ်လည်း အိုပါတယ်။ သူတော်ကောင်းတွေရဲ့ နိဗ္ဗာန်တရားကတော့ မအိုပါ။

(သံယုတ်ပါဠိ၊ ပ၊ ၇၁)

## မိန်းမမြွတ်

ပညာမဲ့၊ ဖျင်းအတဲ့ သားထက် သီလ၊ ပညာရှိပြီး ယောက္ခမ၊ လင်တွေအပေါ် ရိုသေတဲ့ မိန်းမက သာပြီး မြတ်ပါတယ်။ အဲဒီမယား ကောင်းရဲ့သားဟာ ရဲရင့်ရင် အရပ်မျက်နှာရဲ့အကြီးအကဲဖြစ်ရင် တိုင်း နိုင်ငံကို ဆုံးမသွန်သင်နိုင်တယ်။

(သံယုတ်ပါဠိ၊ ပ၊ ၈၆)

## အကြောင်းတစ်ခု အကျိုးများစွာ

အသက်ရှည်မှု၊ ကျန်းမာမှု၊ အဆင်းလှမှု၊ နတ်ပြည်၊ အမျိုးမြတ်မှု၊ အခြားခြားကောင်းမြတ်တဲ့ ပျော်ရွှင်ဖွယ်တွေကို လိုလားရင် မမေ့ မလျော့တဲ့သတိ ရှိရမယ်။

(သံယုတ်ပါဠိ၊ ပ၊ ၈၇)

## အနိုင်အရှုံး

အောင်နိုင်သူဟာ ရန်ကို ပွားစေတယ်။ ရှုံးသူဟာ ဆင်းဆင်းရဲရဲ နေရတယ်။ အနိုင်အရှုံးကို ပယ်စွန့်ပြီး ငြိမ်းအေးသူဟာ ချမ်းချမ်းသာ သာ နေရတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၈၄)

http://www.dhammadownload.com



## အကောင်းဆုံး

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ ကာမဂုဏ် အာရုံငါးပါးထဲမှာ ကိုယ်ကြိုက်တာဟာ အကောင်းဆုံး။

(သံယုတ်ပါဠိ၊ ပ၊ ၈၀)

## အနှောင်အဖွဲ့

သံခြေကျင်း၊ သစ်သားနဲ့လုပ်ထားတဲ့ အနှောင်အဖွဲ့၊ ပြိန်းမြက်နဲ့ လုပ်ထားတဲ့ အနှောင်အဖွဲ့တွေဟာ ခါးစသည်နဲ့ ဖြတ်လို့ရတဲ့အတွက် ခိုင်မြဲတဲ့အနှောင်အဖွဲ့လို့ ပညာရှိတွေ မဆိုကြ၊ ပတ္တမြားနားတောင်း၊ သားသမီး၊ ဇနီးတွေအပေါ် စွဲလမ်းတပ်မက်မှုကို ခိုင်မြဲတဲ့ အနှောင် အဖွဲ့လို့ ပညာရှိတွေ ဆိုကြတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၇၇)

## အချစ်ဆုံး

အရပ်မျက်နှာအားလုံးကို စိတ်နဲ့ လှည့်လည်ရှာဖွေကြည့်တဲ့အခါ မိမိကိုယ်ထက် ပိုပြီး ချစ်ရသူကို ဘယ်မှာမှ မတွေ့ရပါ။ ကိုယ်ဟာ ကိုယ့်ကိုယ်ကို ချစ်သလို သူတစ်ပါးတွေကလည်း သူတို့ကိုယ်သူတို့ ချစ်ကြတယ်။ ဒါကြောင့် မိမိအကျိုးစီးပွားကို လိုလားသူဟာ သူတစ်ပါး ကို မညှဉ်းဆဲရ။

(သံယုတ်ပါဠိ၊ ပ၊ ၇၅)

## စိတ်မဆိုးတဲ့ သိကြားမင်း

ငါ (သိကြားမင်း) ဟာ စိတ်မဆိုး၊ စိတ်ဆိုးမှုရဲ့အလိုကို လိုက်

http://www.dhammadownload.com



ဖို့ မလွယ်၊ ငါစိတ်မဆိုးတာ ကြာပြီ၊ ငါ့သန္တာန်မှာ စိတ်ဆိုးမှု မတည်။

ငါ (သိကြားမင်း) ဟာ စိတ်ဆိုးပြီး ကြမ်းတမ်းတဲ့စကားကို မပြော၊ တရားတို့ကိုလည်း မဟောပြော၊ ကိုယ့်အကျိုးစီးပွားကို မြင်တဲ့ ငါဟာ ကိုယ့်ကိုယ်ကို ကောင်းကောင်း နှိပ်ကွပ်တယ်။

(သံယုတ်ပါဠိ၊ ၁၊ ၂၄၀)

## ရဖို့ မလွယ်

ဒီရှည်လျားလှတဲ့ သံသရာခရီးမှာ အမိ၊ အဖ၊ အစ်ကို၊ ညီ၊ အစ်မ၊ ညီမ၊ သား၊ သမီး မဖြစ်ဖူးသူကို ရဖို့ မလွယ်၊ အကြောင်းက တော့ သံသရာက အစမထင်ရှားလောက်အောင် ရှည်လျားလို့ပါပဲ။

(သံယုတ်ပါဠိ၊ ၁၊ ၃၉၅/၆)

## တစ်ကမ္ဘာသက်တမ်း

အလျားတစ်ယူဇနာ၊ အနံတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာရှိတဲ့ သံဂိုဒေါင်ထဲမှာ မုံညင်းစေ့အပြည့် ထည့်ထားရာ ယောကျာ်းက အနှစ် တစ်ရာ၊ တစ်ရာ လွန်မှ မုံညင်းစေ့တစ်စေ့ကို ထုတ်ပစ်တယ်။ မုံညင်းစေ့ ပုံကြီးသာ အလွန်မြန်မြန် ကုန်သွားမယ်။ တစ်ကမ္ဘာကတော့ မကုန်သေး၊ တစ်ကမ္ဘာဟာ ဒီလောက် ရှည်လျားတယ်။

(သံယုတ်ပါဠိ၊ ၁၊ ၃၉၀)

အလျားတစ်ယူဇနာ၊ အနံတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာရှိတဲ့ အပေါက်မရှိ၊ အခေါင်းမရှိတဲ့ တစ်ခဲနက်ကျောက်တောင်ကြီးကို ယောကျာ်းက အနှစ်တစ်ရာ၊ တစ်ရာ လွန်မှ ကာသိတိုင်းဖြစ် အဝတ်နဲ့ တစ်ခါ၊ တစ်ခါ ပွတ်ရာ အဲဒီကျောက်တောင်ကြီးသာ အလွန်မြန်မြန်

http://www.dhammadownload.com



ကုန်သွားမယ်၊ တစ်ကမ္ဘာကတော့ မကုန်သေး၊ တစ်ကမ္ဘာဟာ ဒီလောက် ရှည်လျားတယ်။

**(သံယုတ်ပါဠိ၊ ပ၊ ၃၈၉)**

## များလိုက်တဲ့ မျက်ရည်

ဒီရှည်လျားလှတဲ့ သံသရာခရီးတစ်လျှောက်မှာ မုန်းသူနဲ့တွဲ၊ ချစ်သူနဲ့ကွဲလို့ ငိုပွဲဆင်နွှဲရသူတွေရဲ့ မျက်ရည်ဟာ သမုဒ္ဒရာကြီး ၄ စင်းထဲက ရေထက် ပိုများတယ်။

မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ သားသမီး၊ ဆွေမျိုးတွေ သေလို့၊ စည်းစိမ်တွေ ပျက်စီးသွားလို့၊ ရောဂါတွေ ဖြစ်လို့ ကျခဲ့ရတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာကြီး ၄ စင်းထဲက ရေထက် ပိုများတယ်။

**(သံယုတ်ပါဠိ၊ ပ၊ ၃၈၈)**

## နို့ရည်

ဒီရှည်လျားတဲ့ သံသရာခရီးတစ်လျှောက်မှာ သောက်ခဲ့ရတဲ့ မိခင်နို့ရည်ဟာ သမုဒ္ဒရာကြီး ၄ စင်းထဲက ရေတွေထက် ပိုများတယ်။

**(သံယုတ်ပါဠိ၊ ပ၊ ၃၈၉)**

## မိဘ

ယောကျ်ားဟာ ဒီဇမ္ဗူဒိပ်ကျွန်းမှာ ရှိသမျှ မြက်၊ ထင်း၊ သစ်ကိုင်း၊ သစ်ရွက်တွေကို ဖြတ်ပြီး တစ်ပေါင်းတည်း ထားကာ လက် ၄ သစ်၊ လက် ၄ သစ် အပိုင်းပိုင်းပြီး 'ဒါဟာ ငါ့အမေ၊ ဒါဟာ ငါ့အမေရဲ့အမေ' လို့ ထားရင် အဲဒီ၊ မြက်၊ ထင်း၊ သစ်ကိုင်း၊ သစ်ရွက်

http://www.dhammadownload.com



တွေသာ ကုန်သွားမယ်၊ အဲဒီယောကျ်ားရဲ့အမေ၊ အမေ့အမေတွေကတော့ မကုန်သေး။ သံသရာဟာ အဲဒီလောက် ရှည်လျားတယ်။

ယောကျ်ားဟာ ဒီစကြဝဠာအဆုံးရှိတဲ့ မြေကြီးကို ဆီးစေ့လောက်၊ ဆီးစေ့လောက် မြေညက်လုံးလေးတွေ ပြုလုပ်ပြီး 'ဒါဟာ ငါ့အဖေ၊ ဒါဟာ ငါ့အဖေရဲ့အဖေ' လို့ ထားရင် မြေကြီးသာ ကုန်သွားမယ်၊ အဖေ၊ အဖေ့အဖေတွေကတော့ မကုန်သေး၊ သံသရာဟာ အဲဒီလောက် ရှည်လျားတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၃၈၇)

## လက်သည်းပေါ်က မြေမှုန့်

လက်သည်းပေါ် တင်ထားတဲ့ မြေမှုန့်ထက် မြေကြီးပေါ်က မြေမှုန့်က ပိုများသလို လူ့ပြည် (နတ်ပြည်) က သေပြီး လူ့ပြည် (နတ်ပြည်) ပြန်ရောက်သူထက် လူ့ပြည်က သေပြီး အပါယ်လေးပါး ရောက်သူတွေက ပိုများပါတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၄၅၄)

## နို့တစ်ညှစ်စာ မေတ္တာ

နံနက်ပိုင်းမှာ ထမင်းအိုးကြီး ၁၀၀၊ နေ့လယ်ပိုင်းမှာ ထမင်းအိုးကြီး ၁၀၀၊ ညနေပိုင်းမှာ ထမင်းအိုးကြီး ၁၀၀ လှူတာထက် နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညနေပိုင်းတွေမှာ အောက်ထစ်ဆုံးအားဖြင့် နို့တစ်ညှစ်စာလောက်လေးစီတောင် မေတ္တာစိတ်ကို ပွားများတာက အကျိုးပိုကြီးပါတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၄၅၅)

http://www.dhammadownload.com



## ရပ်သက်ရဲ့မြန်နှုန်း

အင်မတန်ကျွမ်းကျင်တဲ့ လေးအတတ်ပညာရှင် ၄ ဦးဟာ အရပ်လေးမျက်နှာမှာ ရပ်နေတယ်။ ယောကျ်ားတစ်ယောက်က လေးပညာရှင် ၄ ဦး ပစ်လွှတ်တဲ့ မြား ၄ စင်းကို မြေကြီးပေါ် မကျခင် ဖမ်းယူနိုင်လောက်အောင် အင်မတန် လျင်မြန်တယ်။ အဲဒီယောကျ်ားရဲ့ လျင်မြန်မှုထက် လ နေတွေရဲ့အဟုန်က ပိုမြန်တယ်။ လ နေတွေရဲ့ အဟုန်ထက် နတ်တွေရဲ့အဟုန်က ပိုမြန်တယ်။ နတ်တွေရဲ့အဟုန်ထက် ရပ်သက်က ကုန်ဆုံးတာ ပိုမြန်တယ်။

(သံယုတ်ပါဠိ၊ ပ၊ ၄၅၆)

## ချစ်သူ မုန်းသူ

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေကို ပြုလုပ်သူဟာ ကိုယ့်ကိုယ်ကို မချစ်တဲ့သူပဲ။ အကြောင်းကတော့ မုန်းသူတစ်ယောက်က မုန်းသူတစ်ယောက်အပေါ် ပြုလုပ်ရမယ့်ဟာကို ကိုယ်ကိုယ်တိုင်ပဲ ကိုယ့်အတွက် လုပ်နေလို့ပါပဲ။

သုစရိုက် ၁၀ ပါးကို ပြုလုပ်သူဟာ ကိုယ့်ကိုယ်ကို ချစ်တဲ့သူပဲ။ အကြောင်းကတော့ ချစ်သူက ချစ်သူတစ်ယောက်အပေါ် ပြုလုပ်မယ့်ဟာကို ကိုယ်ကိုယ်တိုင်ပဲ ကိုယ့်အတွက် လုပ်နေလို့ပါပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၇၁)

## အစောင့်အရှောက်

ဆင်၊ မြင်း၊ ရထား၊ စစ်သားဆိုတဲ့ အစောင့်အရှောက်တွေ စောင့်ရှောက်နေစေဦးတော့၊ အဲဒီအစောင့်အရှောက်တွေဟာ ကိုယ့်ကို

http://www.dhammadownload.com



စောင့်ရှောက်ပေးရာမရောက်၊ အကြောင်းကတော့ အဲဒါတွေက အပြင်အပက အစောင့်အရှောက်တွေပဲ။ အတွင်းက အစောင့်အရှောက်တွေ မဟုတ်၊ ဒါကြောင့်ပါပဲ။

သုစရိုက် ၁၀ ပါးကို ကျင့်သူတွေကတော့ ဆင်၊ မြင်း၊ ရထား၊ စစ်တပ် အစောင့်အရှောက်တွေ မရှိစေဦးတော့၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်သူတွေပဲ။ အကြောင်းကတော့ အဲဒါတွေက အတွင်းက အစောင့်အရှောက်တွေပဲ။ အပြင်က အစောင့်အရှောက်တွေ မဟုတ်၊ ဒါကြောင့်ပါပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၇၂)

## မြုံးထဲက ငါး

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကြတဲ့ မင်း၊ ပုဏ္ဏား၊ သူကြွယ်တွေဟာ ငါးဖြာအာရုံ ကာမဂုဏ်တွေကြောင့် လိမ်ညာကြတယ်။ အဲဒီပုဂ္ဂိုလ်တွေအတွက် အချိန်ကြာမြင့်စွာ စီးပွားမဲ့ဖို့၊ ဆင်းရဲဖို့ ဖြစ်တယ်။

ငါးတွေဟာ ထောင်ထားတဲ့မြုံးကို ဝင်စဉ်က မသိကြ၊ အဲဒီလိုပဲ သတ္တဝါတွေက ကိလေသာကာမကြောင့် လိုချင်ဖွယ်ဝတ္ထု၊ (ဝတ္ထုကာမ) ကို လွန်ကျူးကြစဉ်က မသိကြ၊ နောက်မှ သူတို့မှာ ခါးစပ်တဲ့ အကျိုးကို ခံစားကြရတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၇၄)

## နိဗ္ဗာန်က ဘယ်မှာလဲ

နိဗ္ဗာန်ကို ခြေကျင်သွားခြင်းဖြင့် သိနိုင်၊ မြင်နိုင်၊ ရောက်နိုင်တယ်လို့ ငါဘုရား မဟော။ သင်္ခါရလောကရဲ့အဆုံးကို ဉာဏ်နဲ့မရောက်ရင် ဝဋ္ဋဆင်းရဲရဲ့အဆုံးကို ငါဘုရား မဟော။

http://www.dhammadownload.com



တကယ်တော့ သညာလည်း ရှိ၊ စိတ်လည်း ရှိတဲ့ တစ်လံမျှ လောက် ဒီခန္ဓာကိုယ်မှာပဲ သစ္စာလေးပါးကို ဟောကြားတယ်။ (နိဗ္ဗာန် ကိုတော့ တင်စားပြီး ဟောကြားခြင်း ဖြစ်တယ်။)

(သံယုတ်ပါဠိ၊ ပ၊ ၆၁)

## အလုပ်

ဒီဘဝအကျိုး၊ နောက်ဘဝအကျိုးတွေကို မသိသူ လူမိုက်တွေ ဟာ ကိုယ်တိုင်ပဲ ကိုယ့်ရဲ့ရန်သူလိုဖြစ်ပြီး မကောင်းကျိုးပေးတဲ့ မကောင်း မှုကို ပြုလုပ်ကာ နေထိုင်နေကြတယ်။

ပြုလုပ်ပြီး ပြန်တွေးလိုက်တိုင်း နောက်တပူပန်မှု၊ ဝမ်းနည်းမှု ဖြစ်စေတဲ့အလုပ်၊ အဲဒီအလုပ်ရဲ့အကျိုးကို ခံစားရတဲ့အခါ မျက်ရည်စို့ရွှဲ ငိုပွဲဆင်ကာ ခံစားရတဲ့အလုပ်ဟာ မကောင်းတဲ့အလုပ်ပဲ။

ပြုလုပ်ပြီး ပြန်တွေးလိုက်တိုင်း ကျေနပ်၊ ကြည်နူး၊ ဝမ်းသာ စေတဲ့အလုပ်၊ အဲဒီအလုပ်ရဲ့အကျိုးကို ခံစားရတဲ့အခါမှာ ကျေနပ်၊ ကြည်နူး၊ ဝမ်းသာစေတဲ့အလုပ်ဟာ ကောင်းတဲ့အလုပ်ပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၅၆)

## လှည်းသမားမိုက်

ကိုယ့်အကျိုးစီးပွားကို သိတဲ့သူဟာ ကိုယ့်အကျိုးစီးပွားဖြစ်မယ့် အလုပ်ကို ကြိုကြိုတင်တင်ပဲ လုပ်ထားရတယ်။ လှည်းသမားရဲ့ အတွေး အကြံမျိုးနဲ့ မလုပ်ရ၊ ပညာရှိဟာ ပညာနဲ့ ကြိုးစားအားထုတ်ရတယ်။

လှည်းသမားဟာ ပြေပြစ်၊ ညီညာတဲ့ လမ်းမကြီးကို ရှောင်ရှား ပြီး မညီမညာလမ်းပေါ် မောင်းသွားတဲ့အခါ လှည်းဝင်ရိုး ကျိုးသွားလို့ အကြီးအကျယ် မှိုင်တွေနေတယ်။

http://www.dhammadownload.com



အဲဒီလိုပဲ ပညာမရှိသူ လူမိုက်ဟာ တရားလမ်းကြောင်းက ဖဲခွာပြီး မတရားလမ်းကြောင်းပေါ် လျှောက်သွားတဲ့အခါ သေမင်းရဲ့ ခံတွင်းဝ ရောက်တော့ လှည်းဝင်ရိုးကျိုးတဲ့ လှည်းသမားပမာ မှိုင်တွေနေတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၅၆)

## သူတော်ကောင်းတရား သိရကျိုး

ပညာရှိသူတော်ကောင်းတွေနဲ့သာ အတူသွားပါ၊ အတူရပ်ပါ၊ အတူထိုင်ပါ၊ အတူအိပ်ပါ၊ မိတ်ဆွေအပေါင်းအသင်း လုပ်ပါ။

ဘုရားအစရှိတဲ့ သူတော်ကောင်းတွေရဲ့ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ သတိပဋ္ဌာန်လေးပါးစတဲ့ တရားကို သိရင် တိုးပွားတယ်၊ မညှိုး။ (နတ်သားတစ်ဦး)

သူတော်ကောင်းတရားကို သိရင် ပညာရတယ်။ လူမိုက်ထံမှ ပညာ မရ။ (နတ်သားတစ်ဦး)

သူတော်ကောင်းတရားကို သိရင် သောကအလယ်မှာ သောက မဖြစ်။ (နတ်သားတစ်ဦး)

သူတော်ကောင်းတရားကို သိရင် ဆွေမျိုးတွေအလယ်မှာ တင့်တယ်တယ်။ (နတ်သားတစ်ဦး)

သူတော်ကောင်းတရားကို သိရင် ဘဝကောင်းကို ရောက်တယ်။ (နတ်သားတစ်ဦး)

သူတော်ကောင်းတရားကို သိရင် ချမ်းသာ ကြာရှည်စွာ တည်တယ်။ (နတ်သားတစ်ဦး)

သူတော်ကောင်းတရားကို သိရင် ဆင်းရဲအားလုံးမှ လွတ်မြောက်တယ်။ (ဘုရားရှင်) (သံယုတ်ပါဠိ၊ ပ၊ ၁၆/၁၇)

http://www.dhammadownload.com



## ဓာတ်ကြီးလေးပါးနဲ့ သတ္တဝါ

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးမှာ သာယာဖွယ်ရှိလို့ သတ္တဝါတွေ သာယာတပ်မက်ကြတယ်။ အပြစ်ရှိလို့ ငြီးငွေ့ကြတယ်၊ ထွက်မြောက်ကြောင်းရှိလို့ ထွက်မြောက်ကြတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၃၈၂)

## ကောင်းမကောင်းနဲ့ ထွက်မြောက်ကြောင်း

ဓာတ်ကြီးလေးပါးကို အကြောင်းပြုပြီး ဖြစ်တဲ့ ကိုယ်၊ စိတ် ချမ်းသာမှုက သာယာဖွယ်ပဲ။

ဓာတ်ကြီးလေးပါးရဲ့ မမြဲမှု၊ ဖြစ်ပျက်ဒဏ်ခံရမှု၊ ပြောင်းလဲမှုတွေ က အပြစ်ပဲ။

ဓာတ်ကြီးလေးပါးကို သာယာတပ်မက်မှုကို ပယ်ရှားတာက (နိဗ္ဗာန်က) ထွက်မြောက်ကြောင်းပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၃၈၀)

## ဓာတ်နဲ့ ဒုက္ခ

ဓာတ်ကြီးလေးပါးကို သာယာကျေနပ်နေသူဟာ ဒုက္ခကို သာယာကျေနပ်နေသူပဲ၊ ဒုက္ခမှ မလွတ်သေးသူပဲလို့ ငါဘုရား ဟောတော်မူတယ်။

ဓာတ်ကြီးလေးပါးကို မသာယာ၊ မကျေနပ်သူဟာ ဒုက္ခကို မသာယာ၊ မကျေနပ်သူပဲ။ ဒုက္ခမှ လွတ်သူလို့ ငါဘုရား ဟောတော်မူတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၃၈၃/၄)

http://www.dhammadownload.com



## ဓာတ်တူချင်းသာ

သတ္တဝါတွေဟာ ဓာတ်တူချင်းပဲ ပေါင်းဆုံကြတယ်။ ဆက်စပ်ကြတယ်။ မကောင်းတဲ့သဘောရှိသူတွေက မကောင်းတဲ့သဘောရှိသူတွေနဲ့၊ ကောင်းတဲ့သဘောရှိသူတွေက ကောင်းတဲ့သဘောရှိသူတွေနဲ့ ပေါင်းဆုံကြတယ်၊ ဆက်စပ်ကြတယ်။ ရှေးကလည်း ဒီလိုပါပဲ၊ နောင်လည်း ဒီလိုပါပဲ။ ယခုလည်း ဒီလိုပါပဲ။ ဥပမာ ကျင်ကြီး ကျင်ကြီးချင်း၊ ကျင်ငယ် ကျင်ငယ်ချင်း၊ တံတွေး တံတွေးချင်း၊ ပြည် ပြည်ချင်း၊ သွေး သွေးချင်း ပေါင်းဆုံကြတယ်၊ ဆက်စပ်ကြတယ်။

နို့ရည် နို့ရည်ချင်း၊ ဆီ ဆီချင်း၊ ထောပတ် ထောပတ်ချင်း၊ ပျားရည် ပျားရည်ချင်း၊ တင်းလဲ တင်းလဲချင်း ပေါင်းဆုံကြတယ်။ ဆက်စပ်ကြတယ်။ အဲဒီဥပမာတွေလိုပါပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၃၇၀)

## သောတာပန်ရဲ့ဆင်းရဲ

၁။ လက်သည်းပေါ် တင်ထားတဲ့ မြေမှုန့်ထက် မြေကြီးပေါ်က မြေမှုန့်က ပိုများတယ်။

၂။ အလျား ယူဇနာ ၅၀၊ အနံ ယူဇနာ ၅၀၊ အမြင့် ယူဇနာ ၅၀ ရှိပြီး ရေတွေ ကမ်းအထိ ပြည့်နေလို့ ကျီးသောက်နိုင်လောက်တဲ့ ရေရှိတဲ့ ရေကန်ထဲက ယောကျ်ားက သမန်းမြက်ဖျားနဲ့ ရေကို ထုတ်ဆောင်တယ်၊ သမန်းမြက်ဖျားက ရေထက် ရေကန်ထဲက ရေက ပိုများတယ်။

၃။ ဂင်္ဂါ၊ ယမုနာ၊ အစီရဝတီ၊ သရဘူ၊ မဟီဆိုတဲ့ မြစ်ကြီးငါးသွယ် ပေါင်းဆုံစီးဆင်းရာက ယောကျ်ားဟာ ရေပေါက် ၂ ပေါက်

http://www.dhammadownload.com



၃ ပေါက်ကို ထုတ်ဆောင်တယ်။ အဲဒီရေပေါက်ထက် အခြား မြစ်တွေနဲ့ ပေါင်းဆုံရာနေရာက ရေက ပိုများတယ်။

၄။ ယောက်ျားက မြေကြီးပေါ် ဆီးစေ့လောက်ရှိတဲ့ မြေညက်အလုံးလေး ၇ လုံး ချထားတယ်၊ အဲဒီ ၇ လုံးထက် မြေကြီးပေါ်က မြေက ပိုများတယ်။

၅။ ယောက်ျားက သမုဒ္ဒရာကြီးထဲက ရေပေါက် ၂ ပေါက်၊ ၃ ပေါက်ကို ထုတ်ဆောင်တယ်၊ အဲဒီရေထက် သမုဒ္ဒရာကြီးထဲက ရေက ပိုများတယ်။

၆။ ယောက်ျားက ဟိမဝန္တာတောင်မင်းက မုန်ညင်းစေ့လောက်ရှိတဲ့ ကျောက်စရစ်ခဲလေး ၇ ခဲကို ထုတ်ဆောင်တယ်၊ အဲဒီခဲထက် ဟိမဝန္တာတောင်မင်းက ပိုကြီးတယ်။

၇။ ယောက်ျားက မြင့်မိုရ်တောင်မင်းက ပဲနောက်စေ့လောက်ရှိတဲ့ ကျောက်စရစ်ခဲလေး ၇ ခဲကို ထုတ်ဆောင်တယ်၊ အဲဒီခဲထက် မြင့်မိုရ်တောင်မင်းက ပိုကြီးတယ်။

အဲဒီလိုပါပဲ၊ သောတာပန်ပုဂ္ဂိုလ်မှာ ကျန်ရှိနေတဲ့ ဆင်းရဲထက် ကုန်သွားတဲ့ဆင်းရဲက ပိုများတယ်။ ကျန်တဲ့ဆင်းရဲက အနည်းငယ်လေးပဲ။ သောတာပန်ဖြစ်ရတာဟာ အဲဒီလောက် အကျိုးကြီးတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၃၅၂ မှ ၃၅၇)

## အောင်နိုင်သူ

စိတ်ဆိုးသူကို ပြန်လည်စိတ်ဆိုးသူဟာ အဲဒီစိတ်ဆိုးမှုကြောင့် ညံ့သွားတယ်၊ စိတ်ဆိုးသူကို ပြန်လည်စိတ်မဆိုးသူဟာ အောင်နိုင်ခဲတဲ့ စစ်ပွဲကို အောင်နိုင်သူပဲ။

သူတစ်ပါး စိတ်ဆိုးနေတာကို သိပြီး သတိရှိကာ သည်းခံသူဟာ မိမိ၊ သူတစ်ပါး နှစ်ဦးသားရဲ့အကျိုးကို ဆောင်သူပဲ။

http://www.dhammadownload.com



သတိရှိကာ သည်းခံပြီး မိမိ၊ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးဆောင်သူကို ခန္ဓာငါးပါး (တစ်နည်း) သစ္စာလေးပါးတရားမှာ မကျွမ်းကျင်သူ ပုထုဇဉ်မိုက်တွေက 'လူအ' လို့ ထင်မှတ်ကြတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၁၆၄)

## မာနမထားရ

မိဘ၊ အစ်ကိုကြီး၊ ဆရာသမားတွေအပေါ် မာနမထားရ၊ ရိုသေရတယ်၊ မြတ်နိုးရတယ်၊ ကောင်းကောင်း ပူဇော်ရတယ်။ ရဟန္တာတွေအပေါ် မာနကို ဖယ်ရှားကာ မခက်ထန်ဘဲ ရှိခိုးရတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၁၈၀)

## ရုပ်နာမ်အစုအပုံ

သတ္တဝါဆိုတာ ရုပ်နာမ်သင်္ခါရ အစုအပုံသက်သက်ပဲ။ အဲဒီသင်္ခါရအစုအပုံမှာ သတ္တဝါကို မရနိုင်။ အင်္ဂါအစိတ်အပိုင်းတွေ စုပေါင်းလိုက်လို့ ရထားတဲ့ ပြောဆိုသံ ဖြစ်ပေါ်လာရသလို ခန္ဓာငါးပါးရှိလို့ သတ္တဝါဆိုတဲ့အမည် ဖြစ်ပေါ်လာတယ်။

ခန္ဓာငါးပါး ဒုက္ခတရားပဲ ဖြစ်တယ်။ တည်တယ်၊ ပျက်တယ်၊ ဒုက္ခမှတစ်ပါး အခြားအရာ မဖြစ်၊ မပျက်။

(သံယုတ်ပါဠိ၊ ပ၊ ၁၃၇)

## အားကိုးရာ

အိုးထိန်းသည်ရဲ့ အိုးအစိမ်းတွေရော အိုးအကျက်တွေပါ အိုးအားလုံး ကွဲပျက်ခြင်းသဘောရှိတယ်။ ကွဲပျက်ခြင်းအဆုံးရှိတယ်။ အဲဒီ

http://www.dhammadownload.com



လိုပဲ သတ္တဝါတွေအားလုံးဟာ သေခြင်းသဘော ရှိတယ်။ သေခြင်းအဆုံး ရှိတယ်။ ကံအားလျော်စွာ သွားကြရတယ်။ ကောင်းကျိုး၊ မကောင်းကျိုး ကို ခံစားကြရတယ်။ မကောင်းမှုရှိသူတွေက ငရဲရောက်ကြတယ်။ ကောင်းမှုရှိသူတွေက ကောင်းတဲ့ဘဝ ရောက်ကြတယ်။

ဒါကြောင့် တမလွန်ဘဝအတွက် ကောင်းမှုကို စုစည်းကြရမယ်။ ကောင်းမှုတွေက တမလွန်ဘဝမှာ သတ္တဝါတွေအတွက် ထောက်ရာ တည်ရာ အားကိုးရာ ဖြစ်ကြတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၉၈)

## အကျိုးများတဲ့ အလှူ

'မြတ်စွာဘုရား၊ ဘယ်လိုပုဂ္ဂိုလ်မှာ အလှူလှူသင့်ပါသလဲ'

'ကောသလမင်းကြီး၊ စိတ်ကြည်လင်တဲ့ပုဂ္ဂိုလ်မှာ လှူသင့်တယ်'

'မြတ်စွာဘုရား၊ ဘယ်ပုဂ္ဂိုလ်အား လှူရင် အကျိုးများပါသလဲ'

'ကောသလမင်းကြီး၊ သင် ပထမ မေးတာနဲ့ နောက်မေးတာဟာ တခြားစီပဲ၊ သီလရှိသူအား လှူရင် အကျိုးများတယ်၊ သီလမရှိသူအား လှူရင် အကျိုးမများ။'

စစ်တိုက်ဖို့ ကြုံလာရင် အတတ်ပညာမစုံတဲ့၊ လက်ရုံးရည် နှလုံးရည်ညံ့တဲ့ မင်းသား၊ ပုဏ္ဏားလုလင်၊ ကုန်သည်လုလင်၊ ဆင်းရဲသား လုလင်တို့ကို သင်ဟာ မရွေးချယ်၊ အလိုမရှိ။

အတတ်ပညာစုံပြီး လက်ရုံးရည် နှလုံးရည်ရှိတဲ့ အဲဒီလူငယ်တွေကို သင်ဟာ ရွေးချယ်တယ်၊ အလိုရှိတယ်။

အဲဒီလိုပါပဲ၊ နီဝရဏငါးပါးကို ပယ်ပြီး သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန ငါးပါးနဲ့ ပြည့်စုံသူအား လှူရင် အကျိုးများတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၉၉၊ ၁၀၀)

http://www.dhammadownload.com



## ဘယ်သူမှ မရှောင်နိုင်

အရပ်လေးမျက်နှာက ကျောက်တောင်ကြီးတွေဟာ ကောင်းကင်ကို ပြည့်စေပြီး ပတ်ဝန်းကျင်အရပ်လေးမျက်နှာက သတ္တဝါတွေကို နင်းချေဖျက်ဆီးကာ လိမ့်လာကြသလို အို၊ နာ၊ သေ၊ ပျက်စီးမှုဆိုတဲ့ တောင်ကြီးလေးလုံးဟာ သတ္တဝါအားလုံးကို နင်းချေဖျက်ဆီးတယ်၊ မင်း၊ ပုဏ္ဏား၊ ကုန်သည် လယ်သမား၊ ဆင်းရဲသား၊ သူတောင်းစား၊ ဘင် (မစင်) ကျုံးသမား၊ ဘယ်သူ့ကိုမှ မရှောင်၊ အကုန်လုံးကိုပဲ နင်းချေဖျက်ဆီးတယ်။

ဆင်၊ မြင်း၊ ရထားတွေနဲ့လည်း နိုင်အောင် မလုပ်နိုင်၊ သွေးခွဲ တိုက်ခိုက်လို့လည်း မတတ်နိုင်၊ ဥစ္စာပေးလို့လည်း မတတ်နိုင်။

ဒါကြောင့် မိမိရဲ့အကျိုးကို ကောင်းကောင်း မြင်သိတဲ့ ပညာရှိဟာ ရတနာသုံးပါးအပေါ် ယုံကြည်မှုကို သက်ဝင်တည်ရှိနေစေပါတယ်။ **(သံယုတ်ပါဠိ၊ ၁၊ ၁၀၂)**

## ရွာအနီးက ရေကန်ကြီး

လူမရောက်တဲ့နေရာမှာ ရေကန်ရှိတယ်၊ ရေကြည်လင်တယ်၊ အေးကယ်၊ ချိုတယ်၊ ရေလှိုင်းထတဲ့အခါ ဖြူတယ်၊ ဆိပ်ကမ်းကောင်းတယ်၊ ပျော်စရာကောင်းတယ်။ အဲဒီရေကို လူတွေ မခပ်ကြရ၊ မသောက်ကြရ၊ ရေမချိုးကြရ၊ ရေနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှ မလုပ်ကြရ၊ အဲဒီရေဟာ အသုံးမဝင်ဘဲ ကုန်ခန်းသွားတယ်။

အဲဒီလိုပါပဲ၊ လူညံ့တွေဟာ ဥစ္စာအကောင်းစားတွေကို ရပြီး ကိုယ်ရော ကိုယ့်မိဘ၊ ကိုယ့်သားသမီး၊ ဇနီး၊ ကျွန်၊ အလုပ်သမား၊ မိတ်ဆွေအပေါင်းအဖော်တွေကိုပါ ချမ်းသာအောင် မလုပ်၊ သူတော်ကောင်း သမဏ၊ ဗြာဟ္မဏတွေမှာ နတ်ပြည်ရောက်ကြောင်း အလှူ

http://www.dhammadownload.com



မပေး၊ မင်း၊ သူခိုး၊ မီး၊ ရေ၊ အမွေခံသားဆိုး၊ သမီးဆိုးတွေထဲက တစ်ခုခုက ဖျက်ဆီးတယ်၊ အသုံးမဝင်ဘဲ ပျက်စီးကုန်ခန်းတယ်။

သူတော်ကောင်းတွေရဲ့ ပစ္စည်းတွေကတော့ ရွာ၊ နိဂုံးအနီးက အသုံးဝင်တဲ့ ရေကန်နဲ့ တူတယ်။ ကိုယ့်အတွက်ရော သူတစ်ပါးအတွက်ပါ အသုံးဝင်တယ်။

(သံယုတ်ပါဠိ၊ ပ၊ ၉၀၊ ၉၁)

## လှူပြီး နောင်တရလို့

သူဌေးသူကြွယ်က တဂ္ဂရသိခိပစ္စေကဗုဒ္ဓါအား ဆွမ်းအလှူ ခိုင်းလို့ လှူပြီးနောက် သူဌေးမှာ 'ဒီဆွမ်းကို ကျွန်၊ အလုပ်သမားတွေ စားကြရင် ကောင်းမယ်' လို့ တွေးကာ နောင်တပူပန်မှု ဖြစ်သွားတယ်၊ (အပရစေတနာ ချို့တဲ့သွားတယ်။ သာဝတ္ထိမှာ သူဌေးဖြစ်တဲ့အခါ အဲဒီကံရဲ့အကျိုးကြောင့် အစားကောင်း မစားချင်၊ အဝတ်ကောင်း မဝတ်ချင်၊ ယာဉ်ကောင်း မစီးချင်၊ အကောင်းစား ကာမဂုဏ်အာရုံ ငါးပါးကို မခံစားချင်။)

(သံယုတ်ပါဠိ၊ ပ၊ ၉၂/၃)

## အတူမရှိ

မိမိနဲ့တူတဲ့ အချစ် မရှိ။
စပါးနဲ့တူတဲ့ ဥစ္စာ မရှိ။
ပညာနဲ့တူတဲ့ အရောင် မရှိ။
မိုးနဲ့တူတဲ့ ရေအိုင် မရှိ။

(သံယုတ်ပါဠိ၊ ပ၊ ၆)

http://www.dhammadownload.com



## အမြတ်ဆုံး

ခြေနှစ်ချောင်းရှိ သတ္တဝါတွေထဲမှာ ဘုရားဟာ အမြတ်ဆုံး၊

ခြေလေးချောင်းရှိ သတ္တဝါတွေထဲမှာ အာဇာနည် (ဆင်အာဇာနည်စသည်) ဟာ အမြတ်ဆုံး၊

မယားတွေထဲမှာ လင့်စကားကို နားထောင်ပြီး ပြုစုတဲ့မယားဟာ အမြတ်ဆုံး၊

သားသမီးတွေထဲမှာ မိဘစကားကို နားထောင်၊ ခံယူ၊ လိုက်နာတဲ့ သားသမီးဟာ အမြတ်ဆုံး။

(သံယုတ်ပါဠိ၊ ပ၊ ၇)

## အလိုမလိုက်နဲ့

မကောင်းတဲ့စိတ်ကို မတားမြစ်ရင် ဘယ်နှစ်ရက် ရဟန်းတရားကို အားထုတ်နိုင်မှာလဲ။ (တစ်ရက်တောင်မှ အားမထုတ်နိုင်ရာ) အကြံဆိုးတွေရဲ့အလိုကို လိုက်နေသူဟာ ကိလေသာဖြစ်ရာအာရုံ (တစ်နည်း) ဣရိယာပုထ်တိုင်းမှာ ဆုတ်နစ်နေလိမ့်မယ်။

(သံယုတ်ပါဠိ၊ ပ၊ ၇)

## ပစ္စုပ္ပန်တည့်တည့်

အတိတ်ကို တွေးပြီး ဝမ်းမနည်း၊ အနာဂတ်ကို မတောင့်တ၊ ပစ္စုပ္ပန် (လောလောဆယ် ရသမျှ) နဲ့ မျှတပါ၊ အဲဒီလိုဆိုရင် ရုပ်ရည်အဆင်း ကြည်လင်မယ်။

အတိတ်ကို ပူဆွေး၊ အနာဂတ်ကို တောင့်တတာတွေကြောင့် အသိပညာ မရှိသူတွေဟာ ခြောက်သွေ့နေကြတယ်။ ဥပမာ စိမ်းနေတဲ့

http://www.dhammadownload.com



ကျူပင်ကို ရိတ်ဖြတ်ပြီး ကျောက်ဖျာပူပူအပေါ် တင်လိုက်က ခြောက်သွေ့သွားသလိုပါပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၅)

## မလိုက်ပါသူ

သစ္စာလေးပါးကို ကောင်းကောင်း သိသူတွေဟာ တိတ္ထိတွေရဲ့ ၆၂ ပါးသော အယူများမှာ ကိုယ်တိုင်လည်း မလိုက်ပါ၊ ဆွဲဆောင်ခံရလို့လည်း မလိုက်ပါ။ အဲဒီဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေဟာ မညီမျှတဲ့ သတ္တဝါအပေါင်းမှာ ညီညီမျှမျှ ကျင့်နေကြတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၄)

## အမြဲကုသိုလ်တိုးသူများ

၁။ ပန်းအာရာမ်၊ သစ်သီးအာရာမ်ကို စိုက်ပျိုးသူ၊

၂။ အလိုလို (မစိုက်ပျိုးရဘဲ) ပေါက်တဲ့တောမှာ အပိုင်းအခြားကို ကာရံပြီး စေတီ၊ ဗောဓိပင်၊ စင်္ကြံ၊ မဏ္ဍပ်၊ ကျောင်းဆောင်၊ လှိုင်ဂူ၊ ညဉ့်နေရာ နေ့နေရာတွေကို ပြုလုပ်သူ၊ အရိပ်ရသစ်ပင်တွေကို စိုက်ပျိုးသူ၊

၃။ တံတားခင်းသူ၊ လှေစီစဉ်သူ၊

၄။ သောက်ရေအိုးစင် လှူသူ၊

၅။ ရေတွင်း၊ ရေကန်စသည်ကို လှူသူ၊

၆။ ကျောင်းအဆောက်အဦး လှူသူ၊

ပြန်တွေးတဲ့အခါတိုင်း သူတို့မှာ နေ့ရောညပါ အမြဲတမ်း ကုသိုလ်ပွားနေတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၃၀/၃၁)

http://www.dhammadownload.com



## အဝိဟာဗြဟ္မာ့ဘုံမှာ ဖြစ်ပြီး အခြားမဲ့မှာပဲ ရဟန္တာဖြစ်သူ ၇ ဦး

၁။ ဥပက၊ ၂။ ပလဂဏ္ဍ၊ ၃။ ပုက္ကုသာတိ၊ ၄။ ဘဒ္ဒိယ၊ ၅။ ခဏ္ဍဒေဝ၊ ၆။ ဗာဟုရဂ္ဂိ၊ ၇။ သိင်္ဂိယ။

## ဘာလဲ

အိုတဲ့အထိ ကောင်းတာက သီလ၊
စွဲမြဲတည်ရင် ကောင်းတာက သဒ္ဓါ၊
လူတွေရဲ့ အမြတ်ဆုံးရတနာက ပညာ၊
သူခိုးတွေ မခိုးယူနိုင်တာက ကောင်းမှုစေတနာ။

(သံယုတ်ပါဠိ၊ ပ၊ ၃၃)

## မိတ်ဆွေ

အရပ်တစ်ပါးကို သွားသူရဲ့မိတ်ဆွေက အတူသွားဖော်ပဲ။

ကိုယ့်အိမ်မှာ မိတ်ဆွေက မိခင်ပဲ။

ကိစ္စပေါ်လာသူရဲ့မိတ်ဆွေက အဲဒီကိစ္စကို ဆောင်ရွက်ပေးသူအဖော်ပဲ။

တမလွန်ဘဝအတွက် မိတ်ဆွေက ကိုယ်လုပ်ထားတဲ့ ကောင်းမှုတွေပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၃၄)

## သား၊ သမီး၊ ဇနီး

လူတွေရဲ့ သားသမီးတွေဟာ (ကိုယ်အသက်ကြီးတဲ့အခါ ပြုစုပေးကြလို့) အားကိုးရာပဲ။

http://www.dhammadownload.com



မယားဟာ (အခြားသူတွေအား ပြောလို့မရတဲ့ လျှို့ဝှက်ချက်ကိုတောင် ပြောသင့်လို့) အကောင်းဆုံးမိတ်ဆွေပဲ။

မြေကို မှီကြရတဲ့ သတ္တဝါတွေဟာ မိုးကို မှီပြီး အသက်မွေးကြရတယ်။ (သံယုတ်ပါဠိ၊ ပ၊ ၃၄)

## သွန်သင်သူ

ဘဝကောင်းနဲ့ နိဗ္ဗာန်ကို သွားသူအတွက် နှစ်ယောက်မြောက်အဖော်က သဒ္ဓါ၊

'ဒါကို လုပ်၊ ဒါကို မလုပ်နဲ့' လို့ လူကို သွန်သင်တာက ပညာ။

ဒုက္ခအားလုံးမှ လွတ်သူက နိဗ္ဗာန်မှာ မွေ့လျော်သူ။

(သံယုတ်ပါဠိ၊ ပ၊ ၃၅)

## စိတ်

စိတ်က သတ္တဝါတွေကို ဆွဲဆောင်တယ်။ သတ္တဝါအားလုံးပဲ စိတ်တစ်ခုတည်းရဲ့အလိုကို လိုက်နေကြရတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၃၆)

## တဏှာ

တဏှာက သတ္တဝါတွေကို ဆွဲဆောင်တယ်၊ ဆွဲငင်တယ်။ သတ္တဝါတွေအားလုံးပဲ တဏှာတစ်ခုတည်းရဲ့အလိုကို လိုက်နေကြရတယ်။ (သံယုတ်ပါဠိ၊ ပ၊ ၃၆)

http://www.dhammadownload.com



## အကောင်းဆုံး

ယောက်ျားရဲ့ အမြတ်ဆုံးဥစ္စာက သဒ္ဓါပဲ။ သုစရိုက် ၁၀ ပါးကို ကောင်းကောင်းကျင့်ရင် ချမ်းသာကို ရတယ်။ အရသာတကာထဲမှာ အကောင်းဆုံးက သစ္စာပဲ။ ပညာနဲ့ အသက်မွေးတာဟာ အကောင်းဆုံး အသက်မွေးခြင်းပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၃၉)

## ဘာတွေလဲ

သတ္တဝါတွေမှာ အိုတာက ရုပ်၊ မအိုတာက နာမည် အနွယ်၊ ဘဝကောင်းနဲ့ နိဗ္ဗာန်သွားသူအတွက် လမ်းမှားက ရာဂ၊ တရားတွေရဲ့ ဘေးရန်က လောဘ၊ အရွယ်ဟာ ညဥ့်၊ နေ့တွေကြောင့် (တစ်နည်း) ညဥ့်၊ နေ့တွေမှာ ကုန်တယ်။ အကျင့်မြတ်ရဲ့ အညစ်အကြေးက မိန်းမ။

(သံယုတ်ပါဠိ၊ ပ၊ ၄၀)

## ဥစ္စာမတည်ကြောင်း အပြစ် ၆ ပါး

၁။ ပျင်းရိခြင်း၊ ၂။ မေ့လျော့ခြင်း၊ ၃။ အလုပ်လုပ်ဖို့ မကြိုးစားခြင်း၊ ၄။ သီလစောင့်စည်းမှု မရှိခြင်း၊ ၅။ အအိပ်များခြင်း၊ ၆။ အလွန်ဆာလို့စတဲ့ အကြောင်းကြောင့် ငြီးငွေ့ခြင်း။

(သံယုတ်ပါဠိ၊ ပ၊ ၄၀)

## ဖျက်ဆီးသူ

အာဏာရှိတာဟာ လောကမှာ အစိုးရမှုပဲ။ ဘဏ္ဍာတွေထဲမှာ အမြတ်ဆုံးက မိန်းမပဲ။ ပညာလက်နက်ရဲ့ အညစ်အကြေးက ဒေါသပဲ။ လောကမှာ ဖျက်ဆီးသူတွေက သူခိုးတွေပဲ။ (သံယုတ်ပါဠိ၊ ပ၊ ၄၁)

http://www.dhammadownload.com



## သဒ္ဓါ၊ အာဏာ၊ တဏှာ

ကုသိုလ်ရိက္ခာကို ထုပ်တာက သဒ္ဓါပဲ။ စည်းစိမ်ဥစ္စာတွေရဲ့ တည်မှီရာက အစိုးရမှုပဲ။ သတ္တဝါတွေကို ဆွဲငင်နေတာက အလိုတဏှာပဲ။ လောကမှာ စွန့်နိုင်ခဲတာက အလိုတဏှာပဲ။ ကျော့ကွင်းနဲ့ ငှက်ကို ချည်နှောင်ထားသလို သတ္တဝါတွေကို ချည်နှောင်ထားတာက အလိုတဏှာပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၄၁)

## အရောင် ၄ မျိုး

နေရောင်က နေ့အခါမှာ လင်းတယ်။ လရောင်က ညအခါမှာ လင်းတယ်။ မီးရောင်က နေ့ရော ညပါ နေရာတကာ လင်းတယ်။ ဘုရားရှင်က တောက်ပတာတွေထဲမှာ အမြတ်ဆုံးပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၄၄)

## ထုံးစံပဲ

ဘုရားရှင်အားလုံးဟာ သူတော်ကောင်းတရားကို အလေးပြုပြီး နေခဲ့ကြတယ်။ နေနေကြတယ်။ နေကြလိမ့်မယ်။ အဲဒါဟာ ဘုရားရှင်တွေရဲ့ ထုံးစံပဲ။

ဒါကြောင့် မိမိရဲ့ ကြီးကျယ်မြင့်မြတ်မှုကို လိုလားသူဟာ ဘုရားရှင်တွေရဲ့အဆုံးအမကို အမှတ်ရပြီး သူတော်ကောင်းတရားကို အလေးပြုရမယ်။

(သံယုတ်ပါဠိ၊ ပ၊ ၁၄၂)

http://www.dhammadownload.com



## နှုတ်

လူမိုက်ရဲ့နှုတ်မှာ ဓားမနဲ့တူတဲ့ ကြမ်းတမ်းတဲ့စကား ဖြစ်တယ်။ မကောင်းတဲ့စကားကို ပြောတယ်။ သူဟာ သူ့ကိုယ်ကို (သူရဲ့ကုသိုလ် အမြစ်ကို) ဖြတ်တောက်သူပဲ။

ကဲ့ရဲ့ထိုက်တဲ့ သီလမရှိသူကို ချီးမွမ်းတယ်။ ချီးမွမ်းထိုက်တဲ့ ရဟန္တာကို ကဲ့ရဲ့တယ်။ သူဟာ နှုတ်နဲ့ အပြစ်ကို စုစည်းနေသူပဲ။ အဲဒီအပြစ်ကြောင့် ချမ်းသာကို မရ။

ကြွေအံကစားရာ မိမိနဲ့အတူ ဥစ္စာအားလုံး ရှုံးသွားစေဦးတော့၊ အဲဒီဆုံးရှုံးမှုဟာ အသေးအမွှားပါ။ သူတော်ကောင်းတွေမှာ ပြစ်မှားသူရဲ့ ဆုံးရှုံးမှုကတော့ ပိုမိုကြီးကျယ်ပါတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၁၅၁)

## ပညာရကြောင်း ၄ ပါး

၁။ ပညာရကြောင်းအကျင့်ကို ယုံကြည်ပါ၊
၂။ ပညာရကြောင်းနည်းလမ်းကို ရိုရိုသေသေ နားထောင်ပါ၊
၃။ ကြားနာပြီး တရားကို ဆောင်ထားဖို့ သတိရှိပါ၊
၄။ ဆောင်ပြီး တရားတွေရဲ့ အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပါ။

(သံယုတ်ပါဠိ၊ ပ၊ ၂၁၇)

## ဝမ်းမနည်းရသူ

ဥစ္စာရကြောင်း အလုပ်ကောင်းကို လုပ်ရင် ကိုယ်ရောစိတ်ပါ ကြိုးစားရင် ဥစ္စာရတယ်။ သစ္စာရှိရင် ကျော်ကြားတယ်။ ပေးရင် မိတ်ဆွေ ရတယ်။ အဲဒီလူဟာ ဒီဘဝက သေလို့ နောက်ဘဝ ရောက်ရင် ဝမ်းမနည်းရ။

http://www.dhammadownload.com



သစ္စာ၊ ပညာ၊ ဝီရိယ၊ ဒါနရှိသူ လူဝတ်ကြောင်ဟာ ဒီဘဝက သေရင် နောက်ဘဝမှာ ဝမ်းမနည်းရ။

(သံယုတ်ပါဠိ၊ ပ၊ ၂၁၇)

## ငါ့ကိုလည်း ပို့ပေးပါ

ချစ်သား သုဝီရ၊ မကြိုးစားဘဲ ချမ်းသာကို ရတဲ့နေရာရှိရင် အဲဒီနေရာကို သင်ကိုယ်တိုင်လည်း သွားပါ၊ သင့်ရဲ့ဖခင်ဖြစ်တဲ့ ငါ သိကြားမင်းကိုလည်း အဲဒီနေရာ ရောက်အောင် ပို့ပေးပါ။

(သံယုတ်ပါဠိ၊ ပ၊ ၂၁၉)

## အောက်မေ့ပါ

တောအရပ်၊ သစ်ပင်အောက်၊ ဆိတ်ငြိမ်ရာနေရာတွေမှာ နေတဲ့ အခါ ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်လာရင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို အောက်မေ့ပါ။ ကြောက်ရွံ့ထိတ်လန့်မှု ပျောက်သွားပါလိမ့်မယ်။ အကြောင်းကတော့ ဘုရားရှင်က ရာဂ၊ ဒေါသ၊ မောဟကင်းပြီး မကြောက်ရွံ့၊ မထိတ်လန့်လို့ပါပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၂၂၂)

## သည်းခံပါ

သူတစ်ပါး အမျက်ထွက်နေတာကို သိပြီး သတိရှိကာ သည်းခံ ငြိမ်းအေးမှုသာ လူမိုက်အား ဟန့်တားမှုလို့ ငါသိကြားမင်း ထင်တယ်။

ငါ (သိကြားမင်း) ကို ကြောက်လို့ သည်းခံတာပဲလို့ ထင်ချင်ထင်၊ မထင်ချင်နေ၊ ကိုယ့်အကျိုး ရှိစေဆုံးကိစ္စတွေထဲမှာ သည်းခံမှု ကိစ္စထက် သာလွန်တဲ့ကိစ္စ မရှိ။

http://www.dhammadownload.com



အင်အားတကယ်ရှိပါလျက် အင်အားမရှိသူအား သည်းခံတာကို အမြတ်ဆုံး သည်းခံမှုလို့ ဆိုကြပါတယ်။ အင်အားမရှိသူက အမြဲ သည်းခံရတယ်။

(သံယုတ်ပါဠိ၊ ပ၊ ၂၂၅)

## လူဝတ်ကြောင်တွေအတွက် ဩဝါဒ

၁။ စီးပွားကို တရားသဖြင့် ရှာပါ၊ နိုင်ထက်စီးနင်း မရှာပါနဲ့၊
၂။ ကိုယ် (မိမိ) ချမ်းသာအောင် သုံးဆောင်ပါ။
၃။ လှူဒါန်းပါ၊ ကောင်းမှုပြုပါ။
၄။ တဏှာနဲ့ မသုံးစွဲပါနဲ့၊ ပညာနဲ့ သုံးစွဲပါ။

(အံ၊ ပါဠိ၊ တ၊ ၄၀၃)

## လွယ်တယ် မထင်နဲ့

တောကျောင်း၊ လူတွေ မရောက်နိုင်တဲ့ ကျောင်း၊ အလွန်ဝေးကွာတဲ့ ကျောင်းတွေမှာ နေဖို့ ခက်တယ်။ တစ်ယောက်တည်း နေဖို့ မလွယ်၊ တစ်ယောက်တည်း နေနိုင်ဦးတော့၊ ပျော်ဖို့ခက်တယ်။ သမာဓိ မရတဲ့ ရဟန်းရဲ့စိတ်ကို တောတွေက စားပစ်သလို ဖြစ်တယ်။ သမာဓိ မရဘဲ အဲဒီတောကျောင်းတွေမှာ နေရင် အကြံဆိုးတွေရဲ့ အနှိပ်စက် ခံရလိမ့်မယ်။ (အံ၊ ပါဠိ၊ တ၊ ၄၂၀)

## ငရဲနဲ့ နတ်ပြည်

ဒုစရိုက် ၁၀ ပါးနဲ့ ပြည့်စုံရင် ငရဲရောက်တယ်။
သုစရိုက် ၁၀ ပါးနဲ့ ပြည့်စုံရင် နတ်ပြည်ရောက်တယ်။

(အံ၊ ပါဠိ၊ တ၊ ၄၉၀/၃)

http://www.dhammadownload.com



ဒုစရိုက် ၁၀ ပါးကို ကိုယ်တိုင်ပြုလုပ်ခြင်း၊ သူတစ်ပါးကို ပြုလုပ်ခိုင်းခြင်း၊ ပြုလုပ်ရတာမှာ ဝမ်းမြောက်ခြင်း၊ ဒုစရိုက်ရဲ့ဂုဏ်ကို ပြောပြခြင်းဆိုတဲ့ ၄ မျိုးနဲ့ မြှောက်ရင် ဒုစရိုက် ၄၀ ဖြစ်တယ်။ အဲဒီ ၄၀ နဲ့ ပြည့်စုံရင် ငရဲရောက်တယ်။

သုစရိုက် ၁၀ ပါးကို အဲဒီ ၄ မျိုးနဲ့ မြှောက်ရင် သုစရိုက် ၄၀ ဖြစ်တယ်။ အဲဒီ ၄၀ နဲ့ ပြည့်စုံရင် နတ်ပြည်ရောက်တယ်။

(အံ၊ ပါဠိ၊ တ၊ ၅၀၉/ ၅၁၀)

## မေတ္တာပွားကျိုး ၁၁ မျိုး

၁။ ချမ်းချမ်းသာသာ အိပ်ရတယ်၊
၂။ ချမ်းချမ်းသာသာ နိုးရတယ်၊
၃။ အိပ်မက်ဆိုးကို မမြင်မက်ရ၊
၄။ လူတွေက ချစ်မြတ်နိုးတယ်၊
၅။ နတ်တွေက ချစ်မြတ်နိုးတယ်၊
၆။ နတ်တွေက စောင့်ရှောက်တယ်၊
၇။ မီး၊ အဆိပ်၊ လက်နက် မကျရောက်၊ မထိပါးနိုင်၊
၈။ စိတ်တည်ကြည်မှု လျင်မြန်တယ်၊
၉။ မျက်နှာအဆင်း ကြည်လင်တယ်၊
၁၀။ မတွေမဝေ သေရတယ်၊
၁၁။ ရဟန္တာ မဖြစ်သေးရင် ဗြဟ္မာ့ပြည်ရောက်တယ်။

(အံ၊ ပါဠိ၊ တ၊ ၅၄၂)

## အဆင့်ဆင့်

သူတော်ကောင်းကို ပေါင်းပါ၊ ပေါင်းရင် သူတော်ကောင်းတရား

http://www.dhammadownload.com



နာရမယ်။ နာရရင် သဒ္ဓါဖြစ်မယ်၊ သဒ္ဓါဖြစ်ရင် အသင့်အတင့် နှလုံးသွင်းမှု ဖြစ်မယ်။ နှလုံးသွင်းရင် သတိ၊ သမ္ပဇဉ် ဖြစ်မယ်၊ ဖြစ်ရင် ဣန္ဒြေစောင့်စည်းမယ်။ စောင့်စည်းရင် သုစရိုက် လုပ်မယ်၊ လုပ်ရင် သတိပဋ္ဌာန်လေးပါး ပြည့်မယ်၊ ပြည့်ရင် ဗောဇ္ဈင် ၇ ပါး ပြည့်မယ်။ ပြည့်ရင် ဖိုလ်ကို ရမယ်။

ဥပမာ တောင်ပေါ်မှာ မိုးကြီး ရွာရင် အဲဒီမိုးရေဟာ နိမ့်ရာမှာ စီးဆင်းပြီး တောင်၊ ချောက်၊ ကွဲအပ်တဲ့မြေအရပ်ကို ပြည့်စေတယ်။ ပြီးတော့ တွင်းငယ်၊ ပြီးတော့ တွင်းကြီး၊ ပြီးတော့ မြစ်ငယ်၊ ပြီးတော့ မြစ်ကြီး၊ ပြီးတော့ သမုဒ္ဒရာကို ပြည့်စေသလိုပါပဲ။

(အံ၊ ပါဠိ၊ တ၊ ၃၄၈)

# မှီဝဲ မမှီဝဲသင့်တာ

အကုသိုလ်ကို တိုးပွားစေပြီး ကုသိုလ်လျော့စေတဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ရွာ၊ နိဂုံး၊ ဇနပုဒ်၊ ပုဂ္ဂိုလ်ကို မမှီဝဲရ။

အကုသိုလ်လျော့စေပြီး ကုသိုလ်တိုးပွားစေတဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ရွာ၊ နိဂုံး၊ ဇနပုဒ်၊ ပုဂ္ဂိုလ်ကို မှီဝဲရတယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၃၅)

# သီလမှ ရဟန္တာအဖြစ်သို့

သီလရှိရင် စိတ်နှလုံး ကြည်သာမယ်။ ကြည်သာရင် အသေးစား ဝမ်းမြောက်မှု ဖြစ်မယ်။ ဖြစ်ရင် အကြီးစား ဝမ်းမြောက်မှု ဖြစ်မယ်။ ဖြစ်ရင် ကိုယ်၊ စိတ် ငြိမ်းအေးမယ်။ ငြိမ်းအေးရင် ကိုယ်၊ စိတ် ချမ်းသာမယ်။ ချမ်းသာရင် မှန်ကန်တဲ့ တည်ကြည်မှု ဖြစ်မယ်။ ဖြစ်ရင် အမှန်ကို သိမြင်မယ်။ သိမြင်ရင် ငြီးငွေ့မယ်။ ငြီးငွေ့ရင်

http://www.dhammadownload.com



တပ်မက်မှု ကင်းမယ်။ ကင်းရင် အရဟတ္တဖိုလ်ကို ဆင်ခြင်ဉာဏ် ဖြစ်မယ်။

ဥပမာ သစ်ပင်မှာ အခက်၊ အရွက်ရှိရင် အပွေးရှိမယ်။ အပွေး ရှိရင် အခေါက်ရှိမယ်။ အခေါက်ရှိရင် အကာရှိမယ်။ အကာရှိရင် အနှစ်ရှိမယ်။ အဲဒီဥပမာလိုပါပဲ။

(အံ၊ ပါဠိ၊ တ၊ ၅၂၀)

## ကံနဲ့ ကံရဲ့အကျိုး

လောဘ၊ ဒေါသ၊ မောဟကြောင့်ဖြစ်တဲ့ ကံကြောင့် လူဖြစ် တယ်၊ နတ်ဖြစ်တယ်၊ အခြားဘဝကောင်းတစ်ခုခုမှာ ဖြစ်တယ်လို့ မထင်မရှား။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနဲ့ အခြားဘဝဆိုးတစ်ခုခုမှာ ဖြစ် တယ်လို့ ထင်ရှားတယ်။

အလောဘ၊ အဒေါသ၊ အမောဟကြောင့် ဖြစ်တဲ့ကံကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနဲ့ အခြားဘဝဆိုးတစ်ခုခုမှာ ဖြစ်တယ်လို့ မထင် မရှား။ လူ၊ နတ်နဲ့ အခြားဘဝကောင်းတစ်ခုခုမှာ ဖြစ်တယ်လို့ ထင်ရှား တယ်။

(အံ၊ ပါဠိ၊ ဒု၊ ၂၉၇/ ၈)

## အင်္ဂါ ၆ ပါး အလှူ

မလှူခင်၊ လှူဆဲ၊ လှူပြီး အချိန် ၃ ခုမှာ စိတ်ကြည်လင်ရွှင်ပျ ရမယ်။

အလှူခံက ရာဂ၊ ဒေါသ၊ မောဟကင်းရမယ်။ သို့မဟုတ် ကင်းအောင် ကျင့်ရမယ်။

ဒီအချက် ၆ ချက်နဲ့ ပြည့်စုံတဲ့အလှူမှာ မရေတွက်နိုင်လောက် အောင် ကောင်းမှုထုထည်အားကြီးတယ်။ ဥပမာ သမုဒ္ဒရာထဲက ရေဟာ

http://www.dhammadownload.com



ပြည်တောင်းပေါင်း ဘယ်နှစ်ရာ၊ ဘယ်နှစ်ထောင်၊ ဘယ်နှစ်သိန်းလို့ ရေတွက်ဖို့ ခက်သလိုပါပဲ။

(အံ၊ ပါဠိ၊ ၃၊ ၂၉၅)

## တန်ခိုးရှင်

တန်ခိုးရှိပြီး စိတ်အလိုအတိုင်း ဖြစ်တဲ့ရဟန်းက အလိုရှိခဲ့ရင် သစ်တုံးကို မြေကြီးလို့ ဖြစ်စေ၊ ရေလို့ဖြစ်စေ၊ မီးလို့ဖြစ်စေ၊ လေလို့ ဖြစ်စေ၊ တင့်တယ်တယ်လို့ ဖြစ်စေ၊ မတင့်တယ်ဘူးလို့ ဖြစ်စေ စိတ် ညွှတ်မှတ်ယူနိုင်တယ်၊ အကြောင်းကတော့ သစ်တုံးမှာ အဲဒီသဘောတွေ ရှိနေလို့ပါပဲ။

(အံ၊ ပါဠိ၊ ၃၊ ၂၉၉)

## သတိ သမ္ပဇဉ်နဲ့ အိပ်ရင်

၁။ ချမ်းချမ်းသာသာ အိပ်ပျော်တယ်၊
၂။ ချမ်းချမ်းသာ နိုးတယ်၊
၃။ အိပ်မက်ဆိုး မမက်၊
၄။ နတ်တွေ စောင့်ရှောက်တယ်၊
၅။ သုက် မလွတ်။

(အံ၊ ပါဠိ၊ ၃၊ ၂၁၉)

## သီချင်းသံနဲ့ တရားဟောပြစ် ၅ ပါး

၁။ ကိုယ့်အသံကို ကိုယ် ပြန်သာယာတယ်၊
၂။ သူတစ်ပါးကလည်း သာယာကြတယ်၊

http://www.dhammadownload.com



၃။ ‘ငါတို့ ဆိုသလို ရဟန်းတွေကလည်း ဆိုကြတာပဲ’ လို့ လူဝတ်ကြောင်တွေက ကဲ့ရဲ့ကြတယ်။
၄။ ဂီတသံ လုပ်လိုလို့ သမာဓိပျက်တယ်၊
၅။ နောင်လာနောက်သားတွေ အတုလိုက်မယ်၊

(အံ၊ ပါဠိ၊ ၃၊ ၂၁၉)

## တရားနာရကျိုး ၅ မျိုး

၁။ မကြားဖူးသေးတာကို ကြားနာရခြင်း၊
၂။ ကြားဖူးတာကို စင်ကြယ်စေခြင်း၊
၃။ ယုံမှားမှုကို လွန်မြောက်ခြင်း၊
၄။ အယူဖြောင့်မှန်ခြင်း၊
၅။ စိတ်ကြည်လင်ခြင်း၊

(အံ၊ ပါဠိ၊ ၃၊ ၂၁၆)

## စိတ်ရဲ့ဆူးငြောင့် ၅ ပါး

၁။ ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာနဲ့ ဂုဏ်ကို မယုံကြည်မှု၊
၂။ ပရိယတ်၊ ပဋိဝေဓတရားကို မယုံကြည်မှု၊
၃။ အရိယာသံဃာအပေါ် မယုံကြည်မှု၊
၄။ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာအပေါ် မယုံကြည်မှု၊
၅။ သီတင်းသုံးဖော်တွေအပေါ် စိတ်ဆိုးမှု။

(အံ၊ ပါဠိ၊ ၃၊ ၂၁၇)

http://www.dhammadownload.com



## စိတ်ရဲ့အနှောင်အဖွဲ့ ၅ မျိုး

၁။ ကာမဂုဏ်တွေမှာ တပ်မက်မှု၊
၂။ မိမိကိုယ်မှာ တပ်မက်မှု၊
၃။ အပြင်ပရုပ်မှာ တပ်မက်မှု၊
၄။ ဗိုက်ပြည့်အောင် စားပြီး အိပ်ငိုက်မှု၊
၅။ နတ်ပြည်ရောက်လိုစိတ်နဲ့ အကျင့်မြတ် ကျင့်မှု၊

(အံ၊ ပါဠိ၊ ၃၊ ၂၁၈)

## ဒန်ပူ ခဲစားရကျိုး ၅ မျိုး

၁။ မျက်စိအမြင် ကြည်လင်ခြင်း၊
၂။ ပါးစပ်အနံ့ မဆိုးခြင်း၊
၃။ အရသာကို ဆောင်တဲ့ အကြောတွေ စင်ကြယ်ခြင်း၊
၄။ သလိပ်၊ သည်းခြေက အစာကို မွှေးယှက်ခြင်း၊
၅။ ထမင်းဆာခြင်း။

(အံ၊ ပါဠိ၊ ၃၊ ၂၁၉)

## သည်းခံခြင်းအကျိုး

၁။ လူအများ ချစ်မြတ်နိုးခံရခြင်း၊
၂။ ပုဂ္ဂိုလ်ရန်၊ အကုသိုလ်ရန် မများခြင်း၊
၃။ အပြစ် မများခြင်း၊
၄။ မကြမ်းကြုတ်ခြင်း၊
၅။ နှောင်တ မရ ရခြင်း၊
၆။ မတွေမဝေ သေရခြင်း၊
၇။ နတ်ပြည် ရောက်ရခြင်း၊ (အံ၊ ပါဠိ၊ ၃၊ ၂၂၂)

http://www.dhammadownload.com



## စကားချင့်ချိန် ပြောရကျိုး

၁။ လိမ်မပြော၊ ၂။ ကုန်းတိုက်စကား မပြော၊ ၃။ ကြမ်းတမ်းတဲ့စကား အပြော။ ၄။ အနှစ်မရှိတဲ့စကား မပြော၊ ၅။ သေရင်နတ်ပြည်ရောက်တယ်။

(အံ၊ ပါဠိ၊ ဒု၊ ၂၂၂)

## ကြည်ညိုဖွယ်အကျင့် ရှိရကျိုး

၁။ ကိုယ့်ကိုယ်ကို ကိုယ်က မစွပ်စွဲခြင်း၊
၂။ ပညာရှိတွေက ဉာဏ်နဲ့ သက်ဝင်ပြီး ချီးမွမ်းခံရခြင်း၊
၃။ ကောင်းသတင်း ကျော်စောခြင်း၊
၄။ မတွေမဝေ သေရခြင်း၊
၅။ သေရင် နတ်ပြည်ရောက်ခြင်း၊

**တစ်နည်း ၅ ပါး**

၁။ မကြည်ညိုသေးသောသူတွေ ကြည်ညိုခြင်း၊
၂။ ကြည်ညိုပြီးသူတွေ ပိုကြည်ညိုခြင်း၊
၃။ ဘုရားအဆုံးအမကို လိုက်နာခြင်း၊
၄။ **နောင်လာနောက်သားတို့ အတုလိုက်ခြင်း၊**
၅။ **ကိုယ့်စိတ် ကြည်လင်ခြင်း၊**

(အံ၊ ပါဠိ၊ ဒု၊ ၂၂၃)

## မီးလှုံခြင်း အပြစ်

၁။ မျက်စိမှုန်ခြင်း၊
၂။ အဆင်း မလှခြင်း၊
၃။ အား နည်းခြင်း၊

http://www.dhammadownload.com



၄။ အပေါင်းအဖော် တိုးပွားခြင်း၊

၅။ နတ်ရွာ နိဗ္ဗာန်ရဲ့ ဖီလာစကားတွေကို ပြောမိခြင်း၊

(အံ၊ ပါဠိ၊ ၃၊ ၂၂၄)

## မတူးဖြိုနဲ့

ကိုယ့်ကိုယ်ကို စောင့်ရှောက်သူဟာ အပြင်ပကို စောင့်ရှောက်ပြီး ဖြစ်တယ်။ ဒါကြောင့် ပညာရှိဟာ ကိုယ့်ကိုယ်ကို အမြဲစောင့်ရှောက်ရတယ်။ ကိုယ့်ဂုဏ်ကို မတူးဖြိုရ။

(အံ၊ ပါဠိ၊ ၃၊ ၃၂၈)

## သောတာပန်တစ်ယောက်ကို

သုနေတ္တ၊ မူဂပက္ခ၊ အရနေမိ၊ ကုဒ္ဒါလက၊ ဟတ္ထိပါလ၊ ဇောတိပါလ ဆိုတဲ့ ဆရာကြီး ၆ ယောက်ဟာ ဘဝကောင်းရောက်ကြောင်း အယူဝါဒကို တည်ထောင်ကြတယ်။ ကာမရာဂ ကင်းကြတယ်။ တပည့်ရာပေါင်းများစွာအား ဗြဟ္မာ့ပြည်ရောက်ကြောင်းတရား ဟောတယ်။ တပည့်တွေနဲ့တကွ အဲဒီသူတော်ကောင်းဆရာကြီးတွေကို ဒေါသစိတ်နဲ့ ဆဲရေးခြိမ်းခြောက်ရင် အကုသိုလ်အများကြီး တိုးပွားတယ်။ သောတာပန်တစ်ယောက်ကို ဒေါသစိတ်နဲ့ ဆဲရေးခြိမ်းခြောက်တာက ပိုပြီး အကုသိုလ်တိုးပွားတယ်။ အကြောင်းကတော့ ဒီလိုမိမိဂုဏ်ကို တူးဖြိုမှုကို ဒီဘုရားသာသနာမှ တစ်ပါးသော သာသနာမှာ ငါဘုရား မဟောလို့ ပါပဲ။ (အံ၊ ပါဠိ၊ ၃၊ ၃၂၆)

## အောက်မေ့ပါ

ဘုရား၊ တရား၊ သံဃာတို့ရဲ့ ဂုဏ်တော်တွေ မိမိရဲ့ သီလ၊

http://www.dhammadownload.com



မိမိရဲ့ဒါန၊ နတ် ဗြဟ္မာတွေမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာနဲ့ ပြည့်စုံသလို မိမိမှာလည်း ပြည့်စုံမှုတွေကို ဆင်ခြင်အောက်မေ့ရင် ရာဂ၊ ဒေါသ၊ မောဟတွေနဲ့ ထကြွတဲ့စိတ် မရှိ။ စိတ်ဟာ ဖြောင့်မတ်နေတယ်။ ကာမဂုဏ်အာရုံငါးပါးကို တပ်မက်မှုမှ လွတ်နေတယ်။ အဲဒီအောက်မေ့မှုကို ပြုလုပ်လို့ သတ္တဝါတွေဟာ နိဗ္ဗာန်ကို ရကြတယ်။

(အံ၊ ပါဠိ၊ ၃၊ ၂၇၅)

## တောကျောင်း နေရင် နှစ်ခြိုက်တယ်

ရွာအနီးမှာ သမာဓိရှိရှိနဲ့ ထိုင်နေတဲ့ ရဟန်းကို အာရာမ်စောင့်၊ ကိုရင်တို့က သမာဓိပျက်အောင် လုပ်နိုင်တယ်။ ဒါကြောင့် အဲဒီရဟန်းရဲ့ ရွာအနီးနေမှုကို ငါဘုရား မနှစ်ခြိုက်။

တောထဲမှာ အိပ်ငိုက်နေတဲ့ ရဟန်းဟာ ငိုက်မြည်းမှုကို ပယ်ဖျောက်ပြီး စိတ်တည်ကြည်ကြောင်း တောအမှတ်သညာကို ပြုလိမ့်မယ်။ ဒါကြောင့် အဲဒီရဟန်းရဲ့ တောကျောင်းနေမှုကို ငါဘုရား နှစ်ခြိုက်တယ်။

တောထဲမှာ သမာဓိမရတဲ့ ရဟန်းက သမာဓိရအောင် လုပ်လိမ့်မယ်။ သမာဓိရတဲ့စိတ်ကို စောင့်ရှောက်လိမ့်မယ်။ တောထဲမှာ သမာဓိရှိတဲ့ ရဟန်းက ကိလေသာမှ မလွတ်သေးတဲ့စိတ်ကို လွတ်အောင် လုပ်လိမ့်မယ်။ လွတ်ပြီး စိတ်ကို စောင့်ရှောက်လိမ့်မယ်။ ဒါကြောင့် အဲဒီရဟန်းတွေရဲ့ တောကျောင်းနေတာကို ငါဘုရား နှစ်ခြိုက်တယ်။

ရွာအနီးမှာ နေပြီး ပစ္စည်းလေးပါးကို ရတဲ့ ရဟန်းဟာ လာဘ်လာဘ၊ ပူဇော်သက္ကာရ၊ အကျော်အစောကို လိုလားကာ တရားအားထုတ်မှု ကင်းတယ်။ တောကျောင်းမှာ မနေ၊ ရွာ နိဂုံး၊ မင်းနေပြည်တော်တွေကို သက်ဆင်းပြီး နေတယ်။ ဒါကြောင့် အဲဒီရဟန်းရဲ့ ရွာအနီးနေမှုကို ငါဘုရား မနှစ်ခြိုက်။

http://www.dhammadownload.com



တောကျောင်းမှာ နေပြီး ပစ္စည်းလေပါးရတဲ့ ရဟန်းဟာ လာဘ်၊ ပူဇော်သက္ကာရ၊ အကျော်အစောကို စွန့်လွှတ်ပြီး တရားအားထုတ်တယ်။ တောကျောင်းမှာ နေတယ်။ ဒါကြောင့် အဲဒီရဟန်းရဲ့ တောကျောင်းနေမှုကို ငါဘုရား နှစ်ခြိုက်တယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၀၂)

## လွတ်လပ်မှု

နာဂိတ၊ ငါဘုရားဟာ ခရီးသွားတဲ့အခါ ရှေ့မှာရော နောက်မှာပါ တစ်စုံတစ်ယောက်ကိုမှ မမြင်ရတဲ့အခါ အောက်ထစ်ဆုံးအားဖြင့် ကျင်ကြီး၊ ကျင်ငယ်စွန့်ရတာတောင်မှ ငါဘုရားမှာ ချမ်းသာတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၀၂)

## စည်းစိမ်ဥစ္စာတွေမှာ အပြစ် ၅ ပါး

မီး၊ ရေ၊ မင်း၊ သူခိုး၊ အမွေခံ သား သမီးဆိုးဆိုတဲ့ ရန်သူငါးမျိုးနဲ့ ဥစ္စာတွေမှာ ဆက်ဆံနေတယ်။

## စည်းစိမ်ဥစ္စာတွေမှာ အကျိုး ၅ ပါး

ဥစ္စာတွေကို အမှီပြုပြီး မိမိ၊ မိဘ၊ သား၊ သမီး၊ ဇနီး၊ ကျွန်၊ အလုပ်သမား၊ မိတ်ဆွေအပေါင်းအသင်းဆိုတဲ့ ပုဂ္ဂိုလ် ၄ မျိုးကို ချမ်းသာစေတယ်။ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေမှာ နတ်ပြည်ရောက်ကြောင်း ကောင်းမှုပြုရတယ်။

(အံ၊ ပါဠိ၊ ၃၊ ၂၂၆/၇)

http://www.dhammadownload.com



## အချိန်မီ ထမင်းကျက်ခြင်းအကျိုး ၅ မျိုး

၁။ ဧည့်သည်တွေကို ထမင်းကျွေးချိန်မှာ ကျွေးနိုင်တယ်။

၂။ ဗလိနတ်စာ ခံယူတဲ့ နတ်တွေကို ပူဇော်ပသချိန်မှာ ပူဇော်ပသနိုင်တယ်။

၃။ မွန်းလွဲအခါမှာ အစာစားခြင်းမှ ရှောင်ကြဉ်ကြတဲ့ သမဏ၊ ဗြာဟ္မဏတွေအား ဆွမ်းလှူဒါန်းချိန်မှာ လှူဒါန်းနိုင်တယ်။

၄။ ကျွန်၊ အလုပ်သမားတွေဟာ အချိန်မီ ထမင်းစားရလို့ အလုပ်ကို မျက်နှာမလွှဲကြ။

၅။ စားသင့်တဲ့အချိန်မှာ စားရတဲ့ ထမင်းဟာ သြဇာရှိတယ်။

(အံ၊ ပါဠိ၊ ၃၊ ၂၂၇)

## မြွေဟောက်နဲ့ မိန်းမရဲ့အပြစ်များ

၁။ မစင်ကြယ်၊ ၂။ အနံ့ဆိုးတယ်၊ ၃။ အအိပ်ကြီးတယ်၊ ၄။ သူတို့ကိုမှီပြီး ဘေးရှိတယ်၊ ၅။ မိတ်ဆွေကို ဖျက်ဆီးညှဉ်းဆဲတတ်တယ်။ **တစ်နည်း**– ၁။ ဒေါသကြီးတယ်၊ ၂။ ရန်ငြိုးကြီးတယ်။ ၃။ အဆိပ်ပြင်းတယ်၊ ၄။ လျှာနှစ်ခွ ရှိတယ်။ ၅။ မိတ်ဆွေကို ဖျက်ဆီးတတ်တယ်။

မိန်းမမှာ အဆိပ်ပြင်းတယ်ဆိုတာက ရာဂအားကြီးတာ၊

မိန်းမမှာ လျှာနှစ်ခွရှိတယ်ဆိုတာက ကုန်းတိုက်စကားပြောတာ၊

မိန်းမမှာ မိတ်ဆွေကို ဖျက်ဆီးတယ်ဆိုတာက အိမ်ထောင်ရေး ဖောက်ပြားတာ။

(အံ၊ ပါဠိ၊ ၃၊ ၂၂၇/၈)

## မိဘတို့ရဲ့ သားသမီးအပေါ် မျှော်လင့်ချက် ၅ ခု

၁။ ငါတို့ ပြုစုစောင့်ရှောက်ခဲ့တဲ့ သားသမီးတွေက ငါတို့ အသက်ကြီးတဲ့အခါ ငါတို့ကို ပြုစုစောင့်ရှောက်ကြလိမ့်မယ်။

http://www.dhammadownload.com



၂။ ငါတို့ရဲ့ကိစ္စကို ပြုလုပ်ပေးကြလိမ့်မယ်။

၃။ ငါတို့ရဲ့ ရွှေ ငွေစတဲ့ ဥစ္စာကို မပျက်စီးစေဘဲ စောင့်ရှောက်ရင် ငါတို့ရဲ့အမျိုးအနွယ် ကြာရှည်စွာ တည်လိမ့်မယ်။ (တစ်နည်း) ငါတို့လုပ်ထားတဲ့ ကုသိုလ်လုပ်ငန်းတွေကို ဖြတ်တောက်မပစ်ဘဲ ဆက်လုပ်ရင်လည်း ငါတို့အမျိုးအနွယ် ကြာရှည်စွာ တည်လိမ့်မယ်။

၄။ ငါတို့ရဲ့အမွေခံယူထိုက်အောင် လုပ်ကြလိမ့်မယ်။

၅။ ငါတို့ သေလွန်သွားရင် အမျှပေးဝေကြလိမ့်မယ်။

ဒီရည်ရွယ်ချက် ၅ မျိုးနဲ့ မိဘတွေက သားသမီးကို အလိုရှိကြတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၇)

## ဟိမဝန္တာတောင်နဲ့ သဒ္ဓါရှိသူ

ဟိမဝန္တာတောင်မင်းကို အမှီပြုပြီး သစ်ပင်ကြီးတွေမှာ သစ်ခက်၊ သစ်ရွက်တွေနဲ့ တိုးပွားကြတယ်။ အခေါက်နဲ့၊ အပွေးနဲ့၊ အကာနဲ့၊ အနှစ်နဲ့ တိုးပွားကြတယ်။

အဲဒီလိုပါပဲ၊ သဒ္ဓါရှိသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးကို အမှီပြုပြီး အတွင်းလူတွေ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေနဲ့ တိုးပွားကြတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၇)

## ဘဝကောင်း ရောက်မယ့်သူ

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ပြီး ငါးပါးသီလ လုံခြုံသူ သေရင် ကောင်းတဲ့ဘဝကို ရောက်တယ်၊ မကောင်းတဲ့ဘဝကို မရောက်။ (အံ၊ ပါဠိ၊ ၃၊ ၂၉)

http://www.dhammadownload.com



# အသာရတဲ့ ဒါနရှင်

ဘုရားတပည့်နှစ်ဦးဟာ သဒ္ဓါ၊ သီလ၊ ပညာ တူမျှကြတယ်။ တစ်ယောက်က လှူတယ်၊ တစ်ယောက်ကတော့ မလှူ။ သေလို့ နတ်ပြည်ရောက်ကြရင် လှူသူက မလှူသူထက် နတ်သက်၊ နတ်ရုပ်ရည် အဆင်း လှပမှု၊ နတ်ချမ်းသာ၊ နတ်အခြွေအရံ၊ နတ်ကြီးကဲမှုဆိုတဲ့ ငါးမျိုးနဲ့ သာလွန်တယ်။

နတ်ပြည်က စုတေလို့ လူ့ပြည်ရောက်ရင်လည်း လူ့အသက်၊ လူ့ရုပ်ရည်အဆင်းလှပမှု၊ လူ့ချမ်းသာ၊ လူ့အခြွေအရံ၊ လူကြီးကဲမှုဆိုတဲ့ ငါးမျိုးနဲ့ လှူသူက မလှူသူထက် သာလွန်ပြန်တယ်။

ရဟန်းဘဝ ရောက်ကြပြန်ရင်လည်း လှူခဲ့သူက တောင်းပန်မှ သာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို များများ သုံးဆောင်တယ်။ မတောင်းပန်ရင် နည်းနည်း သုံးဆောင်တယ်။ အတူ နေ သီတင်းသုံးဖော်တွေက မြတ်နိုးဖွယ် ကာယကံ၊ ဝစီကံ၊ မနောကံ တွေနဲ့သာ များများ ဆက်ဆံကြတယ်။ မမြတ်နိုးဖွယ်နဲ့ နည်းနည်း ဆက်ဆံကြတယ်။ လှူသူက မလှူသူထက် အဲဒီငါးမျိုးနဲ့ သာလွန်ပြန် တယ်။

ရဟန္တာဖြစ်သွားကြရင်တော့ မထူးခြားတော့။

(အံ၊ ပါဠိ၊ ၃၊ ၂၇)

# ဇနီးကောင်း

၁။ လင်ရဲ့အရင် အိပ်ရာက ထရတယ်။ လင်ရဲ့နောက်မှ အိပ်ရ တယ်။ 'ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ' လို့ လင်ရဲ့မျက်နှာကို ကြည့်ပြီး လှည့်လည်ရတယ်။ မြတ်နိုးဖွယ် အပြုအမူကိုသာ ပြုမူရတယ်၊ ချစ်ဖွယ်စကားကိုသာ ပြောဆိုရတယ်။

http://www.dhammadownload.com



၂။ လင် အလေးပြုတဲ့ မိဘ၊ သမဏ၊ ဗြာဟ္မဏတွေကို ရိုသေလေးစား မြတ်နိုး ပူဇော်ရတယ်။ ကိုယ့်ထံ လာတဲ့လူတွေကို နေရာ၊ ခြေဆေးရေနဲ့ ပူဇော်ရတယ်။

၃။ အိမ်တွင်းအလုပ်ဖြစ်တဲ့ သိုးမွေး၊ ဝါဂွမ်းအလုပ်တွေမှာ ကျွမ်းကျင်ရတယ်။ မပျင်းရဘူး၊ အဲဒီလုပ်ငန်းပညာနဲ့ ပြည့်စုံရတယ်။ ကိုယ်တိုင်လည်း လုပ်တတ်ရတယ်၊ သူတစ်ပါးတွေကိုလည်း အလုပ်ခိုင်းတတ်ရတယ်။

၄။ လင်ရဲ့ အတွင်းနေလူတွေဖြစ်တဲ့ ကျွန်၊ အစေခံ၊ အလုပ်သမားတွေရဲ့ အလုပ်ပြီးတာကို လုပ်ပြီးတဲ့အတိုင်း၊ မလုပ်ရသေးတာကို မလုပ်ရသေးတဲ့အတိုင်း သိရတယ်။ လူနာတွေရဲ့ အားရှိမရှိကို သိရတယ်။ အတွင်းနေလူအပေါင်းအား စားဖွယ်၊ ခဲဖွယ်ကို ရထိုက်တဲ့ အတိုင်းအတာနဲ့ ပေးရတယ်။

၅။ လင် ရှာဖွေထားတဲ့ စပါး၊ ရွှေ၊ ငွေကို စောင့်ရှောက်ထိန်းသိမ်းရတယ်။ အိမ်ထောင်ရေး မဖောက်ပြားရ၊ သေရည် မသောက်ရ၊ မခိုးရ၊ မဖျက်ဆီးရ။

ဒီအင်္ဂါ ၅ ပါးနဲ့ ပြည့်စုံတဲ့ အမျိုးသမီးဟာ နိမ္မာနရတိနတ်ပြည်ကို ရောက်ရတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၁)

## အကျိုး ၅ မျိုး

၁။ စားဖွယ်၊ သောက်ဖွယ်၊ ခဲဖွယ်၊ လျက်ဖွယ်တို့ရဲ့ အကျိုးက ကျင်ကြီး ကျင်ငယ်။

၂။ ချစ်ရသူတို့ရဲ့ ပြောင်းလဲဖောက်ပြန်မှုကြောင့် ဝမ်းနည်းငိုကြွေးရမှု၊ ကိုယ်စိတ်ဆင်းရဲရမှု၊ ပြင်းစွာ ပူလောင်မှုအကျိုးတွေ ဖြစ်တယ်။

http://www.dhammadownload.com



၃။ အသုဘကမ္မဋ္ဌာန်းကို အားထုတ်ရင် နှစ်သက်ဖွယ်အာရုံမှာ မတပ်မက်ဘဲ တွန့်ဆုတ်တယ်။

၄။ ဖဿာယတန ၆ ပါးမှာ အနိစ္စရှုနေရင် ဖဿမှာ တွန့်ဆုတ်တယ်။

၅။ ဥပါဒါနက္ခန္ဓာ ၅ ပါးမှာ ဖြစ်ပျက်ရှုနေရင် စွဲလမ်းမှုမှာ တွန့်ဆုတ်တယ်။

(အံ၊ ပါဠိ၊ ၃၊ ၂၆)

## စင်္ကြံလျှောက်ရကျိုး ၅ ပါး

၁။ ခရီးရှည် သွားနိုင်ခြင်း၊

၂။ ကြိုးစားတရား အားထုတ်နိုင်ခြင်း၊

၃။ ရောဂါ ကင်းခြင်း၊

၄။ စားသောက်သမျှ အစာကြေလွယ်ခြင်း၊

၅။ စင်္ကြံလျှောက်လို့ ရတဲ့ သမာဓိက ကြာရှည်တည်တံ့ခြင်း။

(အံ၊ ပါဠိ၊ ၃၊ ၂၄)

## ရွှေနဲ့စိတ်

သံ၊ ကြေး၊ ခဲဖြူ၊ ခဲနက်၊ ငွေဆိုတဲ့ အညစ်အကြေးတွေ ရှိနေရင် ရွှေဟာ မနူးညံ့၊ အရောင်မတောက်၊ ကျိုးပျက်တတ်တယ်။ လက်ဝတ်တန်ဆာစသည် ပြုလုပ်ရာမှာ မကောင်း။

အဲဒီလိုပါပဲ၊ စိတ်မှာလည်း နီဝရဏငါးပါး ရှိရင် စိတ်ဟာ မနူးညံ့၊ အရောင်မတောက်၊ ကွတ်ဆတ်တယ်။ ရဟန္တာဖြစ်ဖို့ စိတ်ကောင်းကောင်း မတည်။

(အံ၊ ပါဠိ၊ ၃၊ ၁၃)

http://www.dhammadownload.com



## ချိုးမြှောက်ခံရရင်

သီလ၊ သုတ၊ စာဂ၊ တရားဆွေးနွေးမှု၊ သမထ၊ ဗလဝဝိပဿနာတွေနဲ့ ချိုးမြှောက်ထောက်ပံ့ခံရတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဟာ မဂ်ဖိုလ်ကို ရစေတယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၇)

## စောင်းတီးသလို

စောင်းကို တီးခတ်တဲ့အခါ စောင်းကြိုး တင်းလွန်းရင်ဖြစ်ဖြစ်၊ လျော့လွန်းရင်ဖြစ်ဖြစ် စောင်းသံ မကောင်း၊ မသာယာ။

ဝီရိယ တင်းလွန်းရင် စိတ်ပျံ့လွင့်တယ်၊ ဝီရိယလျော့လွန်းရင် ပျင်းရိတယ်။ ဝီရိယနဲ့ သမာဓိ တွဲဖက် ယှဉ်စပ်ပေးရတယ်။ သဒ္ဓါနဲ့ ပညာ၊ ဝီရိယနဲ့ သမာဓိဆိုတဲ့ ဣန္ဒြေတွေကို ညီမျှအောင် လုပ်ပေးရတယ်။ သတိကတော့ အမြဲအားကြီးနေရတယ်။ သမထ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်အာရုံကို ယူရတယ်၊ ဖြစ်စေရတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၃၀)

## ဒေဝဒတ်နဲ့ အဖြူတရား

'အာနန္ဒာ၊ ဒေဝဒတ်ရဲ့ သားမြီးဖျားနဲ့ ထောက်ပြနိုင်လောက်တဲ့ ဖြူစင်တဲ့တရားကို ငါဘုရား မြင်နေသေးသမျှ ဒေဝဒတ်ဟာ အပါယ်မှာ ဖြစ်မယ့်သူ၊ ငရဲကို သွားမယ့်သူ၊ ငရဲမှာ တစ်ကမ္ဘာပတ်လုံး တည်မယ့်သူ၊ ကုသပေးလို့ မရတဲ့သူပဲ' လို့ ငါဘုရား မပြော။

မမြင်တော့မှပဲ ငါဘုရား ဒေဝဒတ်ကို အဲဒီလို ပြောတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၅၃)

http://www.dhammadownload.com



## မဆုတ်ယုတ်ကြောင်း ၆ ပါး

ကိစ္စမများ[၁]၊ စကားနည်းစေ[၂]၊
အိပ်နေမှုနည်း[၃]၊ ကိုယ်တည်းပျော်လေ[၄]၊
ဆုံးမလွယ်ကြောင်း[၅]၊ မိတ်ကောင်းရှိစေ[၆]၊
တရားရေး အားပေး ဂုဏ်ခြောက်ထွေ။

ရှေးက ပုဂ္ဂိုလ်တွေရော၊ ယခုပုဂ္ဂိုလ်တွေရော၊ နောင်အခါ ပုဂ္ဂိုလ်တွေပါ ကုသိုလ်တရားတွေမှ မဆုတ်ယုတ်ကြတာဟာ အထက်ပါတရား ၆ ပါးကြောင့်ပါပဲ။

(အံ၊ ပါဠိ၊ ၃၊ ၂၇၄)

## ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သူများ

ဘုရား၊ တရား၊ သံဃာ၊ သိက္ခာတွေကို ကိုယ်တိုင်လည်း ရိုသေပါ၊ ရိုသေခြင်းရဲ့ဂုဏ်ကျေးဇူးကိုလည်း ပြောပြပါ။ အခြားမရိုသေသူတွေကိုလည်း ရိုသေဖို့ တိုက်တွန်းပါ။ အခြားရိုသေသူတွေရဲ့ဂုဏ်ကိုလည်း အမှန်အတိုင်း သင့်လျော်တဲ့အခါမှာ ပြောပေးပါ။

ကိုယ်တိုင်လည်း ဆုံးမရလွယ်ပါစေ၊ ဆုံးမလွယ်ခြင်းရဲ့ဂုဏ်ကျေးဇူးကိုလည်း ပြောပြပါ။ အခြား ဆုံးမရ မလွယ်သူတွေကိုလည်း လွယ်လာအောင် တိုက်တွန်းပါ။ အခြားဆုံးမရလွယ်သူတွေရဲ့ဂုဏ်ကိုလည်း အမှန်အတိုင်း သင့်လျော်တဲ့အခါမှာ ပြောပေးပါ။

ကိုယ်တိုင်လည်း မိတ်ကောင်းရှိပါ၊ မိတ်ကောင်းရှိခြင်းရဲ့ဂုဏ်ကျေးဇူးကိုလည်း ပြောပြပါ။ အခြားမိတ်ကောင်း မရှိသူတွေကိုလည်း ရှိလာအောင် တိုက်တွန်းပါ။ အခြားမိတ်ကောင်းရှိသူတွေရဲ့ ဂုဏ်ကိုလည်း အမှန်အတိုင်း သင့်လျော်တဲ့အခါမှာ ပြောပြပါ။

(အံ၊ ပါဠိ၊ ၃၊ ၃၇၀)

http://www.dhammadownload.com



## တရားနဲ့နေသူ မနေသူ

၁။ ဘုရားဟောတရားတွေကို သင်ယူမှုနဲ့ တစ်နေ့တာ အချိန်ကုန်တယ်။ တစ်ကိုယ်တည်း နေကာ သမထ၊ ဝိပဿနာ အားမထုတ်၊ သူဟာ သင်ယူမှုများသူပဲ၊ တရားနဲ့နေသူ မဟုတ်။

၂။ နာယူ၊ သင်ယူထားတဲ့ တရားတွေကို သူတစ်ပါးတွေအား ဟောပေးမှုနဲ့ တစ်နေ့တာ အချိန်ကုန်တယ်၊ တစ်ကိုယ်တည်း နေကာ သမထ၊ ဝိပဿနာ အားမထုတ်၊ သူဟာ ဟောပြောမှုများသူပဲ၊ တရားနဲ့နေသူ မဟုတ်။

၃။ နာယူ၊ သင်ယူထားတဲ့ တရားတွေကို ရွတ်အံမှုနဲ့ တစ်နေ့တာ အချိန်ကုန်တယ်၊ တစ်ကိုယ်တည်း နေကာ သမထ၊ ဝိပဿနာ အားမထုတ်၊ သူဟာ ရွတ်အံမှုများသူပဲ၊ တရားနဲ့နေသူ မဟုတ်။

၄။ နာယူ၊ သင်ယူထားတဲ့ တရားတွေကို ကြံစည်၊ သုံးသပ်၊ ဆင်ခြင်မှုနဲ့ တစ်နေ့တာ အချိန်ကုန်တယ်။ တစ်ကိုယ်တည်း နေကာ သမထ၊ ဝိပဿနာ အားမထုတ်၊ သူဟာ အတွေးအကြံများသူပဲ၊ တရားနဲ့နေသူ မဟုတ်။

၅။ ဘုရားဟောတရားတွေကို သင်ယူမှုနဲ့ပဲ တစ်နေ့တာ အချိန်မကုန်လွန်စေ၊ တစ်ကိုယ်တည်း နေကာ သမထ၊ ဝိပဿနာ အားထုတ်တယ်၊ သူကတော့ တရားနဲ့နေသူပဲ။

(အံ၊ ပါဠိ၊ ၃၊ ၇၆၊၇၇)

## မမြင် မကြားဖူးဘူး

ငါးပါးသီလ စောင့်ထိန်းသူကို ငါးပါးသီလ စောင့်ထိန်းလို့ ရှင်ဘုရင်တွေက သတ်တာ၊ နှောင်ဖွဲ့တာ၊ နိုင်ငံက နှင်ထုတ်တာ၊ ကြိုက်သလို လုပ်တာကို ငါဘုရားလည်း မြင်လည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး။ (အံ၊ ပါဠိ၊ ၃၊ ၁၈၄)

http://www.dhammadownload.com



## ဥပါသကာ မရောင်းရာ

၁။ လက်နက်အလုပ်ခိုင်းပြီး ရောင်းမှု၊
၂။ လူကို ရောင်းမှု၊
၃။ ဝက်၊ သမင်စတဲ့ သတ္တဝါတွေကို မွေးမြူပြီး ရောင်းမှု၊
၄။ အရက်အလုပ်ခိုင်းပြီး ရောင်းမှု၊
၅။ အဆိပ်အလုပ်ခိုင်းပြီး ရောင်းမှု၊

အဲဒီငါးမျိုးကို ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူဟာ ကိုယ်တိုင်လည်း မလုပ်ရ၊ သူတစ်ပါးကိုလည်း အလုပ်မခိုင်းရ။

(အံ၊ ပါဠိ၊ ၃၊ ၁၈၃)

## ဥပါသကာမြတ်နဲ့ ဥပါသကာညံ့

၁။ သဒ္ဓါရှိတယ်။
၂။ သီလရှိတယ်။
၃။ မြင်၊ ကြား၊ နံ၊ စား၊ ထိရတာတွေ ကောင်း မကောင်းအပေါ် မူတည်ပြီး မင်္ဂလာရှိတယ်၊ မရှိဘူးလို့ မယူဆ။
၄။ လောကီမင်္ဂလာကို မယုံကြည်၊ ကံကိုသာ ယုံကြည်တယ်။
၅။ ဒီဘုရားသာသနာမှတစ်ပါး အခြားသာသနာမှာ အလှူခံကို မရှာမှီး၊ အဲဒီသာသနာပမှာ ဒါနစတဲ့ ကုသိုလ်လုပ်ငန်းကို အရင် မပြု။

ဒီအင်္ဂါ ၅ ပါးနဲ့ ပြည့်စုံတဲ့ ဥပါသကာဟာ ရတနာနဲ့တူတယ်။ ပဒုမ္မာကြာနဲ့တူတယ်။ ပုဏ္ဍရိက်ကြာနဲ့တူတယ်။

ဒီအင်္ဂါ ၅ ပါးနဲ့ မပြည့်စုံတဲ့ ဥပါသကာဟာ ဥပါသကာ ဒွန်းစဏ္ဍား၊ ဥပါသကာ အညစ်အကြေး၊ ဥပါသကာ အညံ့စားပဲ။

(အံ၊ ပါဠိ၊ ၃၊ ၁၈၁)

http://www.dhammadownload.com



## မရနိုင်တဲ့အရာ

၁။ အိုတာကို မအိုပါနဲ့လို့၊
၂။ နာတာကို မနာပါနဲ့လို့၊
၃။ သေတာကို မသေပါနဲ့လို့၊
၄။ ကုန်တာကို မကုန်ပါနဲ့လို့၊
၅။ ပျက်တာကို မပျက်ပါနဲ့လို့၊

ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာနဲ့တကွ လောကမှာ ဘယ်သူကမှ တောင့်တလို့ မရနိုင်။

(အံ၊ ပါဠိ၊ ဒု၊ ၄၇)

## အောက်မေ့ဖွယ်

သီတင်းသုံးဖော်တွေအပေါ်မှာ မေတ္တာကာယကံ၊ ဝစီကံ၊ မနောကံတွေကို မျက်မှောက်မှာရော မျက်ကွယ်မှာပါ ထားရင်၊ ကိုယ့်မှာ တရားသဖြင့် ရထားတဲ့ ပစ္စည်းတွေကို သီလရှိတဲ့ သီတင်းသုံးဖော်တို့နဲ့ အတူတူ သုံးဆောင်ရင်၊ မခွဲခြားဘဲ သုံးဆောင်ရင်၊ သီတင်းသုံးဖော်တို့နဲ့ မျက်မှောက်မှာရော မျက်ကွယ်မှာပါ သီလချင်း၊ အရိယာအမြင်ချင်း တူမျှရင် အောက်မေ့စရာ၊ ချစ်ခင်စရာ၊ လေးစားစရာဖြစ်တယ်။ ညီညွတ်ဖို့ ဖြစ်တယ်။

(အံ၊ ပါဠိ၊ ဒု၊ ၂၅၆)

## အသေကောင်း

ကိစ္စမများ[၁]၊ စကားနည်းစေ[၂]၊
အိပ်နေမှုနည်း[၃]၊ ကိုယ်တည်းပျော်လေ[၄]၊

http://www.dhammadownload.com



ရောနှောမှုကင်း[၅]၊ ချဲ့ခြင်းရှောင်လေ[၆]၊
အနေကောင်း အကြောင်းဂုဏ် ၆ ထွေ။
အသေကောင်း အကြောင်းဂုဏ် ၆ ထွေ။

(အံ၊ ပါဠိ၊ ၃၊ ၂၉၅)

## အသက်မွေးမှားသူတွေ

ငါး၊ နွား၊ သိုး၊ ဝက်၊ ငှက်၊ သားကောင်တွေကို သတ်သတ်ပြီး ရောင်းသူဟာ အဲဒီအသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ဆင်၊ မြင်း၊ ရထား၊ ယာဉ်တွေနဲ့ သွားနိုင်သူ၊ စည်းစိမ်ကို ခံစားသူ၊ ကြီးမားတဲ့ စည်းစိမ်အစုကို ပိုင်ဆိုင်သူကို ငါဘုရားလည်း မြင်လည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး။

အကြောင်းကတော့ သတ်ဖို့ သယ်ဆောင်လာတဲ့ အဲဒီသတ္တဝါတွေကို သတ်လိုတဲ့ မကောင်းစိတ်နဲ့ ကြည့်ရှုလို့ပါပဲ။ လူကို သတ်လိုတဲ့ မကောင်းစိတ်နဲ့ ကြည့်ရှုရင်တော့ ပြောစရာတောင် မလိုတော့ပါ။ အဲဒီမကောင်းမှုဟာ သူ့အတွက် အချိန်ကြာမြင့်စွာ စီးပွားမဲ့ဖို့၊ ဆင်းရဲဖို့ ဖြစ်တယ်။ သေရင် အဲဒီသူဟာ ငရဲရောက်တယ်။

(အံ၊ ပါဠိ၊ ၃၊ ၂၆၆/၇၊၈)

အဲဒီလို မကောင်းမှုတွေကို လုပ်နေပေမယ့် အခြွေအရံတွေကို ရနေသူတွေမှာ အဲဒီအကုသိုလ်ကို မှီပြီး ကုသိုလ်အကျိုးပေးနေတယ်လို့ သိရမယ်။ သူ့ကို အဲဒီအကုသိုလ်ကံက နှိပ်စက်လို့ အဲဒီအကျိုးပေးဟာ ကြာကြာ မတည်ပါ။

(အံ၊ ဋ္ဌ၊ တ၊ ၉၈)

## သစ်ပင်စောင့်နတ်နဲ့ ရဟန်း

ဒီလောကမှာ သစ်ပင်ရဲ့အမြစ်ကို လိုချင်သူတွေက အမြစ်ကို၊

http://www.dhammadownload.com



အခေါက်ကို လိုချင်သူက အခေါက်ကို၊ အရွက်လိုချင်သူတွေက အရွက်ကို၊ အပွင့်ကို လိုချင်သူတွေက အပွင့်ကို၊ အသီးကို လိုချင်သူတွေက အသီးကို ယူကြတယ်။ အဲဒီလို ယူလို့ အဲဒီသစ်ပင်စောင့်နတ်က စိတ်မဆိုးရ၊ မကျေမနပ် မဖြစ်ရ။ အဲဒီလိုနည်းနဲ့ သစ်ပင်စောင့်နတ်ဟာ သစ်ပင်ကျင့်ဝတ်မှာ တည်ရတယ်။

ရဟန်းဟာ ဆဲရေးသူကို ပြန်မဆဲရေးရ၊ ပုတ်ခတ်သူကို ပြန်မပုတ်ခတ်ရ၊ ရိုက်နှက်သူကို ပြန်မရိုက်နှက်ရ။ အဲဒီလိုနည်းနဲ့ ရဟန်းဟာ ရဟန်းတရားမှာ (ရဟန်းကျင့်ဝတ်မှာ) တည်ရတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၂၅)

## ကံ

ရဟန်းတို့၊ စေတနာကို ကံလို့ ငါဘုရား ဟောတယ်။ ကိုယ်၊ နှုတ်၊ စိတ် (စေတနာနဲ့ယှဉ်တဲ့စိတ်) နဲ့ စေ့ဆော်ပြီး ပြုလုပ်တယ်။

ကံရဲ့အကြောင်းက ထိတွေ့မှု ဖဿပဲ။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ့လောက၊ နတ် ဗြဟ္မာလောကကို ရောက်စေတဲ့ ကံအားဖြင့် ကံက အမျိုးမျိုး ရှိတယ်။

ဒီဘဝမှာ အကျိုးပေးတဲ့ကံ၊ ဒုတိယဘဝမှာ အကျိုးပေးတဲ့ကံ၊ တတိယဘဝကစပြီး နိဗ္ဗာန်တိုင်အောင် အကျိုးပေးတဲ့ကံလို့ ၃ မျိုး ရှိတယ်။

ဖဿ ချုပ်ရင် ကံ ချုပ်တယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၆၃)

## သောတာပန်

သောတာပန်ဟာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊

http://www.dhammadownload.com



အပါယ်ရောက်စေနိုင်တဲ့ ရာဂ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိတရား ၆ ပါးကို အကြွင်းမရှိ ပယ်ပြီးပြီ။

ဘယ်သင်္ခါရတရားကိုမှ နိစ္စ၊ သုခ၊ အတ္တလို့ မယူဆ။ (အမိသတ်မှု၊ အဖသတ်မှု၊ ရဟန္တာသတ်မှု၊ ဘုရားရှင်ကို ဒေါသစိတ်နဲ့ သွေးခြေဥအောင် လုပ်မှု၊ သံဃာသင်းခွဲမှု) ဆိုတဲ့ အာနန္တရိယကံငါးပါးကို မပြုလုပ်၊ မြင်၊ ကြား၊ နံ၊ စား၊ ထိမှု ကောင်းမကောင်းကို အမှီပြုပြီး ကောင်းကျိုးဆိုးကျိုး ပေးတတ်တယ်လို့ မယူဆ။ ဒီဘုရား သာသနာမှ တစ်ပါး အခြားသာသနာမှာ အလှူခံကောင်းကို မရှာဖွေ။ ဘုရားမှ တစ်ပါး အခြားဆရာကို မညွှန်ပြ၊ ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာအပေါ် မရိုမသေ မနေ၊ ငါးပါးသီလ အကျိုး၊ အယူမှား ၆၂ မျိုးကို မယုံကြည်၊ ကာမဘုံ၌ ရှစ်ခုမြောက်ဘဝမှာ မဖြစ်။

(အံ၊ ပါဠိ၊ ၃၊ ၃၈၂)

## အရိယာမဂ်ကို မရနိုင်သူများ

၁။ အမေကို သတ်သူ၊
၂။ အဖေကို သတ်သူ၊
၃။ ရဟန္တာကို သတ်သူ၊
၄။ ဘုရားရှင်ကို ဒေါသစိတ်နဲ့ သွေးခြေဥအောင် လုပ်သူ၊
၅။ သံဃာသင်းခွဲသူ၊
၆။ ပညာမရှိသူ၊ လူဖျင်း၊ လူအ၊
၇။ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ၊
၈။ အကုသလဝိပါက် ပဋိသန္ဓေနေသူနဲ့ ကုသလဝိပါက်အဟိတ် ပဋိသန္ဓေ နေသူ၊
၉။ သဒ္ဓါ မရှိသူ၊
၁၀။ ကုသိုလ်ပြုလိုတဲ့ဆန္ဒ မရှိသူ၊

http://www.dhammadownload.com



၁၁။ ဘုရားရဲ့တရားကို ဟောပြတဲ့အခါ မနာယူချင်သူ၊
၁၂။ နားထောင်ရာမှာ စိတ်မစိုက်သူ၊
၁၃။ သိလိုစိတ် မရှိသူ၊
၁၄။ အကျိုးမဲ့ကို ယူသူ၊
၁၅။ အကျိုးကို ကင်းဆိတ်စေသူ၊
၁၆။ သာသနာနဲ့ မလျော်တဲ့ ကျေနပ်မှုရှိသူ။

(အံ၊ ပါဠိ၊ ၃၊ ၃၈၀/၁)

## သောတာပန်နဲ့ အတ္တဒိဋ္ဌိ အဟေတုကဒိဋ္ဌိ

သောတာပန်ဟာ ကိုယ့်အတ္တက လုပ်တဲ့၊ သူတစ်ပါးအတ္တက လုပ်တဲ့၊ မိမိ သူတစ်ပါးအတ္တက လုပ်တဲ့ ချမ်းသာ၊ ဆင်းရဲကို ခံစားရတယ်လို့ မယုံကြည်၊ ကိုယ့်အတ္တလုပ်တာ မဟုတ်တဲ့၊ အကြောင်းမရှိဘဲ ဖြစ်တဲ့ ချမ်းသာ ဆင်းရဲကို ခံစားရတယ်လို့ မယုံကြည်၊ သူတစ်ပါးအတ္တ၊ မိမိ သူတစ်ပါးအတ္တက လုပ်တာမဟုတ်တဲ့ အကြောင်းမရှိဘဲ ဖြစ်တဲ့ ချမ်းသာဆင်းရဲကို ခံစားရတယ်လို့ မယုံကြည်၊ အကြောင်းကတော့ သောတာပန်ပုဂ္ဂိုလ်ဟာ အကြောင်းနဲ့အကျိုးကို ကောင်းကောင်း သိမြင်ထားလို့ပါပဲ။

(အံ၊ ပါဠိ၊ ၃၊ ၃၈၃)

## ဆန့်ကျင်ဘက်

ရာဂကို ပယ်ဖို့ အသုဘကို ပွားရတယ်။
ဒေါသကို ပယ်ဖို့ မေတ္တာကို ပွားရတယ်။
မောဟကို ပယ်ဖို့ ပညာကို ပွားရတယ်။

(အံ၊ ပါဠိ၊ ၃၊ ၃၈၈)

http://www.dhammadownload.com



# မိတ်ဆွေကောင်း

၁။ ပေးဖို့ ခက်တဲ့ တန်ဖိုးကြီးပစ္စည်းကို ပေးတယ်၊
၂။ လုပ်ဖို့ ခက်တဲ့ အလုပ်ကို လုပ်ပေးတယ်၊
၃။ သည်းခံရခက်တဲ့ အပြောဆိုးတွေကို သည်းခံတယ်၊
၄။ သူ့ရဲ့ လျှို့ဝှက်ချက်ကို ကိုယ့်အား ပြောတယ်၊
၅။ ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို အခြားသူတွေအား မပြော၊
၆။ ကိုယ့်မှာ ဘေးရန်တွေ ရောက်တဲ့အခါ ကိုယ့်ကို စွန့်မသွား၊
၇။ ကိုယ့်မှာ ဥစ္စာကုန်သွားလို့ ကိုယ့်ကို အထင်မသေး။

(အံ၊ ပါဠိ၊ ၃၊ ၄၂၁)

**တစ်နည်း**

၁။ ချစ်မြတ်နိုးဖွယ်ကောင်းတယ်၊
၂။ လေးစားဖွယ်ကောင်းတယ်၊
၃။ မေတ္တာပွားချင်ဖွယ်ကောင်းတယ်၊
၄။ စကားပြောကျွမ်းကျင်တယ်၊
၅။ ပေးတဲ့အဆုံးအမကို လိုက်နာတယ်၊
၆။ ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်နဲ့ပတ်သက်တဲ့ လေးနက်တဲ့စကားကို ပြောတတ်တယ်၊
၇။ မသင့်တော်ရာမှာ မတိုက်တွန်းတတ်။

(အံ၊ ပါဠိ၊ ၃၊ ၄၂၂)

# အိပ်ချင်မှုကို ဖျောက်နည်း ၇ နည်း

၁။ အိပ်ငိုက်စေတဲ့သညာကို နှလုံးမသွင်းပါနဲ့၊
၂။ ကြားဖူး၊ သင်ဖူးထားတဲ့ တရားကို စိတ်နဲ့ ကြံပါ၊ သုံးသပ်ပါ၊ ဆင်ခြင်ပါ။

http://www.dhammadownload.com



၃။ ကြားဖူး၊ သင်ဖူးထားတဲ့ တရားကို အကျယ် ရွတ်အံပါ။
၄။ နားနှစ်ဖက်ကို လက်နဲ့ ဆွဲလိမ်ပါ၊ ကိုယ်ကို လက်နဲ့ ပွတ်တိုက်ပါ။
၅။ နေရာမှ ထပြီး မျက်နှာသစ်ကာ အရပ်မျက်နှာတွေကို၊ နက္ခတ်တာရာတွေကို ကြည့်ပါ၊
၆။ အရောင်အလင်းသညာ နေ့သညာကို နှလုံးသွင်းပါ၊
၇။ ရှုမှတ်မှုနဲ့ စင်္ကြံလျှောက်ပါ။

(အံ၊ ပါဠိ၊ ၃၊ ၄၆၂)

## လိုအပ်တဲ့ ကြားသိဉာဏ်

ရဟန်းဟာ 'တရားအားလုံး၊ (ခန္ဓာငါးပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး) ဟာ မြဲတယ်၊ ကောင်းတယ်၊ ငါကောင်ပဲ လို့ တဏှာ၊ ဒိဋ္ဌိနဲ့ မစွဲလမ်းထိုက်' လို့ ကြားဖူးတယ်။ အဲဒီရဟန်းက ရုပ်နာမ် တရားအားလုံးကို ရှုမှတ်သိတယ်၊ ရှုမှတ်သိပြီး မမြဲ၊ ဆင်းရဲ သဘောပဲလို့ ပိုင်းခြားသိတယ်။

(အံ၊ ပါဠိ၊ ၃၊ ၄၆၄)

## မကြောက်ကြနဲ့

ရဟန်းတို့၊ ကောင်းမှုတွေကို မကြောက်ကြနဲ့၊ ကောင်းမှုဆိုတာ ချမ်းသာရဲ့အမည်ပဲ။

(အံ၊ ပါဠိ၊ ၃၊ ၄၆၅)

## မယား ၇ မျိုး

၁။ လင့်အပေါ် ဒေါသစိတ်ထားတယ်၊ လင့်အကျိုးစီးပွားကို မလို

http://www.dhammadownload.com



လား၊ အခြားယောကျ်ားတွေအပေါ် သာယာတပ်မက်တယ်၊ လင်ကို အထင်သေးတယ်၊ လင်က သူ့ကို ဥစ္စာနဲ့ ဝယ်ထားတယ်၊ လင်ကို သတ်ဖို့ ကြိုးစားတယ်။ ဒီမယားဟာ သူသတ်သမားနဲ့တူတဲ့ မယားပဲ။

၂။ လင်က အလုပ်လုပ် ရှာဖွေလို့ရထားတဲ့ ပစ္စည်းဥစ္စာ ရှိတယ်၊ အဲဒီဥစ္စာ အနည်းငယ်လေးရှိရင်တောင်မှ အဲဒီဥစ္စာထဲက ခိုးယူချင်တယ်၊ အဲဒီမယားဟာ သူခိုးနဲ့တူတဲ့ မယားပဲ။

၃။ အလုပ်မလုပ်ချင်၊ ပျင်းတယ်၊ အစားကြီးတယ်၊ ကြမ်းတမ်းတယ်၊ ကြမ်းကြုတ်တယ်၊ စကားပြောကြမ်းတယ်၊ အလုပ်ကြိုးစားတဲ့လင်ကို အနိုင်ကျင့်တယ်၊ အဲဒီမယားဟာ အရှင်မနဲ့တူတဲ့ မယားပဲ။

၄။ အမြဲတမ်း လင့်အကျိုးစီးပွားကို လိုလားတယ်၊ သားကို မိခင်က စောင့်ရှောက်သလို လင်ကို စောင့်ရှောက်တယ်၊ လင် ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာကို စောင့်ရှောက်တယ်၊ အဲဒီမယားဟာ မိခင်နဲ့တူတဲ့ မယားပဲ။

၅။ အစ်မကြီး၊ ညီမလေးပမာ ကိုယ့်လင်အပေါ်မှာ ရိုသေတယ်၊ အရှက်ရှိတယ်၊ လင့်အလို လိုက်တယ်၊ အဲဒီမယားဟာ နှမနဲ့တူတဲ့ မယားပဲ။

၆။ လင် အဝေးမှာ ကြာမြင့်စွာ နေပြီးမှ ပြန်လာတာကို မြင်ရင် ဝမ်းသာပျော်ရွှင်တယ်၊ မိတ်ဆွေမက မိတ်ဆွေတစ်ဦး လာတာကို တွေ့ရင် ဝမ်းသာသလိုပါပဲ၊ ပြီးတော့ အမျိုးကောင်းတယ်၊ သီလရှိတယ်၊ လင်ကို အိမ်ဦးနတ်အဖြစ် ထားတယ်၊ အဲဒီမယားဟာ မိတ်ဆွေနဲ့တူတဲ့မယားပဲ။

၇။ လင်က တုတ်ကို ယူပြီး သတ်မယ်လို့ ခြိမ်းခြောက်ပေမယ့် စိတ်မဆိုး၊ အေးအေးဆေးဆေးပဲ လင်ကို သည်းခံတယ်၊ လင့်

http://www.dhammadownload.com



အလိုလိုက်တယ်၊ အဲဒီမယားဟာ ကျွန်မနဲ့တူတဲ့ မယားပဲ။

ရှေ့မယား ၃ မျိုးဟာ သီလမရှိ၊ ကြမ်းတမ်းတယ်၊ ရိုသေမှုမရှိ၊ သေရင် ငရဲရောက်တယ်။ နောက်မယား ၄ မျိုးဟာ သီလရှိတယ်၊ စောင့်စည်းမှုရှိတယ်၊ သေရင် ဘဝကောင်းကို ရောက်ကြတယ်။

(အံ၊ ပါဠိ၊ ၃၊ ၄၆၇/၈)

## ဒေါသသမားရဲ့ ဆိုးကျိုးများ

၁။ ကိုယ့်ရန်သူက ကိုယ်ရုပ်လှတာကို သဘောမကျ၊ ရုပ်မလှရင် ကောင်းမှာပဲလို့ ရန်သူက တောင့်တတယ်၊ ဒေါသဖြစ်လာရင် ကောင်းကောင်း ရေချိုး၊ ကောင်းကောင်း ဝတ်ဆင်၊ ဆံမုတ်ဆိတ်ရိတ်၊ အဝတ်ဖြူဝတ်ထားပေမယ့် ရုပ်ဆိုးနေတာပဲ။

၂။ ကိုယ့်ရန်သူက ကိုယ်ချမ်းချမ်းသာသာ အိပ်ရတာကို သဘောမကျ၊ ဆင်းဆင်းရဲရဲ အိပ်ရပါစေလို့ ရန်သူက တောင့်တတယ်၊ ဒေါသဖြစ်လာရင် အလွန်ကောင်းတဲ့ ကြီးကျယ်ခမ်းနားတဲ့ အိပ်ရာနေရာတွေမှာ အိပ်ရပေမယ့် ဆင်းဆင်းရဲရဲပဲ အိပ်ရတယ်။

၃။ ကိုယ့်ရန်သူက ကိုယ့်အကျိုးစီးပွား များပြားတာကို သဘောမကျ၊ အကျိုးစီးပွား မများပါစေနဲ့လို့ ရန်သူက တောင့်တတယ်၊ ဒေါသဖြစ်လာရင် အကျိုးမဲ့ကို ယူထားပေမယ့် 'အကျိုးကို ယူထားတယ်' လို့ ထင်တယ်။ အကျိုးကို ယူထားပေမယ့်လည်း 'အကျိုးမဲ့ကို ယူထားတယ်' လို့ တယ်တယ်။ အဲဒီဆန့်ကျင်ဘက် ယူထားတဲ့ အရာတွေဟာ အချိန်ကြာမြင့်စွာ စီးပွားမဲ့ဖို့ ဆင်းရဲဖို့ ဖြစ်တယ်။

၄။ ကိုယ့်ရန်သူက ကိုယ်ဥစ္စာရှိတာကို သဘောမကျ၊ ဥစ္စာ မရှိပါစေ

http://www.dhammadownload.com



နဲ့လို့ ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် ကိုယ်ကြိုးကြိုးစားစား တရားသဖြင့် ရှာဖွေထားတဲ့ ဥစ္စာတွေဟာ ရှင်ဘုရင်ရဲ့ ဘဏ္ဍာတိုက်ထဲ ရောက်ကုန်တယ်။

၅။ ကိုယ့်ရန်သူက ကိုယ်အခြွေအရံရှိတာကို သဘောမကျ၊ အခြွေအရံ မရှိပါစေနဲ့လို့ ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် မမေ့မလျော့လို့ ရထားတဲ့ အခြွေအရံတွေဟာ ပျောက်ပျက်ကုန်တယ်။

၆။ ကိုယ့်ရန်သူက ကိုယ်မိတ်ဆွေရှိတာကို သဘောမကျ။ မိတ်ဆွေမရှိပါစေနဲ့လို့ ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုး၊ သွေးသားတော်စပ်သူတွေတောင် ဝေးဝေးက ရှောင်ကြတယ်။

၇။ ကိုယ့်ရန်သူက ကိုယ်နောက်ဘဝ ကောင်းရာရောက်မှာကို သဘောမကျ၊ သေရင် ငရဲရောက်ပါစေလို့ ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် အပြုမှား၊ အပြောမှား၊ စိတ်ထားမှားတွေကို ထားတော့တယ်၊ အမှားတွေ လုပ်ပြီး သေတဲ့အခါ ငရဲ ရောက်တယ်။

(အံ၊ ပါဠိ၊ ૩၊ ၄၆၉)

## ဒေါသသမားရဲ့အမှားများ

ဒေါသသမားဟာ အကျိုးမဲ့ကို ဖြစ်စေတယ်။ ကောင်းစိတ်ကို ဖျက်ဆီးတယ်။ ဘေးရန်ကို မသိ၊ ကြီးပွားတိုးတက်ရေးကို မသိ၊ သမထ၊ ဝိပဿနာတရားကို မမြင်၊ အမှောင်လွှမ်းခံရတယ်။ လုပ်ရခက်တာကို လွယ်တဲ့အနေနဲ့ ထင်မြင်ဆန့်ကျင်တတ်တယ်။ ဒေါသ ပြေသွားပြီးနောက်မှ မီးလောင်ခံရသူပမာ ပူလောင်ရတယ်။ မီးခိုးရှိတဲ့မီးဟာ

http://www.dhammadownload.com



မီးခိုးကို ပြသလို မျက်နှာမကောင်းဖြစ်တာကို ဖော်ပြတယ်။ အရှက်၊ အကြောက် မရှိ။ စကားမှာလည်း ရိုသေမှု မရှိ၊ ထောက်တည်ရာ တစ်စုံတစ်ရာ မရှိ။

ဒေါသသမားဟာ မိဘ၊ ရဟန္တာ၊ ပုထုဇဉ်ကို သတ်တယ်။ အကြောင်းအမျိုးမျိုးကြောင့် အာရုံအမျိုးမျိုးမှာ တွေဝေပြီး ကိုယ့်ကိုယ်ကို သတ်တယ်။ ကိုယ့်ကိုယ်ကို ဓားနဲ့ ခုတ်သတ်တယ်။ အဆိပ်သောက်သေတယ်။ ကြိုးဆွဲချသေတယ်။ တောင်၊ ချောက်ထဲမှာ ခုန်ချသေတယ်။

ဒေါသသမားဟာ ကြီးပွားမှုကို ဖျက်ဆီးတဲ့အလုပ်၊ ကိုယ့်ဘဝကို သတ်တဲ့ အလုပ်တွေကို လုပ်ပေမယ့် မသိ၊ ပျက်စီးကြောင်းပဲ။ ဒေါသကို ပညာရှိဟာ ဝိပဿနာပညာ၊ ဝိပဿနာပညာနဲ့ယှဉ်တဲ့ ဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိနဲ့ ပယ်ဖြတ်ရတယ်။

(အံ၊ ပါဠိ၊ ၃၊ ၄၇၁/၂)

## လုံခြုံတဲ့ မြို့

၁။ မြို့အစွန်က တံခါးတိုင်က တွင်းနက်တယ်၊ ကောင်းကောင်း စိုက်ထားရတယ်။ မတုန်လှုပ်ရ။
၂။ မြို့အစွန်က ကျုံးက နက်ရတယ်၊ ကျယ်ရတယ်။
၃။ မြို့အစွန်က တံတိုင်းအတွင်းဘက်ရှိ မြို့ပတ်လမ်းက မြင့်ရတယ်၊ ကျယ်ရတယ်။
၄။ မြို့အစွန်မှာ စစ်တပ်အင်အား များရတယ်။
၆။ မြို့အစွန်မှာ ကျွမ်းကျင်လိမ္မာတဲ့ တံခါးစောင့် ရှိရတယ်။
၇။ မြို့အစွန်က တံတိုင်းက မြင့်ရတယ်၊ ကျယ်ရတယ်၊ အပေါက်အားလုံးကို အင်္ဂတေမြေညက်နဲ့ လုံခြုံအောင် ပိတ်ရတယ်။

**တစ်နည်း**

၁။ မြို့အစွန်မှာ မြက်၊ ထင်း၊ ရေ အများကြီး စုဆောင်းထားရတယ်။

http://www.dhammadownload.com



၂။ မြို့အစွန်မှာ သလေးစပါး၊ မုယောစပါး အများကြီး စုဆောင်းထားရတယ်။

၃။ မြို့အစွန်မှာ နှမ်း၊ ပဲနောက်၊ ပဲ၊ ပဲကြီး အများကြီး စုဆောင်းထားရတယ်။

၄။ မြို့အစွန်မှာ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်းလဲ၊ ဆား အများကြီး စုဆောင်းထားရတယ်။

မြို့အစွန်ကို အဲဒီမြို့ရဲ့ အဆင်တန်ဆာ ၇ မျိုးနဲ့ ကာရံထားပြီး အဲဒီအထောက်အပံ့ ၄ မျိုးကို မပင်မပန်း လွယ်လွယ်ကူကူ အလိုရှိတိုင်း ရနေရင် ပြင်ပက ရန်သူတွေ မြို့အစွန်ကို မနှောင့်ယှက်နိုင်။

(အံ၊ ပါဠိ၊ ၃၊ ၄၇၈/၉)

## မာရ်နတ် မတတ်နိုင်

ဘုရားတပည့်မှာ

၁။ သဒ္ဓါ တံခါးတိုင်၊

၂။ ဟိရီ ကျုံး၊

၃။ ဩတ္တပ္ပ မြို့ပတ်လမ်း၊

၄။ သုတ လက်နက်၊

၅။ ဝီရိယ စစ်တပ်၊

၆။ သတိ တံခါးစောင့်၊

၇။ ပညာ အင်္ဂတေ

ဒီ ၇ ပါး ရှိရင် အကုသိုလ်ကို ပယ်တယ်။ ကုသိုလ်ကို ပွားတယ်။ အပြစ်ရှိတာကို ပယ်တယ်။ အပြစ်ကင်းတာကို ပွားတယ်။ မိမိကိုယ်ကို စင်ကြယ်အောင် ဆောင်ရွက်တယ်။

ဘုရားတပည့်မှာ ဒီသူတော်ကောင်းတရား ၇ ပါးနဲ့ ပြည့်စုံပြီး ဈာန် ၄ ပါးရရင် မာရ်နတ် မနှောင့်ယှက်နိုင်။

(အံ၊ ပါဠိ၊ ၃၊ ၄၈၀)

http://www.dhammadownload.com



# နေ ၇ စင်း ထွက်တဲ့အခါ ဒီကမ္ဘာ

၁။ မြင့်မိုရ်တောင်ဟာ အလျားအားဖြင့် ယူဇနာပေါင်း ၈ သောင်း ၄ ထောင်၊ အနံအားဖြင့် ယူဇနာပေါင်း ၈ သောင်း ၄ထောင် ရှိတယ်။ မဟာသမုဒ္ဒရာထဲမှာ ယူဇနာပေါင်း ၈ သောင်း ၄ ထောင် မြုပ်ဝင်နေတယ်။ မဟာသမုဒ္ဒရာအပေါ်မှာ ယူဇနာပေါင်း ၈ သောင်း ၄ ထောင် မြင့်တက်နေတယ်။ နှစ်ရာပေါင်း ထောင်ပေါင်း သိန်းပေါင်းများစွာ ကြာလာတဲ့အခါ မိုးမရွာတော့၊ မိုးမရွာတော့တဲ့အခါ သစ်ပင်ကြီးငယ်တွေ ခြောက်သွေ့ ကုန်တယ်။

၂။ နောက် အချိန်ကြာမြင့်တဲ့အခါ ဒုတိယနေ ပေါ်ထွက်လာတယ်။ အဲဒီအခါ မြစ်ငယ်၊ တွင်းငယ်တွေ ခြောက်သွေ့ကုန်တယ်။

၃။ နောက် အချိန်ကြာမြင့်တဲ့အခါ တတိယနေ ပေါ်ထွက်လာတယ်။ အဲဒီအခါ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဆိုတဲ့ မြစ်ကြီးငါးသွယ် ခြောက်သွေ့ကုန်တယ်။

၄။ နောက် အချိန်ကြာမြင့်တဲ့အခါ စတုတ္ထနေ ပေါ်ထွက်လာတယ်။ အနောတတ္တ၊ သီဟပပါတ၊ ရထကာရ၊ ကဏ္ဏမုဏ္ဍ၊ ကုဏာလ၊ ဆဒ္ဒန္တ၊ မန္ဒာကိနိယာဆိုတဲ့ အိုင်ကြီး ၇ အိုင် ခြောက်သွေ့ကုန်တယ်။

၅။ နောက် အချိန်ကြာမြင့်တဲ့အခါ ပဉ္စမနေ ပေါ်ထွက်လာတယ်။ မဟာသမုဒ္ဒရာထဲက ယူဇနာ ၁၀၀၊ ၂၀၀၊ ၃၀၀၊ ၄၀၀၊ ၅၀၀၊ ၆၀၀၊ ၇၀၀ အတိုင်းအတာရှိတဲ့ ရေတွေ ခန်းကုန်တယ်။ ထန်းပင် ၇ ပင်၊ ၆ ပင်၊ ၅ ပင်၊ ၄ ပင်၊ ၃ ပင်၊ ၂ ပင်၊ ၁ ပင် လောက်ရှိတဲ့ ရေပဲ တည်ရှိတော့တယ်။ ၆ သူ (၆ရပ် ၆ သူ) ၅ သူ၊ ၄ သူ၊ ၃ သူ၊ ၂ သူ၊ ၁ သူ၊ ၁ သူ့ဝက်၊ ခါး၊

http://www.dhammadownload.com



ဒူးဆစ်၊ ခြေဖမျက်လောက် ရှိတဲ့ ရေပဲ တည်ရှိတော့တယ်။ ဥပမာ သရဒအခါ မိုးကြီးရွာတဲ့အခါ နွားခြေရာခွက်တွေထဲက ရေတွေလိုပါပဲ။

၆။ နောက် အချိန်ကြာမြင့်တဲ့အခါ ဆဋ္ဌနေ ပေါ်ထွက်လာတယ်။ အဲဒီအခါ ဒီမြေကြီးနဲ့ မြင့်မိုရ်တောင်မင်းဟာ မီးခိုးတလူလူ ထနေတော့တယ်။ ဥပမာ အိုးထိန်းသည် အိုးကို မီးဖုတ်တဲ့အခါ အိုးဖိုထဲက မီးခိုးတွေလိုပါပဲ။

၇။ နောက် အချိန်ကြာမြင့်တဲ့အခါ သတ္တမနေ ပေါ်ထွက်လာတယ်။ အဲဒီအခါ ဒီမြေကြီးနဲ့ မြင့်မိုရ်တောင်ဟာ မီးတဟုန်းဟုန်း တောက်လောင်နေတော့တယ်။ မီးလျှံဟာ ဗြဟ္မာ့ပြည်အထိ ရောက်တယ်။ ယူဇနာ ၁၀၀၊ ၂၀၀၊ ၃၀၀၊ ၄၀၀၊ ၅၀၀ ရှိတဲ့ မြင့်မိုရ်တောင်ထွတ်တွေဟာ မီးလောင်လို့ ပျက်စီးကုန်တယ်။ ဒီမြေကြီးနဲ့ မြင့်မိုရ်တောင်ကို မီးလောင်လို့ ပြာနဲ့မီးသွေး မကျန်ရစ်၊ ဥပမာ ထောပတ်နဲ့ ဆီကို မီးလောင်သွားသလိုပါပဲ။

အဲဒီလိုပါပဲ၊ သင်္ခါရတရားတွေဟာ မမြဲကြ။ ကြာရှည်စွာ မတည်ကြ။ သင်္ခါရအားလုံးမှာ အလွန်အကဲပဲ ငြီးငွေ့သင့်တယ်။ တပ်မက်မှု ကင်းသင့်တယ်။ လွန်မြောက်သင့်တယ်။

ဒီမြေကြီးနဲ့ မြင့်မိုရ်တောင် မီးလောင်ပျက်စီးမှာကို သောတာပန် မှတစ်ပါး ဘယ်သူ ယုံအောင် လုပ်နိုင်မှာလဲ၊ ဘယ်သူ ယုံမှာလဲ။

(အံ၊ ပါဠိ၊ ၃၊ ၄၇၄/၅၊၆)

## ဘယ်သွေး ဘယ်သား မကယ်နိုင်

မီးဘေး၊ ရေဘေး၊ တောတွင်းသူပုန်ဘေး၊ ဒီဘေး ၃ ပါးကို အကြားအမြင်မရှိတဲ့ ပုထုဇဉ်က 'အမိနဲ့သား အချင်းချင်း မကယ်နိုင်တဲ့ ဘေး' လို့ ပြောဆိုတယ်။

http://www.dhammadownload.com



ဘုရားရှင်ကတော့ အဲဒီဘေး ၃ ပါးကို 'သားအမိအချင်းချင်း မြင်ခွင့်ရနိုင်တဲ့ ဘေး'လို့ မိန့်တော်မူတယ်။

သားအမိအချင်းချင်း တကယ်မကယ်နိုင်တဲ့ဘေး ၃ ပါးက အိုဘေး၊ နာဘေး၊ သေဘေးလို့ ဘုရားရှင် ဟောတော်မူတယ်။ အိုလာပြီ၊ နာလာပြီ၊ သေပြီဆိုရင် သားအမိအချင်းချင်း ဘယ်သူကမှ မအိုအောင်၊ မနာအောင်၊ မသေအောင် မကယ်နိုင်ကြ။

ဒီဘေးတွေကို လွန်မြောက်စေနိုင်တဲ့ အကျင့်ကတော့ မဂ္ဂင်ရှစ်ပါးပဲ။

(အံ၊ ပါဠိ၊ ပ၊ ၁၈၀)

## တန်ခိုး ၃ မျိုး

၁။ ဣဒ္ဓိပါဋိဟာရိယ= မြေလျှိုး၊ မိုးပျံတဲ့ တန်ခိုးပြာဋိဟာ။

၂။ အာဒေသနာပါဋိဟာရိယ= သူတစ်ပါးရဲ့စိတ်ကို ပြောပြတဲ့ တန်ခိုးပြာဋိဟာ။

၃။ အနုသာသနီပါဋိဟာရိယ= ဆုံးမသွန်သင်တဲ့ တန်ခိုးပြာဋိဟာ။

(အံ၊ ပါဠိ၊ ပ၊ ၁၇၀)

## သူတစ်ပါးစိတ်ကို ဟောနည်း

၁။ လာပုံ မှတ်သားမှု၊ သွားပုံမှတ်သားမှု၊ ရပ်ပုံမှတ်သားမှုနဲ့၊

၂။ သူတစ်ပါးစိတ်ကို သိပြီး ပြောတဲ့ လူ၊ နတ်၊ ဘီလူး၊ တစ္ဆေစသည်တို့ရဲ့အသံကို နားထောင်ပြီး၊

၃။ ကြံစည်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ယောင်ယမ်းပြောဆိုတဲ့ အိပ်ပျော်သူ၊ မေ့လျော့သူစသည်တို့ရဲ့အသံကို နားထောင်ပြီး၊

၄။ သူတစ်ပါးစိတ်ကို သိတဲ့ အဘိညာဉ်နဲ့ ဟောပြောတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၇၀/၁)

http://www.dhammadownload.com



# အကောင်းဆုံးတန်ခိုး

ဣဒ္ဓိပါဋိဟာရိယကို မျက်လှည့်အတတ်လို့ ထင်ရတယ်။ အာဒေသနာပါဋိဟာရိယကို စိန္တာမဏိအတတ်လို့ ထင်ရတယ်။

'အကြံကောင်းတွေကို ကြံကြ၊ အကြံဆိုးတွေကို မကြံကြနဲ့၊ အနိစ္စသညာစသည်ကို နှလုံးသွင်းကြ၊ နိစ္စသညာစသည်ကို နှလုံးမသွင်းကြနဲ့၊ ကာမဂုဏ်အာရုံငါးပါးအပေါ် တပ်မက်မှုကို ပယ်စွန့်ကြ၊ မဂ်၊ ဖိုလ်တရားကို ကပ်ရောက်ပြီး နေကြ' လို့ ဆုံးမသွန်သင်မှုကသာ အဲဒီတန်ခိုး ၃ မျိုးထဲမှာ အသာဆုံး၊ အကောင်းဆုံးပဲ။

(အံ၊ ပါဠိ၊ ပ၊ ၁၇၁/၂)

# ကိုယ်တိုင်သိလာမှပဲ

ကာလာမအမျိုးသားတို့

၁။ ငယ်ရွယ်စဉ်အချိန်ကစပြီး တစ်ဆင့်စကားကြားရုံနဲ့ ဒါ မှန်တယ်လို့ မယူကြနဲ့၊

၂။ အဖေ၊ အဘိုးစတဲ့ လူကြီးတွေရဲ့စကား အစဉ်အဆက်ဖြစ်တဲ့အတွက် ဒါ မှန်တယ်လို့ မယူကြနဲ့၊

၃။ တစ်စုံတစ်ယောက်က တစ်စုံတစ်ခု ပြောလိုက်ရုံနဲ့ 'ဒါ ဒီလိုတဲ့' လို့ ယူဆပြီးတော့ အမှန်လို့ မယူကြနဲ့၊

၄။ ကိုယ်သင်ယူထားတဲ့ ကျမ်းစာနဲ့ ကိုက်ညီနေရုံမျှနဲ့ မှန်တယ်လို့ မယူကြနဲ့၊

၅။ 'ဒီလိုသာ ဖြစ်ရမယ်' လို့ ကိုယ့်အကြံသက်သက်မျှနဲ့ မှန်တယ်လို့ မယူကြနဲ့၊

၆။ 'ဒီအသင့်ယုတ္တိအရ ဒါ မှန်တယ်' လို့ မှန်းဆနည်းမှီယူကာ မှန်တယ်လို့ မယူကြနဲ့၊

http://www.dhammadownload.com



၇။ 'ဒါ ဒီလိုဖြစ်နိုင်တယ်' လို့ ကြံစည်သူမှာ အကြောင်းတစ်ခု ပေါ်လာတယ်၊ 'အဲဒီအကြောင်းဟာ ရှိတယ်' လို့ ကိုယ့်ရဲ့ ကြံစည်ပုံ အခြင်းအရာမျှနဲ့ မှန်တယ်လို့ မယူကြနဲ့၊

၈။ ကိုယ်သဘောကျလို့ ယူထားတဲ့ အယူနဲ့ ကိုက်ညီရုံမျှနဲ့ မှန်တယ် လို့ မယူကြနဲ့၊

၉။ ဖြစ်နိုင်ချေရှိတဲ့ ဒီရဟန်းရဲ့စကားကို ယူထိုက်တယ်လို့ ယူဆ ကာ မှန်တယ်လို့ မယူကြနဲ့၊

၁၀။ ကိုယ်လေးစားရတဲ့ ရဟန်းရဲ့စကားကို ယူထိုက်တယ်လို့ ယူဆကာ မှန်တယ်လို့ မယူကြနဲ့။

ကာလာမအမျိုးသားတို့

'ဒီလောဘ၊ ဒေါသ၊ မောဟတရားတွေဟာ အကုသိုလ်တွေပဲ၊ အပြစ်ရှိတဲ့ တရားတွေပဲ။ ပညာရှိတွေ ကဲ့ရဲ့ခံရတဲ့ တရားတွေပဲ။ ဒီတရားတွေ ပြည့်စုံလာရင် စီးပွားမဲ့ဖို့၊ ဆင်းရဲဖို့ ဖြစ်တယ်' လို့ ကိုယ် ကိုယ်တိုင်ပဲ သိလာရင် အဲဒီတရားတွေကို ပယ်စွန့်လိုက်ကြ။

ကာလာမအမျိုးသားတို့

'ဒီအလောဘ၊ အဒေါသ၊ အမောဟတရားတွေဟာ ကုသိုလ်တွေ ပဲ၊ အပြစ်မရှိတဲ့ တရားတွေပဲ။ ပညာရှိတွေ ချီးမွမ်းခံရတဲ့တရားတွေပဲ။ ဒီတရားတွေ ပြည့်စုံလာရင် စီးပွားချမ်းသာအလို့ငှာ ဖြစ်တယ်' လို့ ကိုယ်ကိုယ်တိုင်ပဲ သိလာရင် ဒီတရားတွေနဲ့ ပြည့်စုံအောင် ကြိုးစားနေ ကြ။

**(အံ၊ ပါဠိ၊ ပ၊ ၁၈၉)**

## ထူးခြားချက်

ရာဂက လောကအပြစ်၊ နောက်ဘဝ အကျိုးပေးအပြစ် နည်း တယ်။ ပြေပျောက်တာ နှေးတယ်။

http://www.dhammadownload.com



ဒေါသက လောကအပြစ်၊ နောက်ဘဝ အကျိုးပေးအပြစ် ကြီးတယ်၊ ပြေပျောက်တာ မြန်တယ်။

မောဟက လောကအပြစ်၊ နောက်ဘဝ အကျိုးပေးအပြစ် ကြီးတယ်၊ ပြေပျောက်တာ နှေးတယ်။

(အံ၊ ပါဠိ၊ ၀၊ ၂၀၀)

## ရောဂါဝေဒနာ ဖြစ်ကြောင်းများ

၁။ သည်းခြေပျက်လို့၊
၂။ သလိပ်ပျက်လို့၊
၃။ လေပျက်လို့၊
၄။ သည်းခြေ၊ သလိပ်၊ လေ သုံးပါးစုံ ပျက်လို့၊
၅။ ဥတုဖောက်ပြန်လို့၊
၆။ မနိုင်ဝန်ကို ချီမရလို့စသည်နဲ့ မသင့်တဲ့အစာကို စားမိလို့၊
၇။ သူတစ်ပါး ညှဉ်းဆဲနှိပ်စက်တာကို ခံရလို့၊
၈။ ရှေးအကုသိုလ်ကံအကြွင်း ရှိလို့။

(အံ၊ ပါဠိ၊ ၃၊ ၁၅၅)

## သာယာမှုရဲ့နောက်ကွယ်မှာ

၁။ နူးညံ့တဲ့ လက်ခြေရှိတဲ့ မင်းသမီးပျို၊ ပုဏ္ဏေးမပျို၊ သူကြွယ်မပျိုလေးကို ပွေ့ဖက်ပြီး ထိုင်ရ၊ အိပ်ရတာထက် ရဲရဲတောက်နေတဲ့ မီးပုံကြီးကို ပွေ့ဖက်ပြီး ထိုင်ရ အိပ်ရတာက

၂။ မင်းမျိုးသူဌေး၊ ပုဏ္ဏားသူဌေး၊ သူကြွယ်သူဌေးတွေရဲ့ ရှိခိုးမှုကို သာယာတာထက် အားရှိတဲ့ ယောကျ်ားက သားမြီးကြိုးခိုင်ခိုင်နဲ့ ခြေသလုံးနှစ်ဖက်ကို ရစ်ပတ်ပွတ်တိုက်လို့ အရေပါး၊ အရေထူ၊

http://www.dhammadownload.com



အသား၊ အကြော၊ အရိုးတွေကို ဖြတ်ပြီး ရိုးတွင်းချဉ်ဆီအထိ တည်ရှိသွားတာက .

၃။ မင်းမျိုး၊ ပုဏ္ဏား၊ သူကြွယ်သူဌေးတွေရဲ့ လက်အုပ်ချီမှုကို သာယာရတာထက် အားရှိတဲ့ယောကျ်ားရဲ့ လှံထက်ထက်နဲ့ ရင်ဘတ်ကို ထိုးခံရတာက

၄။ မင်းမျိုး၊ ပုဏ္ဏား၊ သူကြွယ်သူဌေးတွေ သဒ္ဓါနဲ့လှူတဲ့ သင်္ကန်းကို ဝတ်ရုံရတာထက် အားရှိတဲ့ယောကျ်ားရဲ့ ရဲရဲတောက်ပူလောင်နေတဲ့ သံပြားနဲ့ ခန္ဓာကိုယ်ကို ရစ်ပတ်ပေးမှုကို ခံရတာက

၅။ မင်းမျိုး၊ ပုဏ္ဏား၊ သူကြွယ်သူဌေးတွေ သဒ္ဓါနဲ့လှူတဲ့ ဆွမ်းကို စားရတာထက် အားရှိတဲ့ယောကျ်ားက ရဲရဲတောက် သံတံချွန်နဲ့ ပါးစပ်ကို ဖွင့်ပြီး ရဲရဲတောက်ပူလောင်နေတဲ့ သံတွေခဲကို ပါးစပ်ထဲ ထည့်လိုက်လို့ နှုတ်ခမ်း၊ ပါးစပ်၊ လျှာ၊ လည်ချောင်း၊ ရင်ဘတ်တွေ အပူလောင်ခံရတာ၊ အူမ၊ အူသိမ်တွေ အောက်ထွက်ကျသွားတာက

၆။ မင်းမျိုး၊ ပုဏ္ဏား၊ သူကြွယ်သူဌေးတွေ သဒ္ဓါနဲ့လှူတဲ့ ညောင်စောင်း၊ အင်းပျဉ်ကို သုံးဆောင်ရတာထက် အားရှိတဲ့ယောကျ်ားက ဦးခေါင်း၊ ပခုံးကို ကိုင်ပြီး ရဲရဲတောက် ပူလောင်နေတဲ့ သံညောင်စောင်း၊ အင်းပျဉ်အပေါ် ထိုင်ခိုင်းခံရတာက

၇။ မင်းမျိုး၊ ပုဏ္ဏား၊ သူကြွယ်သူဌေးတွေ သဒ္ဓါနဲ့လှူတဲ့ ကျောင်းမှာ နေရတာထက် အားရှိတဲ့ယောကျ်ားက ခြေထောက်ကို အပေါ်၊ ဦးခေါင်းကို အောက်မှာထားယူကာ မီးရဲရဲတောက် ပူလောင်နေတဲ့ ငရဲအိုးမှာ ထည့်လိုက်လို့ ရေမြုပ်လို ပေါ်ချည် မြုပ်ချည် မျောချည်ဖြစ်ရတာက

သီလမရှိတဲ့ ရဟန်းအတွက် ပိုကောင်းပါတယ်။ အကြောင်းကတော့ အဲဒါတွေကြောင့် သေချင်သေမယ်၊ သေလောက်ရုံ ဆင်းရဲချင်ဆင်းရဲမယ်၊ ငရဲကိုတော့ မကျနိုင်။

http://www.dhammadownload.com



မိန်းမပျိုလေးကို ပွေ့ဖက်ရတာ၊ ဒကာ ဒကာမတွေရဲ့ ရှိခိုးမှု၊ လက်အုပ်ချီမှု၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ညောင်စောင်း၊ အင်းပျဉ်တွေကို သုံးဆောင်ရတာတွေက ကြာမြင့်စွာ စီးပွားမဲ့၊ ဆင်းရဲဖို့ ဖြစ်တယ်။ ငရဲကို ရောက်စေနိုင်တယ်၊ ဒါကြောင့်ပါပဲ။

(အံ၊ ပါဠိ၊ ၃၊ ၄၉၉)

## လှူသူကို တားမြစ်ရင်

၁။ အလှူရှင်ရဲ့ကောင်းမှုကို အနှောင့်အယှက်ပေးတယ်၊

၂။ အလှူခံရဲ့ လာဘ်လာဘကို အနှောင့်အယှက်ပေးတယ်၊

၃။ ရှေးဦးမဆွကပင် ကိုယ့်ဂုဏ်ကို တူးဖြိုပြီး၊ သတ်ဖြတ်ပြီး ဖြစ်နေတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၆၁)

## ကုသိုလ်ရတယ်

အို ဝစ္စပရိဗိုဇ်၊ မစင်ကြယ်တဲ့ ညွန်စီးအိုင်နဲ့ ထွက်လာတဲ့ ရွံ့ညွန်ထဲက သတ္တဝါလေးတွေ ဒီအစာနဲ့ မျှတကြပါစေလို့ ထမင်းအိုးဆေးတဲ့ ရေ၊ ခွက်ဆေးတဲ့ရေကို စွန့်ပစ်ရင်တောင် ကုသိုလ်ရတယ်လို့ ငါဘုရား ဟောတော်မူတယ်။ လူအား လှူရင်တော့ ပြောစရာတောင် မလိုတော့ပါ။ ဒါပေမဲ့ သီလရှိသူအား လှူရင် အကျိုးများတယ်။ သီလမရှိသူအား လှူရင် အကျိုးမများ။

(အံ၊ ပါဠိ၊ ပ၊ ၁၆၁)

## ရှင် ရဟန်း ရှိရကျိုး

သီလရှိတဲ့ ရှင်၊ ရဟန်းတွေ သီတင်းသုံးရာဖြစ်တဲ့ ရွာ နိဂုံးက

http://www.dhammadownload.com



လူတွေဟာ ကိုယ်နဲ့ရော၊ နှုတ်နဲ့ရော၊ စိတ်နဲ့ပါ ကောင်းမှုတွေ အများကြီး တိုးပွားကြတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၅၀)

## ပညာရှိသူတော်ကောင်းတွေ ချီးမွမ်းတဲ့အရာ ၃ ခု

၁။ ဒါန၊ ၂။ ရှင် ရဟန်းဝတ်မှု၊ ၃။ မိဘကို လုပ်ကျွေးမှု။

(အံ၊ ပါဠိ၊ ပ၊ ၁၄၉)

## သင်္ခတလက္ခဏာ ၃ ပါး

၁။ ဖြစ်ခြင်း၊ ၂။ ပျက်ခြင်း၊ ၃။ တည်ခြင်း။

## အသင်္ခတလက္ခဏာ ၃ ပါး

၁။ မဖြစ်ခြင်း၊ ၂။ မပျက်ခြင်း၊ ၃။ မတည်ခြင်း။

(အံ၊ ပါဠိ၊ ပ၊ ၁၅၀)

## တရားဟောသင့်တယ်

၁။ တရားဟောသူ၊

၂။ တရားနာသူ၊

၃။ တရားဟောလည်း ဟော၊ နာလည်း နာသူ

ဒီ ၃ ဦးဟာ ပါဠိတော်ကိုရော အဋ္ဌကထာကိုပါ သိတယ်။ ဒီအကျိုး ၃ မျိုးကို ကောင်းကောင်းမြင်သူဟာ သူတစ်ပါးတွေအား တရားဟောသင့်တယ်။

http://www.dhammadownload.com



## သဒ္ဓါရှိသူ

၁။ သီလရှိသူကို မြင်တွေ့ချင်တယ်။
၂။ သူတော်ကောင်းတရားကို နာကြားချင်တယ်။
၃။ လှူရတာ ပျော်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၄၉)

## ရှိရမယ့်အရာ ၃ ခု

၁။ သဒ္ဓါတရား၊ ၂။ လှူဖွယ်ပစ္စည်း၊ ၃။ အလှူခံပုဂ္ဂိုလ်။

ဒီ ၃ မျိုးရှိရင် သဒ္ဓါရှိတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးမှာ ကောင်းမှုအများကြီး တိုးပွားတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၄၈)

## အဝီစိငရဲ

ထောင့် ၄ ထောင့်ရှိတယ်။ တံခါး ၄ ပေါက်ရှိတယ်။ သူ့အဖို့နဲ့သူ ပိုင်းခြားထားတယ်။ သံတံတိုင်း ကာရံထားတယ်။ အထက်မှာ သံပြားနဲ့ မိုးထားတယ်။ သံနဲ့ပြီးတဲ့ မြေအပြင် ရှိတယ်။ မီးတွေ တောက်လောင်နေတယ်။ အဝီစိငရဲမီး အပူရှိန်ဟာ ပတ်ဝန်းကျင် ယူဇနာတစ်ရာတိုင်အောင် ပျံ့နှံ့ပြီး အမြဲတည်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၄၀)

## ယမမင်းရဲ့ တောင့်တချက် ၃ ခု

၁။ လောကမှာ မကောင်းမှုတွေကို လုပ်သူတွေဟာ ဒီအမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုတွေကို ခံကြရတယ်။ ငါဟာ လူ့ဘဝကို ရရင် ကောင်းမှာပဲ။

http://www.dhammadownload.com



၂။ လောကမှာ ဘုရားပွင့်နေတယ်၊ ငါဟာ ဘုရားရှင်ကို ဆည်းကပ်ရင် ကောင်းမှာပဲ။

၃။ ဘုရားရှင်ဟာ တရားကို ဟောနေတယ်၊ ငါဟာ ဘုရားရှင်ရဲ့ တရားကို သိရရင် ကောင်းမှာပဲ။

## လူမိုက်နဲ့ လူလိမ္မာ

ဒုစရိုက် ၁၀ ပါးကို လုပ်သူဟာ လူမိုက်၊ သုစရိုက် ၁၀ ပါးကို လုပ်သူဟာ လူလိမ္မာ။ (အံ၊ ပါဠိ၊ ပ၊ ၁၀၀)

၁။ ကိုယ့်အပြစ်ကို အပြစ်လို့ မမြင်ရင်၊ ၂။ အပြစ်လို့မြင်ပြီး ဒဏ်အမှုကို ဆောင်ကာ အပြစ်ကို ပြောမပြရင် (မတောင်းပန်ရင်)၊ ၃။ အပြစ်ကို တောင်းပန်သူအား သည်းမခံရင် လူမိုက်ပဲ။

၁။ ကိုယ့်အပြစ်ကို အပြစ်လို့မြင်ရင်၊ ၂။ အပြစ်လို့မြင်ပြီး ဒဏ်အမှုကို ဆောင်ကာ အပြစ်ကို တောင်းပန်ရင်၊ ၃။ အပြစ်ကို တောင်းပန်သူအား သည်းခံရင် လူလိမ္မာပဲ။

(အံ၊ ပါဠိ၊ ပ၊ ၁၀၁)

## အာမမခံနိုင်

၁။ အိုတာကို မအိုပါနဲ့လို့၊

၂။ နာတာကို မနာပါနဲ့လို့၊

၃။ သေတာကို မသေပါနဲ့လို့၊

၄။ ကိုယ်လုပ်ခဲ့တဲ့ မကောင်းမှုရဲ့အကျိုးကို မဖြစ်ပါစေနဲ့လို့

ဒီ ၄ မျိုး ဖြစ်မလာအောင် အာမမခံနိုင်သူ သမဏ၊ ဗြာဟ္မဏ၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာ၊ လောကမှာ တစ်စုံတစ်ယောက်မှ မရှိ။

(အံ၊ ပါဠိ၊ ပ၊ ၄၉၁)

http://www.dhammadownload.com



## သေရမှာ ကြောက်သူ ၄ ဦး

၁+၂။ ကာမဂုဏ်တွေနဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ်အပေါ် တပ်မက်မှု မကင်းသေးသူမှာ ရောဂါပြင်းထန်စွာ ဖြစ်လာရင် 'ချစ်စရာ ကာမဂုဏ်တွေက ငါ့ကို စွန့်ကြတော့မယ်၊ ငါကလည်း အဲဒီချစ်စရာ ကာမဂုဏ်တွေကို စွန့်ရတော့မယ်' လို့ တွေးကာ ဝမ်းနည်းငိုကြွေးတယ်။

၃။ အကုသိုလ်တွေကို လုပ်ထားပြီး ကုသိုလ်တွေကို လုပ်မထားသူမှာ ရောဂါပြင်းထန်စွာ ဖြစ်လာရင် 'ငါဟာ ကုသိုလ်တွေကို လုပ်မထား၊ အကုသိုလ်တွေကို လုပ်ထားတယ်။ ငါဟာ မကောင်းတဲ့ဘဝ သွားရတော့မယ်'လို့ တွေးကာ ဝမ်းနည်းငိုကြွေးတယ်။

၄။ ဘုရားသာသနာမှာ မယုံကြည်ဘဲ ယုံမှားမှု ရှိနေသူမှာ ရောဂါပြင်းထန်စွာ ဖြစ်လာရင် 'ငါဟာ ဘုရားသာသနာမှာ မယုံကြည်ဘဲ ယုံမှားမှုရှိနေတယ်'လို့ တွေးကာ ဝမ်းနည်းငိုကြွေးတယ်။

ဒီ ၄ ယောက်ဟာ သေရမှာ ကြောက်ကြတယ်။ ပြောင်းပြန် ပုဂ္ဂိုလ် ၄ ယောက်ကတော့ မကြောက်ကြ။

(အံ၊ ပါဠိ၊ ပ၊ ၄၉၃)

## ဘုရားစကား သင်ယူရကျိုး ၄ မျိုး

၁။ ဘုရားစကားတော်တွေကို သင်ယူ၊ နှုတ်နဲ့ လေ့ကျက်၊ စိတ်နဲ့ ရှုကြည့်၊ ဉာဏ်နဲ့ ထိုးထွင်းသိသူဟာ သတိမေ့လျော့ပြီး ပုထုဇဉ်ဘဝနဲ့ သေသွားရင် သီလစင်ကြယ်ခဲ့လို့ နတ်ပြည်ရောက်တယ်။ နတ်ပြည်မှာ ချမ်းသာမှုရှိတဲ့ နတ်သားမှာ ဘုရားစကားတော်

http://www.dhammadownload.com



တွေက ပေါ်လွင်ထင်ရှားလာတယ်။ ဘုရားစကားကို သတိရတာကမှ နှေးနေသေးတယ်။ နိဗ္ဗာန်ရတာက မြန်တယ်။

၂။ ဘုရားစကားတွေ မပေါ်လွင်၊ မထင်ရှားပေမယ့် တန်ခိုးရှိတဲ့ ရဟန္တာက နတ်ပရိသတ်မှာ တရားဟောရင်၊

၃။ တန်ခိုးရှင် ရဟန္တာက တရားမဟောလို့ နတ်၊ ဗြဟ္မာတစ်ဦးဦးက နတ်ပရိသတ်မှာ တရားဟောရင်၊

၄။ နတ်၊ ဗြဟ္မာက တရားမဟောလို့ အရင်ရောက်နှင့်တဲ့ နတ်သားက 'အရင်ဘဝက တရားကျင့်ခဲ့တာကို သတိရလော' လို့ သတိပေးရင် သတိရလာတယ်။ ဘုရားစကားကို သတိရတာကမှ နှေးနေသေးတယ်၊ နိဗ္ဗာန်ရတာက မြန်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၅၀၇)

## အလေးပြုစရာ

၁။ သီလ၊ သမာဓိ၊ ပညာ သုံးမျိုးလုံးကို အလေးမပြုသူ၊ (လောကီလူအများ)

၂။ သီလကိုသာ အလေးပြုပြီး သမာဓိ၊ ပညာကို အလေးမပြုသူ၊ (ဈာန်မရတဲ့ သောတာပန်နဲ့ သကဒါဂါမ်)

၃။ သီလနဲ့ သမာဓိကိုသာ အလေးပြုပြီး ပညာကို အလေးမပြုသူ၊ (အနာဂါမ်)

၄။ သီလ၊ သမာဓိ၊ ပညာ သုံးမျိုးလုံးကို အလေးပြုသူ၊ (ရဟန္တာ)

(အံ၊ ပါဠိ၊ ပ၊ ၄၅၃)

## ထွက်သူ ဝင်သူ

၁။ ခန္ဓာကိုယ်အားဖြင့် ရွာက ထွက်ပေမယ့် စိတ်က ရွာမှာပဲ

http://www.dhammadownload.com



ဝင်နေသူ၊ (တောကျောင်းမှာနေပေမယ့် ကာမဂုဏ်အတွေး၊ သတ်ဖြတ်ဖို့အတွေး၊ ညှဉ်းဆဲဖို့အတွေးနဲ့ နေသူ)

၂။ ခန္ဓာကိုယ်အားဖြင့် ရွာက မထွက်ပေမယ့် စိတ်က ရွာမှ ထွက်သူ၊ (တောကျောင်းမှာ မနေပေမယ့် ကာမမှလွတ်တဲ့အတွေး၊ မသတ်ဖြတ်ဖို့၊ မညှဉ်းဆဲဖို့ အတွေးတွေးသူ)

၃။ ကိုယ်ရော စိတ်ပါ ရွာက မထွက်သူ၊ (တောကျောင်းမှာလည်း မနေ၊ မကောင်းတွေးတွေကိုလည်း တွေးသူ)

၄။ ကိုယ်ရော စိတ်ပါ ရွာက ထွက်သူ၊ (တောကျောင်းမှာလည်း နေ၊ အတွေးကောင်းတွေကိုလည်း တွေးသူ)

(အံ၊ ပါဠိ၊ ပ၊ ၄၅၄)

# အပြစ်နဲ့လူ

၁။ အပြစ်ရှိသူ၊ (အပြစ်ရှိတဲ့ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံရှိသူ)

၂။ အပြစ်များသူ၊ (အပြစ်ရှိတဲ့ အလုပ်၊ အပြော၊ အကြံများပြီး အပြစ်မရှိတဲ့ အလုပ်၊ အပြော၊ အကြံနည်းသူ)

၃။ အပြစ်နည်းသူ၊ (အပြစ်ကင်းတဲ့ အလုပ်၊ အပြော၊ အကြံများပြီး အပြစ်ရှိတဲ့ အလုပ်၊ အပြော၊ အကြံနည်းသူ)

၄။ အပြစ်မရှိသူ၊ (အပြစ်ကင်းတဲ့ အလုပ်၊ အပြော၊ အကြံရှိသူ)

၁။ က မိုက်ကန်းတဲ့ ပုထုဇဉ်၊ ၂။ အကြားအကြားမှာ ကုသိုလ်ပြုတဲ့ လောကီပုထုဇဉ်၊ ၃။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ၄။ ရဟန္တာ။

(အံ၊ ပါဠိ၊ ပ၊ ၄၅၂)

http://www.dhammadownload.com



## ဝီရိယနဲ့ ကံ

၁။ ဝီရိယအကျိုးကိုသာ မှီပြီး ကုသိုလ်ကံအကျိုးကို မမှီဘဲ အသက်မွေးသူ၊

၂။ ကုသိုလ်ကံအကျိုးကိုသာ မှီပြီး ဝီရိယအကျိုးကို မမှီဘဲ အသက်မွေးသူ၊ (နတ်အားလုံး)

၃။ ဝီရိယအကျိုး၊ ကုသိုလ်ကံအကျိုး နှစ်မျိုးလုံးကို မှီပြီး အသက်မွေးသူ၊ (မင်း၊ မင်းရဲ့အမတ်ကြီးစသည်)

၄။ ဝီရိယ၊ ကုသိုလ်ကံအကျိုး နှစ်မျိုးလုံးကို မမှီဘဲ အသက်မွေးသူ၊ (ငရဲသားများ)

(အံ၊ ပါဠိ၊ ပ၊ ၄၅၂)

## သူတော်ကောင်း

မသူတော်ဟာ ကျေးဇူးကို မသိ။ သူတော်ကောင်းကား ကျေးဇူးကို သိတယ်။ (အံ၊ ပါဠိ၊ ပ၊ ၆၃)

## အကောင်းဆုံး ကျေးဇူးဆပ်နည်း

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာမရှိသေးတဲ့ မိဘကို သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာရှိလာအောင် လုပ်ပေးနိုင်မှသာ မိဘကျေးဇူးကို ကျေပွန်အောင် ဆပ်ရာရောက်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၆၃)

## ငြင်းခုံသူများ

ကာမဂုဏ်ငါးပါးကို တပ်မက်တဲ့ ရာဂရဲ့ သက်ဝင်၊ နှောင်ဖွဲ့

http://www.dhammadownload.com



ထကြွ၊ လွှမ်းမိုးမှုကြောင့် မင်း မင်းချင်း၊ ပုဏ္ဏား ပုဏ္ဏားချင်း၊ သူကြွယ် သူကြွယ်ချင်း ငြင်းခုံကြတယ်။ မိစ္ဆာဒိဋ္ဌိအယူ ၆၂ ပါးကို မှီပြီးဖြစ်တဲ့ ရာဂရဲ့ သက်ဝင်၊ နှောင်ဖွဲ့၊ ထကြွ၊ လွှမ်းမိုးမှုကြောင့် ရဟန်း ရဟန်းချင်း ငြင်းခုံကြတယ်။

(အံ၊ ပါဠိ၊ ပ၊ ၆၇)

## အကြီး အငယ်

အသက် ၈၀၊ ၉၀၊ ၁၀၀ ရှိနေစေဦးတော့ ကာမတွေကို သုံးဆောင်နေရင်၊ ကာမတွေမှာ နေရင်၊ ကာမပူလောင်မှု ပူလောင်ခံရရင်၊ ကာမအကြံတွေရဲ့ အစားခံရရင်၊ ကာမရှာဖို့ ကြိုးစားရင် လူမိုက်ပဲ၊ လူငယ်ပဲလို့ ဆိုရတယ်။

အသက်အရွယ်က ပထမအရွယ်ဖြစ်ကာ ဆံပင်က နက်ပြီး နုပျိုနေပေမယ့် ကာမကို မသုံးဆောင်၊ ကာမနဲ့ မနေ၊ ကာမအပူ မပူ၊ ကာမအကြံရဲ့ အစားမခံရ၊ ကာမကို ရှာဖို့ မကြိုးစားရင် ပညာရှိပဲ၊ လူကြီးပဲလို့ ဆိုရတယ်။

(အံ၊ ပါဠိ၊ ပ၊ ၆၈)

## ရှေ့ဘဝခရီး

အယူမှားသူနဲ့ သီလမရှိသူတွေဟာ သေရင် ငရဲနဲ့ တိရစ္ဆာန် တစ်ခုခုကို ရောက်မယ်။

အယူမှန်သူနဲ့ သီလရှိသူတွေဟာ သေရင် လူနဲ့နတ် တစ်ခုခု ဖြစ်မယ်။

(အံ၊ ပါဠိ၊ ပ၊ ၆၂)

http://www.dhammadownload.com



## ဘုရားနဲ့တောကျောင်း

၁။ ကိုယ့်အတွက် လောကီ၊ လောကုတ္တရာချမ်းသာတွေကို ခံစားနေရတယ်။

၂။ နောင်လာနောက်သားတွေကို သနားတယ်။

ဒါကြောင့် ဘုရားရှင်က တောကျောင်းတွေမှာ နေတော်မူတယ်။

(အံ၊ ပါဠိ၊ ပ၊ ၆၂)

## ပယ်ပါ ပွားပါ

အကုသိုလ်ကို ပယ်လို့လည်း ရတယ်၊ ပယ်ရင်လည်း စီးပွားချမ်းသာအလို့ငှာ ဖြစ်တယ်။ ဒါကြောင့် အကုသိုလ်ကို ပယ်ကြလို့ ငါဘုရားဟောတော်မူတယ်။

ကုသိုလ်ကို ပွားလို့လည်း ရတယ်၊ ပွားရင်လည်း စီးပွား ချမ်းသာအလို့ငှာ ဖြစ်တယ်။ ဒါကြောင့် ကုသိုလ်ကို ပွားကြလို့ ငါဘုရားဟောတော်မူတယ်။

(အံ၊ ပါဠိ၊ ပ၊ ၆၀)

## မိုးလေးမျိုး

၁။ ခြိမ်းသာ ခြိမ်း၍ မရွာတဲ့မိုးနဲ့ တူသူ၊ (ပြောသာ ပြော၍ မလုပ်သူ)

၂။ ရွာသာ ရွာ၍ မခြိမ်းတဲ့မိုးနဲ့ တူသူ၊ (လုပ်သာ လုပ်၍ မပြောသူ)

၃။ ခြိမ်းလည်း မခြိမ်း၊ ရွာလည်း မရွာတဲ့ မိုးနဲ့တူသူ၊ (ပြောလည်း မပြော၊ လုပ်လည်း မလုပ်သူ)

၄။ ခြိမ်းလည်း ခြိမ်း၊ ရွာလည်း ရွာတဲ့မိုးနဲ့ တူသူ၊ (ပြောလည်း ပြော၊ လုပ်လည်း လုပ်သူ) (အံ၊ ပါဠိ၊ ပ၊ ၄၁၆)

http://www.dhammadownload.com



# အိုး ၄ မျိုး

၁။ ရေမပါ၊ အဖုံးတော့ ပိတ်ထားတဲ့အိုးနဲ့ တူသူ၊ (ခန္ဓာကိုယ်လှုပ်ရှားပုံ ကြည်ညိုဖွယ်ရှိပြီး သစ္စာလေးပါးကို မသိသူ)
၂။ ရေတော့ပြည့်ပြီး အဖုံးဖွင့်ထားတဲ့ အိုးနဲ့တူသူ၊ (ခန္ဓာကိုယ်လှုပ်ရှားပုံလည်း ကြည်ညိုဖွယ် မရှိဘဲ၊ သစ္စာလေးပါးကို သိသူ)
၃။ ရေလည်းမပါ၊ ဖွင့်လည်းဖွင့်ထားတဲ့ အိုးနဲ့တူသူ၊ (ခန္ဓာကိုယ်လှုပ်ရှားပုံလည်း ကြည်ညိုဖွယ် မရှိ၊ သစ္စာလေးပါးကိုလည်း မသိသူ)
၄။ ရေလည်းပြည့်၊ အဖုံးလည်း ပိတ်ထားတဲ့ အိုးနဲ့ တူသူ၊ (ခန္ဓာကိုယ် လှုပ်ရှားပုံလည်း ကြည်ညိုဖွယ်ရှိ၊ သစ္စာလေးပါးကိုလည်း သိသူ)

# ရေကန် ၄ မျိုး

၁။ နက်သယောင်ရှိပြီး တိမ်တဲ့ ရေကန်၊
၂။ တိမ်သယောင်ရှိပြီး နက်တဲ့ ရေကန်၊
၃။ တိမ်သယောင်ရှိပြီး တိမ်တဲ့ ရေကန်၊
၄။ နက်သယောင်ရှိပြီး နက်တဲ့ ရေကန်၊

# သရက် ၄ မျိုး

၁။ အမှည့်ရောင်ရှိပြီး စိမ်းတဲ့ သရက်၊
၂။ အစိမ်းရောင်ရှိပြီး မှည့်တဲ့ သရက်၊
၃။ အစိမ်းရောင်ရှိပြီး စိမ်းတဲ့ သရက်၊
၄။ အမှည့်ရောင်ရှိပြီး မှည့်တဲ့ သရက်၊

http://www.dhammadownload.com



ရေကန် ၄ မျိုး၊ သရက် ၄ မျိုးနဲ့ တူတဲ့ပုဂ္ဂိုလ်တွေဟာ အိုး ၄ မျိုးနဲ့တူတဲ့ ပုဂ္ဂိုလ်တွေနဲ့ တူတယ်။

(အံ၊ ပါဠိ၊ ပ၊ ၄၁၅၊ ၄၂၁)

## ကြွက် ၄ မျိုး

၁။ တွင်း တူးသာတူးပြီး မအောင်းတဲ့ ကြွက်နဲ့ တူသူ၊ (ဘုရားဟော တရားတွေကို သင်သာ သင်ယူပြီး သစ္စာလေးပါးကို မသိသူ)

၂။ အောင်းသာ အောင်းပြီး မတူးတဲ့ ကြွက်နဲ့တူသူ၊ (သစ္စာလေးပါးကိုသာ သိပြီး ဘုရားတရားတွေကို မသင်ယူသူ)

၃။ တွင်းတူးလည်း မတူး၊ အောင်းလည်း မအောင်းတဲ့ ကြွက်နဲ့ တူသူ၊ (ဘုရားတရားတွေကို သင်လည်း မသင်ယူ၊ သစ္စာလေးပါးကိုလည်း မသိသူ)

၄။ တွင်းတူးလည်း တူး၊ အောင်းလည်းအောင်းတဲ့ကြွက်နဲ့တူသူ၊ (ဘုရားတရားတွေကိုလည်း သင်ယူ၊ သစ္စာလေးပါးကိုလည်း သိသူ)

(အံ၊ ပါဠိ၊ ပ၊ ၄၂၂)

## နွား ၄ မျိုး

၁။ ကိုယ့်နွားတွေမှာ ကြမ်းပြီး သူတစ်ပါးနွားတွေမှာ မကြမ်းတဲ့ နွားနဲ့တူသူ၊ (ကိုယ့်ပရိသတ်ကိုသာ ထိတ်လန့်စေပြီး သူတစ်ပါး ပရိသတ်ကို မထိတ်လန့်စေသူ)

၂။ သူတစ်ပါးနွားတွေမှာ ကြမ်းပြီး ကိုယ့်နွားတွေမှာ မကြမ်းတဲ့ နွားနဲ့တူသူ၊ (သူတစ်ပါးပရိသတ်ကိုသာ ထိတ်လန့်စေပြီး ကိုယ့်ပရိသတ်ကို မထိတ်လန့်စေသူ)

http://www.dhammadownload.com



၃။ ကိုယ့်နွားတွေမှာရော သူတစ်ပါးနွားတွေမှာပါ ကြမ်းတဲ့နွားနဲ့ တူသူ၊ (ကိုယ့်ပရိသတ်ကိုရော သူတစ်ပါးပရိသတ်ကိုပါ မထိတ်လန့်စေသူ)

၄။ ကိုယ့်နွားတွေမှာရော သူတစ်ပါးနွားတွေမှာပါ မကြမ်းတဲ့နွားနဲ့ တူသူ၊ (ကိုယ့်ပရိသတ်ကိုရော သူတစ်ပါးပရိသတ်ကိုပါ မထိတ်လန့်စေသူ)

(အံ၊ ပါဠိ၊ ၁၊ ၄၂၄)

## သစ်ပင် ၄ မျိုး

၁။ အနှစ်မရှိတဲ့ သစ်ပင်တွေ ခြံရံထားတဲ့ အနှစ်မရှိတဲ့ သစ်ပင်နဲ့ တူသူ၊ (သူကိုယ်တိုင်လည်း သီလမရှိ၊ အကျင့်မကောင်း၊ သူ့ပရိသတ်ကလည်း သီလမရှိ)

၂။ အနှစ်ရှိတဲ့သစ်ပင်တွေ ခြံရံထားတဲ့ အနှစ်မရှိတဲ့ သစ်ပင်နဲ့တူသူ၊ (သူကိုယ်တိုင်တော့ သီလမရှိ၊ အကျင့်မကောင်း၊ သူ့ပရိသတ်ကတော့ သီလရှိတယ်၊ အကျင့်ကောင်းတယ်)

၃။ အနှစ်မရှိတဲ့ သစ်ပင်တွေ ခြံရံထားတဲ့ အနှစ်ရှိတဲ့ သစ်ပင်နဲ့ တူသူ၊ (သူကိုယ်တိုင်တော့ သီလရှိတယ်၊ အကျင့်ကောင်းတယ်၊ သူ့ပရိသတ်ကတော့ သီလမရှိ၊ အကျင့်မကောင်း)

၄။ အနှစ်ရှိတဲ့ သစ်ပင်တွေ ခြံရံထားတဲ့ အနှစ်ရှိတဲ့ သစ်ပင်နဲ့တူသူ၊ (သူရော သူ့ပရိသတ်ပါ သီလရှိတယ်၊ အကျင့်ကောင်းတယ်)

(အံ၊ ပါဠိ၊ ၁၊ ၄၂၅)

## မြွေ ၄ မျိုး

၁။ အဆိပ်တက်တာမြန်ပြီး အဆိပ်ကျမြန်တဲ့ မြွေနဲ့တူသူ၊ (ဒေါသ မပြတ်ထွက်ပြီး ကြာရှည် မဖြစ်သူ)

http://www.dhammadownload.com



၂။ အဆိပ်တက်တာနှေးပြီး အဆိပ်မြန်မြန်မကျတဲ့ မြွေနဲ့တူသူ၊ (ဒေါသထွက်ခဲပြီး ကြာရှည်စွာ ဖြစ်နေသူ)

၃။ အဆိပ်တက်တာ မြန်ပြီး အဆိပ်ကျတာနှေးတဲ့ မြွေနဲ့တူသူ၊ (ဒေါသ မပြတ်ထွက်ပြီး ကြာရှည်စွာ ဖြစ်နေသူ)

၄။ အဆိပ်တက်တာ နှေးပြီး ကျတော့ လွယ်လွယ်ကျတဲ့ မြွေနဲ့ တူသူ၊ (ဒေါသထွက်ခဲပြီး ကြာရှည်စွာ မဖြစ်သူ)

(အံ၊ ပါဠိ၊ ပ၊ ၄၂၆)

## အားမရတဲ့ အရာ ၃ ခု

၁။ အိပ်တာ၊ သေရည်အရက်သောက်တာ၊ မေထုန်မှီဝဲတာ။

(အံ၊ ပါဠိ၊ ပ၊ ၂၆၃)

## ပြုံးရုံသာ ပြုံးပါ

ဘုရားသာသနာမှာ သီချင်းဆိုတာဟာ ငိုတာပဲ၊ က တာဟာ ရူးတာပဲ။ သွားအရင်း ပေါ်အောင် အရယ်သန်တာဟာ ကလေးသူငယ်တွေရဲ့အမူအရာပဲ။

ဒီသာသနာဟာ သီချင်းဆိုတာ၊ ကတာရဲ့အကြောင်းကို ပယ်သတ်ပါ။ ဝမ်းမြောက်စရာအကြောင်းရှိလို့ ဝမ်းမြောက်တဲ့ သူတော်ကောင်းတွေမှာ ပြုံးရုံသာ ပြုံးသင့်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၆၃)

## ရှိနေတာပဲ

ဘုရားရှင်တွေ ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အနိစ္စ၊ ဒုက္ခ၊ အနတ္တ (မမြဲ၊ ဆင်းရဲ၊ အစိုးမရတဲ့သဘော) ဟာ ထင်ရှားရှိနေတာပါပဲ။

http://www.dhammadownload.com



ဘုရားရှင်က 'သင်္ခါရတရားအားလုံးဟာ မမြဲ၊ ဆင်းရဲပဲ၊ သဘောတရားအားလုံးဟာ အနတ္တပဲ' လို့ သိပြီး ဟောပြတယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၈၉)

## မြွေးနဲ့တူသူ

ရက်ကန်းမှာ ရက်တဲ့အဝတ်တွေထဲမှာ လူ့ဆံပင်နဲ့ ရက်တဲ့အဝတ်ဟာ အညံ့ဆုံး၊ လူ့ဆံပင်နဲ့ ရက်ထားတဲ့အဝတ်က အေးတဲ့အခါမှာ အေးတယ်၊ ပူတဲ့အခါမှာ ပူတယ်၊ အဆင်းမလှ၊ အနံ့ဆိုးတယ်၊ အတွေ့ မကောင်း။

အဲဒီလိုပါပဲ၊ ရဟန်း၊ ပုဏ္ဏားများစွာရဲ့ အယူတွေထဲမှာ မက္ခလိရဲ့ အယူဟာ ယုတ်ညံ့ဆုံးပဲ။

မက္ခလိဟာ 'ကုသိုလ်ကံ၊ အကုသိုလ်ကံ မရှိ။ ကုသိုလ်၊ အကုသိုလ်ကံကို ပြုလုပ်တာ မရှိ၊ အားထုတ်မှု ဝီရိယ မရှိ' လို့ အယူရှိတယ်။ ရှေးက ဘုရားရှင်တွေရော၊ နောင်ဘုရားရှင်တွေရော၊ ငါဘုရားရှင်ပါ 'ကုသိုလ်ကံ၊ အကုသိုလ်ကံ ရှိတယ်။ ကုသိုလ်ကံကို လုပ်ရတယ်၊ အားထုတ်ရတယ်' လို့ ဟောကြတယ်။ မက္ခလိဟာ ဘုရားရှင်အားလုံးနဲ့ ဆန့်ကျင်တယ်၊ ပယ်မြစ်တယ်။

မြစ်ဝမှာ ထောင်ထားတဲ့ မြွေးဟာ ငါးများစွာအတွက် စီးပွားမဲ့ဖို့၊ ဆင်းရဲဖို့၊ အကျိုးမဲ့ ပျက်စီးဖို့ ဖြစ်တယ်။ အဲဒီလိုပါပဲ၊ မက္ခလိဟာ လူတွေအတွက် စီးပွားမဲ့ဖို့၊ ဆင်းရဲဖို့၊ အကျိုးမဲ့ ပျက်စီးဖို့ ဖြစ်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၉၀)

## တိုက်တွန်းပါ

မိတ်ဆွေ၊ အပေါင်းအသင်း၊ ဆွေမျိုး၊ သွေးသားတော်စပ်သူတွေ

http://www.dhammadownload.com



ကို သနားရင်၊ သူတို့ကလည်း ကိုယ့်စကားကို နားထောင်လိုက်နာ လောက်မယ်ထင်ရင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ဉာဏ်နဲ့သက်ဝင်ပြီး ယုံကြည်လာအောင် တိုက်တွန်းပါ။

(အံ၊ ပါဠိ၊ ပ၊ ၂၂၃)

## အတုလိုက်သူ

ရဟန္တာတွေဟာ ရှစ်ပါးသီလကို အသက်ထက်ဆုံး စောင့်ထိန်းကြသလို ငါဟာလည်း ဒီည၊ ဒီနေ့ပတ်လုံး ရှစ်ပါးသီလကို စောင့်ထိန်းတယ်။ ငါဟာ ရဟန္တာတွေကို အတုလိုက်ကာ လုပ်တယ်။ ငါဟာ ဥပုသ်ကို စောင့်သုံးပြီးဖြစ်မယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၁၁)

## လူချမ်းသာနဲ့ နတ်ချမ်းသာ

အင်္ဂ၊ မဂဓ၊ ကာသိ၊ ကောသလ၊ ဝဇ္ဇီ၊ မလ္လ၊ စေတိ၊ ဝင်္ဂ၊ ကုရု၊ ပဉ္စာလ၊ မစ္ဆ၊ သူရသေန၊ အဿက၊ အဝန္တိ၊ ဂန္ဓာရ၊ ကမ္ဗောဇ ဆိုတဲ့ တိုင်းကြီး (ဇနပုဒ်ကြီး) ၁၆ ခုတို့ကို အစိုးရတဲ့မင်းအဖြစ်ဟာ ရှစ်ပါးသီလ ဥပုသ်ရဲ့၁၆ စိတ်က တစ်စိတ်ကိုတောင် မမီပါ။ အကြောင်းကတော့ ဒီလူ့ပြည်က မင်းအဖြစ်ဟာ နတ်ချမ်းသာနဲ့နှိုင်းရင် အသေးအမွှား ဖြစ်သွားလို့ပါပဲ။

(အံ၊ ပါဠိ၊ ပ၊ ၂၁၃)

## နတ်သက်

လူ့အသက် နှစ် ၅၀ ဟာ စာတုမဟာရာဇ်နတ်တွေရဲ့ တစ်ညနဲ့ တစ်နေ့။

http://www.dhammadownload.com



လူ့အသက် နှစ် ၁၀၀ ဟာ တာဝတိံသာနတ်တွေရဲ့ တစ်ညနဲ့ တစ်နေ့။

လူ့အသက် နှစ် ၂၀၀ ဟာ ယာမာနတ်တွေရဲ့ တစ်ညနဲ့တစ်နေ့။

လူ့အသက် နှစ် ၄၀၀ ဟာ တုသိတာနတ်တွေရဲ့ တစ်ညနဲ့ တစ်နေ့။

လူ့အသက် နှစ် ၈၀၀ ဟာ နိမ္မာနရတိနတ်တွေရဲ့ တစ်ညနဲ့ တစ်နေ့။

လူ့အသက် နှစ် ၁၆၀၀ ဟာ ပရနိမ္မိတဝသဝတ္တီနတ်တွေရဲ့တ တစ်ညနဲ့တစ်နေ့။

ည ၃၀ ၁ လ။

၁၂ လ ၁ နှစ်။

စတုမဟာရာဇ်နတ်တွေရဲ့သက်တမ်း ၅၀၀။

တာဝတိံသာနတ်တွေရဲ့သက်တမ်း ၁၀၀၀။

ယာမာနတ်တွေရဲ့သက်တမ်း ၂၀၀၀။

တုသိတာနတ်တွေရဲ့သက်တမ်း ၄၀၀၀။

နိမ္မာနရတိနတ်တွေရဲ့သက်တမ်း ၈၀၀၀။

ပရနိမ္မိတဝသဝတ္တီနတ်တွေရဲ့သက်တမ်း ၁၆၀၀၀။

(အံ၊ ပါဠိ၊ ပ၊ ၂၁၃)

## အဖန်ဖန် အောက်မေ့ရင်

ဘုရား၊ တရား၊ သံဃာတွေရဲ့ ဂုဏ်တော်တွေ၊ ကိုယ့်ရဲ့ မကျိုး၊ မပေါက်၊ မပြောက်၊ မကျားတဲ့ သီလ၊ နတ်ဗြဟ္မာတွေအလားတူ ကိုယ့်မှာ ရှိတဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေကို အဖန်ဖန် အောက်မေ့ရင် စိတ်ကြည်လင်တယ်၊ ဝမ်းမြောက်တယ်၊ စိတ်အညစ်အကြေးတွေ ကင်းတယ်။ (အံ၊ ပါဠိ၊ ပ၊ ၂၀၉)

http://www.dhammadownload.com



## စုံစမ်းရေးနတ်တွေ

လဆန်း ၈ ရက်နဲ့ လဆုတ် ၈ ရက်မှာ နတ်မင်းကြီး ၄ ယောက်ရဲ့ အမတ်တွေက၊ လဆန်း ၁၄ ရက်နဲ့ လဆုတ် ၁၄ ရက်မှာ နတ်မင်းကြီး ၄ ယောက်ရဲ့ သားတွေက၊ ၁၅ ရက်မြောက် ဥပုသ်နေ့မှာ နတ်မင်းကြီး ၄ ယောက်ကိုယ်တိုင်ပဲ ဒီလူ့လောကကို လှည့်လည်ကြည့်ရှုစစ်ဆေးကြတယ်။

'လူအများဟာ မိဘ၊ သမဏ၊ ဗြာဟ္မဏ သူတော်ကောင်းတွေအပေါ် ကောင်းကောင်းမွန်မွန် ကျင့်ကြရဲ့လား၊ အမျိုးမှာ ကြီးသူတွေကို ရိုသေကြရဲ့လား၊ ဥပုသ်စောင့်ကြရဲ့လား၊ ကုသိုလ်ပြုကာ နိုးနိုးကြားကြား ရှိကြရဲ့လား၊ ကောင်းမှုတွေကို ပြုကြရဲ့လား။'

အဲဒီလို လူကောင်းတွေ နည်းရင် နည်းကြောင်း၊ များရင် များကြောင်း နတ်မင်းကြီး ၄ ယောက်က တာဝတိံသာနတ်တွေရဲ့ သုဓမ္မာသဘင်မှာ ပြောပြကြတယ်။ အဲဒီအခါ များရင် တာဝတိံသာနတ်တွေက နတ်ပြည်မှာ နတ်တွေ တိုးလာပြီး အပါယ်ဘုံမှာ အပါယ်ဘုံသားတွေ လျော့သွားမှာမို့ ဝမ်းမြောက်ကြတယ်။ လူကောင်းတွေ နည်းရင် နတ်ပြည်မှာ နတ်တွေ လျော့ပြီး အပါယ်ဘုံမှာ အပါယ်ဘုံသားတွေ တိုးလာမှာမို့ တာဝတိံသာနတ်တွေက ဝမ်းနည်းကြတယ်။ (အံ၊ ပါဠိ၊ ပ၊ ၁၄၁)

## ငရဲခံရပုံ

ဒုစရိုက် ၁၀ ပါး ပြုလုပ်ပြီး ငရဲရောက်လာသူကို ငရဲထိန်းတွေက လက်မောင်းဆွဲကိုင်ပြီး ယမမင်းအား ပြကြတဲ့အခါ ယမမင်းက 'သူအို၊ သူနာ၊ သူသေတွေကို မြင်ရတဲ့အခါ အို၊ နာ၊ သေတတ်တဲ့ ငါဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ကောင်းမှုလုပ်မယ်' လို့ အကြံမဖြစ်ခဲ့ဘူးလား' လို့ မေးတော့ မေ့လျော့ခဲ့ကြောင်းကို ငရဲသားက ဖြေတယ်။

http://www.dhammadownload.com



ငရဲသားကို ငရဲထိန်းတွေက လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ရင်ဘတ် အလယ်မှာ ပူလောင်နေတဲ့ သံချောင်းကို သွင်းကြတယ်။ ဆွဲငင်ပြီး ဓားမတွေနဲ့ ခုတ်ရွေကြတယ်။ ဦးခေါင်းစောက်ထိုးကိုင်ပြီး ပဲခွပ်တွေနဲ့ ခုတ်ရွေကြတယ်။ ရထားမှာ တပ်ပြီး မီးအလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မြေကြီးပေါ်မှာ ရှေ့သွား နောက်ပြန် လုပ်ခိုင်းကြတယ်။ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးကျီးတောင်ကြီးပေါ် အတက်၊ အဆင်း အလုပ်ခိုင်းကြတယ်။ ဦးစောက်ပြောင်းပြန်ကို အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ ငရဲအိုးမှာ ပစ်ချကြတယ်။ အဲဒီ ငရဲသားဟာ ငရဲအိုးမှာ အမြှုပ်ထကာ ကျက်လျက် တစ်ကြိမ် ပေါ်လိုက်၊ တစ်ကြိမ် မြုပ်လိုက်၊ တစ်ကြိမ် မျောလိုက် ဖြစ်တယ်။ ငရဲမှာ ငရဲသားဟာ ထက်မြက်၊ ကြမ်းတမ်း၊ ခါးစပ်တဲ့ ဆင်းရဲတွေကို ခံစားရတယ်။ အကုသိုလ်ကံ မကုန်သေးသမျှ မသေသေး။ (အံ၊ ပါဠိ၊ ပ၊ ၁၃၉)

## ချမ်းသာသူ ဆင်းရဲသူ

ရာဂ၊ ဒေါသ၊ မောဟတွေကြောင့် ကိုယ်မှာရော စိတ်မှာပါ ပူလောင်နေသူဟာ ဆင်းဆင်းရဲရဲ နေရတယ်။

ရာဂ၊ ဒေါသ၊ မောဟတွေကို အကြွင်းမဲ့ ပယ်ထားလို့ ဘုရားရှင်ဟာ ချမ်းချမ်းသာသာ နေရတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၃၆)

## အရိယာနဲ့သိက္ခာ

သောတာပန်နဲ့ သကဒါဂါမ်ရဟန်းဟာ သီလမှာ အပြည့်အစုံ ပြုလုပ်တယ်။ သမာဓိနဲ့ ပညာမှာတော့ အတိုင်းအတာနဲ့ (တစ်စိတ်

http://www.dhammadownload.com



တစ်ဒေသပဲ) ပြုလုပ်တယ်။ အနာဂါမ်ရဟန်းဟာ သီလနဲ့ သမာဓိမှာ အပြည့်အစုံ ပြုလုပ်တယ်။ ပညာမှာတော့ တစ်စိတ်တစ်ဒေသပဲ ပြုလုပ်တယ်။ ရဟန္တာရဟန်းဟာ သီလ၊ သမာဓိ၊ ပညာ သုံးပါးလုံးမှာ အပြည့်အစုံ ပြုလုပ်တယ်။

အဲဒီသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရဟန်းတွေဟာ သေးငယ်၊ အလွန်သေးငယ်တဲ့ ဝိနည်းအပြစ်တွေ သင့်လည်း သင့်ရောက်တယ်၊ အပြစ်မှ ထမြောက်လည်း ထမြောက်တယ်။ အရိယာပုဂ္ဂိုလ်တွေမှာ အဲဒီလို အပြစ်သင့်ရောက်မှု၊ အပြစ်မှ ထမြောက်မှုမှာ မဖြစ်ထိုက်လို့ ငါဘုရား မဟော။

အရိယာပုဂ္ဂိုလ်တွေဟာ အရိယမဂ်အကျင့်မြတ်ရဲ့ အစဖြစ်တဲ့ ပါရာဇိကအပြစ်လေးပါးမှာ အမြဲသီလ လုံခြုံကြတယ်။ သိက္ခာပုဒ်တွေမှာ ဆောက်တည်ကာ ကျင့်ကြတယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၃၃)

## ငါဘုရား မချီးမွမ်း

သိက္ခာသုံးပါးကို မလိုလားရင်၊ သိက္ခာသုံးပါး ဆောက်တည်ခြင်းရဲ့ဂုဏ်ကို မပြောရင်၊ သိက္ခာသုံးပါး မလိုလားတဲ့ အခြားရဟန်းတွေကို သိက္ခာသုံးပါးနဲ့ ပြည့်စုံအောင် မတိုက်တွန်းရင်၊ သိက္ခာသုံးပါး လိုလားတဲ့ အခြားရဟန်းတွေရဲ့ဂုဏ်ကို အမှန်အတိုင်း ပြောသင့်ရာအခါမှာ မပြောရင် ရဟန်းအကြီးပဲဖြစ်ဖြစ်၊ ရဟန်းအလတ်ပဲဖြစ်ဖြစ်၊ ရဟန်းအငယ်ပဲဖြစ်ဖြစ် အဲဒီရဟန်းအား ငါဘုရား မချီးမွမ်း။

အကြောင်းကတော့ ဘုရားရှင်က အဲဒီရဟန်းအား ချီးမွမ်းရင် အခြားရဟန်းတွေက အဲဒီရဟန်းကို ဆည်းကပ်ကြလိမ့်မယ်။ အတုလိုက်ကြလိမ့်မယ်။ အတုလိုက်ရင် အဲဒီရဟန်းတွေအတွက် ကြာမြင့်စွာ စီးပွားမဲ့ဖို့၊ ဆင်းရဲဖို့ ဖြစ်မှာမို့ပါပဲ။ (အံ၊ ပါဠိ၊ ပ၊ ၂၄၀)

http://www.dhammadownload.com



# စိတ်နဲ့ပညာရှိ

စိတ်ဟာ အလွန်ပဲ မြင်ရခက်တယ်၊ အလွန်ပဲ သိမ်မွေ့တယ်၊ သွားချင်ရာ သွားတယ်။ ပညာရှိဟာ စိတ်ကို စောင့်ရှောက်ရတယ်။ စောင့်ရှောက်ထားတဲ့စိတ်က မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာကို ဆောင်ပေးတယ်။

စိတ်ဟာ နှိမ်နင်းရခက်တယ်၊ အဖြစ်အပျက် မြန်တယ်၊ သွားချင်ရာသွားတယ်။ စိတ်ကို ဆုံးမတာဟာ ကောင်းတယ်။ အကြောင်းကတော့ ယဉ်ကျေးပြီးတဲ့စိတ်ဟာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာကို ဆောင်ပေးလို့ပါပဲ။

စိတ်ဟာ အဆင်းစတဲ့အာရုံတွေမှာ တုန်လှုပ်တယ်၊ တစ်အာရုံတည်းမှာ မတည်၊ သင့်တော်လျောက်ပတ်တဲ့ အာရုံတစ်ခုခုမှာ ထားရခက်တယ်။ မသင့်တော်တဲ့ အာရုံဆီ မသွားအောင် တားဖို့ ခက်တယ်။ မြားလုပ်သမားဟာ `မြားကို ဖြောင့်အောင် လုပ်သလို ပညာရှိဟာ စိတ်ကို ဖြောင့်မတ်အောင် လုပ်တယ်။

ငါးကို ရေထဲက ထုတ်ဆောင်ပြီး ကုန်းပေါ် တင်ထားလိုက်ရင် တဖျတ်ဖျတ်ခုန်တယ်။ ကာမဂုဏ်ငါးပါးမှာ ပျော်တဲ့စိတ်ဟာ ကိလေသဝဋ်ကို ပယ်ရှားဖို့ ဝိပဿနာအာရုံမှာ ထားခံရတဲ့အခါ ဝိပဿနာအာရုံမှာ ကောင်းကောင်း မတည်နိုင်။

စိတ်ဟာ အဝေးမှာ ရှိတဲ့ အာရုံကို ယူနိုင်တယ်။ တစ်စိတ်ဖြစ်ပြီးမှ တစ်စိတ် ချုပ်တယ်။ ကိုယ်ပုံသဏ္ဌာန် မရှိ၊ အညိုစတဲ့ အရောင်အဆင်း မရှိ။ မဟာဘုတ်လေးပါးဆိုတဲ့ ဂူကို မှီဖြစ်တယ်။ စိတ်ကို စောင့်ရှောက်သူတွေဟာ မာရ်မင်းရဲ့အနှောင်အဖွဲ့ဖြစ်တဲ့ ဝဋ်ဆင်းရဲမှ လွတ်ကြတယ်။

(ဓမ္မပဒပါဠိ၊ ၁၈)

http://www.dhammadownload.com



# ကိုယ့်အမှု ကိုယ်ရှု

သူတစ်ပါးတွေရဲ့ ကြမ်းတမ်းတဲ့ စကားတွေကို နှလုံးမသွင်းရ၊ သူတစ်ပါး လုပ်တာ၊ မလုပ်တာကို မကြည့်ရှုရ။ ကိုယ့်ရဲ့လုပ်တာ၊ မလုပ်တာကိုသာ ကြည့်ရှုရတယ်။

(ဓမ္မပဒပါဠိ၊ ၂၀)

# ပညာရှိအမူအရာ

ပညာရှိတွေဟာ ကောင်းလောကဓံတွေနဲ့ တွေ့ရလို့လည်း ဝမ်းသာတဲ့ အမူအရာကို မပြကြ၊ မကောင်းလောကဓံနဲ့ တွေ့ရလို့လည်း မျက်နှာမသာယာတဲ့ အမူအရာကို မပြကြ။

(ဓမ္မပဒပါဠိ၊ ၂၅)

# ပညာရှိသူ

ပညာရှိဆိုတာ ကိုယ့်အတွက်ကြောင့်ရော သူတစ်ပါးအတွက်ကြောင့်ပါ မကောင်းမှုကို မလုပ်။ သားသမီး၊ ပစ္စည်းဥစ္စာ၊ နိုင်ငံကို လိုချင်လို့လည်း မကောင်းမှုကို မလုပ်။ ကိုယ့်မှာ ပြည့်စုံလို့လည်း မကောင်းမှုကို မလုပ်။ အဲဒီလိုပုဂ္ဂိုလ်သာ သီလရှိသူပဲ၊ ပညာရှိသူပဲ၊ တရားရှိသူပဲ။

(ဓမ္မပဒပါဠိ၊ ၂၅)

# ကျောက်တောင်ကြီး

တစ်ခဲနက် ကျောက်တောင်ကြီးဟာ အရပ်လေးမျက်နှာက လေကြောင့် မတုန်လှုပ်သလို ပညာရှိတွေဟာ ကောင်းဆိုး လောကဓံတွေကြောင့် မတုန်လှုပ်။ (လောဘ၊ ဒေါသ မဖြစ်။) **(ဓမ္မပဒပါဠိ၊ ၂၅)**

http://www.dhammadownload.com



# လူမိုက်နဲ့ တရား

လူမိုက်ဟာ အသက်ထက်ဆုံး ပညာရှိကို ဆည်းကပ်စေဦးတော့၊ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတရားကို မသိ။ ဥပမာ ဟင်းမွှေယောက်မဟာ ဟင်းရဲ့အရသာကို မသိသလိုပါပဲ။

(ဓမ္မပဒပါဠိ၊ ၂၂)

# ပညာရှိနဲ့ တရား

ပညာရှိဟာ တစ်မဟုတ်မျှတောင် ပညာရှိကို ချဉ်းကပ်ရရင် လျင်မြန်စွာပဲ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတရားကို သိတယ်။ ဥပမာ လျှာဟာ ဟင်းရဲ့အရသာကို သိသလိုပါပဲ။

(ဓမ္မပဒပါဠိ၊ ၂၂)

# လူမိုက်နဲ့ မကောင်းကျိုး

မကောင်းမှုလုပ်တဲ့ လူမိုက်မှာ မကောင်းမှုက မကောင်းကျိုး မပေးသေးသမျှတော့ မကောင်းမှုကို ချိုမြိန်တဲ့ အရသာပမာ ထင်နေတယ်။ မကောင်းမှု အကျိုးပေးတဲ့အခါ ဒီဘဝမှာ ညှဉ်းပန်းမှုအမျိုးမျိုးကို ခံရတယ်။ နောက်ဘဝမှာ ငရဲစသည်မှာ အကြီးအကျယ် ဒုက္ခခံရတယ်။

(ဓမ္မပဒပါဠိ၊ ၂၃)

# တစ်ရာအသက်နဲ့ တစ်ရက်

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေပုံ၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်

http://www.dhammadownload.com



၍၊ တစ်ရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်ပါသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

(ဓမ္မပဒပါဠိ၊ ၃၀)

## ရှိသေပါ

ရှိခိုးထိုက်သူတွေကို ရှိခိုးလေ့၊ ကြီးသူတွေကို အမြဲရိုသေလေ့ရှိသူမှာ အသက်ရှည်တယ်၊ အဆင်းလှတယ်၊ ကိုယ်စိတ်ချမ်းသာတယ်၊ အင်အားရှိတယ်။ (ဓမ္မပဒပါဠိ၊ ၂၉)

## စကားတစ်ခွန်း

အကျိုးမဲ့နဲ့ ဆက်စပ်တဲ့စကားတွေ ထောင်ပေါင်းများစွာ များစေဦးတော့၊ ကြားနာရလို့ ကိလေသာငြိမ်းစေတဲ့ စကားတစ်ခွန်းကသာ မြင့်မြတ်ပါတယ်။ (ဓမ္မပဒပါဠိ၊ ၂၈)

## သူတော်ကောင်းတွေရဲ့ ချစ်သူ

ကိစ္စပေါ်လာတဲ့အခါမှာ ဆုံးမပါ၊ ကိစ္စမပေါ်ခင် ကြိုတင်သွန်သင်ပါ။ မျက်မှောက်မှာ ဆုံးမပါ။ မျက်ကွယ်မှာ တမန်လွှတ်ပြီးတော့ဖြစ်စေ၊ သတင်းစကား ပို့လွှတ်ပြီးတော့ဖြစ်စေ သွန်သင်ပါ။ တစ်ကြိမ် ဆုံးမပါ။ အထပ်ထပ် သွန်သင်ပါ။ မကောင်းမှုက တားမြစ်ပါ။ ဆုံးမသွန်သင်သူကို သူတော်ကောင်းတွေက ချစ်မြတ်နိုးကြတယ်။ မသူတော်တွေကတော့ မုန်းကြတယ်။ (ဓမ္မပဒပါဠိ၊ ၂၄)

## ဆည်းကပ်ပါ

ကိုယ့်ရဲ့အပြစ်ကို စိတ်ကောင်းနဲ့ ညွှန်ပြသူကို ရွှေအိုးညွှန်ပြသူ

http://www.dhammadownload.com



ပမာ ရှုမြင်ပါ။ အပြစ်အားလျော်စွာ နှိပ်ကွပ်ပြောဆိုတဲ့ ပညာရှိကို ဆည်းကပ်ပါ။ ဆည်းကပ်ရင် တိုးသာ တိုးတက်တယ်၊ မဆုတ်ယုတ်။

(ဓမ္မပဒပါဠိ၊ ၂၄)

## ကိုယ့်ကိုယ်ကို ဆုံးမပါ

ရေကို ဆောင်ယူသူတွေက မြောင်းနဲ့ ကိုယ်လိုရာသို့ ဆောင်ယူကြတယ်။ မြားလုပ်သမားတွေက ကောက်တဲ့မြားကို ဖြောင့်အောင် လုပ်ကြတယ်။ သစ်ရွေသမားတွေက သစ်သားကို ကိုယ်အလိုရှိသလို ဖြောင့်အောင်လည်း လုပ်ကြတယ်၊ ကွေးအောင်လည်း လုပ်ကြတယ်။ ပညာရှိတွေက မိမိကိုယ်ကို ဆုံးမကြတယ်။

(ဓမ္မပဒပါဠိ၊ ၂၅)

## မီးခဲပြာဖုံး

နွားမရဲ့နို့က ထွက်လာတဲ့ နို့ရည်ဟာ ချက်ချင်း ချဉ်မသွားသလို မကောင်းမှုဟာလည်း ပြုလုပ်ဆဲမှာ အကျိုးမပေးတတ်၊ ပြာဖုံးထားတဲ့ မီးကျီးခဲကို နင်းပေမယ့် ပြာက ဖုံးထားလို့ မီးကျီးခဲက မပူလောင်စေ၊ ပြာကို ပူစေပြီးမှ အရေစသည်ကို ပူလောင်စေပါတယ်။ ဦးနှောက်အထိ ပူလောင်စေပါတယ်။ မကောင်းမှုဟာလည်း ပြုသူလူမိုက်ကို ဒုတိယ၊ တတိယဘဝမှာ ငရဲစသည်မှာ ဖြစ်စေကာ ပူလောင်စေပါတယ်။

(ဓမ္မပဒပါဠိ၊ ၂၃)

## လူမိုက်

လူမိုက်ရဲ့ အတတ်ပညာ၊ အစိုးရမှု၊ အခြွေအရံရှိမှု၊ ပြည့်စုံမှုတွေဟာ သူ့အတွက် အကျိုးမဲ့ဖြစ်ဖို့ရာသာ အလွန်အကဲ ဖြစ်ပါတယ်။

http://www.dhammadownload.com



လူမိုက်ရဲ့ ကုသိုလ်အဖို့အစုကို ဖျက်ဆီးတယ်၊ ပညာဆိုတဲ့ ဦးထိပ်ကို ဖျက်ဆီးတယ်။ (ဓမ္မပဒပါဠိ၊ ၂၃)

## ရှည်လျားတယ်

အိပ်မပျော်သူအတွက် ညဥ့်ဟာ ရှည်တယ်။ ခရီးပန်းနေသူအတွက် တစ်ယူဇနာဟာ ရှည်တယ်။ ဗောဓိပက္ခိယတရား ၃၇ ပါးကို မသိသူ လူမိုက်တွေအတွက် သံသရာဟာ ရှည်လျားတယ်။

(ဓမ္မပဒပါဠိ၊ ၂၂)

## ပညာရှိဖြစ်နိုင်သူ

ကိုယ့်ကိုယ်ကို မိုက်မှန်းသိသူဟာ အဲဒီအသိကြောင့် ပညာရှိ သို့မဟုတ် ပညာရှိနဲ့တူသူ ဖြစ်နိုင်တယ်။ လူမိုက် (ပညာမရှိသူ) ဖြစ်ပါလျက် ကိုယ့်ကိုယ်ကို ပညာရှိလို့ ထင်နေသူကိုတော့ တကယ့်လူမိုက်ပဲလို့ ဆိုရတယ်။ (ဓမ္မပဒပါဠိ၊ ၂၂)

## လေညာဆန်တဲ့ ပန်းနံ့

**ပန်းတွေရဲ့အနံ့ဟာ လေညာကို ဆန်ပြီး မမွှေးကြိုင်၊ စန္ဒကူးနံ့၊ တောင်ဇလပ်ပန်းနံ့၊ ကြက်ရန်းပန်းနံ့တွေဟာလည်း လေညာကို ဆန်ပြီး မမွှေးကြိုင်။ သူတော်ကောင်းတွေရဲ့ သီလရနံ့ဟာ လေညာကို ဆန်ပြီး မွှေးကြိုင်တယ်။ (ဓမ္မပဒပါဠိ၊ ပ၊ ၂၁)**

## ပန်းပုံကြီး

ပန်းပုံထဲမှ ပန်းကုံးများစွာကို ပန်းကုံးသူဟာ ပြုလုပ်သလို သေတတ်တဲ့သဘောရှိတဲ့ သတ္တဝါဟာ ကုသိုလ်ကို များများ ပြုလုပ်သင့်တယ်။ (ဓမ္မပဒပါဠိ၊ ၂၁)

http://www.dhammadownload.com



## အားမရသေးဘဲ

ကာမဂုဏ်ငါးပါးပန်းတွေကိုသာ ဆွတ်ခူးနေတဲ့၊ ရောက်လာ၊ မရောက်လာသေးတဲ့ ကာမဂုဏ်အာရုံတွေကို ကပ်ငြိစိတ်ရှိတဲ့သူကို သေမင်းက ခေါ်ဆောင်သွားတယ်။ ဥပမာ အိပ်ပျော်နေတဲ့ ရွာသူ ရွာသားတွေကို ရေအယဉ်ကြီးဟာ သယ်ဆောင်ပြီး ငါး လိပ်တွေရဲ့အစာ ဖြစ်အောင် ပြုလုပ်သလိုပါပဲ။ ကာမဂုဏ်မှာ ရှာမှီးလို့၊ ရလို့၊ သုံးဆောင်လို့၊ သိုမှီးလို့ အားမရသေးဘဲ သတ္တဝါကို သေမင်းက သူ့အလိုကို လိုက်စေပါတယ်။ (ဓမ္မပဒပါဠိ၊ ၂၀)

## ကြောက်စရာစိတ်

သူခိုးတစ်ယောက်က ခိုးသူကို၊ ရန်သူက ရန်သူကို တွေ့တဲ့အခါ ပျက်စီးအောင် ပြုလုပ်တယ်။ ဒုစရိုက် ၁၀ ပါးမှာ မှားယွင်းစွာ ထားအပ်တဲ့စိတ်ကတော့ အဲဒီခိုးသူ၊ ရန်သူတွေထက် ပိုပြီး ဒုက္ခရောက်အောင် လုပ်တယ်။ ဒီဘဝမှာလည်း လုပ်တယ်၊ သံသရာမှာလည်း လုပ်တယ်။ (ဓမ္မပဒပါဠိ၊ ၁၉)

## စိတ်ကောင်းစွမ်းအင်

မိဘ ဆွေမျိုးတွေ ပြုလုပ်မပေးနိုင်တဲ့အရာကို သုစရိုက် ၁၀ ပါးမှာ ကောင်းစွာထားအပ်တဲ့စိတ်က အလွန်အကဲ ပြုလုပ်ပေးနိုင်တယ်။ (ဓမ္မပဒပါဠိ၊ ၁၉)

## ပျော်စရာနေရာ

ရွာ၊ တော၊ နိမ့်ရာအရပ်၊ မြင့်ရာအရပ် ဖြစ်ချင်ရာ ဖြစ်ပါစေ၊ ရဟန္တာတွေ နေရာအရပ်ဟာ ပျော်စရာကောင်းတဲ့ အရပ်ပဲ။ (ဓမ္မပဒပါဠိ၊ ၂၇)

http://www.dhammadownload.com



## ယင်နဲ့ပိတုန်း

ပန်းတွေ ကောင်းကောင်းပွင့်တဲ့ သစ်ပင်၊ တောအုပ်တွေနဲ့ တန်ဆာဆင်ထားပြီး ရေကောင်းရေသန့်ရှိတဲ့ တောတွေဟာ ပျော်စရာ ကောင်းတယ်။ အဲဒီတောတွေမှာ ကာမဂုဏ်ကို ရှာမှီးသူအပေါင်းက တော့ မပျော်။ ဥပမာ ယင်ကောင်တွေဟာ ပွင့်နေတဲ့ ပဒုမ္မာကြာတော တွေမှာ မပျော်ကြသလိုပါပဲ၊ ရာဂကင်းတဲ့ ရဟန္တာတွေကတော့ တော အရပ်တွေမှာ ပျော်ကြတယ်။ အကြောင်းကတော့ ရဟန္တာတွေဟာ ကာမဂုဏ်တွေကို မရှာမှီးကြလို့ပါပဲ။ ရဟန္တာတွေဟာ ပဒုမ္မာကြာတော တွေမှာ ပျော်တဲ့ ပိတုန်းတွေနဲ့ တူကြပါတယ်။

(ဓမ္မပဒပါဠိ၊ ၂၈)

## ဝမ်းသာရသူ

ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ထားသူဟာ 'ငါဟာ မကောင်းမှုကို မပြုဘဲ ကောင်းမှုကို ပြုထားပေတယ်' လို့ ဒီဘဝမှာ ကံကိုတွေးပြီး ဝမ်းသာရတယ်။ နောက်ဘဝမှာ အကျိုးကို ခံစားပြီး ဝမ်းသာရတယ်။ ဒီနည်းနဲ့ ဒီဘဝမှာရော နောက်ဘဝတွေမှာပါ ဝမ်းသာ ရတယ်။ သူ့အလုပ်ရဲ့ စင်ကြယ်တာကို မြင်ရပြီး မသေခင် ဒီဘဝမှာ လည်း ဝမ်းသာရတယ်၊ နောက်ဘဝမှာလည်း အလွန်ဝမ်းသာရတယ်။

(ဓမ္မပဒပါဠိ၊ ၁၅)

## ဝမ်းနည်းရသူ

မကောင်းမှုအမျိုးမျိုးကို ပြုလုပ်ထားသူဟာ 'ငါဟာ ကောင်းမှုကို မပြုဘဲ မကောင်းမှုကို ပြုထားပေတယ်' လို့ ဒီဘဝမှာ ကံကို တွေးပြီး ဝမ်းနည်းရတယ်။ နောက်ဘဝမှာ အကျိုးကို ခံစားပြီး ဝမ်းနည်းရတယ်။

http://www.dhammadownload.com



ဒီနည်းနဲ့ ဒီဘဝမှာရော နောက်ဘဝတွေမှာ ဝမ်းနည်းရတယ်။ သူ့အလုပ်ရဲ့ ညစ်နွမ်းတာကို မြင်ရပြီး မသေခင် ဒီဘဝမှာည်း ဝမ်းနည်းရတယ်၊ နောက်ဘဝမှာလည်း ပင်ပန်းရတယ်။

(ဓမ္မပဒပါဠိ၊ ၁၅)

## အိမ်

ကျိုးတိုးကျဲတဲ မိုးထားတဲ့ အိမ်ကို မိုးရေမိုးပေါက် ထိုးဖောက်သလို သမထ၊ ဝိပဿနာ မပွားထားတဲ့ စိတ်ကို ကိလေသာတွေက ထိုးဖောက်ကြတယ်။

လုံလုံခြုံခြုံ မိုးထားတဲ့ အိမ်ကို မိုးရေမိုးပေါက်ဟာ မထိုးဖောက်နိုင်သလို သမထ၊ ဝိပဿနာတွေနဲ့ ကောင်းကောင်း ထုံမွှန်းထားတဲ့ စိတ်ကို ကိလေသာတွေက မထိုးဖောက်နိုင်။

(ဓမ္မပဒပါဠိ၊ ၁၄၊ ၁၅)

## အကာနဲ့အနှစ်

ပစ္စည်းလေးပါး၊ အယူမှား၊ အယူမှားရဲ့အကြောင်းတရား ဒေသနာဆိုတဲ့ အကာတွေကို အယူမှန်၊ အယူမှန်ရဲ့အကြောင်းတရား ဒေသနာဆိုတဲ့ အနှစ်လို့ထင်ပြီး အနှစ်တွေကိုတော့ အကာလို့ထင်ကြသူတွေဟာ အကြံမှား ရှိကြတဲ့အတွက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန၊ နိဗ္ဗာန်ဆိုတဲ့ အနှစ်ကို မရကြ။

အနှစ်ကို အနှစ်လို့၊ အကာကို အကာလို့ သိပြီး အကြံမှန်ရှိကြသူတွေဟာ အနှစ်ကို ရကြတယ်။

(ဓမ္မပဒပါဠိ၊ ၁၄)

http://www.dhammadownload.com



## သူတော်ကောင်းတို့သွားလမ်း

ရန်တွေဟာ ရန်တုံ့ပြန်ခြင်းနဲ့ ဘယ်သောအခါမှ မငြိမ်းအေးကြ။ ရန်တုံ့မပြန်ခြင်းနဲ့ ငြိမ်းအေးကြတယ်။ ရန်တုံ့မပြန်ဘဲ ရန်ကို ငြိမ်းအေးစေတာဟာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေရဲ့ သွားလမ်းပဲ။

(ဓမ္မပဒပါဠိ၊ ၁၄)

## ရန်ငြိမ်းသူ

'ငါ့ကို ဆဲရေးဖူးတယ်၊ ငါ့ကို ပုတ်ခတ်ဖူးတယ်၊ ငါ့ကို အောင်နိုင်ဖူးတယ်၊ ငါ့ရဲ့ဥစ္စာကို ခိုးဆောင်ဖူးတယ်' လို့ ရန်ငြိုးဖွဲ့သူတွေရဲ့ ရန်ဟာ မငြိမ်း။ ရန်ငြိုးမဖွဲ့သူတွေရဲ့ရန်ဟာ ငြိမ်းတယ်။

(ဓမ္မပဒပါဠိ၊ ၁၃)

## အသိ

'ငါတို့ဟာ သေမင်းဆီကို မပြတ်သွားနေကြရတယ်' လို့ မသိသူတွေဟာ ခိုက်ရန်ဖြစ်ကြတယ်။ သိသူတွေကတော့ အသင့်အတင့် နှလုံးသွင်းပြီး ခိုက်ရန်ငြိမ်းအောင် ကျင့်ကြတယ်။

(ဓမ္မပဒပါဠိ၊ ၁၄)

## နိဗ္ဗာန်နဲ့နီးသူ

မမေ့မလျော့တဲ့ သတိမှာ ပျော်မွေ့ပြီး မေ့လျော့မှုမှာ ကြောက်ဖွယ်လို့ ရှုမြင်သူဟာ ရောက်ရှိပြီး သမထ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်တွေမှ မဆုတ်ယုတ်၊ မရောက်သေးတဲ့ သမထ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်တွေကို ရောက်တယ်။ နိဗ္ဗာန်နဲ့သာ နီးတယ်။

(ဓမ္မပဒပါဠိ၊ ၁၇)

http://www.dhammadownload.com



# ဘဝမြင့်တရား

မမေ့မလျော့မှုကြောင့် သိကြားမင်းဟာ စာတုမဟာရာဇ်၊ တာဝတိံသာနတ်တွေထဲမှာ အမြတ်ဆုံးအဖြစ် ရောက်ရတယ်။ မမေ့မလျော့မှုကို ဘုရားစတဲ့ ပညာရှိတွေ ချီးမွမ်းကြတယ်။ မေ့လျော့မှုကို အရိယာတွေက အမြဲကဲ့ရဲ့ကြတယ်။

(ဓမ္မပဒပါဠိ၊ ၁၇)

# ကျော်စောသူ

အစိုးရမှု၊ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံချင်ရင်၊ ကောင်းသတင်း ကျော်စောချင်ရင်

၁။ ထထကြွကြွ ဝီရိယ ရှိပါ၊
၂။ သတိရှိပါ၊
၃။ အပြစ်ကင်းတဲ့အလုပ် လုပ်ပါ၊
၄။ စူးစမ်းဆင်ခြင်ပြီး အလုပ်လုပ်ပါ၊
၅။ စောင့်စည်းပါ၊
၆။ တရားသဖြင့် အသက်မွေးပါ၊
၇။ မမေ့မလျော့ပါနဲ့။

(ဓမ္မပဒပါဠိ၊ ၁၆)

# သတိ

သတိမကင်းတာဟာ မသေရာ နိဗ္ဗာန်ရောက်ကြောင်းပဲ။ သတိကင်းတာဟာ သေခြင်းရဲ့အကြောင်းပဲ။ သတိမကင်းသူတွေဟာ မသေကြ၊ သတိကင်းသူတွေဟာ သေသူတွေနဲ့ တူတယ်။

(ဓမ္မပဒပါဠိ၊ )

http://www.dhammadownload.com



# အမှိုက်ပုံ

လမ်းမကြီးမှာ ပစ်ထားတဲ့ အမှိုက်ပုံထဲမှာ အနံ့ကောင်းပြီး မြတ်နိုးဖွယ်ဖြစ်တဲ့ ပဒုမ္မာကြာ ပေါက်လာသလို ဘုရားတပည့် ရဟန္တာဟာ အမှိုက်ပုံနဲ့တူတဲ့ ပုထုဇဉ်အမိုက်အကန်းတွေကို ကျော်လွန်ပြီး တင့်တယ်တယ်။ (ဓမ္မပဒပါဠိ၊ ၂၁)

# ခေါင်ထိပ်

ရာဂမီး အကြီးဆုံး၊ ဒေါသအပြစ် အညစ်ဆုံး၊ ခန္ဓာဆင်းရဲ အကဲဆုံး။ နိဗ္ဗာန်ချမ်းသာ အသာဆုံး။ (ဓမ္မပဒပါဠိ၊ ၄၃)

ကျန်းမာခြင်းလာဘ် အမြတ်ဆုံး၊ ရောင့်ရဲတဲ့ဥစ္စာ အသာဆုံး၊ ခင်ရင် ဆွေမျိုးပဲ။ နိဗ္ဗာန်ချမ်းသာ အသာဆုံး။

(ဓမ္မပဒပါဠိ၊ ၄၃)

# နိုင်နည်း

စိတ်ဆိုးသူကို စိတ်မဆိုးမှုနဲ့ အနိုင်ယူပါ။ မသူတော်ကို သူတော်ကောင်းအဖြစ်နဲ့ အနိုင်ယူပါ။ နှမြောသူကို ပေးကမ်းမှုနဲ့ အနိုင်ယူပါ။ လိမ်ညာသူကို အမှန်ပြောမှုနဲ့ အနိုင်ယူပါ။

(ဓမ္မပဒပါဠိ၊ ၄၆)

# အချစ်အကျိုး

အချစ်ကြောင့် သောက ဖြစ်တယ်၊ အချစ်က လွတ်ရင် သောက မရှိ။ ဘေးမရှိ။ (ဓမ္မပဒပါဠိ၊ ၄၅)

http://www.dhammadownload.com



# အရင်ဆုံး

သူတစ်ပါးကို ဆုံးမလိုသူဟာ မိမိကိုယ်ကို ရှေးဦးစွာ သင့်တင့်တဲ့ ဂုဏ်မှာ သွင်းထားရပါတယ်။ နောက်မှ သူတစ်ပါးကို ဆုံးမရပါတယ်။ ဒါမှ ပညာရှိဟာ မပင်ပန်းပါ။

(ဓမ္မပဒပါဠိ၊ ၃၇)

# ချစ်တတ်သူ

မိမိကိုယ်ကို ချစ်တယ်ဆိုရင် ကုသိုလ်ကောင်းမှုပြုပြီး မိမိကိုယ်ကို ကောင်းကောင်း စောင့်ရှောက်ရတယ်။ အရွယ်သုံးပါးထဲက တစ်ရွယ်ရွယ်မှာ မိမိကိုယ်ကို အပြစ်ကင်းအောင် ဆေးကြောသုတ်သင်ရတယ်။

(ဓမ္မပဒပါဠိ၊ ၃၇)

# အဆုံးမ ရ ခက်သူ

သူတစ်ပါးကို ဆုံးမတဲ့အတိုင်း ကိုယ့်ကိုယ်ကို ပြုလုပ်ရတယ်။ ကိုယ့်ကိုယ်ကို ကောင်းကောင်း ယဉ်ကျေးအောင် ဆုံးမရတယ်။ အကြောင်းကတော့ မိမိကိုယ်ကို အဆုံးမ ရ ခက်လို့ပါပဲ။

(ဓမ္မပဒပါဠိ၊ ၃၇)

# အားထားရာ

မိမိသည်သာ မိမိရဲ့အားထားရာ ဖြစ်တယ်။ တခြားသူဟာ ဘယ်မှာ အားထားရာ ဖြစ်မလဲ။ မိမိကိုယ်တိုင် ကောင်းကောင်း ယဉ်ကျေးမှ ရခဲတဲ့ အားထားရာ (အရဟတ္တဖိုလ်) ကို ရတယ်။

(ဓမ္မပဒပါဠိ၊ ၃၇)

http://www.dhammadownload.com



## အနီးအဝေး

သူတော်ကောင်းတွေဟာ ဘုရားနဲ့ဝေးတဲ့အရပ်မှာ နေကြပေမယ့် ဘုရားရှင်တွေရဲ့ဉာဏ်ထဲမှာ ထင်ရှားကြတယ်။ ဥပမာ ဟိမဝန္တာတောင် လိုပါပဲ။ မသူတော်တွေဟာ ဘုရားရှင်ရဲ့ ပုဆစ်ဒူးဝန်းနားမှာ ထိုင်ကြ ပေမယ့် ဘုရားရှင်တွေရဲ့ဉာဏ်ထဲမှာ မထင်ရှား၊ ဥပမာ ညအခါ ပစ် လွှတ်လိုက်တဲ့ မြားတွေလိုပါပဲ။

(ဓမ္မပဒပါဠိ၊ ၅၆)

## သွားချင်ရာ သွား

သဒ္ဓါ၊ သီလ၊ အခြွေအရံ၊ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံသူဟာ သွား လေရာရာအရပ်မှာ အပူဇော်ခံရတယ်။ (ဓမ္မပဒပါဠိ၊ ၅၆)

## ကောင်းကောင်း နိုးသူ

နေ့ရောညပါ အမြဲတမ်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် တွေကို အောက်မေ့တဲ့ ဘုရားတပည့်၊ ကိုယ်ခန္ဓာကို အောက်မေ့တဲ့ သတိရှိသူ၊ ကရုဏာ၊ မေတ္တာကို ပွားများသူတွေဟာ ကောင်းကောင်း အိပ်ရာက နိုးကြတယ်။

(ဓမ္မပဒပါဠိ၊ ၅၆)

## စွန့်လွှတ်ပါ

အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်လို့ ကြီးကျယ်တဲ့ နိဗ္ဗာန်ချမ်းသာကို မြင်မယ်ဆိုရင် အနည်းငယ်သော ချမ်းသာကို စွန့် လွှတ်ရတယ်။ (ဓမ္မပဒပါဠိ၊ ၅၅)

http://www.dhammadownload.com



## ရန်မကင်းသူ

သူတစ်ပါးအား ဆင်းရဲပေးပြီးမှ ကိုယ့်ချမ်းသာကို အလိုရှိသူဟာ ရန်ရောနှောခြင်းနဲ့ ရောနှောလို့ ရန်မှ မလွတ်နိုင်။

(ဓမ္မပဒပါဠိ၊ ၅၅)

## အသာဆုံး

အလှူတကာ့ထဲမှာ တရားအလှူဟာ အသာဆုံး၊ အရသာတကာ့ ထဲမှာ တရားအရသာဟာ အသာဆုံး၊ အပျော်တကာ့ထဲမှာ တရားအပျော် ဟာ အသာဆုံး၊ ဆင်းရဲအားလုံးကို တဏှာကုန်ရာ အရဟတ္တဖိုလ်က အောင်နိုင်တယ်။ (ဓမ္မပဒပါဠိ၊ ၆၄)

## ပညာမဲ့သူနဲ့ ဥစ္စာ

စည်းစိမ်ဥစ္စာတွေက ပညာမရှိသူကို ဖျက်ဆီးနှိပ်စက်ကြတယ်။ နိဗ္ဗာန်တစ်ဖက်ကမ်းကို ရှာမှီးသူတွေကိုတော့ မနှိပ်စက်နိုင်ကြ။ ပညာ မရှိသူဟာ ဥစ္စာကို တပ်မက်တဲ့ တဏှာကြောင့် ကိုယ့်ကိုယ်ကိုပဲ နှိပ်စက်တယ်။ ဥပမာ သူတစ်ပါးတွေက ကိုယ့်ကို နှိပ်စက်သလိုပါပဲ။

(ဓမ္မပဒပါဠိ၊ ၆၄)

## မြင့်မြတ်သူ

စစ်မြေပြင်က ဆင်ပြောင်ကြီးဟာ သူ့ကိုယ်သူ ထိမှန်သမျှ မြားတွေကို သည်းခံသလို ငါဘုရားဟာ ရမ်းကားရိုင်းစိုင်းတဲ့ စကားတွေ ကို သည်းခံမယ်။ ဟုတ်တယ်၊ လောကလူအများစုဟာ ကိုယ်ပြောချင်ရာ ပြောပြီး သူတစ်ပါးကို ထိခိုက်တတ်တယ်။

http://www.dhammadownload.com



ရှင်ဘုရင်ဟာ ယဉ်ကျေးပြီး န္ွား မြင်းကို ယာဉ်မှာ တပ်ယှဉ်တယ်၊ စီးတယ်၊ သူတစ်ပါး လွန်ကျူးပြောဆိုလာတဲ့ စကားကို သည်းခံသူဟာ ယဉ်ကျေးသူ၊ မြင့်မြတ်သူပဲ။

ယဉ်ကျေးပြီး အဿတိုရ်မြင်း၊ အာဇာနည် သိန္ဓောမြင်း၊ ဆင်ပြောင်ကြီးတွေထက် မိမိကိုယ်ကို ယဉ်ကျေးအောင် လုပ်နိုင်သူက ပိုပြီး မြင့်မြတ်တယ်။ **(ဓမ္မပဒပါဠိ၊ ၅၉)**

## စောင့်စည်းပါ

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ စကားတွေမှာ အကုသိုလ်မဖြစ်အောင် စောင့်စည်းတာဟာ ကောင်းတယ်။ အားလုံးမှာ စောင့်စည်းရင် ဆင်းရဲအားလုံးမှ လွတ်တယ်။ **(ဓမ္မပဒပါဠိ၊ ၆၅)**

## အမြတ်ဆုံး

လမ်းတွေထဲမှာ မဂ္ဂင်ရှစ်ပါးဟာ အမြတ်ဆုံး၊ သစ္စာတွေထဲမှာ အရိယသစ္စာလေးပါးဟာ အမြတ်ဆုံး၊ တရားတွေထဲမှာ နိဗ္ဗာန်ဟာ အမြတ်ဆုံး၊ သတ္တဝါတွေထဲမှာ ဘုရားရှင်ဟာ အမြတ်ဆုံး။

## ဟောပြောရုံသာ

သင်တို့ဟာ ကိလေသာကို ပူလောင်သွေ့ခြောက်စေတတ်တဲ့ ဝီရိယကို လုပ်ရမယ်။ ဘုရားရှင်တွေဟာ ဟောပြောရုံသာ ဟောပြောကြတယ်။ ရှုမှတ်ကျင့်ကြံသူတွေဟာ မာရ်မင်းရဲ့ အနှောင်အဖွဲ့ဖြစ်တဲ့ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြတယ်။ **(ဓမ္မပဒပါဠိ၊ ၅၂)**

http://www.dhammadownload.com



## ရွှေ

ပညာရှိဟာ မိမိသန္တာန်က ကိလေသာအညစ်အကြေးကို အစဉ် အတိုင်း အနည်းငယ် အနည်းငယ် ခဏတိုင်း ခဏတိုင်း ကုသိုလ်ပြုကာ ဖယ်ထုတ်ပါ။ ဥပမာ ပန်းထိမ်သည်ဟာ ရွှေရဲ့အညစ်အကြေးကို ဖယ် ထုတ်သလိုပါပဲ။ (ဓမ္မပဒပါဠိ၊ ၄၈)

## သီလမဲ့သူ

သူ့အသက် သတ်၊ သူ့ဥစ္စာကို ခိုး၊ သူတစ်ပါးမယား မှောက် မှား၊ လိမ်ညာ၊ သေရည်အရက် သောက်သူဟာ ဒီဘဝမှာပဲ ကိုယ့်ရဲ့ ဘဝအရင်းအမြစ်ကို တူးဖြိုတယ်။ (ဓမ္မပဒပါဠိ၊ ၄၈)

## အပြစ်

သူတစ်ပါးရဲ့အပြစ် သေးသေးလေးပေမယ့် မြင်လွယ်တယ်၊ ကိုယ့်အပြစ် ကြီးကြီးပေမယ့် မြင်ခဲတယ်။ သူတစ်ပါးတွေရဲ့ အပြစ်တွေ ကို ဖွဲကို လွှင့်သလို ပုံကြီးချဲ့လွှင့်တယ်။ ကိုယ့်အပြစ်ကိုတော့ ဖုံးတယ်။ ဥပမာ ငှက်မုဆိုးဟာ ငှက်တွေကို ဖမ်းဖို့ ကိုယ့်ကိုယ်ကို သစ်ခက်စသည် နဲ့ ဖုံးကွယ်သလိုပါပဲ။ (ဓမ္မပဒပါဠိ၊ ၅၉)

## ခက်တယ်

လူ့ဘဝကို ရဖို့ ခဲယဉ်းတယ်၊ သတ္တဝါတွေရဲ့အသက်ရှင်ဖို့ ခက်တယ်။ သူတော်ကောင်းတရားကို နာရဖို့ ခက်တယ်၊ ဘုရားရှင်တွေ ပွင့်ဖို့ ခက်တယ်။ (ဓမ္မပဒပါဠိ၊ ၄၁)

http://www.dhammadownload.com



# မရှိ

ကောင်းကင်မှာ ခြေရာ မရှိ၊ သာသနာပမှာ မဂ်၊ ဖိုလ်ရတဲ့ရဟန်း မရှိ။ သင်္ခါရတရားတွေဟာ မြဲတာ မရှိ၊ ဘုရားရှင်တွေမှာ တုန်လှုပ်တတ်တဲ့ ကိလေသာ မရှိ။ (ဓမ္မပဒပါဠိ၊ ၅၀)

# ကဲ့ရဲ့ ချီးမွမ်း

ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြတယ်။ စကားများသူကိုလည်း ကဲ့ရဲ့ကြတယ်။ ချင့်ချိန်ပြောသူကိုလည်း ကဲ့ရဲ့ကြတယ်။ လောကမှာ အကဲ့ရဲ့မခံရသူ မရှိ။

အကဲ့ရဲ့ချည်း ခံရသူ၊ အချီးမွမ်းချည်းခံရသူဟာ ရှေးကလည်း မရှိခဲ့၊ နောင်လည်း ရှိလိမ့်မည်မဟုတ်၊ ယခုလည်း မရှိ။

(ဓမ္မပဒပါဠိ၊ ၄၇)

# ကြိုဆိုကြတယ်

အရပ်ဝေးမှာ ကြာမြင့်စွာနေခဲ့ပြီး ကျန်းကျန်းမာမာနဲ့ ပြန်လာသူကို ဆွေမျိုးတွေ၊ မိတ်ဆွေတွေ၊ စိတ်ကောင်းရှိသူတွေက ဝမ်းပန်းတသာ ကြိုဆိုကြတယ်။

ဒီဘဝကနေ တမလွန်ဘဝကို သွားမယ့် ကောင်းမှုရှင်ကိုလည်း နတ်မှာဖြစ်တဲ့ အသက်ရှည်မှု၊ အဆင်းလှပမှု၊ ချမ်းသာမှု၊ အခြွေအရံကြီးကဲမှု၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ လက်ဆောင် ၁၀ မျိုးကို ယူကာ မိဘအရာမှာတည်တဲ့ ကောင်းမှုတွေက ကြိုဆိုကြတယ်။

(ဓမ္မပဒပါဠိ၊ ၄၅)

http://www.dhammadownload.com



## ကိုးကွယ်မှု

လူတွေဟာ ဘေးကို ကြောက်လို့၊ သား သမီးစသည်ကို လိုချင်လို့ တောင်တွေ၊ တောတွေ၊ အာရာမ်၊ သစ်ပင်၊ စေတီတွေကို အများကြီးပဲ ကိုးကွယ်ကြတယ်။ အဲဒီကိုးကွယ်မှုဟာ မငြိမ်းချမ်း၊ မမြတ်၊ ဆင်းရဲအားလုံးမှ မလွတ်စေနိုင်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ပြီး အရိယသစ္စာလေးပါးကို သိမြင်သူရဲ့ ကိုးကွယ်မှုဟာ ငြိမ်းချမ်းတယ်၊ မြတ်တယ်၊ ဆင်းရဲအားလုံးမှ လွတ်စေနိုင်တယ်။

(ဓမ္မပဒပါဠိ၊ ၄၁)

## အာဇာနည်

ယောကျ်ားအာဇာနည်ကို ရခဲတယ်။ နေရာတကာမှာ မဖြစ်။ ပညာရှိအာဇာနည်ဖြစ်ရာ အမျိုးဟာ ချမ်းသာရတယ်။

(ဓမ္မပဒပါဠိ၊ ၄၂)

## ချမ်းသာကြောင်း

ဘုရားရှင်တွေ ပွင့်တော်မူတာဟာ ချမ်းသာကြောင်းပဲ။ သူတော်ကောင်းတရားကို ဟောတာဟာ ချမ်းသာကြောင်းပဲ။ ညီညွတ်တာဟာ ချမ်းသာကြောင်းပဲ။ ညီညွတ်သူတွေရဲ့ အကျင့်ဟာ ချမ်းသာကြောင်းပဲ။

(ဓမ္မပဒပါဠိ၊ ၄၂)

## ကောင်း မကောင်း

တွေးလိုက်တိုင်း နောင်တပူပန်မှုရစေတဲ့ မကောင်းမှုကို မပြုလုပ်

http://www.dhammadownload.com



တာဟာ ကောင်းမြတ်တယ်။ တွေးလိုက်တိုင်း နှောင်တပူပန်မနေရဘဲ ဝမ်းသာရတဲ့ကောင်းမှုကို လုပ်တာဟာ ကောင်းမြတ်တယ်။

(ဓမ္မပဒပါဠိ၊ ၅၈)

## ချမ်းသာကြောင်းများ

ကိစ္စပေါ်လာရင် သူငယ်ချင်းကောင်းတွေဟာ ချမ်းသာကြောင်းပဲ။ ရသမျှနဲ့ ရောင့်ရဲတာဟာ ချမ်းသာကြောင်းပဲ။ သေခါနီးမှာ ကောင်းမှုဟာ ချမ်းသာကြောင်းပဲ။ ဆင်းရဲအားလုံးကို ပယ်တဲ့ အရဟတ္တဖိုလ်ဟာ ချမ်းသာကြောင်းပဲ။

မိဘတွေကို ပြုစုတာနဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်တွေကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့တာဟာ ချမ်းသာကြောင်းပဲ။

အိုတဲ့အထိ ချမ်းသာကြောင်းက သီလ၊ စွဲတည်ရင် ချမ်းသာကြောင်းက သဒ္ဓါ၊ ပညာရတာဟာ ချမ်းသာကြောင်းပဲ။ မကောင်းမှုတွေကို မလုပ်တာဟာ ချမ်းသာကြောင်းပဲ။

(ဓမ္မပဒပါဠိ၊ ၆၀၊ ၆၁)

## အနှောင်အဖွဲ့

သံ အနှောင်အဖွဲ့၊ သစ်သားအနှောင်အဖွဲ့၊ ကြိုးအနှောင်အဖွဲ့တွေကို ဓားစသည်နဲ့ဖြတ်ရင် ရလို့ ခိုင်မြဲတဲ့ အနှောင်အဖွဲ့လို့ ပညာရှိတို့ မဆိုကြ။ ပတ္တမြား၊ နားတောင်း၊ သားသမီး၊ ဇနီးတွေအပေါ် တွယ်တာမှုကို ခိုင်မြဲတဲ့ အနှောင်အဖွဲ့လို့ ပညာရှိတွေ ဆိုကြပါတယ်။ အဲဒီအတွယ်အတာ အနှောင်အဖွဲ့က အပါယ်လေးပါးကို ဆွဲချတယ်။ အရေအသားကို မဖြတ်၊ အသွေးကို မထုတ်ပေမယ့် စွန့်လွှတ်ဖို့ ခက်တယ်။ ပညာရှိတွေက အဲဒီ ကိလေသာအနှောင်အဖွဲ့ကို ဉာဏ်သံလျက်နဲ့

http://www.dhammadownload.com



ဖြတ်တောက်ကာ မငဲ့ကွက်ဘဲ ကာမချမ်းသာကို ပယ်စွန့်ပြီး ရှင်ရဟန်း ပြုကြတယ်။ (ဓမ္မပဒပါဠိ၊ ၆၃)

## မေတ္တာရှင်

မေတ္တာနဲ့ နေတဲ့ရဟန်းဟာ ဘုရားသာသနာမှာ ကြည်ညိုကာ သင်္ခါရတွေငြိမ်းရာ နိဗ္ဗာန်ကို ရတယ်။ (ဓမ္မပဒပါဠိ၊ ၆၆)

## မမေ့ပါနဲ့

ရှုမှတ်ပါ၊ မမေ့ပါနဲ့။ ကာမဂုဏ်ငါးပါးမှာ စိတ်ကို မပျော်ပါစေနဲ့၊ မေ့လျော့လို့ ငရဲပြည်က သံတွေခဲတွေကို မမျိုမိပါစေနဲ့။ ငရဲမှာ ပူလောင်လို့ ဆင်းရဲလှချည်ရဲ့လို့ မငြီးတွားပါနဲ့။

(ဓမ္မပဒပါဠိ၊ ၆၆)

## ပျော်နိုင်သူ

တိတ်ဆိတ်ရာအရပ်မှာ ချဉ်းကပ်ပြီး တရားရှုမှတ်လို့ စိတ်ငြိမ်းချမ်းနေသူမှာ ဝိပဿနာအပျော်၊ ဈာန်သမာပတ်အပျော် ဖြစ်နေတယ်။

(ဓမ္မပဒပါဠိ၊ ၆၇)

## ဓမ္မပီတိ

မိမိကြိုက်နှစ်သက်ရာအချိန်မှာ၊ မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းမှာ အလုပ်လုပ်ပြီး ခန္ဓာငါးပါးတို့ရဲ့အဖြစ်အပျက်ကို သုံးသပ်သူဟာ တရားအပေါ် နှစ်သိမ့်ကျေနပ်မှုကို ရတယ်။ အဲဒီနှစ်သိမ့်ကျေနပ်မှုဟာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်လို့ ပညာရှိတွေအတွက် နိဗ္ဗာန်နဲ့တူတယ်။

(ဓမ္မပဒပါဠိ၊ ၆၇)

http://www.dhammadownload.com



## ချမ်းသာသူ

ကိုယ့်ကိုယ်ကို ကိုယ်ကိုယ်တိုင် သတိပေးပါ၊ စူးစမ်းပါ၊ မိမိကိုယ်ကို လုံခြုံအောင် စောင့်စည်းသူ၊ သတိရှိသူဟာ ချမ်းချမ်းသာသာ နေရလိမ့်မယ်။ **(ဓမ္မပဒပါဠိ၊ ၆၇)**

## သာတဲ့လ

ငယ်ရွယ်တဲ့ရဟန်းဟာ ဘုရားသာသနာမှာ ကြိုးစားအားထုတ်တယ်။ သူဟာ အရဟတ္တမဂ်ဉာဏ်နဲ့ ခန္ဓာစတဲ့ လောကကို ထွန်းလင်းစေတယ်။ ဥပမာ တိမ်တိုက်က လွတ်လာတဲ့ လလိုပါပဲ။ **(ဓမ္မပဒပါဠိ၊ ၆၈)**

## ကိုယ်ချင်းစာပါ

သတ္တဝါအားလုံး မိမိတို့အပေါ် ဒဏ်ကျလာမှာကို ထိတ်လန့်ကြတယ်။ သေရမှာ ကြောက်ကြတယ်။ ကိုယ့်အသက်ကို ချစ်ကြတယ်။ ကိုယ့်ကိုယ်ကို ဥပမာထားကာ (ကိုယ်ချင်းစာကာ) သူတစ်ပါးကို ကိုယ်တိုင်လည်း မညှဉ်းဆဲရ၊ သူတစ်ပါးကိုလည်း အညှဉ်းဆဲမခိုင်းရ။ **(ဓမ္မပဒပါဠိ၊ ၃၂၊ ၃၃)**

## နွားကျောင်းသား

ကျွမ်းကျင်တဲ့ နွားကျောင်းသားဟာ နွားတွေကို မြက်၊ ရေ ရလွယ်တဲ့ စားကျက်ကို ပို့ဆောင်တယ်။ ဇာတိ (ပဋိသန္ဓေနေရမှု) က သတ္တဝါတွေရဲ့အသက်ကို အိုခြင်းထံသို့၊ အိုခြင်းက နာခြင်းထံသို့၊ နာခြင်းက သေခြင်းထံသို့ ပို့တယ်။ **(ဓမ္မပဒပါဠိ၊ ၃၃)**

http://www.dhammadownload.com



## သေမင်းလက်က မလွတ်နိုင်

ကောင်းကင်မှာ ထိုင်နေပါစေ၊ သမုဒ္ဒရာအလယ်မှာ ဝင်နေပါစေ၊ တောင်ကြားထဲမှာ ထိုင်နေပါစေ၊ သေမင်း မလွှမ်းနိုင်တဲ့နေရာ မရှိပါ။ (ဓမ္မပဒပါဠိ၊ ၃၂)

## လက်နဲ့အဆိပ်

လက်မှာ အနာမရှိရင် လက်နဲ့အဆိပ်ကို ဆောင်နိုင်တယ်။ အကြောင်းကတော့ အနာမရှိတဲ့လက်ကို အဆိပ်မဝင်နိုင်လို့ပါပဲ။ ဥပမာ မှဆိုးအား လက်နက်ကို ပေးပေမယ့် အကုသိုလ်စေတနာ မရှိသူမှာ မကောင်းမှု မရှိ။ (ဓမ္မပဒပါဠိ၊ ၃၁)

## ရှောင်ရှားပါ

ကုန်သည်အဖော်မပါဘဲ ဥစ္စာအများကြီးရှိတဲ့ ကုန်သည်ဟာ ဘေးရှိတဲ့လမ်းကို ရှောင်ရှားရတယ်။ အသက်ရှင်လိုသူဟာ အဆိပ်ကို ရှောင်ရှားရတယ်။ ပညာရှိဟာ မကောင်းမှုတွေကို ရှောင်ရှားရတယ်။ (ဓမ္မပဒပါဠိ၊ ၃၁)

## ရေပေါက်နဲ့ရေအိုး

မကောင်းမှုအနည်းငယ်လေးဟာ အကျိုးပေးမှာ မဟုတ်ပါဘူးလို့ မကောင်းမှုကို အထင်မသေးပါနဲ့။ မိုးရေတစ်ပေါက်ချင်း ကျပေမယ့် ကျဖန်များလာတော့ ရေအိုးဟာလည်း ပြည့်လာတယ်။ လူမိုက်ဟာ မကောင်းမှုကို အနည်းငယ် အနည်းငယ်လေး လုပ်ပေမယ့် လုပ်ဖန်များတော့ မကောင်းမှုနဲ့ ပြည့်လာတယ်။

http://www.dhammadownload.com



ကောင်းမှုအနည်းငယ်လေးဟာ အကျိုးပေးမှာ မဟုတ်ပါဘူးလို့ ကောင်းမှုကို အထင်မသေးလိုက်ပါနဲ့၊ မိုးရေတစ်ပေါက်ချင်း ကျပေမယ့် ကျဖန်များလာတော့ ရေအိုးဟာလည်း ပြည့်လာတယ်။ ပညာရှိဟာ ကောင်းမှုကို အနည်းငယ် အနည်းငယ်လေး လုပ်ပေမယ့် လုပ်ဖန်များလာတော့ ကောင်းမှုနဲ့ ပြည့်လာတယ်။

(ဓမ္မပဒပါဠိ၊ ၃၁)

## အလှူကို ဝမ်းသာပါ

နှမြောသူဟာ နတ်ပြည်ကို မရောက်ကြ၊ လူမိုက်တွေဟာ လှူတာကို တကယ်ပဲ မချီးမွမ်းကြ။ ပညာရှိဟာ ဒါနကို ဝမ်းမြောက်လို့ နောက်ဘဝမှာ ချမ်းသာတယ်။ (ဓမ္မပဒပါဠိ၊ ၄၀)

## သောတာပန်

တစ်မြေပြင်လုံးကို အစိုးရတဲ့ စကြဝတေးမင်း ဖြစ်ရခြင်း၊ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်ရခြင်း၊ တစ်လောကလုံးကို အစိုးရခြင်းတို့ထက် သောတာပတ္တိဖိုလ်က မြင့်မြတ်တယ်။

(ဓမ္မပဒပါဠိ၊ ၄၀)

## ဝိပဿနာမျက်စိရှိသူ

လောကီလူအများဟာ ပညာမျက်စိ ကန်းနေကြတယ်။ အဲဒီလောကီအများစုထဲက အနည်းငယ်ကသာ ဝိပဿနာအမြင်နဲ့ မြင်တယ်။ ပိုက်က လွတ်တဲ့ ငှက်ဟာ နည်းသလို အနည်းငယ်သော သတ္တဝါသာ နတ်ရွာ၊ နိဗ္ဗာန်ကို ရောက်ကြတယ်။ (ဓမ္မပဒပါဠိ၊ ၃၉)

http://www.dhammadownload.com



# ထွန်းလင်းစေသူ

ရှေးက မေ့လျော့ခဲ့ပေမယ့် နောင်သောအခါ မဂ်ဖိုလ်ချမ်းသာနဲ့ နေကာ မမေ့မလျော့သူဟာ ခန္ဓာစတဲ့ လောကကို မဂ်ဉာဏ်နဲ့ ထွန်းလင်းစေတယ်။ ဥပမာ တိမ်တိုက်က လွတ်လာတဲ့ လလိုပါပဲ။

(ဓမ္မပဒပါဠိ၊ ၃၉)

# ကိုယ်ပဲ လက်သည်

မကောင်းမှုကို ပြုတဲ့ မိမိကိုယ်တိုင်ပဲ အပါယ်ဆင်းရဲ ခံစားရကာ ညစ်နွမ်းရတယ်။ မကောင်းမှုကို မပြုတဲ့ မိမိကိုယ်တိုင်ပဲ ဘဝကောင်းနဲ့ နိဗ္ဗာန်ကို သွားကာ စင်ကြယ်တယ်။ စင်ကြယ်တဲ့ ကုသိုလ်ကံနဲ့ မစင်ကြယ်တဲ့ အကုသိုလ်ကံဟာ ပြုသူသန္တာန်မှာပဲ အကျိုးပေးတယ်။ အခြားသူက အခြားတစ်ယောက်ကို စင်ကြယ်အောင်၊ ညစ်နွမ်းအောင် မလုပ်နိုင်။

(ဓမ္မပဒပါဠိ၊ ၃၈)

# ဝါးပင်နဲ့ အသီး

ပညာမရှိသူဟာ အယူမှားကို အမှီပြုပြီး ကိလေသာကင်းကွာပြီး တရားသဖြင့် အသက်မွေးကြတဲ့ ဘုရားရှင်တွေရဲ့ သာသနာကို တားမြစ်တယ်။ အဲဒီတားမြစ်တာနဲ့ အယူမှားဟာ ကိုယ့်ကိုယ်ကို သတ်ဖို့ရာသာ ဖြစ်တယ်။ ဥပမာ ဝါးအသီးဟာ ဝါးပင်ကို သတ်သလိုပါပဲ။

(ဓမ္မပဒပါဠိ၊ ၃၈)

# အလွယ် အခက်

အပြစ်လည်း ရှိ၊ စီးပွားမဲ့လည်း ဖြစ်တဲ့ အလုပ်တွေဟာ လုပ်ဖို့လွယ်တယ်။ ကိုယ့်စီးပွားလည်း ဖြစ်၊ အပြစ်လည်း ကင်းတဲ့ အလုပ်ဟာ တကယ်ပဲ အလွန်လုပ်ရခက်တယ်။

(ဓမ္မပဒပါဠိ၊ ၃၈)

http://www.dhammadownload.com



## လူမိုက်နဲ့ အပူ

မကောင်းမှုတွေကို လုပ်နေတဲ့ လူမိုက်ဟာ မကောင်းကျိုးတွေကို ခံစားရမှာကို မသိ၊ ပညာမရှိသူဟာ သူ့အကုသိုလ်ကံတွေကြောင့် မီးလောင်ခံရသူပမာ ပူလောင်ရတယ်။ (ဓမ္မပဒပါဠိ၊ ၃၃)

## မပြစ်မှားထိုက်သူကို ပြစ်မှားရင်

၁။ ခေါင်းကိုက်ရောဂါစတဲ့ ပြင်းထန်တဲ့ ဝေဒနာကို ခံစားရတယ်။
၂။ ခဲခဲယဉ်းယဉ်း ရထားတဲ့ဥစ္စာတွေ ဆုံးရှုံးတယ်။
၃။ လက်ပြတ်ခြင်းစတဲ့ ခန္ဓာကိုယ်ပျက်စီးမှု ရှိတယ်။
၄။ ကိုယ်တစ်ခြမ်းသေခြင်းစတဲ့ ကြီးကျယ်တဲ့ရောဂါ ဖြစ်တယ်။
၅။ ရူးတယ်။
၆။ မင်းဒဏ်သင့်တယ်။
၇။ မဟုတ်မတရား အစွပ်စွဲခံရတယ်။
၈။ အားကိုးရတဲ့ ဆွေမျိုးတွေ သေကျေပျက်စီးတယ်။
၉။ စပါးတွေက ပုပ်၊ ရွှေတွေက မီးကျီးခဲ၊ ပုလဲက ဝါစေ့၊ ငွေက အိုးခြမ်းကွဲစသည် ဖြစ်သွားတယ်။
၁၀။ အိမ်ကို မိုးကြိုးမီးနဲ့ ရိုးရိုးမီး လောင်တယ်။
၁၁။ သေရင်တော့ ငရဲရောက်တယ်။

(ဓမ္မပဒပါဠိ၊ ၃၃၊ ၃၄)

## အချိန်

လူယုတ်မာပေမယ့် မကောင်းမှုကံ အကျိုးမပေးသေးသမျှ ကောင်းတာကို မြင်တွေ့ရတယ်။ မကောင်းမှုကံ အကျိုးပေးတဲ့အခါမှာတော့ လူယုတ်မာဟာ မကောင်းတာတွေကို တွေ့ရတော့တယ်။

http://www.dhammadownload.com



လူကောင်းပေမယ့် ကောင်းမှုက အကျိုးမပေးသေးသမျှ မကောင်းတာကို မြင်တွေ့ရတယ်။ ကောင်းမှုက အကျိုးပေးတဲ့ခါမှာတော့ လူကောင်းဟာ ကောင်းတာတွေကို မြင်တွေ့ရတော့တယ်။

(ဓမ္မပဒပါဠိ၊ ၃၁)

## ကောင်းမှုနဲ့ ချမ်းသာ

ကောင်းမှုကို ပြုရင် အခါခါ ပြုပါ။ ကောင်းမှုမှာ လုပ်လိုတဲ့ဆန္ဒကို မွေးမြူပါ။ အကြောင်းကတော့ ကောင်းမှုတိုးပွားတာဟာ ဒီဘဝ၊ နောက်ဘဝ ချမ်းသာကြောင်း ဖြစ်လို့ပါပဲ။

## မကောင်းမှုနဲ့ ဆင်းရဲ

မကောင်းမှုကို တစ်ကြိမ် လုပ်မိရင် ထပ်ကာထပ်ကာ မလုပ်ရ၊ မကောင်းမှုမှာ လုပ်လိုတဲ့ ဆန္ဒကို ဖယ်ရှားပါ။ အကြောင်းကတော့ မကောင်းမှု တိုးပွားတာဟာ ဒီဘဝ နောက်ဘဝ ဆင်းရဲကြောင်း ဖြစ်လို့ပါပဲ။

(ဓမ္မပဒပါဠိ၊ ၃၀)

## မြန်မြန်လုပ်ပါ

ကောင်းမှုကို အလွန်လျင်မြန်စွာ ပြုလုပ်ပါ။ မကောင်းမှုမှ စိတ်ကို တားမြစ်ပါ။ မှန်တယ်၊ ကောင်းမှုကို နှေးနှေးပြုသူရဲ့စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တယ်။

(ဓမ္မပဒပါဠိ၊ ၃၀)

## ဆရာ့အပေါ်

အကြင်ပုဂ္ဂိုလ်ထံမှ ဘုရားဟောတရားကို သိခဲ့ရတယ်။ အဲဒီ

http://www.dhammadownload.com



ပုဂ္ဂိုလ်ကို ရိုရိုသေသေ ရှိခိုးရတယ်။ ဥပမာ ပုဏ္ဏားဟာ ပူဇော်အပ်တဲ့ မီးကို ရိုရိုသေသေ ပူဇော်ရှိခိုးသလိုပါပဲ။ (ဓမ္မပဒပါဠိ၊ ၆၉)

## တင့်တယ်တယ်

နေမင်းဟာ နေ့အခါမှာသာ လင်းတယ်။ လမင်းဟာ ညအခါမှာသာ လင်းတယ်။ ရှင်ဘုရင်ဟာ ရွှေ၊ ပတ္တမြားတွေနဲ့ ဆန်းကြယ်တဲ့ တန်ဆာအားလုံးနဲ့ တန်ဆာဆင်ထားပြီး ဆင်၊ မြင်း၊ ရထား၊ ခြေလျင် ဆိုတဲ့ စစ်သည်တော်တွေ ခြံရံထားမှသာ တင့်တယ်တယ်။ ရဟန္တာဟာ ဈာန်ဝင်စားမှသာ တင့်တယ်တယ်။ ဘုရားရှင်ဟာ သီလ၊ ဂုဏ်၊ ပညာ၊ ကောင်းမှု၊ တရားဆိုတဲ့ အစွမ်း ၅ ပါးနဲ့ နေ့ရောညပါ အမြဲတမ်းပဲ တင့်တယ်တယ်။

(ဓမ္မပဒပါဠိ၊ ၆၉)

## အကျိုးကြီးတဲ့အလှူ

လယ်ရဲ့အပြစ်ဟာ မြက်ပဲ။ အလှူခံရဲ့အပြစ်ဟာ ရာဂ၊ ဒေါသ၊ မောဟတွေပဲ။ ဒါကြောင့် ရာဂ၊ ဒေါသ၊ မောဟကင်းတဲ့ ရဟန္တာတွေအား လှူတဲ့အလှူဟာ အကျိုးကြီးတယ်။

(ဓမ္မပဒပါဠိ၊ ၆၄၊ ၆၅)

## ကြီးပွားကြောင်း

တရားအားထုတ်မှုကြောင့် ဉာဏ်ပညာ ဖြစ်တယ်။ တရားအား မထုတ်မှုကြောင့် ဉာဏ်ပညာပျက်စီးတယ်။ ကြီးပွား၊ မကြီးပွားကြောင်း လမ်းနှစ်သွယ်ကို သိပြီး ဉာဏ်ကြီးပွားကြောင်း နည်းလမ်းနဲ့ မိမိကိုယ်ကို ပြုလုပ်ရတယ်။ (ဓမ္မပဒပါဠိ၊ ၅၃)

http://www.dhammadownload.com



## မှောက်မှားသူ

သူတစ်ပါးမယားကို မှောက်မှားသူဟာ အကုသိုလ်ရတယ်။ အလိုရှိတိုင်း မအိပ်ရ၊ အကဲ့ရဲ့ခံရတယ်။ ငရဲရောက်ရတယ်။ ကြောက်ကြောက်နဲ့ နှစ်ဦးလုံး ပျော်ပါးရတာမို့ ပျော်ရတာက နည်းတယ်။ မင်းဒဏ်သင့်တယ်။ ဒါကြောင့် သူတစ်ပါးမယားကို မမှောက်မှားရ။ (ဓမ္မပဒပါဠိ၊ ၅၇)

## သမန်းမြက်

အကိုင်မတတ်ရင် သမန်းမြက်က လက်ကို ရှတယ်။ ကောင်းကောင်း မကျင့်ရင် ရဟန်းတရားက ငရဲကို ပို့ဆောင်တယ်။

## အကျိုးမများတဲ့အလုပ်

ပေါ့ပေါ့လျော့လျော့ လုပ်အပ်တဲ့အလုပ်၊ ညစ်နွမ်းတဲ့အလုပ်၊ ယုံမှားမှုနဲ့ အောက်မေ့ရတဲ့ ရဟန်းတရားဟာ အကျိုးမများ။

## မပေါ့ပါနဲ့

ရဟန်းတရားကို လုပ်ရင် ခိုင်ခိုင်မြဲမြဲ လုပ်ပါ။ ပေါ့ပေါ့လျော့လျော့ လုပ်အပ်တဲ့ရဟန်းတရားဟာ ကိလေသာမြူကို ပိုပြီး သွန်းလောင်းတယ်။ (ဓမ္မပဒပါဠိ၊ ၅၇၊ ၅၈)

## ဘုရားအဆုံးအမ

* သည်းခံကျင့်သုံး အမြတ်ဆုံးပေ၊
နိဗ္ဗာန်မြတ်လှ ဗုဒ္ဓမိန့်ပေ၊
ရဟန်းမှန်လျှင်း မညှဉ်းတတ်ပေ၊

http://www.dhammadownload.com



ရဟန်းမှတ်လတ် မသက်တတ်ပေ၊
ညှဉ်းဆဲက သမဏ မဟုတ်ချေ။
* မကောင်းမှုများ ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား ဖြစ်ပွားစုံစေ၊
မိမိစိတ်ခါတ် ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး ဘုရားဆုံးမပေ။
* သူ့ကိုစွပ်စွဲ ညှဉ်းဆဲကင်းစေ၊
ကိုယ်ကျင့်သီလ လုံးဝ လုံစေ၊
အစာ၌လဲ သိမြဲ တိုင်းရှေ၊
လူသူဆိတ်တောင်း တောကျောင်းမှာ နေ၊
စိတ်မြတ်လုပ်ငန်း ကြိုးပမ်းပါလေ၊
ဤခြောက်ပါး ဘုရားဆုံးမပေ။

(ဓမ္မပဒပါဠိ၊ ၄၁)

## အခွင့်ကောင်း

မြို့အစွန်အဖျားအရပ်ကို အတွင်းအပြင် လုံခြုံအောင် လုပ်ရသလို မိမိကိုယ်ကို သတိနဲ့ လုံခြုံအောင် လုပ်ပါ။ ဘုရားပွင့်မှု၊ မဇ္ဈိမဒေသ (အိန္ဒိယအလယ်ပိုင်း) မှာ ဖြစ်မှု၊ အယူမှန်မှု၊ ဣန္ဒြေမချို့ယွင်းမှုလို့ ခေါ်တဲ့ အခွင့်ကောင်းက သင်တို့ကို ကျော်လွန်မသွားပါစေနဲ့၊ အဲဒီ အခွင့်ကောင်းကို လက်လွတ်သွားကြသူတွေဟာ ငရဲမှာ ရောက်ပြီး ဝမ်းနည်းကြရတယ်။

(ဓမ္မပဒပါဠိ၊ ၅၈)

## နားလည်ပါ

သေမင်း လွှမ်းမိုးနှိပ်စက်လာတဲ့အခါ သား၊ သမီး၊ မိဘ၊

http://www.dhammadownload.com



ဆွေမျိုး၊ မိတ်ဆွေတွေဟာ အားကိုးစရာ မဖြစ်ကြ။ အဲဒီသဘောတရားကို နားလည်ပြီး ပညာရှိဟာ သီလစောင့်ကာ နိဗ္ဗာန်သွားကြောင်းလမ်းကို မြန်မြန်ပဲ သုတ်သင်ရတယ်။

(ဓမ္မပဒပါဠိ၊ ၅၄)

## မချစ်ပါနဲ့

ချစ်စရာ သတ္တဝါ၊ သင်္ခါရတွေနဲ့ တစ်ခဏလေးမျှ မဆုံစည်းပါစေနဲ့။ မုန်းစရာ သတ္တဝါ၊ သင်္ခါရတွေနဲ့ တစ်ခဏလေးမျှ မဆုံစည်းပါစေနဲ့။ အကြောင်းကတော့ ချစ်စရာတွေကို မမြင်ရတာ ဆင်းရဲလို့ပါပဲ။ မုန်းစရာတွေကို မြင်ရတာဟာ ဆင်းရဲလို့ပါပဲ။ ဒါကြောင့် ဘာကိုမှ မချစ်ပါနဲ့။ မုန်တယ်၊ ချစ်သူတွေနဲ့ ကွေကွင်းရတာဟာ မကောင်းပါ။

(ဓမ္မပဒပါဠိ၊ ၄၄)

## ချမ်းသာ ဆင်းရဲ

အရိယာတွေကို ဖူးမြော်ရတာဟာ ကောင်းတယ်။ အရိယာတွေနဲ့ အတူနေရတာဟာ ချမ်းသာကြောင်းဖြစ်တယ်။ လူမိုက်တွေကို မမြင်တွေ့ရလို့ အမြဲပဲ ချမ်းသာတယ်။

လူမိုက်တွေနဲ့ အတူလှည့်လည်သူဟာ အချိန်ကြာမြင့်စွာ ဝမ်းနည်းရတယ်။ လူမိုက်တွေနဲ့ အတူနေရတာဟာ ရန်သူနဲ့အတူ နေရသလိုပဲ အမြဲဆင်းရဲတယ်။ ပညာရှိနဲ့ ပေါင်းရတာဟာ ဆွေမျိုးနဲ့ ပေါင်းသင်းရသလိုပဲ ချမ်းသာတယ်။ (ဓမ္မပဒပါဠိ၊ ၄၄)

## ဆင်းရဲက များတယ်

လက်ခမောင်းခတ်ပြီး ရတနာ ၇ ပါးမိုးကို ရွာစေပေမယ့်

http://www.dhammadownload.com



ဝတ္ထုကာမ၊ ကိလေသာကာမတွေမှာ တင်းတိမ်တာ မရှိ။ ကာမဂုဏ်တွေဟာ သာယာဖွယ်က နည်းပြီး ဆင်းရဲက များတယ်။

အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို တောင့်တနေတဲ့ ဘုရားတပည့်ဟာ နတ်ကာမဂုဏ်တွေမှာတောင် ပျော်ရွှင်မှုကို မရ။

(ဓမ္မပဒပါဠိ၊ ၄၁)

# ကြိုးကြာအို

လူမိုက်ဟာ ငယ်ရွယ်စဉ် အကျင့်မြတ်ကို မကျင့်ဘဲ၊ ဥစ္စာကို မရဘဲ ငါး မရှိတော့တဲ့ ညွှန်ထဲမှာ ကြိုးကြာအိုကြီးဟာ မှိုင်နေသလို မှိုင်နေကြတယ်။ လေးက လွတ်လာတဲ့ မြားတွေဟာ ခြစာဖြစ်သလို သေမင်းရဲ့အစာ ဖြစ်ကြတယ်။ ရှေးက စားသောက်ခဲ့ ပျော်ပါးခဲ့တာတွေကို တမ်းတငြီးတွားကာ ဝမ်းနည်းကြတယ်။

(ဓမ္မပဒပါဠိ၊ ၃၆၊ ၃၇)

# လူမိုက်နဲ့ အန္တရာယ်

ဒီဘဝ၊ နောက်ဘဝအကျိုးကို မသိတဲ့ လူမိုက်ဟာ 'ဒီနေရာမှာ မိုး ၄ လ၊ နွေ ၄ လ၊ ဆောင်း ၄ လ နေမယ်' လို့ ကြံတယ်။ အသက်အန္တရာယ်ကို မသိ။ (ဓမ္မပဒပါဠိ၊ ၅၄)

# ညွှန်ထဲက ဆင်ပြောင်

သတိနဲ့နေရမှုမှာ ပျော်ကြပါ။ မိမိစိတ်ကိုပါ စောင့်ရှောက်ကြပါ။ ညွှန်ထဲမှာ နစ်မြုပ်နေတဲ့ ဆင်ပြောင်ဟာ ကိုယ့်ကိုယ်ကို ညွှန်က ထုတ်ဆောင်သလို မိမိကိုယ်ကို ကိလေသာညွှန်က ထုတ်ဆောင်ကြပါ။

(ဓမ္မပဒပါဠိ၊ ၆၀)

http://www.dhammadownload.com



## ငြိမ်းသူ

မဂ္ဂင်ရှစ်ဖြာ၊ ရှိရာမှာ၊ ကိလေသာငြိမ်းသူ ရှိနိုင်ပေ။
မဂ္ဂင်ရှစ်ဖြာ၊ မရှိရာ၊ ကိလေသာငြိမ်းသူ မရှိပေ။
(ဓမ္မပဒပါဠိ၊ ၁၂၄/၅)

## သတိပဋ္ဌာန်ပွားရကျိုး ၇ မျိုး

၁။ စိတ်အညစ်အကြေး ကင်းစင်ခြင်း၊
၂။ ဝမ်းနည်းမှုကို လွန်မြောက်ခြင်း၊
၃။ ငိုကြွေးမှုကို လွန်မြောက်ခြင်း၊
၄။ ကိုယ်ဆင်းရဲ ချုပ်ငြိမ်းခြင်း၊
၅။ စိတ်ဆင်းရဲ ချုပ်ငြိမ်းခြင်း၊
၆။ အရိယမဂ်ကို ရခြင်း၊
၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊

(သုတ်မဟာဝါပါဠိ၊ ၂၃၁)

## စိတ်ဖြစ်တာလေးတောင်

စုန္ဒ၊ ကုသိုလ်တရားတွေမှာ စိတ်ဖြစ်တာလေးတောင် ကျေးဇူးများတယ်လို့ ငါဘုရား ဟောတယ်။ ကာယကံ၊ ဝစီကံမြောက် ပြုလုပ်နိုင်ရင်တော့ ဘယ်မှာ ပြောစရာ ရှိတော့မလဲ။ (မူလပဏ္ဏာသပါဠိ၊ ၅၂)

## အလယ်အလတ်စား

သတိပဋ္ဌာန်လေးပါးကို ပွားများတဲ့ ဘယ်သူမဆို ၇ နှစ်၊ ၇ နှစ် ထားပါဦးတော့။ ၆ နှစ်၊ ၅ နှစ်၊ ၃ နှစ်၊ ၂ နှစ်၊ ၁ နှစ်၊ ၇ လ၊ ၆ လ၊ ၅ လ၊ ၄ လ၊ ၃ လ၊ ၂ လ၊ ၁ လ၊ ၁၅ ရက်၊ ၇ ရက် ပွား

http://www.dhammadownload.com



များရင် (အလယ်အလတ်စား ဝေနေယျပုဂ္ဂိုလ်ကို ရည်ရွယ်ထားတဲ့ စကား ဖြစ်ပါတယ်။) ရဟန္တာဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အနာဂါမ်အထိ ဖြစ်နိုင်ပါတယ်။

(သုတ်မဟာဝါပါဠိ၊ ၂၅၁)

## အထုံအမွမ်း

သီလနဲ့ ထုံမွှမ်းထားတဲ့ သမာဓိ၊ သမာဓိနဲ့ ထုံမွှမ်းထားတဲ့ ဝိပဿနာပညာဟာ အကျိုးအာနိသင် ကြီးမားတယ်။ ပညာနဲ့ ထုံမွှမ်းထားတဲ့စိတ်ဟာ အာသဝေါတွေမှ ကောင်းကောင်းပဲလွတ်တယ်။

(သုတ်မဟာဝါပါဠိ၊ ၆၈)

## အိုးလုပ်သူလို မဟုတ်

အာနန္ဒာ၊ ငါဘုရားဟာ အိုးထိန်းသည်လို အားမထုတ်အံ့။ အိုးထိန်းသည်ဟာ အိုးစိမ်း၊ အလွန်မခြောက်သေးတဲ့ အိုးကို မကွဲအောင် လက်နှစ်ဖက်နဲ့ ညင်ညင်သာသာ ဖြည်းဖြည်းကိုင်တယ်။ အဲဒီလို ငါဘုရား မပြုမူ၊ တစ်ကြိမ် ဆုံးမပြီးရင် ဆိတ်ဆိတ်နေမယ်မဟုတ်။ နှိပ်ကွပ်၊ နှိပ်ကွပ်ပြီး အထပ်ထပ် ဆုံးမမယ်။ အပြစ်တွေကို မျောမျောပစ်ပြီး အထပ်ထပ် ဆုံးမမယ်။ ဒါမှ မဂ်ဖိုလ်အနှစ်သာရ၊ လောကီအနှစ်သာရတွေ တည်မယ်။ (ဥပရိပဏ်၊ ပါဠိ၊ ၁၅၉)

## သေမင်းတမန် ငါးဦး

၁။ သူ့ကျင်ကြီး၊ ကျင်ငယ်ထဲမှာ လူးပေကာ ပက်လက်အိပ်နေတဲ့ ကလေးသူငယ်၊

၂။ ခန္ဓာကိုယ် ကောက်ကွေး၊ တုတ်ထောက်၊ တုန်တုန်ရီရီသွား၊

http://www.dhammadownload.com



သွားကျိုး၊ ဆံဖြူ၊ ခေါင်းပြောင်၊ အရေတွန့်၊ မှည့်တွေ ပေါက်နေတဲ့ လူအို၊

၃။ သူ့ကျင်ကြီး ကျင်ငယ်ထဲမှာ လူးပေကာ အခြားသူတွေ ထူပေးမှ ထနိုင်တဲ့ အကြီးအကျယ် မကျန်းမာသူ၊

၄။ အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုတွေကို ခံရတဲ့ သူခိုး၊

၅။ သေပြီး ၁ ရက်၊ ၂ ရက်၊ ၃ ရက်ကြာလို့ ဖူးရောင်၊ ညိုမည်း၊ ပြည်တွေ စီးရွှဲနေတဲ့ လူသေ။

(ဥပရိပဏ္ဏာသ၊ ပါဠိ၊ ၂၁၇)

## ငရဲဆင်းရဲ

ရဟန်းတို့၊ ငါဘုရားဟာ ငရဲအကြောင်းကို အမျိုးမျိုးအဖုံဖုံလည်း (အကြောင်းများစွာနဲ့လည်း) ဟောနိုင်တယ်၊ ငရဲဟာ ဒီလိုလည်း ဆင်းရဲတယ်။ ဒီလိုလည်း ဆင်းရဲတယ်လို့ နှစ်ပေါင်းတစ်ရာ၊ တစ်ထောင် ဟောပေမယ့်လည်း ကုန်အောင် ဟောဖို့ မလွယ်။ ငရဲတွေဟာ အဲဒီလောက် ဆင်းရဲကြတယ်။

(ဥပရိပဏ္ဏာသ၊ ပါဠိ၊ ၂၀၅)

## တိရစ္ဆာန်ဘဝဆင်းရဲ

ရဟန်းတို့၊ ငါဘုရားဟာ တိရစ္ဆာန်ဘဝအကြောင်းကို အကြောင်းအရာများစွာနဲ့လည်း ဟောနိုင်တယ်၊ တိရစ္ဆာန်ဘဝဟာ ဒီလိုလည်း ဆင်းရဲတယ်။ ဒီလိုလည်း ဆင်းရဲတယ်လို့ နှစ်ပေါင်း ရာ၊ ထောင်ချီပြီး ဟောပေမယ့်လည်း ကုန်အောင် ဟောဖို့ မလွယ်၊ တိရစ္ဆာန်ဘဝဟာ အဲဒီလောက်ဆင်းရဲတယ်။

(ဥပရိပဏ္ဏာသ၊ ပါဠိ၊ ၂၀၇)

http://www.dhammadownload.com



## လူ့အဖြစ် ရဖို့မလွယ်

တစ်ပေါက်သာပါတဲ့ ထမ်းပိုးကို ယောကျ်ားက သမုဒ္ဒရာကြီး ထဲမှာ ပစ်ချမယ်၊ အဲဒီထမ်းပိုးကို အရှေ့ဘက်က လေက အနောက်ဘက် ကို တိုက်ခတ်သယ်ဆောင်သွားမယ်၊ အနောက်လေက အရှေ့ဘက်ကို တိုက်ခတ်သယ်ဆောင်သွားမယ်၊ မြောက်လေက တောင်ဘက်ကို တိုက် ခတ်သယ်ဆောင်သွားမယ်၊ တောင်လေက မြောက်ဘက်ကို တိုက်ခတ် သယ်ဆောင်သွားမယ်။ အဲဒီသမုဒ္ဒရာကြီးထဲမှာ လိပ်ကန်းတစ်ကောင် ရှိတယ်။ အနှစ်တစ်ရာ တစ်ရာကြာမှ တစ်ကြိမ်ပဲ ပေါ်လာတယ်။ လိပ်ကန်းရဲ့လည်ပင်းဟာ အဲဒီထမ်းပိုးရဲ့အပေါက်မှာ စွပ်ဖို့က ပိုမြန်နိုင် မယ်၊ တစ်ကြိမ် အပါယ်ရောက်တဲ့ လူမိုက်ဟာ လူ့အဖြစ်ကို ရဖို့ အဲဒီထက် ပိုခက်ပါတယ်။ အကြောင်းကတော့ ဒီအပါယ်မှာ ကုသိုလ် ကောင်းမှုပြုတာ မရှိလို့ပါပဲ။ တိရစ္ဆာန်ဘဝမှာ အချင်းချင်း စားကြလို့၊ အားနည်းသူကို စားကြလို့ပါပဲ။

(ဥပရိပဏ္ဏာ၊ ပါဠိ၊ ၂၀၇)

## ဥပမာပြဖို့ ခဲယဉ်းတယ်

'တကယ်ပဲ မလိုလားအပ်တဲ့အရာပဲ၊ တကယ်ပဲ မနှစ်သက်အပ် တဲ့အရာပဲ၊ တကယ်ပဲ မမြတ်နိုးစရာပဲ' လို့ ပြောရင် ငရဲကိုပဲ ပြောမှ ကောင်းကောင်း ပြောရာရောက်တယ်။ နတ်ပြည်ချမ်းသာကို ဥပမာပြဖို့ တောင် ခဲယဉ်းတယ်။ နတ်ပြည်တွေဟာ အဲဒီလောက် ချမ်းသာကြ တယ်။ (ဥပရိပဏ္ဏာ၊ ပါဠိ၊ ၂၁၀)

## လူ့ချမ်းသာနဲ့ နတ်ချမ်းသာ

စကြာရတနာ၊ ဆင်၊ မြင်း၊ ပတ္တမြား၊ မယား၊ သူကြွယ်၊

http://www.dhammadownload.com



သားကြီးရတနာဆိုတဲ့ ရတနာ ၇ ပါးရှိပြီး အခြားလူတွေထက် ရုပ်ပိုလှ၊ အသက်ပိုရှည်၊ အနာရောဂါပိုကင်း၊ ပုဏ္ဏားသူကြွယ်တွေရဲ့ ချစ်မြတ်နိုး ခံရတဲ့ စကြဝတေးမင်းရဲ့ချမ်းသာဟာ နတ်ချမ်းသာနဲ့ နှိုင်းယှဉ်ရင် ဘာမှ မပြောပလောက်ပါ။ ဥပမာ လက်သီးဆုပ်လောက် ကျောက်ခဲ လေးနဲ့ ဟိမဝန္တာတောင်မင်းဟာ အကြီးအငယ် ကွာခြားသလိုပါပဲ။

(ဥပရိပဏ်၊ ပါဠိ၊ ၂၁၂၊ ၂၁၅)

## လူ့ဆင်းရဲနဲ့ ငရဲဆင်းရဲ

လုံပေါင်း ၃ ရာနဲ့ နှိပ်စက်ထိုးနှက်ခံရသူရဲ့ ကိုယ်၊ စိတ် ဆင်းရဲဟာ ငရဲဆင်းရဲနဲ့ နှိုင်းစာရင် ဘာမှ မပြောပလောက်တော့ပါ။ ဥပမာ လက်သီးဆုပ်လောက် ကျောက်ခဲလေးနဲ့ ဟိမဝန္တာတောင်မင်းဟာ အကြီး အငယ် ကွာခြားသလိုပါပဲ။

(ဥပရိပဏ်၊ ပါဠိ၊ ၂၀၄)

## တပည့်မြတ်နှစ်ပါး

ရဟန်းတို့ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကို မှီဝဲဆည်းကပ် ကြ။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ဟာ ပညာရှိကြတယ်။ သီတင်းသုံး ဖော်တွေကို ပစ္စည်းနဲ့ရော တရားနဲ့ပါ ချီးမြှောက်ကြတယ်။ ရဟန်းတို့ သာရိပုတ္တရာဟာ မွေးမိခင်နဲ့ တူတယ်၊ မောဂ္ဂလာန်က ကျွေးမိခင်နဲ့ တူတယ်။ သာရိပုတ္တရာက သောတာပန်ဖြစ်အောင် ဆုံးမပေးတယ်၊ မောဂ္ဂလာန်က အထက်မဂ်၊ ဖိုလ်တွေရအောင် ဆုံးမပေးတယ်။

(ဥပရိပဏ်၊ ပါဠိ၊ ၂၉၁)

## ကျေးဇူးမကြေ

သရဏဂုံတည်အောင်၊ ငါးပါးသီလ လုံခြုံအောင်၊ ရတနာသုံးပါး

http://www.dhammadownload.com



အပေါ် ဉာဏ်နဲ့သက်ဝင်ယုံကြည်ပြီး ငါးပါးသီလမြဲအောင်၊ သစ္စာလေးပါး သိအောင် ပြုလုပ်ပေးသူကို ရှိခိုးရုံ၊ ခရီးဦးကြိုရုံ၊ လက်အုပ်ချီရုံ၊ အရိုအသေပြုရုံ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လှူဒါန်းရုံနဲ့ ကောင်းကောင်း ကျေးဇူးတုံ့ပြန်တယ်လို့ ငါဘုရား မဟော။

(ဥပရိပဏ်၊ ပါဠိ၊ ၂၈၇)

## ပုဏ္ဏရဲ့ခန္တီစိတ်ထား

ပုဏ္ဏ၊ သုနာပရန္တတိုင်းက လူတွေက ဆိုးသွမ်းတယ်၊ ကြမ်းတမ်းတယ်၊ သူတို့က သင့်ကို ဆဲရေးခြိမ်းခြောက်ရင် သင့်မှာ ဘယ်လိုဖြစ်မလဲ။

မြတ်စွာဘုရား၊ သုနာပရန္တတိုင်းက လူတွေက တပည့်တော်ကို ဆဲရေး၊ ခြိမ်းခြောက်ကြရင် 'ငါ့ကို လက်နဲ့ မရိုက်ပုတ်ကြတဲ့ သုနာပရန္တတိုင်းက လူတွေဟာ တော်ကြပါပေတယ်၊ တော်ကြပါပေတယ်' လို့ နှလုံးသွင်းပါမယ်။

ပုဏ္ဏ၊ သူတို့က သင့်ကို လက်နဲ့ ရိုက်ပုတ်ကြရင်ကော။

မြတ်စွာဘုရား၊ ခဲနဲ့ မပစ်ကြသေးလို့ တော်ကြပါပေတယ်။

ပုဏ္ဏ၊ ခဲနဲ့ ပစ်ကြရင်ကော။

မြတ်စွာဘုရား၊ တုတ်နဲ့ မရိုက်ပုတ်ကြသေးလို့ တော်ကြပါပေတယ်။

ပုဏ္ဏ၊ တုတ်နဲ့ ရိုက်ပုတ်ကြရင်ကော။

မြတ်စွာဘုရား၊ ဓားနဲ့ မခုတ်ကြသေးလို့ တော်ကြပါပေတယ်။

ပုဏ္ဏ၊ ဓားနဲ့ ခုတ်ကြရင်ကော။

မြတ်စွာဘုရား၊ ဓားထက်ထက်နဲ့ အသက်သေအောင် မသတ်လို့ တော်ကြပါပေတယ်။

ပုဏ္ဏ၊ ဓားထက်ထက်နဲ့ သင့်အသက်ကို သတ်ကြရင်ကော။

http://www.dhammadownload.com



မြတ်စွာဘုရား၊ ကိုယ်နဲ့အသက်ကို စက်ဆုပ်ရွံရှာကြလို့ သတ်မယ့်လက်နက်ကို ရှာကြသူတွေ ရှိကြပေမယ့် တပည့်တော်မှာတော့ မရှာရဘဲနဲ့ ရပါပေတယ်လို့ နှလုံးသွင်းပါမယ်။

သာခု၊ သာခု၊ ပုဏ္ဏ ဒီလိုသည်းခံမှုနဲ့ ပြည့်စုံတဲ့ သင်ဟာ သုနာ ပရန္တဇနပုဒ်မှာ နေနိုင်ပါလိမ့်မယ်။

(ဥပရိပဏ္ဏာ၊ ပါဠိ၊ ၂၁၂၊ ၃)

## မဂ္ဂင်နဲ့အတူ

မဂ္ဂင်ရှစ်ပါးကို ပွားများရင် သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါးကိုလည်း ပွားများပြီးဖြစ်တယ်။

(ဥပရိပဏ္ဏာ၊ ပါဠိ၊ ၃၃၇)

## အလေးအမြတ်ပြုထိုက်သူ

နဂရဝိန္ဒပုဏ္ဏားရွာက သူကြွယ်တို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောအာရုံတွေမှာ ရာဂ၊ ဒေါသ၊ မောဟ မကင်းကြသေးတဲ့၊ တည်ငြိမ်အေးချမ်းစိတ် မရှိတဲ့၊ ကိုယ် နှုတ် စိတ် အကျင့်ကောင်းလိုက် မကောင်းလိုက်ဖြစ်တဲ့ သမဏ၊ ဗြာဟ္မဏတွေကို အလေးအမြတ် မပြုထိုက်၊ မမြတ်နိုးထိုက်၊ မပူဇော်ထိုက်၊ အကြောင်းကတော့ အဲဒီသမဏ၊ ဗြာဟ္မဏတွေဟာ ငါ (သူကြွယ်) တို့နဲ့ တူနေလို့ မထူးလို့ပါပဲ။

အာရုံ ၆ ပါးမှာ လောဘ၊ ဒေါသ၊ မောဟကင်းပြီး စိတ်တည်ငြိမ်အေးချမ်းကာ ကိုယ်၊ နှုတ်၊ စိတ် အကျင့်ကောင်းကြတဲ့ သမဏ၊ ဗြာဟ္မဏတွေကို အလေးအမြတ်ပြုထိုက်တယ်။ မြတ်နိုးထိုက်တယ်။

http://www.dhammadownload.com



ပူဇော်ထိုက်တယ်။ အကြောင်းကတော့ အဲဒီသမဏ၊ ဗြာဟ္မဏတွေက မတူလို့၊ ထူးလို့ပါပဲ။

(ဥပရိပဏ်၊ ပါဠိ၊ ၃၄၀/၁)

## ဘုရားရှင်ရဲ့ အံ့ဖွယ် ၂၀

၁။ ဘုရားလောင်းဟာ ဝေဿန္တရာဘဝက စုတေကာ သတိ၊ အသိရှိပြီး တုသိတာနတ်ပြည်မှာ ကပ်ရောက်တယ်။

၂။ ဘုရားလောင်းဟာ သတိ၊ အသိရှိပြီး တုသိတာနတ်ပြည်မှာ တည်ရှိတယ်။

၃။ ဘုရားလောင်းဟာ တုသိတာနတ်ပြည်မှာ အသက်ထက်ဆုံး တည်ရှိတယ်။

၄။ ဘုရားလောင်းဟာ တုသိတာနတ်ပြည်က စုတေပြီး သတိ၊ အသိရှိကာ မယ်တော်မဟာမာယာရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေ ယူတယ်။

၅။ ဘုရားလောင်း ပဋိသန္ဓေယူတဲ့အခါ လောကကြီးမှာ နတ်ဗြဟ္မာတွေရဲ့ အရောင်အဝါကို ကျော်လွန်ပြီး အရောင်အလင်းကြီး ပေါ်ထွက်တယ်။ နေရောင်၊ လရောင်တွေတောင် မလင်းဘဲ မှောင်မည်းနေတဲ့ တည်ရာမဲ့ လောကန္တရိတ်ငရဲမှာတောင် နတ်ဗြဟ္မာတွေရဲ့ အရောင်အဝါကို ကျော်လွန်ပြီး အရောင်အလင်းကြီး ပေါ်ထွက်လာတယ်။ အဲဒီအရောင်အလင်းကြောင့် အဲဒီ လောကန္တရိတ်ငရဲက သတ္တဝါတွေဟာ 'အဲဒီငရဲမှာ အခြား သတ္တဝါတွေလည်း ရှိကြပါလား' လို့ သိကြရတယ်။ တစ်သောင်းသော လောကဓာတ်ဟာလည်း တုန်လှုပ်တယ်။ လောကမှာ အရောင်အလင်းကြီးလည်း ပေါ်ထွက်တယ်။

http://www.dhammadownload.com



၆။ ဘုရားလောင်း ပဋိသန္ဓေတည်တဲ့အခါ နတ်မင်းကြီး ၄ ယောက်က အရပ် ၄ မျက်နှာမှာ ဘုရားလောင်းနဲ့ ဘုရားလောင်းမယ်တော်ကို လူနဲ့ဘီလူး ဘယ်သူကမှ မနှောင့်ယှက်ရအောင် စောင့်ရှောက်ကြတယ်။

၇။ ဘုရားလောင်း ပဋိသန္ဓေတည်နေတဲ့အခါ ဘုရားလောင်း မယ်တော်ဟာ သဘာဝအားဖြင့်ပဲ ငါးပါးသီလ လုံခြုံတယ်။

၈။ ဘုရားလောင်း ပဋိသန္ဓေတည်နေတဲ့အခါ ဘုရားလောင်းမယ်တော်မှာ ယောကျ်ားတွေအပေါ် ကာမဂုဏ်နဲ့ ပတ်သက်တဲ့ စိတ် မဖြစ်၊ ဘုရားလောင်းမယ်တော်ကို ဘယ်ယောကျ်ားကမှ ရာဂစိတ်နဲ့ မလွန်ကျူးနိုင်။

၉။ ဘုရားလောင်း ပဋိသန္ဓေတည်နေတဲ့အခါ ဘုရားလောင်းမယ်တော်ဟာ ကာမဂုဏ်ငါးပါး (ပစ္စည်းလာဘ်လာဘ) တွေကို ရတယ်။ ပြည့်ပြည့်စုံစုံ နေရတယ်။

၁၀။ ဘုရားလောင်း ပဋိသန္ဓေတည်နေတဲ့အခါ ဘုရားလောင်းမယ်တော်မှာ ဘာရောဂါမှ မရှိ။ ချမ်းသာတယ်။ ကိုယ် မပင်ပန်း။ ဘုရားလောင်းမယ်တော်က ဝမ်းဗိုက်ထဲမှာ ရောက်နေတဲ့ ဘုရားလောင်း အင်္ဂါကြီးငယ် ပြည့်စုံတာ၊ ချို့ယွင်းမှုမရှိတာကို မြင်ရတယ်။ ဥပမာ အကောင်းစား ပတ္တမြားထဲက ကြိုးကို မြင်ရသလိုပါပဲ။

၁၁။ ဘုရားလောင်း မွေးဖွားပြီး ၇ ရက် ရှိတဲ့အခါ ဘုရားလောင်းမယ်တော်ဟာ သေပြီး တုသိတာနတ်ပြည်ကို ရောက်တယ်။

၁၂။ ဘုရားလောင်းမယ်တော်ဟာ အခြားမိန်းမတွေလို မဟုတ်၊ ဘုရားလောင်းကို ၁၀ လပဲ ကိုယ်ဝန် ဆောင်တယ်။ အခြားမိန်းမတွေ ကတော့ ၇ လ၊ ၈ လ၊ ၉ လ၊ ၁၀ လ၊ ၁၁ လ၊ ၁၂ လ စသည် ကိုယ်ဝန်ဆောင်ကြတယ်။

http://www.dhammadownload.com



၁၃။ အခြားမိန်းမတွေက ထိုင်ရင်း၊ လျှောင်းရင်း မွေးဖွားကြတယ်။ ဘုရားလောင်းမယ်တော်ကတော့ ရပ်ရင်းပဲ မွေးဖွားတယ်။

၁၄။ ဘုရားလောင်းဟာ မိခင်ဝမ်းတိုက်က ထွက်လာတဲ့အခါ သုဒ္ဓါဝါသရဟန္တာဗြဟ္မာတွေက ဘုရားလောင်းကို ရှေးဦးစွာ ရွှေကွန်ယက်နဲ့ ခံယူကြတယ်။ နောက်မှ လူတွေက ဘွဲ့ဖြူအဝတ်နဲ့ ခံယူကြတယ်။

၁၅။ ဘုရားလောင်း မိခင်ဝမ်းတိုက်က ထွက်လာပြီး မြေကြီးပေါ် မရောက်ခင်မှာပဲ ဘုရားလောင်းကို နတ်မင်းကြီး ၄ ယောက်က သစ်နက်ရေနဲ့ ခံယူကာ 'အရှင်မ၊ ဝမ်းသာတော်မူပါ၊ သင့်ရဲ့ သားဟာ ဘုန်းတန်ခိုး၊ အခြံအရံ၊ လက္ခဏာနဲ့ ပြည့်စုံပါပေတယ်' လို့ ပြောပြီး ဘုရားလောင်းမယ်တော်ရှေ့မှာ ချထားကြတယ်။

၁၆။ ဘုရားလောင်း မိခင်ဝမ်းတိုက်က ထွက်တဲ့အခါ မိခင်အင်္ဂါအဝမှာ မငြိကပ်ဘဲ ထွက်လာတယ်။ ရေ၊ သလိပ်၊ သွေးအပြင် ဘာအညစ်အကြေးမှ မလူးပေ၊ ဥပမာ ကာသိတိုင်းဖြစ်အဝတ်မှာ ထည့်ထားတဲ့ ပတ္တမြားရတနာဟာ အချင်းချင်း မလိမ်းကျံ၊ မငြိကပ်သလိုပါပဲ။

၁၇။ ဘုရားလောင်း မိခင်ဝမ်းတိုက်က ထွက်တဲ့အခါ ကောင်းကင်က ရေပူ၊ ရေအေး အလျင်အမြန် ကျလာတယ်။ ဘုရားလောင်းရော မယ်တော်ပါ အဲဒီရေနဲ့ ရေကိစ္စကို ပြုကြတယ်။

၁၈။ ဘုရားလောင်း မွေးဖွားပြီး လူတွေရဲ့ လက်က လွတ်လာတဲ့အခါ ညီမျှတဲ့ ခြေတွေနဲ့ မြေကြီးပေါ် ရပ်တည်ကာ မြောက်အရပ်ကို မျက်နှာမူပြီး ခြေ ၇ လှမ်း လှမ်းတယ်။ ထီးဖြူဆောင်းပေးခံရပြီး အရပ်ဆယ်မျက်နှာတို့ကို ကြည့်ရှုတယ်။ ပြီးမှ ခြေ ၇ လှမ်း လှမ်းခြင်းဖြစ်တယ်။ 'ငါဟာ လောကရဲ့ အဦးဆုံးပဲ၊ အကြီးဆုံးပဲ၊ အမြတ်ဆုံးပဲ၊ ဒီဘဝဟာ နောက်ဆုံး ပဋိသန္ဓေနေခြင်းပဲ။

http://www.dhammadownload.com



နောက်ဘဝ ဖြစ်စရာမရှိတော့’ လို့ ရဲရဲတောက် စကားကို မိန့်တယ်။

၁၉။ ပဋိသန္ဓေယူစဉ်ကလိုပဲ ဘုရားလောင်း မိခင်ဝမ်းတိုက်က ထွက်တဲ့အခါမှာလည်း အလင်းရောင်ကြီးလည်း ပေါ်ထွက်လာတယ်။ လောက ဓာတ်တစ်သောင်းလည်း တုန်လှုပ်တယ်။

၂၀။ ဘုရားရှင်မှာ ဝေဒနာ၊ သညာ၊ ဝိတက်တွေဟာ ထင်ထင်ရှားရှားပဲ ပေါ်လာကြတယ်။ ရှေ့ရှုတည်ကြတယ်။ ချုပ်ပျောက်သွားကြတယ်။

(ဥပရိပဏ်၊ ပါဠိ၊ ၁၆၁မှ ၁၆၅)

## လူ့ချမ်းသာ ၄ မျိုး

၁။ အတ္ထိသုခ= တရားသဖြင့် ကြိုးကြိုးစားစား ရှာဖွေလို့ ရထားတဲ့ ဥစ္စာတွေ ရှိတယ်လို့ ဖြစ်တဲ့ ချမ်းသာ။

၂။ ဘောဂသုခ= ဥစ္စာတွေကို သုံးစွဲပြီး ကောင်းမှုလုပ်သူမှာ ဖြစ်တဲ့ ချမ်းသာ၊

၃။ အာနဏျသုခ= ငါ့မှာ ကြွေး မရှိဘူးလို့ တွေးကာ ဖြစ်ပေါ်တဲ့ ချမ်းသာ။

၄။ အနဝဇ္ဇသုခ= ငါ့မှာ ကိုယ်၊ နှုတ်၊ စိတ် အပြစ်မရှိဘူးလို့ တွေးကာ ဖြစ်ပေါ်တဲ့ ချမ်းသာ။

ကာမဂုဏ် ခံစားတဲ့ လူဝတ်ကြောင်ဟာ ဒီချမ်းသာ ၄ မျိုးကို ရရှိတယ်။ **(အံ၊ ပါဠိ၊ ပ၊ ၃၈၁)**

## အသတ်မခံရပါစေနဲ့

ငှက်ပျောသီးက ငှက်ပျောပင်ကို၊ ဝါးသီးက ဝါးပင်ကို၊ ကျူသီး

http://www.dhammadownload.com



က ကျူပင်ကို သတ်တယ်။ ကိုယ်ဝန်က အဿတိုရ်မြင်းမကို သတ်တယ်။ လာဘ်ပူဇော်သက္ကာရက လူညံ့ကို သတ်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၈၅)

## မြွေနဲ့ မေတ္တာ

ဝိရူပက္ခ၊ ဧရာပထ၊ ဆဗျာပုတ္တ၊ ကဏှာဂေါတမက ဆိုတဲ့ မြွေမင်းကြီး ၄ ကောင်ကို မေတ္တာစိတ်နဲ့ ဖြန့်ရင် မြွေကိုက်ခံရပေမယ့် မသေဘူး။

ရဟန်းတို့၊ မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ကာကွယ်ရအောင် အဲဒီမြွေမင်းကြီး ၄ ကောင်ကို မေတ္တာစိတ်နဲ့ ဖြန့်ဖို့ ငါဘုရား ခွင့်ပြုတော်မူတယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၈၄)

## တခြားစီပဲ

ကာမမှ ထွက်မြောက်တဲ့ ဂုဏ်ရှိသူ သိအပ်၊ မြင်အပ်၊ ရောက်အပ်၊ မျက်မှောက်ပြုအပ်တဲ့ သမာဓိကို ကာမအလယ်မှာ နေ၊ ကာမတွေကို သုံးဆောင်၊ ကာမအကြံတွေ ခဲစားခံရ၊ ကာမ ပူလောင်မှုနဲ့ ပူလောင်ခံရ၊ ကာမကို ရှာမှီးပြီး ကြိုးစားနေသူဟာ သိနိုင်၊ မြင်နိုင်၊ မျက်မှောက်ပြုနိုင်စရာအကြောင်း မရှိ။

(ဥပရိပဏ်ပါဠိ၊ ပ၊ ၁၇၀)

## သူတော်ကောင်း

သူတော်ကောင်းဟာ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ ဝီရိယ၊ သတိ၊ ပညာဆိုတဲ့ သူတော်ကောင်းတရား ၇ ပါးနဲ့ ပြည့်စုံတယ်။

http://www.dhammadownload.com



သူတော်ကောင်းတရား ၇ ပါးရှိတဲ့ သူတော်ကောင်းတွေကို ပေါင်းသင်းတယ်။

မိမိရော သူတစ်ပါးကိုရော မိမိ သူတစ်ပါး နှစ်ဦးသားကိုပါ ဆင်းရဲအောင် မကြံစည် မစဉ်းစား။

သူတော်ကောင်းစကားကို (မှန်တဲ့စကား၊ စေ့စပ်ရေးစကား၊ ချိုသာတဲ့စကား၊ အနှစ်ရှိတဲ့စကား) ကို ပြောတယ်။

သူတော်ကောင်းအလုပ် (မသတ်၊ မခိုး၊ ကာမ မမှောက်မှားမှု) တွေကို လုပ်တယ်။ သူတော်ကောင်းအယူကို ယူတယ်။

၁။ ပေးလှူတာ အကျိုးမရှိ။

၂။ အကြီးအကျယ် ပေးလှူပူဇော်တာ အကျိုးမရှိ။

၃။ ဧည့်ခံကျွေးမွေးခြင်း၊ လက်ဆောင်ပေးခြင်းစတဲ့ အသေးအဖွဲ ပေးလှူပူဇော်တာ အကျိုးမရှိ။

၄။ ကုသိုလ်ကံ၊ အကုသိုလ်ကံရဲ့ အကျိုးရင်း၊ အကျိုးဖျား မရှိ။

၅+၆။ မိဘရယ်လို့ အထူးရှိသေလေးစားစရာ မရှိ။

၇။ တစ်ပါးသော လောကက သေပြီး ဒီလူ့လောကမှာ ဖြစ်တယ် ဆိုတာ မရှိ။

၈။ တစ်ပါးသော လောက မရှိ။

၉။ ဘဝဟောင်းက သေပြီးတဲ့နောက် ဘဝအသစ်မှာ ကပ်ရောက်ပြီး ဖြစ်တဲ့ သတ္တဝါ မရှိ။

၁၀။ ဘာသာတရားတွေကို တီထွင်ဟောကြားနေတဲ့ ပုဂ္ဂိုလ်တွေထဲမှာ မျက်မှောက်လူ့လောကအကြောင်းကိုရော၊ နတ်လောက၊ ငရဲ လောကစတဲ့ မျက်ကွယ်လောကအကြောင်းကိုပါ ကိုယ်ပိုင် ဉာဏ်နဲ့ ထူးထူးခြားခြား တွေ့မြင်ပြီး ဟောနိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိလို့ မယူဆ။

(ဥပရိပဏ္ဏာသပါဠိ၊ ၇၃၊ ၇၄)

http://www.dhammadownload.com



## ဆက်ကြပါ

'ငါဘုရား ဖော်ထုတ်ထားခဲ့တဲ့ ကောင်းတဲ့ကျင့်ဝတ် (မဂ္ဂင်ရှစ်ပါး) ကို ဆက်လက်ဖြစ်စေကြ၊ သင်တို့ဟာ ငါဘုရားရဲ့ နောက်ဆုံးပုဂ္ဂိုလ်တွေ မဖြစ်ကြပါစေနဲ့။'

အာနန္ဒာ၊ ငါဘုရားက သင်တို့အား အဲဒီလို ဟောတော်မူတယ်။

(မဇ္ဈိမပဏ္ဏာ၊ ပါဠိ၊ ၂၇၀)

## မြန်တယ်

ယုံကြည် ကျန်းမာ၊ ဖြောင့်စွာ စိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင် ဆိုတဲ့ ယောဂီအင်္ဂါ ၅ ပါးနဲ့ ပြည့်စုံသူဟာ ဆုံးမမယ့်ဘုရားရှင်ကို ရခဲ့ရင် နံနက် ဆုံးမခံရက ညနေမှာ၊ ညနေ ဆုံးမခံရက နံနက်မှာ တရားထူးကို ရလိမ့်မယ်။ (ဉာဏ်ပညာထက်မြက်တဲ့ နေယျပုဂ္ဂိုလ်ကို ရည်ရွယ်တယ်။)

(မဇ္ဈိမပဏ္ဏာပါဠိ၊ ၃၀၀)

## လက်နက်မပါဘဲ ဆုံးမသူ

တချို့က တုတ်၊ ချွန်း၊ ကြိမ်တွေနဲ့ ဆုံးမကြတယ်။ ငါကို (အင်္ဂုလိမာလကို) ဘုရားရှင်က တုတ်မပါဘဲ၊ လက်နက်မပါဘဲ ယဉ်ကျေးအောင် ဆုံးမတော်မူတယ်။

(မဇ္ဈိမပဏ္ဏာပါဠိ၊ ၃၀၈)

## အပြစ်တင်မတင်

မိမိကိုယ်ကိုရော သူတစ်ပါးကိုရော မိမိ သူတစ်ပါး နှစ်ဦးသားလုံးကိုပါ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဒုက္ခပေးသူမှာ အကုသိုလ်တွေ တိုးပွား

http://www.dhammadownload.com



ကြတယ်။ ကုသိုလ်တွေ ဆုတ်ယုတ်ကြတယ်။ အဲဒီလို ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်ကို ပညာရှိ သူတော်ကောင်းတွေက အပြစ်တင်ကြတယ်။

မိမိကိုရော သူတစ်ပါးကိုရော မိမိ သူတစ်ပါး နှစ်ဦးသားလုံးကိုပါ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဒုက္ခမပေးသူမှာ ကုသိုလ်တွေ တိုးပွားကြတယ်။ အကုသိုလ်တွေ ဆုတ်ယုတ်ကြတယ်။ အဲဒီလို ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်ကို ပညာရှိသူတော်ကောင်းတွေ အပြစ်မတင်ကြ။ (မဇ္ဈိမပဏ္ဏာသပါဠိ၊ ၃၁၇၊ ၈)

## ရပ်သူ မရပ်သူ

အင်္ဂုလိမာလ၊ ငါဘုရားဟာ သတ္တဝါတွေကို ညှဉ်းဆဲမယ့်တုတ်ကို ဘေးမှာ ဖယ်ချထားပြီး မေတ္တာ၊ ခန္တီ၊ ပညာ၊ ကရုဏာ၊ အမှတ်ရဖွယ် (သာရဏီယ) တရားတွေမှာ တည်တယ်။ သင်ကတော့ သတ္တဝါတွေအပေါ်မှာ မစောင့်စည်းသူ၊ သတ္တဝါတွေကို သတ်နေတဲ့သင့်မှာ မေတ္တာ၊ ခန္တီ၊ ပညာ၊ ကရုဏာ၊ အမှတ်ရဖွယ်တရားတွေ မရှိ။ ဒါကြောင့် ငါဘုရားက ရပ်နေတယ်။ သင်က မရပ်ဘူး။ ခု ခန္ဓာကိုယ်အနေအထားက ရပ်နေပေမယ့် အပါယ်လေးပါးကို ပြေးသွားလိမ့်မယ်။

(မဇ္ဈိမပဏ္ဏာသပါဠိ၊ ၃၀၃)

## ကောရဗျမင်းရဲ့စကား

အသက်ကြီးသူ၊ အနာရောဂါရှိသူ၊ စည်းစိမ်ပျက်စီးသူ၊ ဆွေမျိုးပျက်စီးသူတွေဟာ ရှင်၊ ရဟန်းဝတ်တတ်ကြတယ်။

(မဇ္ဈိမပဏ္ဏာသပါဠိ၊ ၂၅၄)

http://www.dhammadownload.com



## တစ်ခဏချင်းပဲ

ပညာရှိမင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်းတွေက ပြဿနာကို ကြိုတင်ပြင်ဆင်ကာ ဘုရားရှင်ကို ချဉ်းကပ်ပြီး မေးကြရင် တစ်ခဏချင်းပဲ သိချင်တဲ့ အရာမှန်သမျှဟာ ဘုရားရှင်ဉာဏ်မှာ ထင်လာတယ်။ အကြောင်းကတော့ ဘုရားရှင်က အကုန်သိဉာဏ်ကို ရရှိထားလို့ပါပဲ။ အဲဒီအကုန်သိဉာဏ်ကို ရရှိထားလို့ ဘုရားရှင် သိချင်တဲ့အရာ မှန်သမျှဟာ ဘုရားရှင်ဉာဏ်မှာ ထင်လာပါတယ်။

(မဇ္ဈိမပဏ္ဏာသပါဠိ၊ ၅၈)

## လူနဲ့ဥစ္စာ

စည်းစိမ်တွေကရင်လည်း သတ္တဝါတွေကို အရင်စွန့်ကြတယ်။ သတ္တဝါကရင်လည်း စည်းစိမ်တွေကို အရင်စွန့်ကြတယ်။ စည်းစိမ်ရှိသူတွေဆိုတာ မမြဲကြ။

လဟာ ထွက်လာတယ်၊ ပြည့်တယ်၊ ကွယ်တယ်။ နေဟာ အမှောင်ခွင်းပြီး အလင်းဆောင်တယ်။ နေဝင်သွားတယ်။ အဲဒီလိုပါပဲ၊ စည်းစိမ်တွေဟာ ဖြစ်တယ်၊ ပျက်တယ်၊ ငါဟာ လောကဓံတရားတွေကို သိနားလည်ထားတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၁၂၀)

## မကောင်း

ကာမဂုဏ်သုံးဆောင်တဲ့ လူဝတ်ကြောင်ဟာ ပျင်းရင် မကောင်း၊ ရဟန်းဟာ ကိုယ်၊ နှုတ်၊ စိတ် မစောင့်စည်းရင် မကောင်း၊ မင်းဟာ စူးစမ်းဆင်ခြင်ပြီး မလုပ်ရင် မကောင်း၊ ပညာရှိဟာ အမျက်ထွက်ရင် မကောင်း။

(ဇာတ်ပါဠိ၊ ပ၊ ၁၀၉)

http://www.dhammadownload.com



## စူးစမ်းပါ

မင်းဟာ စူးစမ်းဆင်ခြင်ပြီးမှ ပြုလုပ်ရတယ်။ မစူးစမ်း မဆင်ခြင်ဘဲ မလုပ်ရ။ စူးစမ်းဆင်ခြင်ပြီး လုပ်သူမှာ အခြွေအရံနဲ့ အကျော်အစော တိုးပွားတယ်။ (ဇာတ်ပါဠိ၊ ပ၊ ၁၀၉)

## နှစ်ဖက်နားထောင်ပါ

ပထမ လာပြောသူရဲ့ စကားကို တစ်ထစ်ချ မယုံလိုက်ပါနဲ့၊ ပညာရှိသူဟာ နောက်လူတစ်ယောက်ရဲ့ စကားကိုလည်း နားထောင်ပါ၊ နှစ်ယောက် (နှစ်ဖက်) ရဲ့စကားကို နားထောင်ပြီးမှ တရားနည်းလမ်းအတိုင်း ပြုလုပ်ပါ။

(ဇာတ်ပါဠိ၊ ပ၊ ၁၀၉)

## အလွန်မပြောပါနဲ့

ပြောသင့်တဲ့အချိန် မရောက်သေးဘဲ အတိုင်းအတာကို လွန်ပြီးပြောရင် ကိုယ့်ကိုယ်ကို ဖျက်ဆီးသူ ဖြစ်တယ်။

အလွန်ထက်တဲ့ လက်နက်၊ လတ်တလော သေစေနိုင်တဲ့ အဆိပ်ထက် ပိုမြန်ပြီး မကောင်းသဖြင့် ပြောအပ်တဲ့ စကားက သေစေတတ်တယ်။

ဒါကြောင့် ပညာရှိဟာ ပြောသင့်တဲ့ အချိန်မှာရော၊ မပြောသင့်တဲ့အချိန်မှာပါ စကားကို စောင့်စည်းပါ။ ကိုယ်နဲ့တူတဲ့၊ ကိုယ်နဲ့ မတူတဲ့ပုဂ္ဂိုလ်ကိုတောင် အတိုင်းအတာထက် လွန်ပြီး မပြောပါနဲ့။

ပညာရှိဟာ ပြောသင့်တဲ့အချိန်အခါမှာ ချင့်ချိန်ပြီး ပြောပါ။ ရန်သူအားလုံးကို ကိုယ့်အလိုလိုက်အောင် လုပ်နိုင်တယ်။

http://www.dhammadownload.com



## ချစ်ခင်မှု

ရှေးဘဝမှာ မိဘ၊ သားသမီး၊ ညီအစ်ကို၊ အစ်မ နှမ၊ လင်မယား၊ သူငယ်ချင်းမိတ်ဆွေအဖြစ်ဖြင့် တစ်နေရာမှာ အတူနေခဲ့ဖူးခြင်းနဲ့ ဒီဘဝမှာ တစ်ဦးအကျိုးကို တစ်ဦးက ဆောင်ရွက်ပေးခြင်းတို့ကြောင့် ချစ်ခင်မှုဖြစ်တယ်။ ဥပမာ ကြာညိုပန်းနဲ့ အခြားကြာပန်းတွေဟာ ရေနဲ့ညွန်ဆိုတဲ့ အကြောင်းနှစ်ပါးကြောင့် ဖြစ်ပေါ်လာသလိုပါပဲ။

(ဇာတ်ပါဠိ၊ ပ၊ ၆၆)

## ဝီရိယစွမ်းအား

အကျင့်သီလ၊ ခန္တီနဲ့ ယှဉ်တွဲထားတဲ့ ဝီရိယဟာ မိတ်ဆွေတွေကို ချမ်းသာစေနိုင်ပါတယ်။ ရန်သူတွေကို ဆင်းရဲစေနိုင်ပါတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၆၆)

## အတိုင်းအရှည်သိပါ

စားဖွယ်မှာ မတပ်မက်ဘဲ အတိုင်းအရှည်ကို သိတာဟာ ကောင်းတယ်။ မှန်တယ်၊ အတိုင်းအရှည်ကို မသိသူတွေဟာ ရသတဏှာကြောင့် မကောင်းမှုကို လုပ်ပြီး အပါယ်လေးပါးမှာ နစ်မြုပ်ကြရတယ်။ စားဖွယ်မှာ အတိုင်းအရှည်ကို သိသူတွေကတော့ ဒီဘဝမှာရော နောင်တမလွန်ဘဝမှာပါ မနစ်မြုပ်ကြ။ (ဇာတ်ပါဠိ၊ ပ၊ ၇၂)

## ဥသြငှက်

အသားရောင် ကောင်း၊ အသံချို၊ ရုပ်လှပေမယ့် စကားရိုင်း၊ စကားကြမ်းသူကို ဒီဘဝမှာရော နောက်ဘဝမှာပါ အချစ်မခံရ။ ဥပမာ လမ်းကြားက နှုတ်ကြမ်းတဲ့ တစ်တီတူးငှက်လိုပါပဲ။

http://www.dhammadownload.com



ရုပ်ဆိုးပြီး မှည့်တွေပေါက်နေတဲ့ ဥသြငှက်ကို ကြည့်ပါ၊ သူ့ကို အသံချိုသာလို့ အများက သဘောကျကြတယ်။ ဒါကြောင့် အများရဲ့ အချစ်ကို ခံယူချင်ရင် စကားချိုသာပြေပြစ်ပါ။ ပညာနဲ့ နှိုင်းချိန်ပြောပါ။ တည်တည်ငြိမ်ငြိမ်နဲ့ အတိုင်းအတာနဲ့ ပြောပါ။

(ဇာတ်ပါဠိ၊ ပ၊ ၇၈)

## မိတ်နဲ့ ချမ်းသာ ဆင်းရဲ

မိတ်ညံ့ကို အတွေ့အမြင်များ၊ မိတ်ညံ့ထံက စကားကိုအကြားများ၊ မိတ်ညံ့နဲ့ ကိုယ်ချင်း နီးနှော၊ စကားပြောများ၊ အသုံးအဆောင်ချင်း လဲလှယ်သုံးဆောင်သူဟာ ကိုယ်စိတ်ချမ်းသာမှု ဆုံးရှုံးရတယ်။ ကိုယ့်ရဲ့လာဘ်၊ အခြွေအရံ၊ အသက်ကို မိတ်ညံ့က မဖျက်ဆီးရအောင် ပညာရှိဟာ စောင့်ရှောက်ရတယ်။

မိတ်ကောင်းနဲ့ ပေါင်းသင်းသူမှာ ကိုယ်စိတ်ချမ်းသာမှု တိုးပွားတယ်။ ပညာရှိဟာ ကိစ္စအားလုံးတွေမှာ မိတ်ကောင်းရဲ့အတွက် ကိုယ့်အသက်မွေးဝမ်းကျောင်းပမာ လုပ်ပေးတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၈၀)

## ဘေးရန်ရောက်တဲ့အခါ

ကျေးဇူးမပြုသူတွေကို အလှူပေးပြီး ကျေးဇူးပြုဖူးသူတွေကို အလှူမပေးသူဟာ ဘေးရန်နဲ့ ကြုံတွေ့ရတဲ့အခါ ဆင်းရဲဒုက္ခရောက်ရတယ်။ မိတ်ဆွေ မရ။

ကျေးဇူးမပြုဖူးသူတွေကို အလှူမပေးဘဲ ကျေးဇူးပြုဖူးသူတွေကိုသာ အလှူပေးသူဟာ ဘေးရန်နဲ့ ကြုံတွေ့ရတဲ့အခါ ဆင်းရဲဒုက္ခမရောက်ရ။ မိတ်ဆွေကို ရတယ်။ (ဇာတ်ပါဠိ၊ ပ၊ ၉၃၊ ၄)

http://www.dhammadownload.com



## မြဲတ်နိုးထိုက်သူ

ရှေးဦးစွာ ကျေးဇူးပြုသူဟာ လောကမှာ အလွန်ပြုနိုင်ခဲတဲ့အရာကို ပြုသူပဲ။ နောင်သောအခါ အခြားကျေးဇူးတစ်စုံတစ်ခုကို ပြုပြု၊ မပြုပြု၊ ရှေးဦးစွာ ပြုထားတဲ့ ကျေးဇူးနဲ့ပဲ သူ့ကို တကယ်ပဲ ပူဇော်မြတ်နိုးထိုက်တယ်။

(ဇာတ်ပါဠိ၊ ပ၊ ၉၄)

## ပညာရှိရင် သည်းခံပါ

ကိုယ်အမျိုးမြတ်ကြောင်း၊ အကျင့်ကောင်းကြောင်းကို မသိတဲ့နေရာမှာ ကိုယ့်အမျိုးအနွယ်စသည်ကို မသိသူရဲ့အထံ နေသူဟာ ငါ့ကို မရိုသေ၊ မလေးစားကြဘူးလို့ မာနမထားလိုက်ပါနဲ့။

အရပ်တစ်ပါးမှာ နေရင် မီးနဲ့တူတဲ့သူ ဖြစ်ပေမယ့်လည်း ပညာရှိဟာ ကျွန်က ခြိမ်းခြောက်တာကိုတောင် သည်းခံရတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၉၅)

## ဆိတ်ကွယ်ရာမရှိ

မကောင်းမှု ပြုလုပ်သူမှာ ဆိတ်ကွယ်ရာအရပ်ဆိုတာ မရှိ။ တောမှာ ဖြစ်တဲ့ သတ္တဝါတွေက မြင်ကြတယ်။ 'ဒီမကောင်းမှုကို ငါဟာ ပြုလုပ်နေတယ်'လို့ လူမိုက်က ထင်မှတ်တတ်တယ်။

ဆိတ်ကွယ်ရာအရပ်ကို ငါ မမြင်၊ သတ္တဝါတွေ ကင်းဆိတ်တဲ့ နေရာရယ်လို့လည်း မရှိ။ အခြားသူကို ငါ မမြင်ရတဲ့ နေရာဟာ ငါနဲ့ မကင်းဆိတ်ပါ။

(ဇာတ်ပါဠိ၊ ပ၊ ၉၅)

## လူမိုက်နဲ့ လူကောင်း

အသိမကြွယ်တဲ့ လူငယ်တွေရဲ့ ဆဲရေး၊ ပုတ်ခတ်မှုကို အသိပညာရှိသူ လူကြီးက သည်းခံတယ်။

http://www.dhammadownload.com



သူတော်ကောင်းတွေဟာ ငြင်းခုံကြစေဦးတော့၊ တစ်ဖန် မြန်မြန်ပဲ မိတ်ဆွေဖြစ်ကာ ပညာမရှိသူ လူမိုက်တွေကတော့ မြေခွက်ပမာ ကွဲကြတယ်။ အဲဒီလူမိုက်တွေဟာ ရန်ငြိမ်းအေးမှုကို မရကြ။

(ဇာတ်ပါဠိ၊ ပ၊ ၉၉)

## မဆွေးမြေ့တဲ့ ညီညွတ်မှု

သူတစ်ပါးအပေါ် ကျူးလွန်မိတဲ့ ကိုယ့်အပြစ်ကို သိသူနဲ့ အပြစ်သိလို့ တောင်းပန်သူကို သည်းခံသူတို့ဟာ အလွန်အကဲပဲ ညီညွတ်ကြတယ်။ သူတို့ရဲ့မိတ်ဆွေအဖြစ် ဆက်စပ်မှုဟာ မဆွေးမြေ့တော့။

(ဇာတ်ပါဠိ၊ ပ၊ ၉၉)

## သာပြီး မြတ်သူ

အပြစ်ကျူးလွန်သူ အခြားသူတွေကို ကိုယ်တိုင် မိတ်ဆွေအဖြစ် ဆက်စပ်ပေးနိုင်သူဟာ သာပြီး မြတ်သူပဲ။ မိတ်ဆွေတာဝန်ဝတ္တရား ဆောင်သူပဲ။

(ဇာတ်ပါဠိ၊ ပ၊ ၉၉)

## ကြီးမားလှတဲ့ ခန္တီ

ငါ (ခန္တိဝါဒီရသေ့) ရဲ့ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်၊ နား၊ နှာခေါင်းတွေကို ဖြတ်တဲ့ အဲဒီ ကလာဗုမင်းဟာ အသက်ရှည်ပါစေ။ အကြောင်းကတော့ ငါ့လိုသည်းခံအားနဲ့ ပြည့်စုံတဲ့ပညာရှိတွေဟာ ‘ဒီလူဟာ ငါ့ကို ဆဲရေးတယ်၊ ခြိမ်းခြောက်တယ်၊ ရိုက်ပုတ်တယ်၊ ဖြတ်တယ်၊ ခွဲတယ်’ လို့ စိတ်ဆိုးလေ့မရှိကြလို့ပါပဲ။

(ဇာတ်ပါဠိ၊ ပ၊ ၉၉)

http://www.dhammadownload.com



## မီးထဲက ပစ္စည်း

အိမ်ကို မီးလောင်တဲ့အခါ ဆွဲထုတ်ယူလိုက်လို့ မီးထဲ မပါသွားတဲ့ ပစ္စည်းဥစ္စာဟာ အိမ်ရှင်ရဲ့အကျိုးငှာ ဖြစ်တယ်။

ဇရာ၊ မရဏစတဲ့ မီး ၁၁ မီး အလောင်ခံနေရတဲ့ လူအပေါင်းဟာ ပစ္စည်းဥစ္စာကို အလှူပေးမှုနဲ့ ထုတ်ဆောင်ယူရမယ်။ အဲဒီအလှူဟာ ကောင်းကောင်း ထုတ်ဆောင်လိုက်ရတဲ့ အရာပဲ။

(ဇာတ်ပါဠိ၊ ပ၊ ၁၈၃)

## ချမ်းသာ ဆင်းရဲရဲ့နောက်မှာ

ကာမချမ်းသာရဲ့ အခြားမဲ့မှာ ငရဲဆင်းရဲ၊ သီလကို စောင့်လို့ ဖြစ်တဲ့ ဆင်းရဲရဲ့ အခြားမဲ့မှာ လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာ ဖြစ်တယ်။

(ဇာတ်ပါဠိ၊ ပ၊ ၁၈၂)

## အလှူနဲ့ စစ်ပွဲ

အလှူပေးတာနဲ့ စစ်တိုက်တာကို အတူတူပဲလို့ ဆိုကြတယ်။ နည်းပေမယ့် အသက်စွန့်စားသူတွေဟာ ရန်သူအများကို အောင်နိုင်ကြတယ်။ မုဋ္ဌစေတနာ အနည်းငယ်ပေမယ့် နမြောစိတ်များစွာကို အောင်နိုင်တယ်။ အနည်းငယ်ကိုပေမယ့် ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီး လှူရင် နောင်ဘဝမှာ ချမ်းသာတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၁၈၃)

## လယ်ယာမြေကောင်း

လှူဖွယ်နဲ့ အလှူခံကို ရွေးချယ်ပြီး လှူတာကို ဘုရားရှင်တွေ ချီးမွမ်းကြတယ်။ ဒီသက်ရှိလောကမှာ အလှူခံကောင်းဖြစ်တဲ့ ဘုရား

http://www.dhammadownload.com



စတဲ့ ပုဂ္ဂိုလ်တွေအား လှူတဲ့အလှူဟာ အကျိုးကြီးတယ်။ ဥပမာ လယ်ယာမြေကောင်းမှာ စိုက်ပျိုးရတဲ့ မျိုးစေ့တွေလိုပါပဲ။

(ဇာတ်ပါဠိ၊ ပ၊ ၁၈၃)

## ကြောက်သူနဲ့ ရဲရင့်သူ

သတ္တဝါတွေကို သနားလို့ မည့်ဦးဆဲသူဟာ သူတစ်ပါးအကဲ့ရဲ့ခံရမှာကြောက်လို့ မကောင်းမှုကို မလုပ်။ သူတစ်ပါးကဲ့ရဲ့ခံရမှာ ကြောက်သူကို ပညာရှိတွေက ချီးမွမ်းကြတယ်။ သူတစ်ပါးကဲ့ရဲ့ခံရရေးမှာ အယောနိသော မနသိကာရ၊ မသင့်လျော်တဲ့စိတ်ထားနဲ့ ရဲရင့်သူကို ပညာရှိတွေက မချီးမွမ်းကြ။ မှန်တယ်၊ ပညာရှိတွေဟာ သူတစ်ပါးကဲ့ရဲ့ခံရမှာ ကြောက်လို့ မကောင်းတာကို မလုပ်ကြ။

(ဇာတ်ပါဠိ၊ ပ၊ ၁၈၃)

## အတတ်ပညာ

အယုတ်၊ အလတ်၊ အမြတ်၊ အတတ်ပညာအားလုံးကို သင်ယူရပါတယ်။ အတတ်ပညာအားလုံးရဲ့ အဓိပ္ပာယ်ကို နားလည်ရပါတယ်။ အယုတ်၊ အလတ် အတတ်ပညာကို အသုံးမချရ။ အမြတ်အတတ်ပညာကိုသာ အသုံးချရပါတယ်။ အတတ်ပညာက အကျိုးဆောင်ပေးတဲ့ အချိန်အခါ ရှိပါတယ်။ (ဇာတ်ပါဠိ၊ ပ၊ ၁၃၄)

## ရန်သူ ဝမ်းမသာပါစေနဲ့

**စိုးရိမ်ပူဆွေးလို့၊ ငိုကြွေးလို့ ကြီးပွားမှုအနည်းငယ်လေးကိုတောင် မရနိုင်၊ ဝမ်းနည်းဒုက္ခရောက်နေတာကို သိရလို့ ရန်သူတွေက ဝမ်းသာကြတယ်။**

http://www.dhammadownload.com



အကြောင်းအရာမှာ ဆုံးဖြတ်မှုကျွမ်းကျင်တဲ့ ပညာရှိဟာ ဘေးရန်တွေကြောင့် မတုန်လှုပ်၊ မျက်နှာအမူအရာ မပြောင်းလဲတာကို တွေ့ရလို့ ရန်သူတွေဟာ ဆင်းရဲကြတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၁၃၁)

## ဝမ်းမနည်းဘဲ သည်းခံပါ

မန္တာန်ကို ရွတ်ခြင်း၊ ပညာရှိတွေနဲ့ တိုင်ပင်ခြင်း၊ ချစ်ဖွယ်သော စကား၊ လက်ဆောင်ပေးခြင်း၊ ဆွေမျိုးစပ်ပြခြင်းတို့နဲ့ ရန်သူတွေကို အောင်နိုင်ရပါတယ်။ ကြီးပွားမှုရကြောင်း တစ်နည်းနည်းနဲ့ ကြိုးစားကာ ရန်သူတွေကို အောင်နိုင်ရပါတယ်။

နည်းအမျိုးမျိုးနဲ့ ကြိုးစားလို့ မရနိုင်တာကို သိတဲ့အခါ ပညာရှိဟာ ဝမ်းမနည်းဘဲ 'ငါဟာ ရှေးက လုပ်ခဲ့တဲ့ အလုပ်ကို ခိုင်ခိုင်မြဲမြဲ မလုပ်နိုင်ခဲ့၊ ယခု ငါ ဘယ်လို လုပ်နိုင်မလဲ' လို့ တွေးကာ သည်းခံရပါတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၁၃၁/၂)

## အဖော် မဟုတ်ပါ

သောကဟာ ကွယ်လွန်ချုပ်ပျောက် ပျက်စီးသွားတာကို တစ်ဖန် ဆောင်မပေးနိုင်ပါ။ နောင်အနာဂတ် ချမ်းသာကိုလည်း ဆောင်မပေးနိုင်ပါ။ ဒါကြောင့် ငါဟာ ဝမ်းမနည်းပါ။ သောကမှာ အတိတ်ကိုရော အနာဂတ်ကိုပါ ဆောင်မပေးနိုင်လို့ သောကဟာ တစ်စုံတစ်ယောက်ရဲ့ အဖော် မဟုတ်ပါ။

ဝမ်းနည်းသူဟာ အသားအရေ ဖျော့တော့တယ်၊ ပိန်တယ်၊ အစားပျက်တယ်၊ သောကကြောင့် အစူးခံရ၊ အနှိပ်စက်ခံရသူကို ရန်သူတွေက ဝမ်းသာကြတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၁၂၃)

http://www.dhammadownload.com



## လုပ်မှ ပြောပါ

ပညာရှိဟာ ကိုယ်ခန္ဓာနဲ့ လုပ်တာကိုသာ နှုတ်နဲ့ ပြောရပါတယ်။ မလုပ်တာကို မပြောရပါ။ မလုပ်ဘဲ ပြောသူကို ပညာရှိတွေက အထင်သေးကြတယ်။ (ဇာတ်ပါဠိ၊ ပ၊ ၁၀၃)

## မယားမြတ်

လင် ဆင်းရဲတဲ့အခါ သူမ,ပါ ဆင်းရဲခံကာ လင်ကို မစွန့်၊ လင် ချမ်းသာတဲ့အခါ ချမ်းသာကာ လင်နောက်ကိုပဲ လိုက်တယ်။ အေးအတူ ပူအမျှ ဖြစ်တယ်။ အဲဒီမယားဟာ မယားမြတ်ပဲ။ ပိုက်ဆံပေါသူမှာ မိန်းမတွေ ရှိတာ မဆန်းပါ။

(ဇာတ်ပါဠိ၊ ပ၊ ၁၀၃)

## ငိုသူနှစ်ဦး

တောင်းတာကို ငိုတာလို့ ပညာရှိတွေက ဆိုကြတယ်။ တောင်းတာကို မရှိဘူးလို့ ပယ်မြစ်တာကို ထပ်ဆင့်ငိုတာပဲလို့ ပညာရှိတွေက ဆိုကြတယ်။

(ဇာတ်ပါဠိ၊ ပ၊ ၁၀၄)

**သာမဏေကျော်**
**တပို့တွဲလဆန်း ၄ ရက်၊ ၆၂ ခု။**
**၂၇၊ ၁၊ ၂၀၀၁။**